www.burmeseclassic.com

# ကျော်မြသန်း

# သာယာဝတီထောင်မှ ကြောခန်းများ

BURMESE CLASSIC

2010.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၉၀၄

ကျော်မြသန်း

သာယာဝတီထောင်မှ ငရဲခန်းများ/ ကျော်မြသန်း ။ - ရန်ကုန်၊
ပညာရွှေတောင်စာအုပ်တိုက်၊ ၂၀၁၁ ။
၁၄၀ - စာ၊ ၁၂ စင်တီ x ၂၀ စင်တီ။

(၁) သာယာဝတီထောင်မှ ငရဲခန်းများ



www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်၊ ၁၉၇၄ ခုနှစ် ( စာပေဗိမာန် )
ဒုတိယအကြိမ်၊ ၁၉၇၅ ခုနှစ် မတ်လ ( ပျော်ဘွယ်စာပေ )
တတိယအကြိမ်၊ ၂၀၁၁ ခုနှစ် ဩဂုတ်လ (ပညာရွှေတောင်စာအုပ်တိုက်)
2011

စာပေဗိမာန်စာမူဆုရစာအုပ်
(စာပဒေသာဒုတိယဆု)

အတွင်းစာသားခွင့်ပြုချက်အမှတ် ၃ ၁ ၀ ၀ ၅ ၅ ၀ ၄ ၁ ၁ ၊ မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၃ ၁ ၀ ၀ ၄ ၅ ၀ ၅ ၁ ၁

အဖုံးပန်းချီ ကိုကျော်မင်းမောင်၊ ဖလင်ကိုလှဝင်း၊ စာအုပ်ချုပ် ပညာရွှေတောင်
ထုတ်ဝေသူ ဦးအောင်မြတ် ပညာရွှေတောင်စာအုပ်တိုက် (မြ - ၀၃၉၄၅)
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဝင်းအောင် သန်းထိုက်ရတနာအော့ဖ်ဆက် မြ (၀၅၁၁၁
အမှတ် ၈၄ လမ်း ၅၀ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့က အုပ်ရေ ၅၀၀ ပုံနှိပ်ပါသည်။
တန်ဖိုး ၁၇၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


- နိဒါန်း ၁၃
၁။ **ရန်ကုန်ထောင်ကြီးတွင်** ၁၇
- ကွန်မြူနစ်ပါတီကို မတရားအသင်းအဖြစ် ကြေညာပြီ ၁၇
- ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် ၁၉
- ဝန်ကြီးရောက်လာပြီ
တုံ့ပြန်မှု ၂၀
၂။ **သာယာဝတီထောင်ကြီး** ၂၂
- ကျိုးအာသီးနှင့်တူသော ထောင်ကြီး ၂၂
- အကျဉ်းသားဦးရေ ၂၅
- လောကငရဲစပြီ ၂၇
- အဖအမည် ၂၉
- အိပ်ထောင်သို့ပို့ပြီ ၃၁
- အစားအသောက် ၃၉
- အိပ်ထောင်ပြောင်းရပြီ ၄၁
- စပါးကြိတ် ၄၆
- ရေဆွဲ ၄၆
- ပဲခွဲ ၄၇
- လမ်းပြင် ၄၈
- ဖိုကြီးအကူ ၄၈
- မြောင်းထိုးမြက်ပေါက် ၄၉


www.burmeseclassic.com

www.burmeseclassic.com


- ရေချိုးရပုံ ၅၁
- ဥပုသ်နေ့ ၅၃
- ထောင်တွင်းကပွဲ ၅၄
- ထောင်ဝင်စာ ၅၅
- စုံစမ်းရေးကော်မရှင် ၅၇
- ကော်မရှင်လာပြီ ၅၉
- ဆေးရုံနှင့်ဆရာဝန် ၆၆
- ထမင်းဆွဲ ထမင်းဆွဲ ၆၉
- အသားလွတ် ရိုက်နှက်ခြင်း ၇၂
- သာယာဝတီထောင်မှ မွေးထုတ်လိုက်သော ကွန်မြူနစ်များ ၇၅
- သက်ကြီးရွယ်အိုများကို ညှဉ်းပန်းပုံ ၇၈
- ရာဇဝတ်အုပ်တစ်ဦးအား ညှဉ်းပန်းနှိပ်စက်ပုံ ၈၀
- ဗိမ်ဓာနှင့်ရေဝေ ၈၂

**၃။ ငရဲဘုံမှ လွတ်မြောက်ရေး ၈၄**

- ပါတီဖွဲ့ကြပြီ ၈၄
- ထောင်ဖောက်ရန်စီစဉ်ခြင်း ၈၆
- အလံနီတို့ သစ္စာဖောက်ခြင်း ၉၀
- စစ်တပ်အသွင် ဖွဲ့ခြင်း ၉၃
- အချက်ပြဆက်သွယ်ရေး ၉၇
- သေနတ်သံများကြားစပြုခြင်း ၉၉
- အရက်စက်ဆုံးနှင့် အဆိုးဝါးဆုံး နှိပ်စက်မှု ၁၀၁
- အိုးစားဆွဲခြင်း ၁၀၄
- ရှင်ထူးခိုင်းခြင်း ၁၀၈
- လက်ကောက်ဖြစ်လာကြပြီ ၁၁၀
- သေနတ်သံများ ထပ်မံကြားရပြီ ၁၁၃
- အင်းစိန်ထောင်သို့ ရွှေ့မည့်ကောလာဟလ ၁၁၅
- လွတ်လပ်ရေး ရိုက်ပွဲကြီး ၁၁၈
- ထောင်တွင်း စျေးတန်းကလေး ၁၂၂


www.burmeseclassic.com

www.burmeseclassic.com


- ဗိုလ်ချုပ်တစ်စခန်းထပြီ ၁၂၅
- ဗိုလ်ချုပ်လာပြီ ၁၂၇


၄။ **ထောင်ကြီးပွင့်ခြင်း** **၁၃၆**


- ငရဲခန်းကို စွန့်ခွာရတော့မည် ၁၃၇
- ရေဝေဇရပ်ကြီးသို့ ၁၃၈
- သခင်စိုးနှင့် ဦးစိန္တာ ၁၃၉
- ထောင်အာဏာပိုင်များကို ပြည်မြို့သို့ပို့ပြီ ၁၃၉


www.burmeseclassic.com

www.burmeseclassic.com






ဆရာစံ အား အင်္ဂလိပ်အစိုးရ
ဆုတော်ငွေ ၅၀၀၀ ကျပ် ထုတ်ခဲ့စဉ်။


www.burmeseclassic.com

www.burmeseclassic.com





ဆရာစံ




ဂဠုန်အလံ


www.burmeseclassic.com

www.burmeseclassic.com





ဆရာစံ ထိတ်တုံးခတ်ထားစဉ်




သာယာဝတီထောင်အတွင်းရှိ ကြိုးစင်


www.burmeseclassic.com

www.burmeseclassic.com





ဆဲရာစံ တောင်သူလယ်သမား ခေါင်းဆောင်များအား
ရက်စက်စွာပစ်ခတ်ခဲ့သော အင်္ဂလိပ်စစ်ပါရီများ



သာယာဝတီထောင် အုတ်ရိုး

www.burmeseclassic.com

www.burmeseclassic.com





## ကျော်မြသန်း (၁၉၃၀-၂၀၀၁)

၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် နယ်တွင် အဖဦးဘသန်း၊ အမိဒေါ်မြရီတို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးသန်း ဖြစ်သည်။

ငယ်စဉ်က ကြည့်မြင်တိုင်မြူနီစီပယ်ကျောင်း၊ ရန်ကုန်မဲသဒစ်ယောက်ျား ကလေးကျောင်းတို့တွင် ပညာသင်ကြားခဲ့ရာ အင်္ဂလိပ်–မြန်မာ ၁၀ တန်းစာမေးပွဲ အောင်မြင်သည်။ ဂျပန်ခေတ်တွင် ဦးဥတ္တမ ဂျပန်စာသင်ကျောင်းတွင် ဂျပန်စာ သင်ကြားခဲ့သည်။

၁၉၄၅ မှစ၍ နိုင်ငံရေးလောကသို့ဝင်၍ ဆောင်ရွက်သည်။ ၁၉၄၈ ခု အလုပ်သမားသပိတ်ကို ခေါင်းဆောင်ပိုင်းမှ ဆောင်ရွက်ရင်း ပုဒ်မ ၅ ဖြင့် အဖမ်းခံရရာ သာယာဝတီထောင်ပွင့်သည်အထိ ဖြစ်သည်။ ထောင်မှထွက်ပြီး နောက် ဗမာပြည် ကွန်မြူနစ်ပါတီနှင့်အတူ တောခိုခဲ့သည်။ ကွန်မြူနစ်ပါတီ တွင် ခရိုင်ကော်မတီအဆင့်အထိ ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ တွင် လက်နက်ချ အလင်းဝင်သည်။ ကိုယ်ပိုင်စီးပွားရေး လုပ်နေစဉ် ၁၉၅၅ တွင် ပုဒ်မ ၅ ဖြင့် ဒုတိယအကြိမ် အဖမ်းခံရသည်။ ၁၉၅၇ တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ဝင်ရောက် လုပ်ကိုင်သည်။ ထို့နောက် ရုပ်ရှင်လုပ်ငန်း ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ရာမှ ယုဇနရုံမန်နေဂျာအဖြစ် ဆောင်ရွက်သည်။ ထို့နောက် [illegible]တာရုပ်ရှင်ရုံသို့ ပြောင်းရွှေ့ကာ ဒုတိယမန်နေဂျာအဖြစ် ထမ်းရွက်သည်။

၁၉၅၇ ခုတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှထုတ်ဝေသည့် **မှုခင်းမဂ္ဂဇင်း**၌ 'အချုပ်တွင်းမှဖြောင့်ချက်များ' ဆောင်းပါးများ ရေးသား၍ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ **ရှမဝ** စသော မဂ္ဂဇင်းတွင် 'ကျော်မြသန်း' ကလောင်အမည်ဖြင့် ဝတ္ထုများရေးသားခဲ့ပြီး သတင်းစာများ၌ 'ရဲဘော်သန်း'အမည်ဖြင့် နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးများ ရေးသားခဲ့သည်။ ကျော်မြသန်းသည် စာပေလုပ်သားအဖွဲ့ဝင် တစ်ဦးဖြစ်ပြီး အဖွဲ့ဝင်အမှတ်မှာ ဝ၁၂၂ ဖြစ်သည်။

၁၉၅၈ ခု၊ ဖေဖော်ဝါရီလတွင် ဒေါ်မြမြနှင့် လက်ထပ်ခဲ့သည်။ သားသမီး မထွန်းကားခဲ့ချေ။

ထို့နောက် အမှတ် ၄၂၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့၌ နေထိုင်ရင်း စာပေများရေးသားလျက်ရှိစဉ် ၂၀၀၁ ခု၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကွယ်လွန်သွားခဲ့လေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီတို့၏ ကမ္ဘာကျော် အကျဉ်းစခန်းကြီး ဖြစ်သော ပိုလန်နိုင်ငံ အော့စဝစ်[၁] အကျဉ်းစခန်းကြီးအကြောင်း ဖတ်မိသည့်အခါ နာဇီတို့၏ ရက်စက်မှုမျိုးစုံကို နာကြည်းစုတ်သပ်ခဲ့သလို အနှိပ်စက်ခံ အကျဉ်းသားတို့၏ဘဝကိုလည်း စာနာခြင်းများစွာဖြင့် ရင်တမမ ဖတ်ရှုခဲ့ရပေသည်။

အော့စဝစ်ကား ကမ္ဘာကျော် စစ်အကျဉ်းစခန်းကြီးအဖြစ် ထင်ရှားခဲ့၏။ အော့စဝစ် အကျဉ်းစခန်းကြီးအကြောင်းကား ယနေ့အထိပင် ကမ္ဘာတိုင်တုန်ဟည်းလျက် ရှိပေသည်။ အနှီ အော့စဝစ် အကျဉ်းစခန်းကြီးကဲ့သို့ ကမ္ဘာတိုင်အောင် မကျော်ကြားခဲ့သော်လည်း တစ်ချိန်သောအခါက၊ တစ်ခေတ်သောအခါက မြန်မာပြည်တစ်ခွင် ဟိုးဟိုးကျော်ခဲ့ပေသော သာယာဝတီအကျဉ်းထောင်ကြီး၏ ရက်စက်မှုများကို ရေးသားတင်ပြချင်စိတ်များ ဖြစ်ပေါ်ခဲ့ပါသည်။

သို့သော် အခြေအနေက ခွင့်မပေးခဲ့သဖြင့် တင်ပြချင်စိတ်ကို မျိုသိပ်ထားခဲ့ရပေသည်။ အခြေအနေကခွင့်မပေး ဆိုသည်မှာ ဖ-ဆ-ပ-လ အုပ်စိုးမှုလက်ထက်က ဖြစ်ပွားခဲ့သဖြင့် ထိုခေတ်တွင် ဤစာအုပ်ကို ထုတ်ဝေခွင့်ပေးမည်မဟုတ်သောကြောင့် ဖြစ်ပေသည်။ စင်စစ်ဆိုသော် ဖ-ဆ-ပ-လ မကောင်းကြောင်းရေးသည်မဟုတ်ပါ။ တကယ်ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်တစ်ခုကို သမာသမတ်မျှတစွာဖြင့် သင်ခန်းစာယူနိုင်စေရန်အတွက် ရေးသားခြင်းပင် ဖြစ်ပေသည်။

၁၉၄၈ ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် သာယာဝတီအကျဉ်းထောင်ကြီးကို နိုင်ငံရေးအကျဉ်းသမားများထားရှိရာ ထောင်ကြီးအဖြစ် သတ်မှတ်၍ ၁၉၄၈ ခု၊ မတ်လမှစ၍ ကွန်မြူနစ် ဖြူ-နီ-ကြောင်-ကျားများ အပါအဝင် နိုင်ငံရေးအကျဉ်းသမားများကို သာယာဝတီထောင်သို့ စတင်ပို့ခဲ့၏။

www.burmeseclassic.com



ထိုအချိန်မှစတင်၍ သာယာဝတီထောင်က ငရဲခန်းဇာတ်လမ်း စတင်ခဲ့၏။ ထိုစဉ်က သာယာဝတီထောင်ရောက် အကျဉ်းသားအားလုံးလိုပင် လောကငရဲသို့ ရောက်ခဲ့ရသည့်ပမာ ညှဉ်းပန်းနှိပ်စက်မှုမျိုးစုံကို အလူးအလိမ့် ခံခဲ့ကြရ၏။ ထောင်မှထွက်လာသူများအနက် လူစဉ်မမီဖြစ်ခဲ့သူများ၏ အရေအတွက်မှာလည်း ထောင်ဂဏန်းတမျှ ရှိခဲ့သလို နှိပ်စက်ညှဉ်းပန်းမှုဒဏ်ကြောင့် သေဆုံးခဲ့သည့်ဦးရေမှာလည်း မနည်းခဲ့ပေ။

ထိုစဉ်က သာယာဝတီထောင်၏ ညှဉ်းပန်းနှိပ်စက်မှုများ မည်မျှလောက်ဆိုးဝါးရက်စက် ပြင်းထန်ခဲ့သည်ကိုမူ ဤစာအုပ်က အဆုံးအဖြတ်ပေးလာလိမ့်မည် ဖြစ်ပါသည်။

သာယာဝတီအကျဉ်းထောင်အကြောင်းရေးလျှင် ထိုစဉ်က ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူများမှာ များသောအားဖြင့် ကွန်မြူနစ် နိုင်ငံရေးအကျဉ်းသားများသာ ဖြစ်ကြရာ ယခု စာရေးသူအနေဖြင့် ကွန်မြူနစ်နိုင်ငံရေးသမားများအား ဝါဒအနေအားဖြင့်လည်းကောင်း၊ ပုဂ္ဂိုလ်စွဲအားဖြင့်လည်းကောင်း အတ္တစွဲထား၍ ရင်ထုမနာ ရေးသားခြင်းမဟုတ်သည်ကိုမူ ဦးစွာ အလေးအနက် ဝန်ခံလိုပေသည်။

နိုင်ငံရေးသမိုင်းတစ်ခုကို ရေးသားပြုစုရာတွင် တစ်ချိန်သောအခါက ဖြစ်ခဲ့သည့် တကယ့်အဖြစ်အပျက်များကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မပျောက်မပျက် မှတ်တမ်းတင်ထားသင့်သည်ဟူသော ခံယူချက် အရင်းခံဖြင့်သာ ရေးသားခြင်းဖြစ်သည်ကိုမူ သံသယကင်းကြစေလိုပါသည်။

တော်လှန်ရေးအရပ်ရပ်၏ ခေါင်းဆောင်ကြီးဖြစ်သော ဗိုလ်ချုပ်ကြီးနေဝင်း၏ 'လူကို လူလိုကြည့်၍ လူလိုမြင်ကာ ညှာတာရမည်'ဟူသော သြဝါဒကို အခြေပြု၍ မည်သည့်ခေတ် မည်သည့်အချိန်သို့ ရောက်ရှိသည်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူကို လူလိုသဘောမထားခဲ့သည့် သာယာဝတီထောင်ကဲ့သို့ ကြမ်းမာဆိုးမျိုး၊ အဖြစ်ဆိုးမျိုး မပေါ်ပေါက်စေရန် ဆန္ဒပြုလျက် ရေးသားခြင်းဖြစ်ပေသည်။

ထို့ပြင် လက်ရှိ ဗမာ့တပ်မတော်၏ ကွန်မြူနစ်များအပေါ် ကျင့်သုံးသည့် စံနမူနာယူထိုက်သော သက်ညှာမှုတစ်ခုကို တင်ပြလိုပေသည်။

မကြာသေးမီကာလက အစိုးရကို လက်နက်စွဲကိုင် တိုက်ခိုက်လျက်ရှိသော ကွန်မြူနစ်ခေါင်းဆောင်များပါသည့် အစုတစ်စုကို ဗမာ့တပ်မတော်က အကြိတ်အနယ် တိုက်ခိုက်နေသည့် ချေမှုန်းရေးတိုက်ပွဲများတွင် ကိုင်းတောကြီးများ

www.burmeseclassic.com



ကျူတောကြီးများအတွင်း ပြေးပေါက်မရှိဘဲ ချောင်ပိတ်မိနေသည့် ကွန်မြူနစ်များကို အပေါ်စီးရနေသည့် ဗမာ့တပ်မတော်က ရက်ရက်စက်စက် ချေမှုန်းခဲ့ပေသည်။

တိုက်ပွဲကာလ ဖြစ်ရသဖြင့် ရက်ရက်စက်စက် ချေမှုန်းတိုက်ခိုက်ခြင်းပြုသည့်တိုင်အောင် အပြစ်ဆိုဖွယ်ရာမရှိပေ။ ဤသို့သော အခြေအနေ မဆိုးမီမှာပင် ကွန်မြူနစ်တို့အား လက်နက်ချ ထွက်ခဲ့ကြရန် အကြိမ်ကြိမ်သတိပေး မေတ္တာရပ်ခံ၍ အချိန်ပေးခဲ့၏။ ဤသို့ အကြိမ်ကြိမ် သတိပေး မေတ္တာရပ်ခံချက်ကို မည်သို့မျှ တုံ့ပြန်မှုမပြုခဲ့သောအခါမှသာ ချေမှုန်းရေးတိုက်ပွဲအဆင့်ကို လွှဲမရှောင်သာတော့သဖြင့် တိုးမြှင့်ခဲ့ရသည့် သာဓကတစ်ရပ် ထင်ရှားစွာထုထောင်ခဲ့ပေသည်။

အမျိုးသားအချင်းချင်းအပေါ်တွင် ရန်သူလိုသဘောမထားဘဲ မေတ္တာရှေးရှုမှု၊ ညှာတာမှု၊ လူသားဆန်မှုများ ထုတ်လှစ်ပြသခဲ့ခြင်းဖြစ်ရာ အထူးစံနမူနာအဖြစ် မှတ်တမ်းပြုထားအပ်လှပေသည်။

၁၉၄၈ ခုနှစ် ဖြစ်ရပ်နှင့် ယနေ့ဖြစ်ရပ်နှစ်ခု နှိုင်းယှဉ်ကြည့်သော် လူလူချင်းအပေါ်ထားရှိသည့်၊ ထားရှိရန်လိုအပ်လှသည့် မေတ္တာတရား၏ တိုးတက်လာမှု အတိုင်းအတာမှာ ဝမ်းမြောက်ဂုဏ်ယူ ချီးကျူးစရာကောင်းလှပေ၏။ နောင်တွင်လည်း ဤထက် နောက်မဆုတ်ဘဲ ဤထက် တိုးတက်လာမည်မှာ သံသယရှိစရာ မလိုတော့ပေ။

၁၉၄၈ ခု သာယာဝတီထောင်ဖြစ်ရပ်မှာ ကြေကွဲဖွယ်ရာကောင်းလှပေရာ လူလူချင်းထားရှိအပ်သည့် တရားမျှတသော လူ့အခွင့်အရေးအဆောက်အအုံကြီးတစ်ခု တည်ဆောက်ရေးတွင် သင်ခန်းစာယူစရာ မှတ်တမ်းမှတ်တိုင်တစ်ရပ်အဖြစ် ရှုမြင်နိုင်ကြမည်ဆိုပါလျှင် ယခုစာတမ်းကို ရေးသားတင်ပြရကျိုးနပ်ပြီဟု စာရေးသူအဖို့ ကြီးမားသော ကြည်နူးနှစ်သိမ့်မှု ဆုလာဘ်တစ်ခုအဖြစ် လက်ခံရမည် ဖြစ်ပါသည်။ ဤကား စာရေးသူ၏ ရည်ရွယ်ချက်နှင့် ဆန္ဒအရင်းခံပင်တည်း။

သို့သော် ယင်းသာယာဝတီထောင်ကား လွတ်လပ်ရေး၏ နောက်ပိုင်းခေတ်တွင်မှ ထိုသို့ ညှဉ်းပန်းနှိပ်စက်မှုမျိုး ဖြစ်ပွားခဲ့သည်မဟုတ်ပေ။

၁၉၃၀ ပြည့်နှစ်မှစ၍ တောင်သူလယ်သမား ခေါင်းဆောင်ကြီး ဆရာစံနှင့် ဆက်နွှယ်သော အရေးတော်ပုံတပ်သားများကို စံတင်လောက်သည့် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သည့် ထောင်တစ်ခုလည်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ အကျဉ်းထောင်များတွင်ကား ညှဉ်းပန်းခြင်း၊ နှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်း စသည်များ မကြားရပေ။ ထို့ပြင် အေ–ဘီ–စီ ဆိုသော အတန်းအစား ခွဲခြားမှုလည်း မရှိတော့ဘဲ တစ်ပြေးညီစွာသော ခံစားခွင့်ရှိသမျှ လူ့အခွင့်အရေးများကို တတ်နိုင်သမျှ ပေးနေ၏။ ဤသို့ တော်လှန်ပြောင်းလဲလာသော ခေတ်နှင့်အညီ ပြောင်းလဲလာခဲ့သောဖြစ်ရပ်မှာ တော်လှန်ရေး၏ဆုလာဘ်အဖြစ် လိုက်လိုက်လှဲလှဲ ကြိုဆိုရမည့် လုပ်ငန်းရပ်များပင် ဖြစ်ပေသည်။

သာယာဝတီထောင်ကြီး၌ ဖြစ်ခဲ့သည့် အတိတ်ဖြစ်ရပ်များကို စစ်ကြောသည့်အခါ ထူးခြားချက်သုံးချက်ကို တွေ့ရမည် ဖြစ်၏။

နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ဆရာစံနှင့် တပ်သားများအား ဤသာယာဝတီထောင်တွင် ညှဉ်းပန်းနှိပ်စက်ခဲ့သည့် ထူးခြားချက်တစ်ချက်။

လွတ်လပ်ရေးခေတ်တွင် လူလူချင်း အညှာတာကင်းမဲ့စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်မှာလည်း သာယာဝတီထောင်၏ ထူးခြားချက်တစ်ချက်။

'ရက်စက်ပါပေ့ကွယ်' စာအုပ် ရေးသားခဲ့သည့် သခင်နု (ဦးနု) လက်ထက်တွင်ဖြစ်ခဲ့၍ သူ၏ ရက်စက်ပါပေ့ကွယ် စာအုပ်ထက် အဆပေါင်းထောင်သောင်းမက ရက်စက်ခဲ့သည့် ဖြစ်ရပ်မှာလည်း သာယာဝတီထောင်၏ ထူးခြားချက်တစ်ချက်။

ယင်းသို့ဖြင့် ဗျူရိုကရက်ခေတ်ဟောင်းမှ လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်ရာတွင် နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သော အမည်းစက်ကြီးသဖွယ် ထင်ရှားသည့် သာယာဝတီထောင်အကြောင်းကို သမိုင်းမှတ်တမ်းတစ်စောင်တစ်ဖွဲ့အဖြစ်ပြုစု၍တင်ပြခြင်း၏ ရိုးသားသောစေတနာကို လက်ခံလျှင်၊ စာရေးသူ၏ဆန္ဒနှင့် ထပ်တူထပ်မျှ ကိုက်ညီသော အမြင်ရှိလျှင် ဤစာအုပ်ကို ကြိုးပမ်းရေးသားရခြင်း၏ ကျွန်တော့်ဆန္ဒ ပြည့်မြောက်ပြီဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။

ကျော်မြသန်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)
# ရန်ကုန်ထောင်ကြီးတွင်

**ကွန်မြူနစ်ပါတီကို မတရားအသင်းအဖြစ်ကြေညာပြီ**

ကွန်မြူနစ်ပါတီကို ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မတရားအသင်းကြေညာပြီးနောက် ရန်ကုန်မြို့ အနှံ့အပြားရှိ ကွန်မြူနစ်ပါတီဝင်များအား ဖမ်းဆီးခဲ့သည်။ ပါတီခေါင်းဆောင်ပိုင်းနှင့် ပါတီဝင်တစ်ရာကျော်တို့ကို ဖမ်းဆီးမိခဲ့သည်။

ဖမ်းမိခဲ့သူများကို အစုနှစ်စုခွဲ၍ တစ်စုကို အင်းစိန်ထောင်၊ အခြားတစ်စုကို ရန်ကုန်ထောင်သို့ပို့ခဲ့ရာ ရန်ကုန်ထောင်ရောက်သူပေါင်းမှာ ဤစာရေးသူအပါအဝင် ၅၁ ယောက် ဖြစ်ပေသည်။

ရန်ကုန်ထောင်ကြီးသို့ ညနေ ၃ နာရီတွင် ရောက်ရှိသွားကြရာ ဘူးဝတွင် စာရင်းယူခြင်း၊ ရှာဖွေခြင်း၊ ပါသွားသောပစ္စည်းများ အမှတ်အသားလုပ်ခြင်းတို့ကြောင့် ကျွန်တော်တို့နေရမည့်အဆောင်သို့ ညနေ ၅ နာရီကျော်မှပင် ရောက်ကြ၏။

ထိုစဉ်က ကျွန်တော်တို့လူစုတွင် အသက်ကြီးပိုင်းထက် လူလတ် လူရွယ်ပိုင်းက များသည့်အလျောက် လူငယ်များပီပီ တက်တက်ကြွကြွရှိကြကာ ထောင်ထဲရောက်ရသည်ကိုပင် ဂုဏ်ထူးကြီးတစ်ရပ်အဖြစ် လက်မထောင်လျက် စိတ်ညစ်ဖို့ဝေးစွ၊ ဝမ်းသာအားရ ပျော်ရွှင်နေကြပေသည်။

ညနေ ၅ နာရီခွဲခန့်တွင် ကျွန်တော်တို့အား ထမင်းကျွေးရန် သံစည်ခြမ်းပြတ်ကြီးနှင့် လုံးတီးထမင်းများ ယူလာကာ ဒန်ပန်းကန်ပြားများဖြင့် ပြင်ဆင်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က ထောင်အရာရှိများအား 'ဒါတွေ ဘယ်သူစားဖို့လဲ'ဟု မေးသည့်အခါ 'ခင်ဗျားတို့စားဖို့ပဲ'ဟု အဖြေပေးကြသည်။

ကျွန်တော်တို့က ဘာမှထပ်၍မပြောတော့ဘဲ ထမင်းထည့်လာသည့် သံစည်ပိုင်းပြတ်ကြီးကို ဘောလုံးကန်သလို ဗိုင်း၍ကန်လိုက်ကြရာ လုံးတီးထမင်း နီနီလေးများ မြေကြီးတွင် ပြန့်ကျဲသွားကုန်၏။ အချို့ကလည်း ဒန်ပန်းကန်ပြားများကိုယူ၍ လွှင့်ပစ်ကြရာ ဒန်ပန်းကန်ပြားများမှာ လေထဲတွင် ပန်းကန်ပြားပျံများအလား ပျံဝဲနေကြပေသည်။

ထောင်အရာရှိများကား ကျွန်တော်တို့လုပ်သမျှကို ဘာမှမပြောဘဲ ရပ်ကြည့်၍သာ နေကြ၏။ မကြာမီ ထောင်မှူးကြီး မစ္စတာဘားဂီး ရောက်လာပြီး ကျွန်တော်တို့ကို တောင်းပန်ရှာပါသည်။

သူ့အနေဖြင့် ရုတ်တရက် စီစဉ်ရခြင်းဖြစ်၍ ယနေ့အတွက် သည်းခံကြရန် မေတ္တာရပ်ခံသော်လည်း လက်မခံဘဲ ဆူပူနေကြသဖြင့် ထောင်မှူးတစ်ယောက်အား စေလွှတ်၍ ပေါင်မုန့်နှင့် ငါးသေတ္တာများ ဝယ်ခိုင်းလိုက်ပါသည်။

ကျွန်တော်တို့ကား ရန်ကုန်ထောင်ကြီးတွင် မင်းမူချင်တိုင်း မင်းမူခဲ့ကြ၏။ ထောင်ကစီစဉ်ပေးသော အစားအသောက်များအပြင် အိမ်က မိဘများပို့သော အစားအစာများဖြင့် အလျှံပယ်ဖြစ်နေကြရာ ထောင်ထဲရောက်နေသူများနှင့်မတူဘဲ စပေါင်းပျော်ပွဲစားထွက်သူများပုံ ပေါက်နေကြပေသည်။

ညဘက်များတွင် ကျွန်တော်တို့အိပ်သည့်ခေါင်းရင်းမှ အစောင့်ဝါဒါများက ကင်းစောင့်ရင်း လမ်းလျှောက်ရာတွင် စစ်ဖိနပ်ကြီးများစီး၍ လျှောက်သဖြင့် အိပ်မရပါဟု ထောင်မှူးကြီးအား ပြောသည့်အခါ ချက်ချင်း ညှပ်ဖိနပ်များ စီးရမည်ဟု အမိန့်ပေးခဲ့၏။ ဤသို့နှင့် ကျွန်တော်တို့ကား ပျော်လိုက်ပါးလိုက်၊ နိုင်ငံရေးသင်တန်းတက်လိုက်ဖြင့် မင်းမူချင်တိုင်း မင်းမူနေခဲ့ပေသည်။

ထိုသို့နေရင်းမှ ထောင်တွင်း၌ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ကြုံကြိုက်လာခဲ့ရာ ထိုကဆုန်ညောင်ရေသွန်းပွဲကို ရာဇဝတ်မှုအပြစ်ကျ အကျဉ်းသားများက ဦးစီးလုပ်ရန် စီစဉ်ကြပါသည်။ ထောင်တွင်း အကအဖွဲ့ဖြင့်လည်း ဧည့်ခံရန် စီစဉ်ထား၏။ ထို့အပြင် အပြင်မှ ဝန်ကြီးတစ်ဦး ကြွရောက်အားပေးမည်ဟု သဖြင့် အကောင်းဆုံး အစီအစဉ်ဖြစ်အောင် ကြိုးပမ်းနေကြပေသည်။

နေ့ညမစဲ ဆိုင်းသံဗုံသံ တညံညံဖြင့် ကျွန်တော်တို့ ရန်ကုန်ထောင်ကြီးကား စိုပြည်နေပေသည်။ သို့သော် ပြဿနာကား ပေါ်လာ၏။ အပြင်မှဝန်ကြီးတစ်ဦး ကြွရောက်မည်ဖြစ်သဖြင့် ကျွန်တော်တို့ ပုဒ်မ ၅ များအား ထိုနေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှထွက်ခွင့်မပေးဘဲ အားလုံး ငြိမ်ငြိမ်သက်သက်နေကြရန် ထောင်အာဏာပိုင်များက လာရောက်မေတ္တာရပ်ခံခဲ့ပေသည်။

ကျွန်တော်တို့က ထိုမေတ္တာရပ်ခံချက်ကို လုံးဝ လက်မခံဘဲ ချက်ချင်း အစည်းအဝေးထိုင်ကြပြီး ဝန်ကြီးလာလျှင် ကြွေးကြော်သံများဖြင့် ဆန္ဒပြရန် ဆုံးဖြတ်ချက်ချခဲ့၏။ ပြေပြေလည်လည်ဖြစ်နေသော ထောင်အာဏာပိုင်များနှင့် ကျွန်တော်တို့ ဆက်ဆံရေးမှာ တင်းမာသွားခဲ့ပေသည်။

## တဆုန်လပြည့် ဗုဒ္ဓနေ့ဝယ်

ထောင်သို့လာမည့် ဝန်ကြီးမင်းမှာ မည်သည့်အချိန်တွင် ကြွရောက်လာမည် မသိသဖြင့် နံနက် ၄ နာရီကပင် အိပ်ရာမှထကြ၍ လက်ဖက်ရည်၊ မုန့်များဖြင့် ဝမ်းဖြည့်ထားလိုက်ကြပြီး အသင့်ပြင်ဆင်ထားကြ၏။ ထို့နောက် ကျွန်တော်တို့က ဒီရိယ လွန်ကဲနေကြသော်လည်း ၈ နာရီထိုးသည့်တိုင် ဝန်ကြီးမင်းကား ကြွမလာသေးပါ။ လည်ပင်းတရှည်ရှည်နှင့် စောင့်မျှော်နေရသည့်အတွက် ပျင်းရိငြီးငွေ့လာကြ၏။

သို့နှင့် နံနက် ၉ နာရီခွဲလောက်တွင် ကျွန်တော်တို့ စိတ်ပျက်ငြီးငွေ့နေစဉ် ဝန်ကြီး ကြွရောက်လာမည့် အရိပ်အယောင်များကို မြင်လာရ၏။ လက်ထဲတွင် ဝါးရင်းတုတ်ကြီးများကိုင်ထားသည့် ထောင်ဝါဒါများ စုရုံးလျက် ကျွန်တော်တို့နေသော ၆ နံပါတ်အဆောင်သို့ ချီတက်လာကြပေပြီ။ ထို့နောက် အဆောင်ထိုဝိုင်းလျက် အသင့်နေရာယူထားလိုက်ကြ၏။

ကျွန်တော်တို့ကလည်း အားကျမခံပင် အိပ်ဆောင်များကို ကာရံထားသည့် အုတ်တံတိုင်းပေါ်တွင် တန်းစီ၍ နေရာယူထားလိုက်ပါသည်။ ထောင်ကျ အကျဉ်းသားများသည်လည်း သူတို့၏အဆောင်များပေါ်မှ ဝိုင်းအုံလျက် ကျွန်တော်တို့၏အခြေအနေကို အကဲခတ်ကြည့်နေကြ၏။

ဝန်ကြီး ရောက်လာပေပြီ။ သူကား ကချင်အမျိုးသားခေါင်းဆောင်ကြီး ဆမားဒူးဝါးဆင်ဝါးနော် ဖြစ်ပေသည်။ ကျွန်တော်တို့က ပြည်လုံးကျော် ဦးကျော်ငြိမ်းကို စောင့်မျှော်နေကြ၏။

မတတ်နိုင်ပါ။ မည်သူလာလာ အစီအစဉ်အတိုင်း ဆန္ဒပြကြွေးကြော်ရပေတော့မည်သာ ဖြစ်၏။ အောက်ပါကြွေးကြော်သံများကို နှစ်ကြိမ်စီ ကြွေးကြော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'အတုအယောင် လွတ်လပ်ရေး အလိုမရှိ
မတရားသင်းပုဒ်မတွေ ရုပ်သိမ်းပေး
ဖ–ဆ–ပ–လ အစိုးရ ကျဆုံးပါစေ
ဖိနှိပ်မှုဥပဒေတွေ ရုပ်သိမ်းပေး
ဆမားကြီး–ပြန်သွား
ဖိလျှင်ကြွမည်–ထိလျှင်ချမည်
ကွန်မြူနစ်တိုက်ပွဲ အောင်မြင်ရမည်'

ဟူသော ကြွေးကြော်သံများကား တစ်ထောင်လုံး ဟိန်းထွက်သွားပေသည်။

ပထမတော့ ကျွန်တော်တို့ ပုဒ်မ ၅ များသာ ကြွေးကြော်နေရာမှ တဖြည်းဖြည်း အချုပ်သမားများ၊ အခြားအကျဉ်းသားများပါ ဝိုင်းဝန်းကြွေးကြော် လာကြတော့၏။

ထောင်အာဏာပိုင်များကား မျက်နှာညှိုပုပ်လျက်၊ ဆမားကြီးကား ဟိုကြည့် ဒီကြည့်၊ ကျွန်တော်တို့ကား သံကုန်ဟစ်ဆဲ။ ထိုအခိုက် လက်နက် ကိုင်အစောင့်များ ပြေးဝင်လာပြီး ကျွန်တော်တို့အား သေနတ်များဖြင့် ချိန်ထား ကြ၏။

ကျွန်တော်တို့ ထောင်ထဲတွင်ကား အပြုံးပန်းဆင်နေကြ၏။ ဝန်ကြီး ဆမားကြီးကား ခေတ္တသာနေထိုင်ပြီး ပြန်လည်ထွက်ခွာသွားတော့၏။ ဆမားကြီး ပြန်လည်ထွက်ခွာသွားပြီး နောက်တစ်နာရီကြာအောင် ကြွေးကြော်သံများကား ဆက်လက်ရှိနေဆဲပင်။

ကျွန်တော်တို့ကို စောင့်နေသည့် ထောင်ကြပ်များပင် မိုက်ပွတ်လာကြဆေ ပြီ။ ထမင်းစားချိန်ပင် လွန်လာခဲ့ပြီဖြစ်၏။ ထောင်မှ ၁၂ နာရီ သံချောင်းခေါက် သံ ကြားမှပင် ကြွေးကြော်သံများ ရပ်လိုက်ကြပေသည်။

## တုံ့ပြန်မှု

ထိုနေ့တွင်မူ အခြေအနေကား အေးဆေးငြိမ်သက်နေ၏။ နောက်နေ့တွင် ထောင်အာဏာပိုင်များက တုံ့ပြန်မှုပေးလာ၏။

ထောင်ဝင်စာ အကန့်အသတ်မရှိ ပိတ်လိုက်ပြီ ဟူ၍တည်း။

ကြွေးကြော်သံများကား ပြန်လည်ထွက်ပေါ်လာရတော့၏။ ဤအကြိမ်တွင် ၂၄ နာရီ အသံမစဲ ကြွေးကြော်ပွဲ ဆင်နွှဲကြတော့၏။

အခြေအနေကား ပြန်လည်တင်းမာလာ၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့သူမြို့သားများပင် ထောင်ပြင်မှ လာရောက်နားသောတဆင်နေကြပေပြီ။

သုံးရက်မြောက်တွင် ထောင်အာဏာပိုင်များက စေ့စပ်ရေးခေါ်လာ၏။ ဖြေရှင်းကြ၏။ သို့နှင့် ပြဿနာ ပြေလည်သွားတော့သည်။

ကျွန်တော်တို့ကလည်း ဆူဆူပူပူမလုပ်ရန်၊ သူတို့ကလည်း ထောင်ဝင်စာ ပြန်ဖွင့်ပေးရန် အပေးအယူ တည့်သွားကြခြင်းသည်။

အမှန်အားဖြင့် စေ့စပ်ပွဲကား အာဏာပိုင်များ၏ လိမ္မာပါးနပ်မှုပင်။ ထိုးမည့်ဆင် တစ်လှမ်းဆုတ်၍ အရှိန်ယူလိုက်ခြင်းသာ ဖြစ်ပေသည်။ သုံးရက်အတွင်း သာယာဝတီထောင်သို့ ပြောင်းရွှေ့ရမည်ဖြစ်၍ ပြင်ဆင်ထားကြပါဟု အမိန့်ပေးလာ၏။

ကျွန်တော်တို့က ထောင်သာမဟုတ်၊ ကြိုးစင်တက်ရန်ပင် အသင့်ရှိကြောင်း ပြန်ကြားလိုက်၏။ သာယာဝတီထောင်ရောက်လျှင် ဖိနှိပ်ခဲ့သော် မည်သို့ တိုက်ပွဲဝင်ရမည်ကို ဆက်လက်ဆွေးနွေးကြရာ အရင်ရောက်နှင့်သူ ရဲဘော်များနှင့် တွေ့ဆုံပြီးမှ စဉ်းစားလုပ်ရန် သဘောတူ အဖြေထွက်လာ၏။

ထို့ကြောင့် ထောင်ပြောင်းရမည်ဖြစ်သဖြင့် မိမိတို့အိမ်များမှ လိုအပ်သော ပစ္စည်းများ မှာကြားကြပါသည်။ အိမ်များကလည်း အဝေးထောင်ပြောင်းရမည် ဖြစ်သဖြင့် လိုလေသေးမရှိအောင် အစားအသောက်၊ ပစ္စည်းများကို အပြည့်အစုံ ပို့ပေးကြပေသည်။ ကျွန်တော်တို့မှာ အိပ်ရာလိပ် အပြည့်အစုံ၊ အခွေးထည်များ အပါအဝင် အဝတ်အစား အပြည့်အစုံ၊ စားသောက်စရာ အပြည့်အစုံဖြင့် အသင့်ဖြစ်နေကြ၏။

နို့ဆီအလုံးပေါင်း ၈၀၀ ကျော်၊ ဂိုး(လ်)ဒင်းပတ်(ဖ်)မုန့်ဘူး ၆၀ ကျော်၊ ယိုဘူး ၄၀ ကျော်၊ ဆားငန်သီး၊ သကြားလုံးကအစ စားသောက်ဖွယ်မျိုးစုံမှာ တထမ်းတပိုးကြီး ဖြစ်နေ၏။ မြင်ကွင်း အဖြစ်အပျက်ကား ထောင်ပြောင်းနှင့် တွေဘဲ ရပ်ဝေး ကျောင်းပြန် ကျောင်းအိပ် ကျောင်းစားသမား သို့မဟုတ် ဘုရားဖူးများနှင့် တူနေပေသည်။

မေ ၂၂ ရက်နေ့ နံနက်တွင် ရန်ကုန်ဘူတာကြီးသို့ အစောင့်အကြပ် အပြည့်အစုံနှင့် တပျော်တပါးကြီး ရောက်ကြပြီး မီးရထားဖြင့် သာယာဝတီဘူတာသို့ ခရီးဆက်ခဲ့ကြ၏။ လမ်းတွင် သီချင်းဆိုလိုက်ကြ၊ ဘူတာတစ်ခုဆိုက်လျှင် ကြွေးကြော်သံများ ဟစ်လိုက်ကြနှင့် နံနက် ၁၀ နာရီခန့်တွင် သာယာဝတီဘူတာသို့ ရောက်ခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## သာယာဝတီထောင်ကြီး

### ကျိုးအာသီးနှင့်တူသောထောင်ကြီး

သာယာဝတီဘူတာမှ ထွက်ခွာလာပြီးနောက် အကျဉ်းထောင်သို့ဝင်ရာ မြေနီလမ်းမပေါ်သို့ ရောက်လျှင်ပင် သာယာဝတီထောင်ကြီးကို လှမ်း၍မြင်လိုက်ရပေသည်။

ရန်ကုန်ထောင်မှ ပြောင်းရွှေ့လာကြသည့် ပုဒ်မ ၅ အကျဉ်းသမား ၅၀ ဦးမှာ ထောင်ကြီးကို လှမ်းမြင်လိုက်သည့်အခါ ကြိုတင်တိုင်ပင်ထားခြင်းမရှိဘဲ 'ဟာ… ဒီထောင်ကြီးကတော့ တော်တော်ကိုလှတာပဲဟေ့'ဟု ဥဒါန်းကျူးလိုက်မိကြ၏။

ရန်ကုန်ထောင်ကြီးလို ညိုပုပ်ပုပ် ညစ်မည်းမည်းကြီး မဟုတ်ဘဲ အုတ်ရိုးနီနီ နိမ့်နိမ့်ကလေးအတွင်းမှ ထိုးထောင်ထွက်နေသည့် ထောင်အဆောက်အအုံများမှာ လှပသောမြင်ကွင်းတွင် တစ်မျိုးဆန်းသစ်နေပေသည်။ သာယာဝတီထောင်ကား ထူးခြား၏။

ထောင်တည်ဆောက်ထားပုံမှာ အခြားသောထောင်များနှင့် အသွင်မတူ တစ်မူထူးခြားသည့်ပုံစံဖြစ်၏။ ထို့ထက်ပို၍ထူးခြားသည်မှာ သာယာဝတီထောင်တွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များပင် ဖြစ်ပေသည်။ ထိုအဖြစ်အပျက်များမှာ ရုတ်တရက် ရှောင်တခင် ဖြစ်ပျက်ရခြင်းမျိုးမဟုတ်ဘဲ တင်ကြိုစီစဉ်ထားသော အဖြစ်အပျက်များ ဖြစ်သောကြောင့်လည်း ပို၍ ရင်နာဖွယ်ကောင်းလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်တွင်ရှိသည့် အခြားသော အကျဉ်းထောင်များ၌ မဖြစ်ပေါ်ခဲ့ဘူးသည့်သမိုင်းတွင် မှတ်တမ်းတင်လောက်သော လူမဆန်သည့် ရက်စက်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှုများမှာ သာယာဝတီထောင်တွင် ဖြစ်ပွားခဲ့၏။

ဗြိတိသျှနယ်ချဲ့သမားကို လက်နက်စွဲကိုင် တော်လှန်ခဲ့သည့် တောင်သူလယ်သမား အရေးတော်ပုံခေါင်းဆောင် ဆရာစံနှင့်တကွ အရေးတော်ပုံတပ်သားများကို နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ကြပြီးနောက် ကြိုးစင်တင်၍ သတ်ဖြတ်ခဲ့သည်မှာလည်း သာယာဝတီ အကျဉ်းထောင်ကြီးတွင်ပင် ကျူးလွန်ခဲ့ကြပေသည်။

မှုန်ပျပျ ရိုးမတောင်တန်းကြီးကို နောက်ခံပြုလျက် သာယာဝတီအနီးလယ်ကွင်းကြီးထဲတွင် နီနီရဲရဲ ထီးထီးမားမားကြီး တည်ရှိနေသည့် အဆောက်အအုံကြီးမှာ သာယာဝတီ အကျဉ်းထောင်ကြီးပင် ဖြစ်ပေသည်။

၁၉၄၈ ခု၊ လွတ်လပ်ရေးရပြီးနောက် သုံးလအကြာတွင် သာယာဝတီထောင်ကို ရိုးရိုးအကျဉ်းထောင်အဖြစ်မှ နိုင်ငံရေးအကျဉ်းထောင်အဖြစ်သို့ ပြောင်းလဲသတ်မှတ်လိုက်ပြီး မူလထောင်တွင်ရှိနေသည့် အကျဉ်းသမားများကို အခြားထောင်များသို့ ပြောင်းရွှေ့ခဲ့၏။

နိုင်ငံရေးအကျဉ်းထောင် ပြုလုပ်ရာတွင် အမိန့်ပေးရမည့် ပါးကွက်အာဏာသားများဖြစ်ကြသော အကျဉ်းထောင်အရာရှိများကိုပါ အထူးရွေးချယ်ခန့်ထားပြီးနောက် အခြားထောင်များမှ ဆိုးပေ့မိုက်ပေ့ဆိုသော လက်ရွေးစင် အကျဉ်းသမားများကိုလည်း သာယာဝတီထောင်သို့ ပြောင်းရွှေ့ပို့ပေးခဲ့၏။

သာယာဝတီအကျဉ်းထောင်သို့ ရောက်ရှိလာကြမည့် နိုင်ငံရေးအကျဉ်းသားများအား ကိုယ်ထိလက်ရောက် နှိပ်စက်ကြရမည့် အကျဉ်းသားများကိုလည်း ဤသို့ ကြိုတင်၍ နားသွင်းပေးထားခဲ့ပေသည်။

'အခု တို့တိုင်းပြည် လွတ်လပ်ရေးရတာနဲ့ မင်းတို့ကို အစိုးရက လွတ်ဖို့ စီစဉ်ခဲ့တယ်။ ဒါပေမယ့် ကွန်မြူနစ်တွေက ဒီလွတ်လပ်ရေးကို ကန့်ကွက်ပြီး ဆူပူနေကြတယ်၊ ဒါကြောင့် မင်းတို့ကိုလွှတ်ဖို့အစီအစဉ်တွေ နှောင့်နှေးနေတယ်။ ဒီကောင်တွေ အခု ဒီထောင်ရောက်လာလိမ့်မယ်။ အဲဒါ မင်းတို့ရဲ့ ရန်သူတွေပဲ၊ တတ်စွမ်းရှိသလောက် နှက်ပေတော့။ သေသွားရင်လည်း ကိစ္စမရှိဘူး၊ ရှက်ရှက်ရှက်ပဲကုန်မယ်။ မင်းတို့ လက်စွမ်းနိုင်သလောက် မင်းတို့လွတ်ဖို့ နီးလာပြီလို့ မှတ်ကြပေတော့' ဟူ၍ နားသွင်းပေးထားခဲ့ပေသည်။

www.burmeseclassic.com



မည်မျှ ဆိုးယုတ် ခါးသီးလှသော အစီအစဉ်နှင့် အကြံအစည်များပေနည်း။ ထိုအကြောင်းကား ကျွန်တော်တို့ သာယာဝတီထောင်ရောက်ပြီးနောက် အကျဉ်းသားများကို စည်းရုံးခဲ့ရာမှ သိရှိခဲ့ရသော သူတို့ကိုယ်တိုင် ဖွင့်ဟဝန်ခံချက်များပင် ဖြစ်ပေသည်။

သာယာဝတီထောင်၏အုတ်ရိုးမှာ အလွန်နိမ့်သဖြင့် ထောင်အနီးမှ လှမ်းကြည့်လိုက်သည့်အခါ ထောင်အပေါ်ထပ်မှလူများကို ထင်ထင်ရှားရှား မြင်နိုင်သလို အိပ်ဆောင်ပေါ်မှ လူများကလည်း ထောင်ပတ်ဝန်းကျင်ရှိ လယ်ကွက်များတွင် ထွန်ယက်စိုက်ပျိုးနေသူများကို လူလုံးကွဲမျှ တွေ့မြင်နိုင်ပေသည်။

ထောင်အတွင်းသို့ ဝင်ကြည့်လိုက်သည့်အခါတွင်မူ သာယာဝတီထောင်မှာ ထောင်နှင့်မတူဘဲ ကျောင်းအိပ်ကျောင်းစားများနေသည့် ဆော်ဒါဆောင်ကြီး၏ အသွင်သဏ္ဍာန်မျိုး ဆောင်ယူထားကြောင်း တွေ့ရပေသည်။

အိပ်ဆောင်များတွင် တစ်ယောက်အိပ် အင်္ဂတေခုတင်လေးများ ပြုလုပ်ထားသည်ကပင် ကျောင်းဆောင်နှင့် ပို၍တူနေပေသည်။

အိပ်ဆောင်များကို ဘေးပတ်လည်တွင်ဝိုင်း၍ ဆောက်ထားပြီး အလယ်ဗဟိုတွင် ထမင်းချက်ဖိုကြီး ဆောက်ထား၏။ ထမင်းချက်ဖိုကြီးရှေ့ ကွက်လပ်တွင် ဈိုင်းရုပ်များ၊ ငှက်ရုပ်များ၊ ရေပန်းတိုင်ကြီးများဖြင့် တန်ဆာဆင်ထားသည့် လှပသောပန်းခြံတစ်ခုလည်း ရှိပေသည်။

ထောင်အဆောက်အအုံပုံစံနှင့် မတူသည့် အိပ်ဆောင်များအလယ်တွင် မြေနီလမ်းကလေးများ ဝိုင်းထားသည့် ပန်းခြံကလေးများဖြင့် မွမ်းမံထားသေး၏။ ထောင်တွင်းဝင်သည့် နောက်ဆုံးတံခါးမကြီးမှ ရပ်ကြည့်လိုက်သည့်အခါ နေချင်စဖွယ် မြင်ရုံမျှမက မိမိကိုယ်ကိုပင် ထောင်ထဲရောက်နေသည်ဆိုသည့် အထင်များ ပျောက်သွားစေ၏။ ယခုခေတ် အမြင်အားဖြင့် မော်လမြိုင်၊ ပုသိမ်မြို့များရှိ တက္ကသိုလ်ကျောင်းဝင်းထဲ ရောက်နေသလားဟု ထင်ရလောက်အောင် ရှုကွက်ကောင်းသောထောင်မှာ သာယာဝတီထောင်ပင် ဖြစ်ပေသည်။

ထောင်အတွင်း အိပ်ဆောင်အပေါ်မှ လှမ်းကြည့်လိုက်သည့်အခါ ညီညီညာညာ အကွက်ဖော်ထားသည့် လယ်ကွင်းများနှင့် သစ်ပင်များအုပ်ဆိုင်းနေသော ရွာကလေးများ၏ မြင်ကွင်းများက ဆန်းသစ်နေသလို ခပ်ဝေးဝေးတွင် မှိုင်းညို့ညို့ မြင်နေရသည့် ရိုးမတောင်တန်းကြီးနှင့် ဆရာစံ၏ တော်လှန်ရေး ဌာနချုပ်ကြီးဖြစ်သော အလံတောင်ကြီး၏မြင်ကွင်းမှာလည်း လွမ်းချင်စရာ အသွင်ကို ဆောင်လျက်ရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့လျှင် သာယာဝတီထောင်ကြီးကား အပြင်ပန်းအားဖြင့် အသွင် လူသလောက် အတွင်းတွင်မူ မကြာမီ စာဖတ်သူများ စာရှုရတော့မည့် လောက ငရဲအိုးကြီးလို ဖြစ်နေရာ သာယာဝတီထောင်၏ ပုံပန်းသဏ္ဍာန်ကို ကျီးအာသီးနှင့် နှိုင်းခြင်းသည်သာ အမှန်ကန်ဆုံးဟု ဆိုရပေမည်သာ။

**အကျဉ်းသားဦးရေ**

ထိုအချိန်က သာယာဝတီထောင်၏ အကျဉ်းသားဦးရေမှာ ပုဒ်မ ၅ အကျဉ်းသား ၃၀၀၀ ကျော်ရှိ၍ ရာဇဝတ်မှု အကျဉ်းသား ၄၀၀ ခန့် ရှိ၏။

၁၉၄၉ ခု သာယာဝတီထောင် ပွင့်သွားသည့်အချိန်ထိ အကျဉ်းသားစုစု ပေါင်း ၂၇၀၀ ကျော်မျှရှိ၍ မြန်မာတစ်ပြည်လုံးမှ ပုဒ်မ ၅ အကျဉ်းသမားများ အားလုံးနီးနီး၏အရေအတွက်ပင် ဖြစ်ပေသည်။

ဒီလို အုတ်ရိုးနိမ့်နိမ့်ကလေးရှိသောထောင်မှ ဒီလောက်လူတွေထဲက တစ်ဦးတစ်ယောက်မျှ ထွက်မပြေးနိုင်ကြဘူးလား၊ ထွက်ပြေးဖို့ မကြိုးစားကြဘူး လားဟု စာဖတ်သူများ စိတ်တွင် မေးမိကောင်း မေးမိကြပေလိမ့်မည်။ မှန်ပါ သည်၊ ၁၀ တောင်လောက် ကြိုးလေးတစ်ချောင်းရလျှင် ထောင်၏အုတ်ရိုးကို ကျော်လွှားနိုင်မည်မှာလည်း အမှန်ပင်ဖြစ်၏။ သို့သော် ထောင်အုတ်ရိုးကို ကျော်လွှားနိုင်ဘိထားဦး၊ အုတ်ရိုးအပြင်ရောက်သည်နှင့် အကြင်သူမှာ နောက် တစ်နေ့ မျက်နှာသစ်စရာ မလိုသောဘဝ ရောက်ရှိသွားပေမည်။

ထောင်နှင့် ၂၅ ကိုက်အကွာမှ ထောင်ကြီးတစ်ခုလုံးကို ပတ်ပတ်လည်ကာ ထားသည့် သံဆူးကြိုးများတွင် လွှတ်ထားသည့် ဓာတ်အားက သေတွင်းသို့ အမြန်မနေး လှလှလေး ပို့ဆောင်ပေးလိုက်မည်ဖြစ်သောကြောင့်ပါတည်း။

* * *

ဘူတာမှ သာယာဝတီထောင်ဘူးဝ ရောက်သည်အထိ ကြွေးကြော်သံများ ဆက်တိုက် ဟစ်လာကြ၏။ ထောင်ဘူးဝသို့ရောက်ပြီး ကားရပ်ထားစဉ် ထောင် မှူးကြီးကိုယ်တိုင် ထွက်လာပြီးနောက် ကျွန်တော်တို့အား ခေါင်းတညိတ်ညိတ် လုပ်ပြီး ပြန်ထွက်သွား၏။

မကြာမီ တံခါးပေါက်လေး ပွင့်လာ၏။ တစ်ယောက်စီ အထဲကိုတန်းစီ၍ ဝင်ကြရ၏။ အထဲသို့ရောက်သည့်အခါ ထောင်မှူးကြီးကိုယ်တိုင် ဆီးကြိုပြီး ထိုင်ကြပါခင်ဗျား ထိုင်ကြပါခင်ဗျာ'ဟု ဖိတ်ခေါ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မျက်နှာမူရာ ရှေ့တံခါးမကြီးပေါ်တွင် ရောမစာလုံးကြီးနှင့် ရေးထားသည့် စာတန်းကြီးကလည်း ဆီးကြိုလျက်ရှိ၏။

'မည်သည့်အကျဉ်းသားကိုမျှ ရိုက်နှက်ညှဉ်းပန်းခြင်းမပြုရ'ဟူသော စာတန်းပင် ဖြစ်ပေသည်။

ထောင်မှူးကြီး၏ဖိတ်ခေါ်သံနှင့် စာတန်းကြီးက ကျွန်တော်တို့နှလုံးသားကို ရွှင်ပြုံးအားရစေတော့၏။ သို့သော် ရွှင်ပြုံးမှုနှင့် အားရမှုကား တစ်ခဏသာ ဖြစ်ခဲ့၏။

'ခင်ဗျားတို့ မနက်စာ မစားခဲ့ရသေးဘူးလား'ဟု ထောင်မှူးကြီးက မေးသဖြင့် ကျွန်တော်တို့ကလည်း 'မစားရသေးကြောင်း' ပြန်ဖြေလိုက်ပါသည်။

ကျွန်တော်တို့ ဖြေသံဆုံးသည်နှင့် ထောင်မှူးကြီးက သူ၏ရုံးခန်းဘက်သို့ လှည့်၍ 'ဟေ့–ကျောက်ကြီးတို့၊ ငမဲကြီး၊ ကျားကြီးတို့ရေ။ ဟောဒီက ရန်ကုန်မှ မိတ်ဆွေတွေက မနက်စာ မစားခဲ့ရသေးဘူးတဲ့ကွ၊ စီစဉ်ပေးလိုက်ပါဦး'ဟု အမိန့်ပေးလိုက်ပါသည်။

ရသေ့ဒေါက်ခြာဆန်ဆန် ဦးထုပ်ပြာများ ဆောင်းထားသည့် ထောင်ကျသုံးယောက် ထွက်လာ၏။ သူတို့လက်ထဲတွင် ကြိမ်တုတ်များ ကိုင်ထားကြပေသည်။

အကျဉ်းထောင်များတွင် ဦးထုပ်ဖြူဆောင်း၊ ဦးထုပ်ပြာဆောင်းရသည့် အကျဉ်းသားအရာရှိများ တုတ်ကိုင်ကြသည်မှာ အစဉ်အလာဖြစ်နေသဖြင့် ကျွန်တော်တို့ကလည်း ခပ်အေးအေးပင် ထိုင်နေကြပါသည်။

ကျွန်တော်တို့နား ရောက်လာပြီးနောက် 'ထမင်းမစားရသေးရင်လည်း ကောင်းကောင်းကျွေးရတာပေါ့'ဟု ပြောကာ ပါလာသော ကြိမ်တုတ်များဖြင့် တရှမ်းရှမ်း စ၍ရိုက်တော့၏။ တစ်ချိန်တည်းမှာပင် ဝါဒါလေး,ငါးယောက်က တစ်ဖက်ခန်းမှ ပြေးထွက်လာပြီး စစ်ဖိနပ်များဖြင့် ခြေဦးတည့်ရာ စွတ်၍ကန် ကြပြန်၏။

ကျွန်တော်တို့ကား ကြောင်နေကြ၏။ အထင်နှင့်အမြင် ပါစင်အောင် လွဲသွားသဖြင့် ရုတ်တရက် ဘာလုပ်ရမှန်းပင် မသိကြတော့ပေ။ ထိုစဉ် အခြား အကျဉ်းသားများ ရောက်လာကြပြီး တုတ်နှင့်ရိုက်သူရိုက်၊ လက်သီးနှင့်ထိုးသူ ထိုးဖြင့် ဝရုန်းသုန်းကား ဖြစ်နေကြပေသည်။

ကျွန်တော်တို့မှာလည်း ခေါင်းနှင့်မျက်နှာကို မထိအောင်သာ ရှောင်ကာကွယ် နေရ၏။ 'အားလုံး ငြိမ်ကြ'ဟူသော ထောင်မှူးကြီး၏အမိန့်ပေးသံ ထွက်ပေါ် လာပြီးနောက် ကျွန်တော်တို့ကို နှစ်ယောက်စီတွဲလျက် ထိုင်ခိုင်းထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထောင်မှူးကြီးက 'ထုံးစံအတိုင်းလုပ်ကြ'ဟု ပြောသည့်အခါ ကျွန်တော်တို့ထဲမှ ရဲဘော်တစ်ဦးဖြစ်သူ ကိုထွန်းဖေ (ယခု မင်္ဂလာညွန့်ဖလင်)က ထ၍ 'ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားတွေပါ၊ ဒီလိုရိုက်တာ မသင့်လျော်ပါ၊ လူတွေအနေနဲ့ ဆက်ဆံသင့်ပါတယ်'ဟု ပြောသည့်အခါ ပြောသည့်ရဲဘော်အား ထောင်မှူးကြီးကိုယ်တိုင် လက်သီးနှင့် မျက်နှာကိုထိုးပြီး ခြေထောက်ဖြင့် ဆောင့်ကန်ပစ်လိုက်ပါသည်။ ထိုရဲဘော်မှာ ဖင်ထိုင်လျက် လဲကျသွား၏။

## လောကငရဲစ,ပြီ

အကျဉ်းသားနှစ်ဦးက ရှေ့ဆုံးမှရဲဘော်ကို ဆွဲထူပြီး ထောင်မှူးကြီးရုံးခန်းနှင့် မျက်နှာချင်းဆိုင်ရှိ အခန်းထဲသို့ ဆွဲခေါ်သွား၏။ တစ်ယောက်ပြီးတစ်ယောက် ဆွဲခေါ်သွား၏။

ထိုသို့ ဆွဲခေါ်ရာတွင် ရိုးရိုးအေးအေးခေါ်သွားခြင်း မဟုတ်ဘဲ တစ်ဖက်ခန်းမှတစ်ဆင့် အနိမ့်ပိုင်းရှိ အခန်းကျယ်ထဲသို့ နောက်မှ ခြေထောက်ဖြင့်ဆောင့်ကန်သွင်းလိုက်ခြင်းဖြစ်ရာ တစ်ယောက်ပြီးတစ်ယောက် ဒိုင်ဗင်ပုံစံအမျိုးမျိုးဖြင့် အခန်းထဲသို့ ရောက်သွားကြ၏။ ကျွန်တော်တို့ကား စတန့်မင်းသားများ ဖြစ်နေကြ၏။

လဲကျရာမှလူးလဲထကာ ဖုန်ဖက်ခါ၍ပြန်ထသည်နှင့် အခန်းထဲမှ စောင့်နေသူ အကျဉ်းသားတစ်ဦးက 'ပုံစံ'ဟု ဆီးအော်ပြီး မိရာနေရာ ဆွဲ၍ ရိုက်ပြန်၏။ ကျွန်တော်တို့ကား မျောက်ကလေးများပမာ ဟိုခုန်လိုက် ဒီခုန်လိုက် ဖြစ်နေကြ၏။ အသားနာနေသည့်ကြားထဲမှ ရယ်လည်းရယ်မိကြကာ ပြုံးလည်း ပြုံးမိကြ၏။ ပုံစံကို နားမလည်သဖြင့် တဗုန်းဗုန်း တဘိုင်းဘိုင်း အရိုက်ခံရပြီးမှ အကျဉ်းသားကြီးက နမူနာထိုင်ပြပါသည်။

ဆောင့်ကြောင့်ထိုင်၍ လက်နှစ်ဖက်ကို ဒူးပေါ်တွင် ယှက်ပြီး ခေါင်းကိုငုံ့ထားရခြင်းကို ပုံစံထိုင်ဟု ဤတွင်မှ နားလည်လိုက်ရတော့၏။

ငါးမိနစ်ခန့်အကြာတွင် 'ခေါင်းတွေမော့မကြည့်နဲ့' ဆိုသော အသံဆိုးကြီးကြားမှ ဖိနပ်သံများကို ကြားလာရ၏။

"အားလုံးခေါင်းငုံ့ပြီး နားထောင်"

"တို့ဆရာကြီး လူတံတားပေါ် လမ်းလျှောက်လိမ့်မယ်၊ ပုံစံထိုင်နေတဲ့အတိုင်း ခေါင်းငုံ့ပြီး ငြိမ်ငြိမ်နေကြ။ အောက်ကလှုပ်လို့လိမ့်ကျရင် လှုပ်တဲ့အကောင် အသေပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောသမျှ ကြားနေရသော်လည်း ရုတ်တရက် ဘာအဓိပ္ပာယ်ကိုမှ နားမလည်ကြပါ။ ငြိမ်သက်၍သာနေကြ၏။ ထိုအတွင်းပင် ကျွန်တော်တို့ နှစ်ယောက်တစ်တွဲထိုင်နေသည့် ဇက်ပိုးများပေါ်မှ လူတစ်ယောက် လမ်းတက်လျှောက်နေခြင်းကို သိနေရာ အပြန်အလှန် သုံးခေါက်လျှောက်သွား၏။ ကျွန်တော်တို့ကား အံကိုကြိတ်၍သာ အောက်မှ တောင့်လျက်မလှုပ်မယှက်ဘဲ ငြိမ်၍နေကြ၏။

ဘာမှမတတ်နိုင်ပါ။ စိတ်လိုက်မာန်ပါ ထလုပ်လျှင် ထိုနေရာတွင် မုချ ကျွန်တော်တို့ သေလျှင်သေမည်၊ မသေလျှင်လည်း ကျိုးကန်းကုန်ကြပေမည်။ ကံကောင်းသည်ဟု ဆိုရပေမည်။

'လူတစ်ယောက်သေရင် စာရွက်တစ်ရွက်ပဲကုန်သည်၊ မပူနှင့်'ဟု ထောင်သား လူမိုက်များကို မှာထားသောကြောင့်ပင်တည်း။ (ထိုစကားကိုလည်း ကျွန်တော်တို့ နောက်မှသိရပါသည်။)

"ကဲ–အားလုံး ခေါင်းမော့ကြ"

"ကြည့်ထား"

"ဟောဒါ မင်းတို့တွေ့တိုင်း အရိုအသေပေးရမယ့် ခြောက်ထောင်ပိုင်ဆိုတာပဲ၊ တို့အထဲမှာ အကြီးဆုံးပဲ"ဟု မိတ်ဆက်ပေးပါသည်။

သူတို့ မိတ်ဆက်ပေးသည့် ပုဂ္ဂိုလ်ကို ကြည့်လိုက်သောအခါ အသားမည်းမည်း၊ အရုပ်ဆိုးဆိုးတွင် ကုတ်အင်္ကျီအနက်၊ ဘောင်းဘီအဖြူဝတ်လျက် ခါးပတ်အပြာပေါ်၌ ကြေးဝါတံဆိပ်တစ်ခု တပ်ထား၏။ ရှူးဖိနပ်နှင့် ခေါင်းပေါ်တွင် ဘဲရီကက်တစ်လုံး ဆောင်းထားသည့် ပုဂ္ဂိုလ်ထူးကြီးကို တွေ့လိုက်ရ၏။

မည်မျှလောက် ထူးမြတ်၍ မည်မျှလောက် ကြီးမြတ်သောပုဂ္ဂိုလ်မှန်းတော့ မသိပါ။ ကျွန်တော်တို့၏ ဇက်ပိုးများကို တံတားခင်း၍ လမ်းလျှောက်ခဲ့သူ ပေတည်း။ ကျွန်တော်တို့ကား အံကြိတ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်ပါပေ။ ထူ မဆန်သော နှိပ်စက်ခြင်းမျိုးဖြင့် နှိပ်စက်နေကြရာ ဘဝဝဋ်ကြွေးပင် ဆိုလေ သလားဟုသာ တွေ့ရ၏။

ထိုစဉ် ထောင်မှူးတစ်ယောက် ဝင်လာ၍ ထိပ်ဆုံးက စားပွဲငယ်တွင် ထိုင်ပြီး လုပ်ငန်းစပါသည်။ ရှေ့ဆုံးမှလူတစ်ယောက်ကို ထ,ခိုင်း၍ သူ့အနား သို့ ခေါ်လိုက်၏။ လက်နှစ်ဖက်ကို ရှေ့တွင်စုထားပြီး မတ်မတ်ရပ်လျက် နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိမိအမည်၊ အဖအမည်၊ အလုပ်အကိုင် စသည်များ ရေးမှတ်၍ အအုပ်ကြီးတွင် စာရင်းရေးသွင်းပါသည်။ ကိုယ့်နာမည်ပြောလျှင် ‘ဦး’ ‘ကို’ ‘မောင်’ စသည်များ ထိပ်ကခံ၍ မပြောရ၊ တုံးထိပြောရ၏။ ပုံစံဆိုသော် ဦးဘရီ’ဆိုလျှင် ‘ဘရီ’ဟု ပြောရ၏။ ထိုသို့မပြောလျှင် အနားတွင်စောင့်နေသည့် အကျဉ်းသား၏လက်ဝါးက နားထင်ကို မိတ်ဆက်လိုက်မည် ဖြစ်ပေသည်။ ထမပိုင်းကျသူများ နားထင်ပူခံ၍ ရယူလိုက်သော သင်ခန်းစာကို နောက်လူများ အထူးသတိချပ်ရ၏။

## အဖအမည်

အဖေနာမည် မေးသည့်အခါလည်း ‘ဦး’တပ်၍ မပြောရပါ။ ဦးနေရာ တွင် ‘င’ တပ်၍ ပြောရ၏။ ပုံစံအားဖြင့် ‘ဦးအေးမောင်’ဆိုလျှင် ‘ငအေးမောင်’ ဟု ပြောရ၏။ လူတိုင်း အမြတ်တနိုးထားသည့် မွေးသဖခင်၏အမည်ကို ဆော်ကားစွာ ခေါ်ဆိုစေကာ အကြောင်းမဲ့ နှိမ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ဒီတစ်ခါတော့ ကျွန်တော်တို့ မလျှော့တော့ပါ။ ဆန့်ကျင်ကြ၏။ ထို နေရာတွင်ပင် သေလျှင်လည်း သေပါစေတော့၊ မိမိအမည်ကို မည်သို့ပြောရ ပါစေ၊ အဖေအမည်ကိုတော့ ‘င’ တပ်၍ မပြောနိုင်ပါ။ ‘ဦး’တပ်၍သာ ပြော ကြ၏။ အကြိမ်ကြိမ်ရိုက်၏။ ဖြေသူကား မလျှော့။ ပါးစပ်တွင်းမှ သွေး များပင် ယိုစီးကျလာ၏။ သို့သော် မမှုပါ၊ မလျှော့ကြပါ။ ထပ်ခါတလဲလဲရိုက်၍ ‘င’ ထည့်ပြောခိုင်း၏။ ရိုက်နှက်ခြင်းကို အံကြိတ်ခံ၍သာ ‘ဦး’ တပ်ပြောကြ၏။ နောက်ဆုံးတော့ ထောင်မှူးက ‘အချိန်မရှိတော့ဘူးဟေ့၊ အလုပ်မပြီးဘဲနေလိမ့် မယ်’ဟု ပြောမှ ‘ဦး’နှင့် ‘င’ ပြဿနာ တစ်ခန်းရပ်သွားခဲ့ပေသည်။

သို့သော် ငရဲခန်းကား တစ်မျိုးပြီး၍ တစ်မျိုးလာပြန်၏။

## အလုပ်အကိုင်

အလုပ်အကိုင်မေးရာတွင် ‘ဦးဘရီ၊ စတီးဘရားသား စာရေးကြီး’ဟု ဖြေရာ ‘မင်းလခ အများကြီးရတဲ့အကောင်ပဲ၊ ပိုရိုက်ရမယ်’ဟုပြောပြီး ရိုက်၏။ ‘ကျောင်းသား’ဟုဖြေလျှင် ‘ဟာ ခါးပိုက်နှိုက်ပဲ’ပြောပြီး ရိုက်ပြန်၏။ ဘယ်လို ဖြေဖြေ ရိုက်ချက်ကတော့ ပြေးမလွတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်တပ်ထားသူကို မျက်မှန်ချွတ် လမ်းလျှောက်ခိုင်း၏။ မျက်မှန်မပါစေကာမူ လမ်းတော့လျှောက်နိုင်ပေရာ မျက်စိမကန်းဘဲ မျက်မှန်တပ်ရမလား၊ လူညာဟု စွဲချက်တင်၍ ဆော်ပြန်၏။

မြန်မာစကားမတတ်သော ရယ်ဒီ ဆိုသည့် ကုလားအလုပ်သမားခေါင်းဆောင်တစ်ဦး ပါဝင်ရာ သူ့အား ဗမာစာမတတ်ဘဲ သဘာဝတီထောင်ရောက်အောင်လာရမလားဟုပြောပြီး နှက်ပြန်၏။

ကျွန်တော်တို့ထဲမှ ရောင်းဆိုသော ရဲဘော်တစ်ဦးထံတွင် လီနင်၏ စက္ကူဓာတ်ပုံကလေးတစ်ပုံ တွေ့သွားရာ 'ဒါကဘာလဲ'ဟု မေး၏။

"ဒါ ကွန်မြူနစ်ခေါင်းဆောင်ကြီးပုံပါ"ဟု ဖြေ၏။

"ချစ်သလား"ဟု မေး၏။

"ချစ်တယ်"ဟု ဖြေရာ ဝိုင်းရိုက်ကြပြီး ခါးကိုကုန်းခိုင်းပြီးနောက် ဓာတ်ပုံဖြင့် စအိုဝကိုသုတ်ပြီး ပြန်နမ်းခိုင်းပါတော့သည်။

ပုတီးလည်ပင်းဆွဲထားသည့် ဘီအိုစီ အလုပ်သမားကြီးကို ကြောင်သူတော်ကြီးဟု စွပ်စွဲဟာ 'ဒီပုတီးနဲ့ ဘာတွေစိပ်လဲ'ဟုမေးရာ 'ဂုဏ်တော်ကိုးပါးစိပ်ပါသည်'ဟု ဖြေကြားသည့်အခါ ခုတစ်ခုပေါ် မတ်တတ်ရပ်ခိုင်း၍ ဂုဏ်တော်ကိုးပါးကို အသံကုန်ဟစ်အော်စေပြီး ပုတီးစိပ်ခိုင်းပါသည်။

နောက်ဆုံး အခြားစွပ်စွဲစရာမရှိသည့်နောက်ဆုံးတွင် "ငါတို့ တောသားတွေ ရန်ကုန်ရောက်တဲ့အခါ ခါးပိုက်နှိုက်ပြီး ပါသမျှလိမ်ယူတာ မင်းတို့ရန်ကုန်သားတွေပဲ၊ ခုမှ လက်စားချေရတယ်"ဟု ပြောပြီး ရိုက်ပြန်၏။

ကျွန်တော်တို့အဖြစ်ကား အတော်ဆိုးလှ၏။

ဤသို့လျှင် တစ်ဦးချင်းခေါ်၍ မေးချင်တာမေးလိုက်၊ ရိုက်လိုက်လုပ်နေသည့်အချိန်၌ နောက်ပိုင်းတွင်ထိုင်နေသည့် လူများမှာလည်း မသက်သာပါ။ အလကားနေရင်း တစ်ယောက်တစ်လှည့် ကြိမ်စမ်းနေကြပါသည်။ လူလူချင်းမတရား နိုင်ထက်ကလူ နှိပ်စက်ခြင်းများပေတည်း။

ကျောကုန်းများမှာ ကျိန်းစပ်နာကျင်နေ၏။ အရိုးရာများကားထပ်လျက်ယှက်လျက်သာဖြင့် ကျွန်တော်တို့မှာ ခေါင်းကိုမထိရေးအတွက်သာ ကာကွယ်နေရတော့၏။ နံနက် ၁၁ နာရီခန့်မှစ၍ နှိပ်စက်ခန်းဖွင့်လိုက်ကြသည်မှာ ညနေ ၅ နာရီမှပင် ရပ်သွားတော့၏။ ထိုသို့ ရပ်သွားခြင်းများသည် ကျွန်တော်တို့အား အိပ်ဆောင်သို့ပို့ရတော့မည့်အချိန် ရောက်လာသောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တွင်ပါသွားသော ပစ္စည်းများအနက်မှ အဝတ်အစား အပိုတစ်စုံစီ ပြန်လည်ပေးလိုက်သည်မှအပ ပါသမျှ အကုန်လုံး ယူထားလိုက်ကြ၏။

နောက်မှစုံစမ်းသိရှိရသည်မှာ ကျွန်တော်တို့တွင် ပစ္စည်းများ အများအပြားပါသဖြင့် ပစ္စည်းများကို ဝေစုခွဲဖို့ အာရုံစိုက်နေသောကြောင့် အရိုက်ခံရသက်သာခြင်း ဖြစ်သည်။ အခြားခရိုင်များမှရဲဘော်များ ခံရချက်မှာ ကျွန်တော်တို့ထက်ပင် ပို၍ဆိုးသေးသည်ဟု သိရ၏။

## အိပ်ဆောင်သို့ပို့ပြီ

ညနေ ၅ နာရီကျော်ကျော်တွင် နှစ်ယောက်တစ်တွဲစီ တွဲ၍ ခေါင်းအောက်ငုံ့ပြီး ဘူးကြီးမှ အိပ်ဆောင်သို့ တန်းစီးလျက် သွားကြရ၏။ အေးအေးသက်သာ သွားရခြင်းကား မဟုတ်ပါ။ နွားအုပ်ကြီးများ မောင်းသွားသလို ဘေးကရိုက်လိုက်၊ တုတ်နှင့်ထိုးလိုက်ဖြင့် သွားနေရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့နေရမည့် အိပ်ဆောင်သို့ ရောက်မှပင် ခေါင်းမော့ကြရပေသည်။ ကျွန်တော်တို့နေရမည့် အိပ်ဆောင်မှာ နှစ်ထပ်တိုက်တန်းဖြစ်၍ ငါးပေ၊ ခုနစ်ပေ အခန်းကလေးများ ခွဲထားသည့်ဆဲ ခေါ်တိုက်တန်း ဖြစ်၏။ ထောင်ထဲတွင် ပြစ်မှုတစ်ခုခု ကျူးလွန်သူများအား အပြစ်ပေး တိုက်ပိတ်သည့်အခါ အသုံးပြုသည့်တိုက် ဖြစ်ပေသည်။

တိုက်တန်းကိုအုပ်ချုပ်သည့် တန်းစီးခေါ် အုပ်ချုပ်သူမှာ ကျားကြီးချစ်ခင်အမည်ရှိ ဦးထုပ်ပြာဆောင်းရသူ တုတ်ကိုင်တစ်ဦး ဖြစ်၏။ သူ့နာမည်ကို အစွဲပြု၍ 'ကျားတိုက်'ဟု နာမည်ပေးထား၏။ တစ်ဝင်းတည်းတွင် မျက်နှာချင်းဆိုင် တိုက်တန်းနှစ်လုံး ရှိပေသည်။

တစ်ဖက်တိုက်တန်းတွင်လည်း ကျွန်တော်တို့အရင် ရောက်နှင့်နေသည့် အခြားခရိုင်မှရဲဘော်များ ရှိနေကြရာ သူတို့မှာ ပိတ်ထားသည့် သံတိုင်များကြားမှ မဝံ့မရဲ ပြူတစ်ပြူတစ် လှမ်း၍ကြည့်နေကြ၏။ တန်းစီများအလစ်တွင် ကျွန်တော်တို့အား လှမ်း၍ လက်ဟန်ခြေဟန်ဖြင့် ဘာမှမပြောဖို့၊ ငြိမ်နေဖို့ သတိပေးကြရှာပါသည်။

ကျွန်တော်တို့အား ငါးယောက်လျှင် တစ်ခန်းကျ နေရာချထားရာ ငါးပေ၊ ခုနစ်ပေ အခန်းကလေးထဲတွင် လူငါးယောက်ထိုင်ဖို့သာ နေရာရှိသော်လည်း အိပ်ဖို့မှာမူ အခက်အခဲနှင့်ကြုံရမည်မှာ မလွဲဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါလာသော ပစ္စည်း၊ အဝတ်အစား အပိုတစ်စုံစီကို မိမိတို့နေရမည့် အခန်းထဲတွင် ချထားခဲ့ပြီးနောက် ဝရန်တာသို့ထွက်၍ နှစ်ယောက်စီ တန်းစီခိုင်း၏။

ကျွန်တော်တို့ စိတ်ထဲတွင်ကား အင်း–ဘာများလုပ်ဦးမလဲမသိဘူး၊ အိပ်ရာမဝင်ခင်များ တစ်ချီထပ်ဆော်ဦးမလားဟု လန့်နေကြ၏။ ဤတွင်ကား အထင်နှင့်အမြင် လွဲသွား၏။ ဘုရားရှိခိုးခိုင်းခြင်းပင်ဖြစ်၏။ တစ်ယောက်ကို ရှေ့ကတိုင်ပေးစေကာ အများက လိုက်ဆိုရ၏။

အရိုက်အနှက်ခံထားရသည့် ဒဏ်ကြောင့်လား၊ ငါးပါးသီလပင် မရ၍လား၊ ကြောက်နေ၍လားမသိပါ။ ရှေ့ကတိုင်ပေးသူမှာ အမြီးအမောက်မတည့်ဘဲ ကပေါက်ချိကပေါက်ချာ ဖြစ်နေရာ 'ဘုရားတောင် မရှိခိုးတတ်တဲ့ကောင်တွေ' ဟုပြောပြီး တစ်ချီရိုက်ပြန်၏။ သူခိုးက လူလိုဟစ်တယ် ဆိုသည့် စကားပုံမှာ ဤနေရာမှ အဓိပ္ပာယ်အပြည့်အဝပေါ်တော့သည်ဟု စိတ်ထဲတွင် မှတ်ချက်ချ လိုက်မိ၏။ သူခိုး၊ ဓားပြကြီးများက ကျွန်တော်တို့အား ဘုရားရှိခိုးခိုင်းနေသည် မဟုတ်ပါလား။

နောက်တစ်ဦးကို တက်တိုင်စေပြန်၏။ အမှားမှားအယွင်းယွင်းပင်။ ထပ်ရိုက်ပြန်၏။ ငါးယောက်မြောက်အလှည့်ရောက်မှ ငါးပါးသီလမှန်သွားသဖြင့် သက်သာရာရသွားပါသည်။ ငိုအားထက် ရယ်အားသန် ဆိုသလို ကျွန်တော်တို့ အဖြစ်ကား ငိုလည်းငိုချင်၊ ရယ်လည်းရယ်ချင်၊ ဖြစ်မျိုးတည်း။ သို့သော် ဤဖြစ် ရပ်က ကျွန်တော်တို့၏နာကြည်းမှုများကို ခေတ္တမေ့ပျောက်သွားစေသော ဟာဒယရှင်ဆေးတစ်ခွက်ပင် ဖြစ်သည်။

အခြားအဆောင်များ ပိတ်သွားသော်လည်း ကျွန်တော်တို့အဆောင်ကား မပိတ်ရသေးပေ။ ဘုရားရှိခိုးပြီးနောက် တန်းစီကာ ဩဝါဒထုးများကို ပေးနေပြန် သေး၏။

"နားထောင်"

"ဒီထောင်မှာ ဘာလုပ်လုပ်၊ ဘယ်သွားသွား နှစ်ယောက်စီ လက်တွဲပြီး သွားရမယ်။ ခေါင်းငုံ့ထား၊ ဟိုကြည့်ဒီကြည့် မကြည့်ရဘူး"

"မနက် ထောင်ဘူးဝကြီးပေါ်မှ ဗျူကယ်မှုတ်ရင် တစ်ကြိမ်၊ ညနေ ဗျူ ကယ်မှုတ်သံကြားရင် တစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ် အသံကျယ်နဲ့ ဘုရားရှိခိုး ရမယ်။ ဘုရားရှိခိုးချိန်ကလွဲပြီး စကားပြောရင် အတိုးနိုင်ဆုံး တိုးတိုးပြောရမယ်"

"တန်းစီခွင့်ပြုချက်မရဘဲ ဝါဒါ၊ ထောင်မှူး၊ ထောင်ပိုင်တွေကို စကား မပြောရဘူး။ မနက်လူစစ်ချိန်၊ ညနေလူစစ်ချိန်တွေမှာ မှတ်ထိုင်ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ကောင်းကောင်းမှတ်ထား။ တုတ်နဲ့ကျော ခဏခဏမထိချင်ရင် ကျုပ်ပြောတာတွေ မမေ့ကြနဲ့"

"အရေးအကြီးဆုံးက ဒီထောင်မှာ ကျွေးတာစားပြီး ပါးစပ်ပိတ်ထားရမည်။ ကဲ... ဒါပဲ"ဟု ပြောနေစဉ် ထောင်မှူးများရောက်လာပြီး တံခါးပိတ်ကြပါသည်။ နံနက်စာလည်း မစားရသေးပေ။ တစ်နေကုန် ပုံစံထိုင်နေရပြီး ချိုမဆုံ့ အရိုက်အနက်ခံထားရသောဒဏ်ကြောင့် နုံးချည့်နေကြ၏။ တံခါးပိတ်လိုက်ပြီဖြစ်သဖြင့် အရိုက်ခံရမည့်ဘေးကတော့ တစ်ညတာ ဝေးသွားလေပြီ။ အနားကလေးရလိုက်တော့မှပင် ဗိုက်က စကားပြောလာ၏။

သို့သော် ကျွန်တော်တို့အတွက် ညနေစာ ကျွေး၊မကျွေးကိုလည်း မမေးရဲပါ။ ကျွေးများကျွေးလေမလားဟူ၍ မျှော်လင့်နေကြရ၏။ မကြာမီ အောက်ထပ်မှ ခြေသံကြားရသဖြင့် တစ်ခန်းနှင့်တစ်ခန်း တိုးတိုးလှမ်း၍ သတင်းပို့ပြီး ပုံစံထိုင်နေကြရ၏။

နီရဲနေသည့် လုံးတီးဆန်များကို ဒန်ပန်းကန်ပြားထဲတွင်ထည့်၍ ပေးလာ၏။ ဟင်းကား ဗလာနတ္ထိ။ ပန်းကန်ပြားဘေးတွင် ဆားတစ်ပုံပါလာ၏။ ထမင်းပေးပုံမှာလည်း ကောင်းကောင်းမွန်မွန် ပေးသည်မဟုတ်ပါ။ အောက် သမံတလင်းနှင့် သံတံခါးကြားတွင် ကွာနေသည့် လက်သုံးလုံးခန့်အပေါက်ထဲမှ ပန်းကန်ပြားကို ပစ်သွင်း၍ပေးခြင်း ဖြစ်၏။ အထဲသို့ ပန်းကန်ပြားရောက်လာသည့်အခါ ထမင်းအချို့အဝက်မှာ သမံတလင်းပေါ်တွင် ပြန့်ကျဲသွားတော့၏။

ယခင် ရန်ကုန်ထောင်ရောက်သည့် ညနေကို ပြန်၍သတိရတော့၏။ သတိရမိရုံမှတစ်ပါး အခြားဘာမှမတတ်နိုင်ပေ။ ဝဋ်လည်သည်ဟုပင် ဆိုရမည်လော။ နောက်ဆုံးတွင်ကား ရောမကိုရောက်ရင် ရောမသားလိုကျင့်ရမည် ဟူသော အသံကိုသာ နှလုံးမူလိုက်ရပေသည်။

နံနက်ခြေကတည်းက ဘာအစာမှ မသွင်းခဲ့ရသော ဝမ်းဗိုက်အတွင်းမှာသည်း တကြွတ်ကြွတ် ဆာလောင်လှပြီဖြစ်သဖြင့် လုံးတီးထမင်း နီနီရဲရဲကိုသာ အဆုပ်ကလေးများလုပ်လျက် ဆားကလေးနှင့်တို့ပြီး စားခဲ့ရ၏။ သို့သော် ထိုထမင်းတစ်နပ်မှာ မွေးရက်မှ သေရက်ကြားကာလအတွင်း အကောင်းဆုံးနှင့် အရသာအပြည့်ဆုံး ထမင်းတစ်နပ်အဖြစ်ပင် မှတ်တမ်းတင်လိုက်ရပေသည်။ ကောင်းကောင်းကျွေးရန်နှင့် မည်မျှကောင်းမွန်ပြည့်စုံသည့် ထမင်းပွဲကို စားရစေကာမူ ထိုနေ့က ဆာဆာလောင်လောင်နှင့် အငမ်းမရ လွေးခဲ့ရသော ထိုလုံးတီးဆန် နီတာလဲ ထမင်းတစ်နပ်ကိုကား မီအံ့ဟု မထင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



'လူ့စိတ်ကား ဆန်းကြယ်သည်'ဆိုသည်မှာ ဤသည်ကိုပင် ခေါ်လေသလားမသိပေ။ ညဘက်တွင်ကား အေးစက်စက်ဖြင့် သဲအတိပြီးနေသော အောက်ခံ သမ်တလင်းပေါ်၌ အခင်းဗလာနတ္ထိကြောင့် မည်သို့မျှ အိပ်မရကြပါ။ ပါလာ သော အဝတ်ကလေးများကို ခေါင်းခုလျက် ခဏတစ်ဖြုတ် လှဲရုံသာ လှဲနိုင်ကြ၏။ တစ်နေ့လုံး ထုတောရိုက်နှက်ထားခံရ၍လည်းကုပ်ကြောမှစ၍ ကာ တစ်ကိုယ်လုံးတွင် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များကလည်း တဖြည်းဖြည်း အေးစပြုလာသော ညဥ့်အချိန်တွင် တစစ်စစ် နာကျင်လာပါသည်။

ဆေးဝါးကလည်းမရှိ၊ ပါလာသော အဝတ်အစားကလေးများကို အထုပ်ထုပ်လျက် အာပူပေးပြီး တစ်ယောက်တစ်လှည့် ကြပ်ထုပ်ထိုးပေးကြ၏။ ဒဏ်ရာကြီးသူကို ဒဏ်ရာငယ်သူက ပြုစုပေးရင်း တစ်နေ့တာ ခံစားချက်များကို စားမြုံ့ပြန်လျက် တစ်ညတာအချိန်ကို ကုန်လွန်စေခဲ့ရပေသည်။

ဘဝဟူသည် 'လောကဓံသဘောအရ အနိမ့်-အမြင့်-အဆင်း-အတက် ရှိစမြဲဆိုသည်မှာ အလွန်မှန်ချေတကား။ မနေ့ကပင် ရန်ကုန်ထောင်၌ ကောင်းကောင်းစား၊ ကောင်းကောင်းနေခဲ့, အိပ်ခဲ့ကြရပြီး ယနေ့တွင်မူ အရိုက်အနှက်ကြားမှ မေးစက်၍မရသောအဖြစ်မျိုးကို ကြုံတွေ့နေရပေပြီ။ လောကဓံ အပြောင်းအလဲကား မြန်ဆန်လှပေစွ။ သို့သော် အားမာန်ကိုတော့ မလျှော့ကြပါ။ ဇွဲနှင့် ယုံကြည်မှုကိုအရင်းခံလျက် တောင့်ခံကြဖို့သာ ဆုံးဖြတ်ကြ၏။

နံနက် ၅ နာရီတွင် ထောင်ဘူးမကြီးပေါ်မှ ထွက်ပေါ်လာသည့် ဗြူကယ် သံဆုံးသည်နှင့်တစ်ပြိုင်နက် တစ်ထောင်လုံး 'ဩကာသ'သံ လွှမ်းမိုးသွားပါသည်။ မျက်လုံးများ ကျိန်းစပ်နေသည့်ကြားမှပင် အသံထွက်မှန်အောင် ဂရုစိုက်ကြရ၏။ ပြိုးလည်း ပြိုးမိပါ၏။ မိဘ၊ ဆရာသမားများက 'ဘုရားရှိခိုးဟဲ့'ဟုဆိုလျှင် ခေါင်းခါ ခဲ့သူများသည် ယခု မိုးမလင်းမီ ဘုရားရှိခိုးနေရပေပြီ။ မိုးလင်းသည်နှင့် တံခါးများလာဖွင့်ပြီး နှစ်ယောက်စီတွဲလျက် အိပ်ထောင်ရှေ့ရှိ ရေကန်တွင် အလှည့်ကျ မျက်နှာသစ်ရပါသည်။ ရေကို လိုသလိုအသုံးပြု မျက်နှာသစ်ရခြင်း မဟုတ်ပါ။ တစ်ယောက်လျှင် ဒန်ပန်းကန်ပြားတစ်ချပ်စာရေဖြင့် ကိစ္စအပြီးလုပ်ရခြင်း ဖြစ်ပေသည်။

မျက်နှာသစ်ပြီး နောက်ဖေးသွားရာတွင်လည်း နှစ်ယောက်စီလက်တွဲလျက် သွားရ၏။ နောက်ဖေးသွားရသည်မှာ အိမ်သာမရှိပါ။ အမိုးအကာရှိသည့် မြေတွင်းရှည်ကြီးနှုတ်ခမ်းပေါ်တွင် ထိုင်လျက် သွားရခြင်း ဖြစ်သည်။ တစ်ချိန်တည်းတွင် ၁၀ ယောက်တစ်တွဲ ထိုင်သွားနိုင်သော တွင်းကြီးတွင် မျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



သွားရသဖြင့် မျက်နှာမရဲခြင်း၊ ရက်ခြင်းဖြင့် ထွက်အံ့ဆဲဆဲ မစင်များပင် ပြန်ဝင်သွားတော့၏။

သို့သော် ကြာတော့လည်း ရိုးသွားပြီးနောက် လွတ်လွတ်လပ်လပ် စကားပြောပြောနှင့်သွားရသည်မှာ ဇိမ်တစ်မျိုးပင်ဖြစ်၏။ ငယ်စဉ် ကလေးဘဝ သုံး၊လေးယောက်လောက်စု၍ မြောင်းနှုတ်ခမ်းပေါ်မှာ ဆော့ရင်း ကစားရင်း နောက်ဖေးသွားရသည်များကို သွားသတိရကာ အချင်းချင်း ပြောဆိုရယ်မောမိကြ၏။ ငယ်ငယ်က အကျင့်ကလေးများ အသက်ကြီးခါမှ ပြန်လုပ်ရသည်မှာလည်း ထူးခြားသော အခွင့်အရေးတစ်ရပ်ပင်ဟု ယူဆရတော့မည်လား မသိပေ။

နောက်ဖေးသွားပြီး ပြန်အလာတွင် ဝရန်တာ၌ ပုံစံထိုင်နေရ၏။ မကြာမီ ထောင်မှူးကလေး ရောက်ရှိလာပြီး အမိန့်ပြန်တမ်းတစ်ခုကို ဖတ်ပြပါသည်။

'ဤထောင်တွင် မည်သူမဆို စပါးကြိတ်ခြင်း၊ ပဲကြိတ်ခြင်း၊ ရေခပ်ခြင်း၊ မြက်ပေါက်ခြင်း၊ မြောင်းဖော်ခြင်း၊ လမ်းပြင်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြက်နုတ်ခြင်း စသော လုပ်ငန်းများကို ကျန်းမာရေးအလို့ငှာ လုပ်ရမည်။

ဆူပူဟစ်အော်ခြင်း၊ ဆန္ဒပြခြင်းများလုပ်ခဲ့သော် လိုအပ်သလို အရေးယူရန် ထောင်အာဏာပိုင်များအား အာဏာအပြည့်အဝ ပေးထားသည်။ ဤအမိန့်ကို ဖီဆန်သူများအား အရေးယူမည်။ ထိုသို့ အရေးယူခံရသူ၏ တိုင်တန်းလျှောက်ထားချက်များကို မည်သို့မျှ စဉ်းစားအရေးယူခြင်း ပြုလိမ့်မည်မဟုတ်'

[ပုံ]

**တရားရေးဌာနဝန်ကြီး**

ထိုအမိန့်ကို ဖတ်ပြပြီးနောက် နောက်နောင် နိုင်ငံရေးနှင့် ကင်းကင်းရှင်းရှင်းနေပါမည်ဟု ဝန်ခံပြီး ယခုကိစ္စများအတွက် အမှားဝန်ခံချက် လျှောက်ထားလိုသူများရှိလျှင် တန်းစီးက တစ်ဆင့် 'ပုံစံတောင်းယူနိုင်ကြောင်းဖြင့် ပြောဆိုပြီး ထောင်မှူး ပြန်သွားပါသည်။

အမှန်ကတော့ ကျွန်တော်တို့အဖြစ်မှာ ငါးငါးချင်းစား၊ ဖားဖားချင်းစား ဆိုသကဲ့သို့ ဘဝတူ နိုင်ငံရေးသမားအချင်းချင်းအား မိမိတို့နိုင်ချက်ပေါ်ဖို့န်း ပေါ်ခိုက် ဦးကျိုးသွားအောင် လုပ်လိုက်ခြင်း (ဝါ) တစ်နည်းအားဖြင့် ဖောက်သည် ပေါ်သောနည်းနှင့် လူဆိုးလူမိုက်များကို ငှားရမ်းရိုက်သတ်စေခိုင်းခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်သင့် မလုပ်ထိုက်သည့် ယုတ်မာဆိုးဝါးလှသော အကြံအစည်များ ဖြစ်၏။ ထိုဖြစ်ရပ်များကား ရှေ့အခန်းများတွင် ထင်ရှားပေါ်လွင်ပါလိမ့်မည်။

ကျွန်တော်တို့အကြောင်းကို ရှေ့မဆက်မီ ကြားဖြတ်အနေဖြင့် ရိုက်နှက်နှိပ်စက်ခံရသဖြင့် ဒဏ်ရာရသူများစာရင်း အချို့ကို အနည်းငယ် ဖော်ထုတ်ပြလိုပေ၏။

မစ္စတာရယ်ဒီ (ယခု အိန္ဒိယပြည် လေလင်ဂရနယ် ခေါင်းဆောင်)၊ ရဲဘော် ခင်မောင်ကြီး (ယခု မြန်မာ့သတင်းစဉ်) ခေါင်းကွဲ၍ ချိုင်းတောင်းပေါက်သွား၏။

ဆရာတင်မောင် (ကျောင်းအုပ်၊ ယခု ကြည့်မြင်တိုင်)မှာ နံရိုးလေးချောင်း ခန့် နိမ့်ဝင်သွား၏။ ဦးဘရီ (စတီးဘရားသား စာရေးကြီး)မှာ နံရိုးများအားလုံး အထိမခံနိုင်အောင် ထိခိုက်နာကျင်နေ၏။ ဦးသန်းငွေ (တာမွေ)နှင့် ကိုထွန်းမြင့် (အလုံ)တို့မှာ အိပ်ရာကမထနိုင်အောင် အတွင်းကြေကြေကာ ဒဏ်ရာများ ပြင်းထန်စွာ ရခဲ့ရ၏။ ရဲဘော်စိုးမောင် (ယခု ကြည့်မြင်တိုင်)မှာ လက်ဖျံရိုး ကွဲအက်ထိခိုက်သွား၏။ ရဲဘော်သန်း (စာရေးသူ)မှာ နှာခေါင်းရိုးကျိုးသွား၏။

ကျောကုန်းတွင် အရှိုးရာချင်းထပ်ကာ ရင်အောင့်၊ ကျောအောင့်သော ဒဏ်ရာခံရသူများမှာ ရဲဘော်တိုင်းလိုပင်ဖြစ်ပေသည်။ အခြားအုပ်စုမှ ဒဏ်ရာရသူများစာရင်းကိုလည်း ဖော်ပြပါဦးမည်။

ရဲဘော်မူကာဂျီ (ဗကပ ဗဟိုကော်မတီ) သည် အရိုက်ခံရသည့်နေရာတွင်ပင် မစင်များထွက်ကုန်သည်အထိ ပြင်းထန်စွာ ခံလိုက်ရ၏။

ဗိုလ်ရန်အောင် (ရဲဘော်သုံးကျိပ်) ဆိုလျှင် သမံတလင်းပေါ်၌ ကျောက်စရစ် ခဲဆူးကလေးများ ခင်းထားသည့်အပေါ်တွင် မိကျောင်းသွား စစ်ချီတက်ပုံအတိုင်း သွားပြခဲ့ရသဖြင့် တံတောင်ဆစ်များ၊ ဒူးခေါင်းများ အသားနီလန်ကုန်ပြီး သွေးသံ ရဲရဲဖြစ်ခဲ့ရ၏။ 'ဂျပန်ပြန် စစ်ဗိုလ်ကြီးကို စစ်ချီတက်တိုက်ခိုင်းရဦးမယ်'ဟု ပြောဆိုနှိပ်စက်ခဲ့ခြင်း ဖြစ်၏။

ဆရာတော်ဦးစိန္တာ (ရခိုင်တော်လှန်ရေးခေါင်းဆောင်)နှင့်အတူပါသော ရခိုင်ဗိုလ်ကျော်ဇောသည် နားအုံကွဲပြီး ရာသက်ပန် နားလေးသွားခဲ့၏။

ဘုံပေါက်သာကျော်၊ ကြာလှအောင်၊ ကြာနီအောင် (ရခိုင်တော်လှန်ရေး ခေါင်းဆောင်များ) တို့ကိုလည်း မြန်မာလို စကားပီအောင် မပြောနိုင်ဘဲ နိုင်ငံရေးလုပ်ရမလားဟု မေးပြီး ဆော်လိုက်ကြသည်မှာ တစ်ရက်ခန့် အိပ်ရာထဲမှ မထနိုင်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဘုံပေါက်သာကျော်နှင့်အတူ ခြေတစ်ဖက် ဒူးဆစ်မှပြတ်နေသူ ရဲဘော် ရွှေဘဆိုသူမှာ ခြေထောက်တစ်ဖက် မရှိသဖြင့် ဘယ်လိုမှ ပုံစံထိုင်၍မရပါ။ သူများလို ပုံစံမထိုင်နိုင်၍ ပုံစံအစား ကင်းမြီးကောက်ထိုင်ခိုင်းပြီး မရသဖြင့် ရိုက်လေရာ ရဲဘော်ရွှေဘခမျာ အိပ်ရာထဲ ငါးလခန့်လဲနေခဲ့ပါသည်။

ရဲဘော်မြ (ယခု အလင်းဝင် ဗဟိုကော်မတီ) နှင့် တောင်ငူမှရဲဘော်များ ဆိုလျှင် သာယာဝတီထောင်သို့ အစောဆုံးရောက်ကြပြီး အရေလည်ဆုံး ခံလိုက် ရသူများ ဖြစ်ပေသည်။ သခင်တင်မြ (ယခု လမ်းစဉ်ပါတီဌာနချုပ်)မှာ မန္တလေး ထောင်မှ သာယာဝတီထောင်သို့ ရောက်ခဲ့ရာတွင် သူလည်း အရိုက်အနှက်ဒဏ် ကို အတော်ပင် ခံလိုက်ရ၏။

ရေနံချောင်းမှ အလုပ်သမားခေါင်းဆောင် ရဲဘော်မြင့်ဆိုသူမှာ ဘူးဝကြီး တွင် အရိုက်ခံနေရစဉ် သွေးများအန်လာသဖြင့် ဆေးရုံသို့ ချက်ချင်းတင်ပို့ခဲ့ရာ နှစ်ရက်အကြာတွင် သေဆုံးသွားခဲ့ရပေသည်။

သာယာဝတီထောင် ရောက်ပြီးနောက် အရိုက်မခံရသူနှစ်ဦးမှာ ဆရာတော် ဦးဓမ္မာနှင့် ထောင်ပွင့်ခါနီး နှစ်လအလိုတွင်မှ ရောက်လာသူ သခင်စိုးကြီး (အလံနီခေါင်းဆောင်)တို့ပင် ဖြစ်သည်ဟု မှတ်သားမိလိုက်ရ၏။

ကျွန်တော်တို့၏ ရက်စက်ပါပေ့ကွယ် လောကငရဲခန်းကို ပြန်ဆက်ကြ ပါစို့။

အမိန့်ပြန်တမ်း ဖတ်ပြပြီးနောက် ကျွန်တော်တို့အား နွားအုပ်ကြီးမောင်း သလို တဟေးဟေးအော်၍ မောင်းသွားကြ၏။ ဘယ်ကိုဘာအတွက် သွားရမည် မသိပါ။ ခေါင်းလည်း မော့မကြည့်ရသဖြင့် မြေနီလမ်းပေါ်မှ မြေကြီးများကိုသာ ကြည့်၍ သွားနေရ၏။ မကြာမီ သွားနေရခြင်းကိုရပ်လိုက်သည့်အခါ အဆောက် အအုံတစ်ခုထဲ ရောက်နေပါသည်။ ဆန်ကြိတ်ဆုံ အလုံးပေါင်း ၅၀ ကျော်ရှိသော အလုပ်ရုံတစ်ခု ဖြစ်ပေသည်။

နံနက်ပိုင်းက သူတို့ဖတ်ပြသည့် အမိန့်အတိုင်းဆိုလျှင် ကျွန်တော်တို့မှာ ကျန်းမာရေးအလို့ငှာ ဆန်ကြိတ်ရပေတော့မည်။ တတ်လည်းတတ်နိုင်ကြသူတွေ ပေ။ အလုပ်ကြမ်း အလုပ်ခိုင်းသည်ကိုပင် ရိုးရိုးမခိုင်းဘဲ ကျွန်တော်တို့၏ ကျန်းမာရေးအတွက် ခိုင်းရသလို ဖန်တီးထားပေသည်။ ကျွန်တော်တို့ကပင် ပြန်၍ ကျေးဇူးတင်ရဦးမလိုလိုပင်။ 'အင်း... ဘယ်လိုများ စခန်းသွားရဦးမည်လဲ' ဟူသော အတွေးပေါင်းစုံဖြင့် ကျွန်တော့်ရင်မှာ တဆတ်ဆတ် ခုန်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမွေးကြီး တစ်ညှိုလောက်နှင့် လက်ထဲတွင် ကြိမ်လုံးကြီးကိုင်ထားသည့် ဦးထုပ်ပြာဆောင်း ဗာရာကြီးကြီးမှာ ဗလကလည်း ကောင်းလှပေ၏။ သူ့လက်ချက် တစ်ချက်လောက်များ မိလိုက်ရင်တော့ အကြောပေါင်းတစ်ထောင် စိမ့်ဝင်သွားမည်မှာ မလွဲပေ။ ကျွန်တော်တို့ကား အချင်းချင်းကြည့်၍ သက်ပြင်းချလိုက်မိကြ၏။

မကြာမီ လုပ်ငန်းစ,ရပါသည်။ ကြိတ်ဆုံတစ်လုံးလျှင် သုံးယောက်နေရာချပေးပြီး စပါးကြိတ်ခိုင်း၏။ ကျွန်တော်တို့မှာ စပါးကြိတ်တတ်ဖို့ဝေးစွ ကြိတ်ဆုံကိုပင် ကောင်းကောင်းမြင်ဖူးသူများ မဟုတ်ရာ စပါးကြိတ်တံမောင်းကို အားစိုက်၍ ထိုးလိုက်သည့်အခါ ကြိတ်တံမောင်းမှာ တည့်တည့်ရောက်သွားတိုင်း ထစ်၍ခံနေ၏။ တစ်ယောက်က ရှေ့ကနေ ပြန်လှည့်ပေးမှ တစ်ပတ်ပြန်လည်လာပေသည်။

ကြိတ်တံမောင်းမှာ ထိုးလိုက်တိုင်း ထစ်နေ၍ ပြန်လည်မလာပါ။ ဤတွင် နှုတ်ခမ်းမွေးဆရာကြီး၏ ပြောင်မြောက်လှသော လက်စွမ်းကို လှလှကြီးခံလိုက်ရတော့၏။ သုံးချီလောက် ခံလိုက်ရသည့်အခါ အရဲစွန့်ကာ နှုတ်ခမ်းမွေးဆရာအား မျက်နှာချိုသွေး၍ လျှောက်ထားချက်တစ်ခု တင်လိုက်ရပါသည်။

"ဆရာကြီးခင်ဗျား၊ ကျွန်တော်တို့ဟာ ရန်ကုန်ကလူတွေပါ။ ကြိတ်ဆုံကိုလည်း တစ်ခါမှ မမြင်ဘူးကြပါ။ ကျွန်တော်တို့ကို နည်းကလေးတော့ ပြသပေးပါခင်ဗျား"ဟု အသနားတော်မြတ် ခံလိုက်ရပေသည်။

ဆရာကြီးမှာ သူ၏ မဟာနှုတ်ခမ်းမွေးကြီးကို သပ်လိုက်၊ ကြိမ်လုံးကိုဆ,လိုက်ဖြင့် စဉ်းစားခန်းဝင်နေ၏။ ကျွန်တော်တို့ကား သူ၏အဖြေကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေရ၏။ စီရင်ချက်ချတော့မည့် တရားသူကြီးရှေ့ ရောက်နေသည့် တရားခံများပမာပင်တည်း။

'အေး... ကောင်းပြီ'ဟူသော စကားတစ်လုံး သူ့နှုတ်မှထွက်လာမှ ကျွန်တော်တို့လည်း ဟင်းချလိုက်ရပါသည်။

ဆန်ပြာနေသော ထောင်ကျ အကျဉ်းသားများအားခေါ်၍ နည်းပြဆရာများအဖြစ် ခန့်အပ်လိုက်ပြီး သင်တန်းပေးစေကာ နှစ်နာရီခန့် နှုတ်မြွက်လက်တွေ့သင်တန်းတက်ပြီးနောက် ကျွန်တော်တို့ကို နှိပ်စက်ခဲ့သည့် ကြိတ်ဆုံများသည် ကျွန်တော်တို့ခိုင်းစေရာသို့ သဘောကောင်းကောင်းနှင့် လိုက်ပါလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆင်းများ၏ လက်စွမ်းကို နှုတ်ခမ်းမွေးကြီး ကျေနပ်အောင် ပြသလိုက်သဖြင့် ထိုနေ့အဖို့ နောက်ထပ် အရိုက်မခံရတော့ပါ။ သို့သော် အရိုက်ခံရသည်ထက် အသည်းယားစရာကောင်းလှသည်မှာ နှုတ်ခမ်းမွေးကြီး၏ ကြိမ်လုံးကို တရွမ်းရွမ်း လှည့်နေသည့်အသံပင် ဖြစ်၏။ ကလေးအရွယ် ငယ်စဉ်က မိဘများက တုတ်ရှာနေစဉ် ကျွန်တော်တို့ ခံစားမှုမျိုးအတိုင်း ဖြစ်ပေသည်။

ညနေ ၄ နာရီခန့်တွင် အလုပ်ဖြုတ်လိုက်ပြီးနောက် ကျွန်တော်တို့အားလုံးကိုခေါ်၍ နှုတ်ခမ်းမွေးကြီးက ဩဝါဒတစ်ရပ် ပေးပြန်၏။

"ဒီနေ့ မင်းတို့လုပ်တာ သတ်မှတ်တဲ့စပါးတင်း မကုန်ဘူး၊ ဒီတော့ ဒီကပြန်သွားပြီး ညအိပ်ရာဝင်တဲ့အခါမှာ ပက်လက်လှန်ပြီး လက်နှစ်ချောင်းမြှောက်၍ ဝိုင်းနေရမယ်။ (ကြိတ်ဆုံထိုးသည့်ပုံစံအတိုင်း လုပ်နေရမည်ဆိုလို၏။) ဒါမှ အကျင့်ရသွားမယ်။ ညကျရင် ငါလာကြည့်မယ်၊ လုပ်နေတာမတွေ့ရင် အဲဒီကောင် မနက်အသေဘဲ"ဟူ၍ ဖြစ်၏။

'ဟုတ်ကဲ့ပါခင်ဗျား'ဟူသော အသံကား တညီတညာတည်းပင်။ ကျွန်တော်တို့ကား ထောင်ပါးမဝသေးပါ။ အိပ်ထောင် ပြန်ရောက်ပြီး အိပ်ရာဝင်သည့်အခါ ရဲရဲမအိပ်ရဲဘဲ ရောက်လာမည့်ခြေသံကို နားစွင့်နေရ၏။ ခြေသံကြားတိုင်း ပက်လက်လှဲနေရာမှ လက်မြှောက်၍ ကြိတ်ထိုးသည့်ပုံသဏ္ဌာန် လုပ်ရင်းဖြင့် မိုးလင်းခါနီးမှ အိပ်ရပါသည်။

အမှန်မှာ ကျွန်တော်တို့ကို လာကြည့်မည်ဟု ခြိမ်းခြောက်လိုက်သည့် နှုတ်ခမ်းမွေးကြီးသည်လည်း ညထွက်ရသူ မဟုတ်ပါ။ သူတို့လည်း ညအိပ်ဆောင်ထဲ သော့ပိတ်ထားခြင်းခံရသူများ ဖြစ်ပေ၏။

ကျွန်တော်တို့ကား အစဉ်းစား အဆင်ခြင်နည်းပြီး အကြောက်လွန်နေကြခြင်းသာဖြစ်၏။ နောက်ပိုင်း ဇာတ်ရည်လည်လာသည့်အခါတွင်မှ ထိုအကြောင်းများကို ပြန်ပြောင်းတွေးမိတိုင်း ရယ်မဆုံးဖြစ်ရတော့၏။

## အစားအသောက်

နံနက်စာမှာ အသီးအရွက် ရေလုံပြုတ်နှင့် ငါးပိလက်တစ်ဆစ်ရ၏။ ထမင်းမှာ ပုံစံဖြစ်သဖြင့် တစ်ပန်းကန်ပြားမျှသာ ရပါ၏။ နောက်ထပ်လိုချင်၍မည်သို့မျှ မရပါ။ ဘာဟင်းဟူ၍ အမည်တပ်မရပေ၊ ငါးပိစိမ်းစား လက်တစ်ဆစ်မှာလည်း သဲတရှပ်ရှပ်ဖြင့် စားမရနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ညနေစာမှာ ဆီသတ်သတ်မထည့်ဘဲ ဝက်သားမှထွက်သော အဆီဖြင့် အရေကျဲကျဲချက်ထားသည့် လက်နှစ်လုံးခန့်ရှိ ဝက်သားဟင်းတစ်တုံးနှင့် အရည်ဖွန်းတစ်ဖွန်းရ၏။ ငါးပိ လက်တစ်ဆစ်နှင့် ထမင်းတစ်ပန်းကန်ပြားပင် ဖြစ်ပေသည်။

နောက်ပိုင်း သိရသည်မှာ နံနက်စာ အသားမပါသည့် အသီးအရွက်အစုံဟင်းတစ်ခွက်နှင့် ညနေ ဝက်သားဆီပြန် တစ်ယောက်လျှင် လေးအောင်စတုံးတစ်တုံး (ခုနစ်ကျပ်သားခန့်) ပေးရမည်ဖြစ်သော်လည်း ထောင်ရောက်သည်မှ ထွက်သည်အထိ တစ်ခါမျှ မရဘူးပေ။ နေ့စဉ်ရသည့် အာလူးကိုလည်း လွတ်သည်အထိ တစ်ခါဖူးမျှ မမြင်ခဲ့ရဘူးပေ။

ထောင်အာဏာပိုင်များက ဖြတ်စားထားခြင်း ဖြစ်ပါသည်။ တစ်ထောင်လုံးရှိ ပုဒ်မ ၅ အကျဉ်းသားများ အမှန်တကယ် ရရမည့် အခွင့်အရေးထဲမှ ခေါင်းပုံဖြတ်၍ရသည့်ဝင်ငွေမှာ တစ်နေ့ ၁၀၀၀ဝိ (တစ်ထောင်ကျပ်ခန့်) ရှိကြောင်း သိ၏။

တစ်နေ့ ၁ိ-၅၅ ပြားနှုန်း ပေးသည်ကို ပြား ၉၀ ဖိုးခန့်သာကျွေးပြီး လူတစ်ဦးပေါ်တွင် ပြား ၆၀ ခေါင်းပုံဖြတ်ခဲ့ပေသည်။

ကျွန်တော်တို့မှာ မိအေးနှစ်ခါနာသူများဖြစ်၏။ ထောင်အာဏာပိုင်များက တစ်မျိုးဖြတ်စား၍ ခြောက်ထောင်ပိုင်၊ သံဘော၊ ဦးထုပ်ပြာဆိုသူများက တစ်မျိုးဖြတ်စားသည်ကို ခံရပြီးမှ အကြွင်းအကျန်များစားရခြင်း ဖြစ်ပေသည်။ တစ်နည်းဆိုသော် အသားအစားခံရပြီးမှ အရိုးကိုက်ရသူများ ဖြစ်၏။

ကျွန်တော်တို့အား ကျွေးသည့် နံနက်စာ အသီးစုံ တာလပေါ်ဟင်းတွင် အသီးအရွက်များကို ဘယ်နေ့မှ ရေဆေးရိုးထုံးစံမရှိပါ။ လှည်းပေါ်မှချသည့်အတိုင်း ခုတ်သင်ပြီး အိုးကြီးထဲထည့်ပြုတ်လိုက်ခြင်း ဖြစ်၏။ နှီးပင်များ၊ မြေကြီးခဲများ၊ မြက်ပင်များ၊ တီကောင်ကလေးများ နေ့စဉ်ပင် ပါလာသည်ကို တွေ့ရ၏။

သို့နှင့်ပင် မဝတဝစားရပြီး မသေကြခြင်းမှာ ရေမဆေးသော အသီးအရွက်များတွင် ဗီတာမင် အပြည့်အဝပါသောကြောင့်လားဟု ကြံဖန်တွေးရတော့၏။ သို့သော် ဤဟင်းများ မည်မျှညံ့စေကာမူ ယနေ့တိုင် မမေ့နိုင်ပါ။ ယခုတိုင်အောင် နေစဉ်မှာပင် ချင်ခြင်းဖြစ်မိပါသည်။ ချဉ်ပေါင်ရွက်သည်မှောင်မိုင်းကဲ့သို့ ဆင်းရဲသူများပင် ဤဟင်းမျိုးစားဖူးမည် မထင်ပါ။ ထူးခြားသောအရသာ ရှိပေသည်။ ကျွန်တော်တို့ကလည်း ထူးခြားသူများ မဟုတ်ပါလား။

www.burmeseclassic.com



ဆန်ကြိတ်ရုံမှ အိပ်ထောင်သို့ ပြန်ရောက်သည့်အခါ ယခင်က အပိုတစ်စုံ ဖိရလာသည့် အဝတ်အစားထဲမှ အချို့ အင်္ကျီ၊ အချို့က လုံချည်များ အခိုးခံ လိုက်ရ၏။ သို့သော် မပြောရဲပါ။ မည်သူ့ကိုမျှလည်း မတိုင်ရဲပါ။ ဘုရားရှိခိုးပြီး သည်နှင့် တန်းစီးက 'မင်းတို့ပစ္စည်းတွေ အပျောက်အရှရှိသလား'ဟု မေးလာ ပါသည်။

ကျွန်တော်တို့၏အဖြေကား တညီတညွတ်တည်း 'မပျောက်ပါခင်ဗျား' ဟုလို။

"အေး… နောက်မှ ပျောက်တယ်၊ ရှတယ်ဆိုတဲ့အသံ မကြားရစေနဲ့နော်" ဟု အမိန့်ပေးသွား၏။

နောက်နေ့များတွင်ကား ဆန်ကြိတ်ရုံတွင် နေ့တိုင်း အလုပ်ဆင်းရပါသည်။ အရိုက်အနှက်ကိုကား မခံရတော့ပါ။ မခံရအောင်လည်း နဖူးကချွေး ခြေမကျ အောင် လုပ်ခဲ့ရ၏။ ကျောကုန်းမှ ကြိမ်ချက်ဒဏ်ရာများမှာလည်း သက်သာစ ပြုလာ၏။ နေသားလည်းကျလာပြီ။ တန်းစီးကိုပင် မျက်နှာချိုသွေးပြီး ပေါင်း သင်းလာခဲ့ရသဖြင့် လိုက်လိုက်လျောလျော ရှိလာပါသည်။

## အိပ်ထောင်ပြောင်းရပြီ

တိုက်တွင် ၁၆ ရက်နေပြီးနောက် နောက်ထပ်ရောက်လာမည့် ရဲဘော် များကို နေရာပေးရမည်ဖြစ်သဖြင့် ကျွန်တော်တို့မှာ အိပ်ထောင်ကြီးသို့ ပြောင်းရ တော့မည် ဖြစ်ပေသည်။ ပြောင်းခါနီး တန်းစီးပြောသည့် စကားတစ်လုံးမှာ ကျွန်တော်တို့အတွက် မပြုံးဘဲ ဝါးလုံးကွဲသာ ရယ်ဖို့ကောင်းပါသည်။

"မင်းတို့ ထောင်ကြီးဘက်ပြောင်းရမယ်၊ ပစ္စည်းတွေ ထုပ်ပိုးထားကြ"တဲ့။

အဝတ်တစ်ထည် ကိုယ်တစ်ခုသာရှိသူများကို ထုပ်ပိုးပြင်ဆင်ကြဟု ပြောလိုက်သည်မှာ ဟာဒယရှင်ဆေး တိုက်ကျွေးလိုက်ခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်သာ။

ကျားတိုက်ကြီးကို နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် ရေပြောင်အောင် ဆေးပေးခဲ့ရပြီးနောက် အိပ်ထောင်သို့ပြောင်းရန် နှစ်ယောက်တစ်တွဲစီ ပုံစံထိုင် နေရ၏။ တစ်နာရီခန့် နေပူထဲတွင် ပုံစံထိုင်နေရပြီးမှ တန်းစီးရောက်လာ၍ ခေါင်းချုပ်မိန့်ခွန်းတစ်ရပ် ခြွေပြန်ပါသည်။

"မင်းတို့ အိပ်ထောင်ဘက်ရောက်တဲ့အခါ ငါ့ဆီက ချပေးလိုက်တဲ့ စည်းအတိုင်း နေရမယ်။ ဟိုရောက်မှ ပုံစံမကျဘဲ ကိုးရိုးကားယားဖြစ်နေရင် ငါ

www.burmeseclassic.com



နာမည်ပျက်မယ်၊ ငါ နာမည်ပျက်အောင်လုပ်ရင်တော့ မင်းတို့ ဘယ်ရောက် ရောက် လာအတီးပဲ။ နားလည်ကြလား။ ကျားတိုက်ထွက်တွေဟာ ပုံစံကျပြီးဖြစ် ရမယ်”ဟူသတည်း။

ကျွန်တော်တို့အား ခေါ်သွားပြီး မိန်းဂျေး (ထောင်တွင်းရုံးကလေး)တွင် မိန်းဂျေးထောင်မှူးအား ဝင်ရောက်သတင်းပို့၍ အိပ်ထောင်တန်းစီးလက်သို့ လွှဲပြောင်းပေးလိုက်၏။

တန်းစီးက ကျွန်တော်တို့အား သူ့အိပ်ထောင်သို့ ခေါ်သွား၏။ အိပ်ထောင် ရှေ့တွင် ပုံစံထိုင်ခိုင်း၍ တစ်ယောက်စီ ထလာပြီးမှ နေရမည့်အခန်းသို့ ဝင်ရောက် စေပါသည်။ အခန်းထဲရောက်ပြီးနောက် တစ်ယောက်အိပ် အင်္ဂတေခုတင်လေး များပေါ်တွင် နေရာယူရ၏။ ခဏအကြာတွင် ဦးထုပ်ပြာဆောင်းထားသည့် တန်းစီး (ဂျင်မောင်)က အိပ်ထောင်ရှေ့ရှိ မြေကွက်လပ်သို့ထွက်၍ ပုံစံထိုင်ကြရန် ပြောပါသည်။

မြေကွက်လပ်ပေါ်တွင် နှစ်ယောက်စီ တွဲထိုင်နေရပြီး တန်းစီးနှစ်ယောက် က ခပ်လှမ်းလှမ်းတွင် ခြောက်မြှောင့် သစ်သားတုတ်ကြီးများကိုင်လျက် မျက်နှာ ချင်းဆိုင် ရပ်နေ၏။ ‘တစ်ယောက်စီ ထလာကြ’ဟု ပြောသည့်အတိုင်း ထသွား ရပြီး သူတို့နှစ်ဦးကြားရောက်လျှင် ခါးကုန်းခိုင်းပြီး တစ်ယောက်တစ်ချက် အသားလွတ်ရိုက်ပြန်၏။

ဘာအပြစ်မှ မရှိပါ။ ကျူးလည်းမကျူးလွန်ကြပါ။ သို့သော် အသစ်ရောက် လာသူများအား နှုတ်ဆက် လက်စွမ်းပြသည့်သဘောပင် ဖြစ်ပါသည်။ အားလုံး လူစေ့တက်စေ့ ရိုက်ပြီးနောက် တစ်ယောက်လျှင် ဂုန်နီအိတ်အခင်းတစ်ခု၊ စောင် ကြမ်းတစ်ထည်၊ ဒန်ပန်းကန်ပြားတစ်ချပ်နှင့် ဒန်ရေခွက်တစ်လုံး ထုတ်ပေး၏။ ထုတ်ပေးထားသည့် ပစ္စည်းများထဲမှ တစ်စုံတစ်ခု ပျောက်ဆုံးပျက်စီးခဲ့သော် တိုက်ပိတ်ခံရမည်ဟု သတိပေးပါသည်။

ကျွန်တော် ရောက်နေသည့်ဝင်းထဲတွင် အိပ်ထောင်နှစ်လုံးရှိရာ အိပ်ထောင် တစ်လုံးလျှင် အခန်းလေးခန်းရှိ၏။ တစ်ခန်းလျှင် လူပေါင်း ၅၀ မှ ၆၀ အထိ ထားရာ လူပေါင်း ၄၀၀ ကျော် ရှိပေသည်။ သို့သော် တစ်ခန်းနှင့်တစ်ခန်း အပေါ်ထပ်၊ အောက်ထပ် လူများ တစ်ဦးနှင့်တစ်ဦးတွေ့လျှင် စကားမပြောရပါ။ တစ်ခန်းနှင့်တစ်ခန်း အကူးအသန်းလုပ်ခွင့် မပြုပါ။

တန်းစီးများမှ အိပ်ထောင်အခန်းအစွန်တွင်ရှိသော ဦးသန့်ခန်း (ဗာရာ ခန်းဟုခေါ်ပါသည်) တွင် နေကြ၏။ အိပ်ထောင်တွင် သုံးဘက် အခင်းကလေး

www.burmeseclassic.com

www.burmeseclassic.com



အခင်းကြီးသွားလိုလျှင် တန်းစီးအခန်းဝသို့သွားပြီး 'ကျွန်တော်မောင်ဖြူ သေးပေါက်' (အခင်းလေးကိစ္စ)ဟု လည်းကောင်း၊ 'ကျွန်မောင်ဖြူ ချေးပေါက်' (အခင်းကြီးကိစ္စ)ဟုလည်းကောင်း အော်သည့်အခါ အထဲက ဗာရာက 'ပေါက်' ဟု ပြောမှသာ သွားရပေသည်။

(သာယာဝတီထောင်တွင် သေးပေါက်၊ချေးပါ ဟု မသုံးပါ။ သေးပေါက်၊ ချေးပေါက်ဟုသာ သုံးရပါသည်။)

ပထမဆုံး သေးပေါက်မိသူ သို့မဟုတ် နောက်ဖေးသွားမိသူက နောက် တစ်ယောက် သေးပေါက်သူ၊ နောက်ဖေးသွားသူ၏ တိုင်ကြားသံကို နားစွင့်နေရ ၏။ နောက်လူအော်သံ ကြားသည်နှင့် တန်းစီးအခန်းရှေ့သွား၍ မောင်ဖြူက မောင်မဲကို လွှဲပြောင်းပေးပြီးကြောင်း သတင်းပို့ရ၏။

ကိုယ်သွားပြီးနောက် နောက်လူကို စောင့်ဖမ်းရ၏။

ဤကဲ့သို့ ဆင့်ကဲဆင့်ကဲ ဖမ်း၍ လွှဲပေးရ၏။ ထိုသို့ မဖမ်းနိုင်လျှင် နံနက်ပိုင်းလင်းသည့်အခါ ပထမသွားသူက သို့မဟုတ် မဖမ်းနိုင်သူက နောက် ဆုံးလူအဖြစ် အဆိုပါ သေးအိုးနှင့် ချေးအိုးများကို သွန်ရပေသည်။ ဤတွင် ညစ်ပတ်မှုကလေးများ ပေါ်လာ၏။ ညစ်ပတ်မှုမှာ ညစ်ပတ်ချင်သည့်စိတ်ဓာတ် အရင်းခံပြီး ပြုလုပ်ခြင်းမဟုတ်ဘဲ ဟာသသဘောဖြင့် ပြုလုပ်ခြင်း ဖြစ်၏။ သေးပေါက်ဟု အော်ပြီး နောက်ဖေးသွားခဲ့သူရှိ၍ အချို့ကလည်း လူအများ အိပ်ချိန်ရောက်မှ ခုတင်အောက်ကို လေးဖက်ထောက်သွားပြီး တိတ်တိတ်ကလေး ကိစ္စပြီးကြ၏။

အခက်အခဲတစ်ခုကားရှိ၏။ တစ်ခါတစ်ရံတွင် နောက်ဖေးကလည်း အလွန်သွားချင်၊ တန်းစီးကလည်း အိပ်ပျော်နေကာ အမိန့်မပေးသောကြောင့် အထဲသို့မဝင်ရသောဒုက္ခကိုလည်း တွေ့ရ၏။ မည်သို့ပင်ဖြစ်စေ ဤကိစ္စလေး များမှာ ကျွန်တော်တို့အတွက် ဟာသကွက်ကလေးများပင် ဖြစ်ပေသည်။

နံနက် ဖြူကြာယ်မှတ်သည့်အခါ ဘုရားရှိခိုးကြရ၏။ ဘုရားရှိခိုးရာတွင် တစ်ယောက်တစ်လှည့် ထိပ်ကဦးဆောင် တိုင်ပေးသည်ကို နောက်ကလိုက်ဆို ရ၏။ ဤတွင်လည်း အခက်အခဲတစ်ခုကို တွေ့ရပြန်၏။ လူငယ်ပိုင်းအလှည့် လျှင် ငါးပါးသီလလောက်နှင့် ပြီးကြသော်လည်း လူကြီးများအလှည့်တွင် ဘုရားပင့်၊ ပရိတ်မွန်းရွတ်၊ နတ်ပင့်၊ အမျှဝေခြင်းဖြင့် နာရီဝက်ခန့်ပင်ကြာ တတ်ပေသည်။ ဘာသာရေးကိစ္စဖြစ်နေသဖြင့် လည်းကောင်း၊ အချို့လူကြီး များမှာ ပါတီဝင်များ မဟုတ်သဖြင့် လည်းကောင်း တားမြစ်ရခက်၊ ပြောရ

www.burmeseclassic.com



အခက် ဖြစ်နေ၏။ အရှည်နှင့်တွေ့လျှင် ရှည်လိုက်ကြရပြီး အတိုနှင့်တွေ့လျှင် တိုလိုက်ကြရပေသည်။

"ဟော့-ဘဝဆိုတာ အနိမ့်,အမြင့်လို့ ပြောစမှတ်စကားရှိတယ်ကွ၊ တို့ဘဝကတော့ အရှည်, အတိုပဲဟေ့"ဟု ဟာသကွက် ဖော်ကြ၏။

နံနက်ပိုင်း ဘုရားရှိခိုးဆုံးသည်ဆိုလျှင် တံခါးဝ၌ စုဝေးကြ၏။ တံခါးဝသို့ အရင်ရောက်စေရန် ရုပ်ရှင် လူတိုးသလို တိုးကြရ၏။ အကြောင်းကား နောက်ဖေးသွားရန်အတွက်ပင်။

နောက်ဖေးသွားရန် တိုးဝှေ့မသွားဘဲ အေးအေးဆေးဆေး သွားမဖြစ်ဘူးလားဟု မေးစရာရှိပေသည်။ မှန်ပါသည်၊ အေးအေးဆေးဆေးလုပ်၍ မရပါ။ နံနက်ပိုင်း နောက်ဖေးသွားချိန်မှာ နာရီဝက်ခန့်သာ အချိန်ပေးထားသောကြောင့် ဖြစ်၏။

ကျန်အချိန်များတွင် နောက်ဖေးသွားချင်လျှင် မသွားရတော့ပါ။ ညနေပိုင်း တစ်ချိန် နာရီဝက်ခန့် ဖွင့်သည့်အခါမှ သွားရပါသည်။ နံနက်ပိုင်း အိမ်သာဖွင့်ချိန် မမှီလိုက်လျှင် ညနေပိုင်း အိမ်သာဖွင့်ချိန်အထိ အောင့်ထားရမည် ဖြစ်၏။

"ဟော့-ဘိုင်စကုတ်သာ အချိန်နဲ့ကြည့်ဖူးတာကွ၊ အခု တို့က အိမ်သာကို အချိန်နဲ့ဝင်ရတယ်။ လူထူးတွေကွနော်"ဟု ပြောစမှတ်ပြုကြရ၏။

ကြာတော့လည်း မျက်စိအကျင့်၊ ဝမ်းအချင့် မဟုတ်တော့ဘဲ မျက်စိအချင့်၊ ဝမ်းအကျင့် ဖြစ်လာရပေသည်။

အိပ်ထောင်တွင်မူ အိမ်သာရှိ၍ အမိုးအကာနှင့် ဖြစ်၏။ တစ်ဖက် ၁၀ ခန်း၊ မျက်နှာချင်းဆိုင်ရှိသော အခန်း ၂၀ ပါသည့် အိမ်သာတွဲကြီး ဖြစ်၏။ သို့သော် ရှေ့တွင် တံခါးမရှိသဖြင့် မျက်နှာချင်းဆိုင် တစ်ဦးကိုတစ်ဦးကြည့်၍ နောက်ဖေးသွားရသည်မှာလည်း ယောကျ်ားချင်းဖြစ်စေကာမူ ခက်ခဲသောအလုပ် တစ်ခု ဖြစ်ပေသည်။

ထိုထက်ပို၍ခက်သည်မှာ နောက်ဖေးမသွားမီ ကျင်ငယ်အရင်စွန့်ပြီးမှ အိမ်သာပေါ်တက်ရခြင်း ဖြစ်၏။ အိမ်သာပေါ်တွင်မူ နောက်ဖေးသာသွားရ၍ ကျင်ငယ်မစွန့်ရပေ။ နှစ်ခုတွဲအလုပ်ကို တစ်ခုစီခွဲလုပ်ရသည်မှာလည်း ဤသည်လည်း တစ်ဒုက္ခပင်။

လူပေါင်း ၄၀၀ ကျော်နှင့် အိမ်သာက မမျှမတ၊ ပေးထားသည့်အချိန်ကလည်း နည်းသဖြင့် အချိန်မရွေးသွားနိုင်သည့် ညဘက်သုံးသာ အကျင့်လုပ်

www.burmeseclassic.com



ပေးရပေသည်။ ထို့ကြောင့် စောစောစီးစီး သွားချင်သူများက တံခါးဝတွင် စုဝေးတိုးဝှေ့ပြီး တံခါးပွင့်သည်နှင့် အိမ်သာရောက်အောင် ပြေးရေးအတွက် အသင့်ပြင်ကြရခြင်းဖြစ်၏။ အိမ်သာတက်ရေးတွင် လူတွဲရှာရသည်မှာလည်း ဒုက္ခတစ်ရပ်ပင်။ တစ်ယောက်တည်း မသွားရဘဲ နှစ်ယောက်တွဲသာ သွားရသော ပုံစံကြောင့်ဖြစ်၏။ အိမ်သာချိန်ပြီးလျှင် မျက်နှာသစ်ရ၏။ ဂန်စီခေါ် ဆန်ကွဲကျို ရည် တစ်ယောက်တစ်ခွက်ရ၏။

ဂန်စီသည် အပြင်လောကတွင် ခွေးပင်စားမည် မဟုတ်သော်လည်း ကျွန်တော်တို့အတွက်မူ နတ်သုဒ္ဓါတမျှပင်။

ဂန်စီ သောက်ပြီးနောက် ဝီစီသံကြားသည်နှင့် နှစ်ယောက်တစ်တွဲ ချီတက်၍ မိန်းဂျေးပတ်ဝန်းကျင်တွင် စုဝေးကြရ၏။ အိပ်ထောင်အားလုံးမှ လူစုံကြောင်း တန်းစီးများက သတင်းပို့ပြီးသည့်အခါ အလုပ်ဘုတ်ကိုင်များက သတ်မှတ်ထားသည့် အရေအတွက်အတိုင်း ပိုင်းဖြတ်၍ ခေါ်သွားကြပေသည်။

၁၀ ယောက်၊ ၁၅ ယောက်၊ ၂၀ စသည်ဖြင့် ဖြစ်၏။ အနောက်နိုင်ငံ ရုပ်ရှင်ကားများတွင် ကြည့်ရှုခဲ့သည့် ကျွန်ပိုင် ကျေးပိုင်ခေတ်က ငွေဝယ်ကျွန် ကြီးများသဖွယ် တုတ်ပြရာနောက်သို့ လိုက်ကြရ၏။ (နာကြည်းဝမ်းနည်းဖွယ် တစ်ရပ်ပေ။)

တစ်နေ့တာအဖို့ မည်သည့်လုပ်ငန်းခွင် ဝင်ရမည်ကို ကြို၍မပြောနိုင်ပါ။ မိမိအား ခေါ်သွားသည့် အလုပ်ဘုတ်ကိုင်သည် စပါးကြိတ်ရုံတန်းစီးဆိုလျှင် စပါးကြိတ်ရမည် ဖြစ်၏။ ရေဘုတ်ကိုင်ဆိုလျှင် ရေဆွဲရမည်ဖြစ်၏။ သန့်ရှင်းရေး ဘုတ်ကိုင်နှင့်ပါသွားလျှင် မြောင်းထိုး၊ မြက်ခုတ်ရမည် ဖြစ်၏။ လမ်းဘုတ်ကိုင် ဆိုလျှင် လမ်းပြုပြင်ရမည် ဖြစ်ပေသည်။ နေ့စဉ် မှုသေအလုပ်သတ်မှတ်ချက် မရှိပေ။ မိမိပါဝင်သည့်အစုအား ခေါ်သွားသည့် ဘုတ်ကိုင်အပေါ်တွင် မူတည် လုပ်ရမည်ဖြစ်၏။ တစ်နေ့တာအဖို့ ကံဆိုး၊ ကံကောင်းမှာ အလုပ်ပေါ်တွင်မူတည် နေပေသည်။

ဆန်ကြိတ်၊ ရေဆွဲ၊ စပါးထမ်း၊ ပဲခွဲ ဘုတ်ကိုင်နောက် လိုက်ရလျှင် အလွန်ပင်ပန်း၍ သန့်ရှင်းရေးဘုတ်ကိုင်၊ မြောင်းဘုတ်ကိုင်နောက်ပါလျှင် အလုပ် သက်သာ၏။

ကျွန်တော်တို့ ထောင်ရောက်သည့်အချိန်က ဖတ်ပြသည့် တရားဝန်ကြီး ၏အမိန့်အတိုင်း ကျန်းမာခြင်းအလို့ငှာ လုပ်ရမည့် (ရက်စက်ပါပေ့ကွယ်) အလုပ်များမှာ မည်သို့သောအလုပ် ဖြစ်သည်ကို ကြည့်ကြပါကုန်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအလုပ်များသည် ကျန်းမာခြင်းအလို့ငှာလော၊ နှိပ်စက်ခြင်းအလို့ငှာလော ဟူသည်ကိုမူ စာဖတ်သူများ ဝေဖန်ကြပါကုန်။

**စပါးကြိတ်**

ကြိတ်ဆုံတစ်လုံးလျှင် သုံးယောက်တစ်တွဲဖြင့် တစ်နေ့လျှင် နံနက်ပိုင်း သုံးတင်း၊ ညနေပိုင်း သုံးတင်း၊ တစ်ခါတစ်ရံ လေးတင်း ကြိတ်ရ၏။ ကျွန်တော်တို့လို မကျွမ်းကျင်သူများအဖို့ နဖူးကချွေး ခြေမကျအောင်လုပ်ရ၏။ အလုပ်ခွင်တွင် ပင်ပန်းရုံမက စပါးမှော်များ၊ ဖုန်များကပ်သောကြောင့် တစ်ကိုယ်လုံး ယားနေခြင်းဒဏ်ကို မဝတဝ ချိုးရသောရေက ရှင်းလင်းမပေးနိုင်ပေ။ ညအိပ်လျှင် ဒုက္ခအပေးဆုံးဖြစ်၏။

**ရေဆွဲ**

ဂါလန် ၁၀၀ ဆံ့သည့် သံစည်ကြီးကို နွားလှည်းပေါ်တွင် တင်ထားပြီး ထိုနွားလှည်းကို လူပေါင်းကိုးယောက်က ဆွဲရ၏။ နွားနှစ်ကောင်နေရာတွင် လူတစ်ဖက်နှစ်ယောက် ဝင်ထမ်းရပြီး နောက်မှ ငါးယောက် တွန်းပေးရ၏။ ရှေ့ဆွဲနှင့် နောက်တွန်းအလှည့်ကို တစ်လှည့်စီတာဝန်ယူ လုပ်ကြရပေသည်။ ရုပ်ရှင်ကားများထဲက လူမည်းငွေ့ဝယ်ကျွန်များအတိုင်းပင်။

အဝီစိတွင်းရှိရာ ထောင်တစ်ဖက်ဖျားမှ ထမင်းချက်ဖိုရှိရာ ထောင်တစ်ဖက်ဖျားသို့ နံနက်ပိုင်း ကိုးခေါက်၊ ညနေပိုင်း ကိုးခေါက်ဆွဲရ၏။ ရေဆွဲရုံသာမဟုတ်ပါ၊ အဝီစိတွင်းမှရေကို စည်ထဲသို့ ပိုက်ဖြင့်ထည့်၍ရသော်လည်း ဖိုကြီးရောက်သည့်အခါတွင်မူ ရေနံဆီသံပုံးများနှင့် ဆွဲ၍တင်ပေးရ၏။

ဂေါ်ရင်ဂျီကုလားများ ပစ္စည်းသယ်သည့်အခါ 'ရန်ကမာဗူ... ဗေးလေးဆပ်... ဗေးလေးဆပ်'ဟု အော်ကြသကဲ့သို့၊ အားယူကြသကဲ့သို့ ကျွန်တော်တို့၏ 'ယောကျ်ား–ဆွဲလိုက် ယောကျ်ား–ဆွဲလိုက်' ဟူသော အသံများမှာ ရေစည်လှည်းဆွဲသူများ၏ အားယူသည့် ကြွေးကြော်သံတစ်ရပ်ပင် ဖြစ်လာပေသည်။

စကားပုံ ဆိုစကားက 'မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်'။ ကျွန်တော်တို့မှာမူ 'နွားတစ်လှည့် လူတစ်လှည့်'။ ရွှေမှန်ကင်းက ထင်းဖြစ်ရသလို လူစင်စစ်က နွားဖြစ်ရပေပြီတည်း။

ရေဆွဲသောအလုပ်မှာ အလွန် ပင်ပန်းပါသည်။ သို့သော် အဆိုးထဲမှ အကောင်းရှိပါသေးသည်။ အခြားမဟုတ်ပါ၊ အိပ်ထောင်များတွင် ရေဝအောင်

www.burmeseclassic.com

www.burmeseclassic.com



ချိုးရသည်ကို ရေဆွဲလှည့် ရောက်သည့်အခါ အတိုးချ၍ အားပါးတရ ရေချိုးခြင်းပင် ဖြစ်ပေသည်။

လှည်းဆွဲသည့်အလုပ်ကို ကျင့်သားမရမီကမူ အိပ်ထောင်ပြန်ရောက်လျှင် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီး နံနက် အိပ်ရာက မထနိုင်တော့ပါ။ မထလျှင်လည်း တုတ်ကလာဦးမည်ဖြစ်သဖြင့် ကြိတ်မှိတ်၍ ထရ၏။

ခွဲ

ဆန်ကြိတ်ဆုံကဲ့သို့သော ကြိတ်ဆုံတွင် ကုလားပဲလုံးများကို ခွဲရခြင်း ဖြစ်၏။ ကြိတ်ခွဲပြီးသည့် ပဲများကို ထောင်ကျ အကျဉ်းသားများက ပြာ၍ သန့်များရွေးထုတ်၏။ ကြိတ်ဆုံတစ်လုံးလျှင် လူသုံးယောက် နံနက် နှစ်တင်း၊ ညနေ နှစ်တင်း ခွဲရ၏။ ဆန်ကြိတ်သကဲ့သို့ ပင်ပန်းသောအလုပ် ဖြစ်ပေသည်။ ကျွန်တော်တို့ ကြိတ်ခွဲခဲ့သည့် ပဲကောင်းပဲသန့်များကိုမူ ကျွန်တော်တို့ တစ်ခါမျှ စားရဘူးပေ။ မည်သူတွေ သုံးဆောင်ကြလည်း မသိပါ။ ကျွန်တော်တို့စားရသည့်ပဲမှာ အခွံလုံးဝမနွှာရသေးသည့် ကုလားပဲလုံးများသာ ဖြစ်ပေသည်။

ပွဲခွဲရုံအလုပ်ကျလျှင် အလွန်ပင်ပန်းသော်လည်း ပျော်ရသည့်ကိစ္စလည်း ရှိသည်။ အလုပ်သိမ်းချိန်တွင် ပဲများကို အနည်းအကျဉ်း ခိုးဝှက်ယူလာပြီး အိပ်ထောင်ရောက်သည့်အခါ ရေစိမ်ထား၍ ဆားကလေးများလူးပြီး စကားတပြောပြောနှင့် စားရသည့်အရသာကိုမူ ယနေ့တိုင် မမေ့နိုင်သေးပါ။ တစ်ခါတစ်ရံ ထွက်တွင် တလာစီတတ်၏။ ပဲများယူလာသည်ကို တွေ့သွားလျှင် ကျောကော့အောင် ခံလိုက်ရမည်မှာ မလွဲပေ။

စပါးကိုဒေါင်မှ ဆန်ကြိတ်ရုံသို့ နှစ်တင်းဝင်စပါးအိတ်များ ထမ်းပို့ရ၏။ တစ်ဦးလျှင် ၁၅ ခေါက် ထမ်းပို့ရသောနေ့မှာ အသက်သာဆုံးဖြစ်၍ အခေါက် ၂၀ မှ ၂၅ ခေါက်အထိ ထမ်းရသည့်အလှည့်ဆိုလျှင် မသက်သာလှပေ။ မိဘများလက်ထဲတွင် ဤမျှလောက် အလေးချိန်မျိုး မဆိုထားဘိ၊ ဤအလေးချိန်၏ လေးပုံတစ်ပုံမျှပင် မထမ်းခဲ့ဘူးပါ။ အမှန်လည်း မထမ်းနိုင်ပါ။ အသင့်စောင့်နေသည့် ကြိမ်စကြာတန်ခိုးကြောင့် ကြိတ်မှိတ်ထမ်းနိုင်ခြင်း ဖြစ်ပေသည်။

စပါးအိတ်များထမ်း၍ ကျလာသည့် စပါးခွံဖုန်များနှင့် ချွေးများ ရောထွေးနေသည့်ဒုက္ခမှာ အခံရခက်၏။ ရေမချိုးရမချင်း ယားနေသည့်ဒဏ်ပင် ဖြစ်ပါသည်။ ရပ်ပျက်ဆင်းပျက် ဖြစ်နေသော ကျွန်တော်တို့ရုပ်များမှာလည်း လူရုပ် (နိုင်ငံရေးသမားရုပ်) မပေါ်ဘဲ ကျွန်ရုပ်၊ မျောက်ရုပ်ပေါက်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## လမ်းပြင်

မြို့ပေါ်တွင် စာဖတ်သူများ မြင်ဖူးကြသည့် လမ်းကြိတ်စက်ကြီး ရှေ့ဘီးကြီးကို ပိုက်ဆံကြိုးများနှင့်ဆိုင်း၍ ကျွန်တော်တို့၏ခါးတွင် ကြိုးများ ချည်ပြီး ထောင်တစ်ပတ်ဆွဲရ၏။ နံနက်ပိုင်း တစ်ပတ်၊ ညနေပိုင်း တစ်ပ ဖြစ်၏။

ရေဆွဲသမားများ၏ 'ဆွဲလိုက်ယောက်ျား၊ ဆွဲလိုက်ယောက်ျား'ဟူသော ညာသံပေးသည့် အသံများနှင့် လမ်းကြိတ်သမားများ၏ 'ဆွဲလိုက်ယောက် ဆွဲလိုက်ယောက်ျား'ဟူသည့် အားတင်းသံများမှာ လေထဲတွင် မကြာခ ဆုံစည်းမိကြ၏။ ရောက်စက လမ်းကြိတ် တလိမ့်ကြီးကို နှစ်ယောက်တည ဆွဲနိုင်း၏။ မရွေ့လျှင် ကြိမ်ဖြင့်ဆော်၏။ နောက်ပိုင်းမှသာ လေးယောက်ဆွဲ ပေးသည်။

လေးယောက်ဆွဲရာတွင်လည်း မသက်သာပါ။ ခါးကိုကုန်းလျက် အ ကုန်ညွှစ်ထုတ်ပြီး ဆွဲရ၏။ တစ်နေ့ နှစ်ပတ်ဆွဲရသည့်ဒဏ်မှာ ခါးမှကြိုးဖြ လိုက်သည်နှင့်ပင် ထိုင်လဲကျသွား၏။ အတော်ကြာနားနေပြီးမှသာ ထ၍လျှေ နိုင်ပေသည်။

ဤသည်ကို ကျွန်တော်တို့ ကျန်းမာရေးအတွက် ကရုဏာသက်စွာ ကျန်းမာရေးအလို့ငှာ ခိုင်းခြင်းဟု ရက်စက်ပါပေ့ကွယ် အမိန့်တော်က ဆို ပါသည်။

## ဖိုကြီးအကူ

ကျွန်တော်တို့လုပ်ရသော အလုပ်များအနက် အပင်ပန်းဆုံးနှင့် ပင် ရကျိုး အနပ်ဆုံးအလုပ်မှာ ထမင်းချက်ဖိုတွင် အလုပ်ဆင်းလှည့်ကျသည့်အခါ ပါသည်။ လူ ၃၀၀၀ ကျော်အတွက် ချက်ရသော ထမင်းချက်ဖိုကြီးတွင် အော ခြေသိမ်းအလုပ်ကအစ တစ်နေ့ကုန် ခိုင်းသမျှလုပ်ရသည့်အလုပ်မှာ မ ပင်ပန်းသည်ကို စာဖြင့်ရေးသားဖော်ပြရန် မစွမ်းပါ။ ဖော်ပြခဲ့သော အလု အနက် အမျိုးအမည် တင်စရာမရှိသော အပင်ပန်းဆုံးအလုပ်လည်း ဖြ ပင်ပန်းသလောက် အကျိုးခံစားရသည်မှာ ဤသို့တည်း။

ကျွန်တော်တို့ နေ့စဉ်စားရသော ဟင်းများတွင် ဆီလုံးဝမပါခဲ့ဘူ ဆီဆိုသည်မှာ ချိုနဲ့လားဟု မေးရလောက်အောင် ဆီကိုမမြင်ခဲ့ဘူးပါ။ ဝ

www.burmeseclassic.com



...ည်း မစားရဘဲ ပုံစံအတိုင်းသာ စားရ၏။ ညနေစာ စားသောက်ရသည့် ...က်သားတုံးလေး လက်နှစ်သစ်မှာ တစ်ခါတစ်ရံ အဆီတုံးကြီးရ၍ တစ်ခါတစ်ရံ ...ဆီရော အသားပါ မပါသည့် အခေါက်တုံးသာရပါသည်။ ဤနေ့မျိုးဆိုလျှင် ...အဆိုးဆုံးနေ့ဟု ဆိုရပါမည်။

ဖိုကြီးတွင်မူ ချက်ပြီးသမျှဟင်းများကို ထောင်မှူးကြီး၊ ထောင်ပိုင်၊ ...ာင်ဆရာဝန်တို့ကို နေ့စဉ်ပြရ၏။ သူတို့အား ပြသည့် ဟင်းများတွင်မူ ...ဆိုသည်မှာ ပါပါလေရဲ့လားဟု မေးရလောက်အောင် ဆီတွေအိုင်နေ၏။ ...တို့အားပြဖို့ ဟင်းခွက်တစ်ခွက် ပြင်ဆင်ပြီးသည်နှင့် ရေပေါ်ဆီ (ရေပေါ်တွင် ...နေသမျှဆီ)ကို ခွက်နှင့်ခပ်ပြီး ခြောက်ထောင်ပိုင်၊ သံတော၊ တန်းစီးများအတွက် ...ရ၏။ ပိုသည်ကို ဖိုကြီးဆင်း အလုပ်သမားများအတွက် ဝေပေးပါသည်။

ဖိုကြီးတွင် အလုပ်ဆင်းရသည့်နေ့တွင်မူ ကျွန်တော်တို့မှာ ရေပေါ်ဆီ ...တန်းစားထဲတွင် ပါသွား၏။ ဝက်သားများဆိုလျှင် အညွန့်အဖူး အသားများ ...မှ ကောင်းပေ့၊ ကြီးပေ့ဆိုသည့် အတုံးများရွေးပြီး ဝေပုံကျ ဝေပေးပါသည်။ ...န်တော်တို့ပင် သုံးတုံးရ၏။ သူတို့ဆိုသော် မည်ရွေ့မည်မျှ ရကြ၊ ယူကြမည်ကို ...ားပါကုန်။

ဆီမှာ ရေခွက်တစ်ခွက် အပြည့်ပင် ရပေသည်။ ဖိုကြီးမှရသော ဆီများ ...သိမ်းထားလျှင် နောက်ထပ် သုံးရက်လောက် စားနိုင်၏။ ဖိုကြီးအလုပ်ဆင်း ...သာနေ့ကား ဗိုက်ခွေးနမ်းသောနေ့ပေတည်း။

## ...ြောင်းထိုးမြက်ပေါက်

မြောင်းထိုးမြက်ပေါက်အလုပ်မှာ ထောင်တွင်း လုပ်ခဲ့ရသော အလုပ်များ ...ာ် အသက်သာဆုံးအလုပ်ဖြစ်၍ မြက်နှင့်အတူ ရောပေါက်နေသည့် အပင် ...ထဲမှ စားကောင်းသည့်အရွက်များကို ရှာဖွေဆွတ်ခူးခွင့်ရပေသည်။

ရလာသော အရွက် (အမျိုးအမည်မရှိပါ) များအနက် အချို့ကို ငါးပိ ...မြှုပ်လျှင် တို့စရာအဖြစ် သုံးကြပြီး တချို့ကို ညနေရသော ဝက်သားဟင်း ...လေးနှင့် ရော၍ချက်စားကြရ၏။ ရသည့်အရွက်နှင့် အသားရော၍ ချက် ...ရသည်မှာ လွယ်လွယ်ကူကူ မဟုတ်ပါ။ ညနေ ထမင်းစားချိန်တွင် ...င်း ...ရသေးဘဲ ထမင်းရော ဟင်းပါ သိမ်းထားပြီးမှ လေး,ငါးယောက် တစ်တွဲ ... အသားများဖြင့် စုပေါင်းချက်ရ၏။ အပြင်တွင်ချက်လျှင် တန်းစီး၏တုတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်မိမည်စိုးသဖြင့် နို့ဆီခွက်ကလေးထဲတွင် ဟင်းနှင့်အရွက်များရောလျက် ထင်းခြောက်ကလေးများ ဖွက်ယူပြီး အိမ်သာခန်းတွင် ဝင်ချက်ရ၏။

'ချေးပေါက်'ဟု အော်၍ ခွင့်တောင်းပြီး ကမန်းကတန်း ဝင်ချက်ရ၏။ ကျက်သည်၊ မကျက်သည်မှာ အရေးမဟုတ်ပါ။ ၁၀ မိနစ်ခန့် မီးပေါ်တင်ပြီး ပြန်ယူလာ၍ စားရသောဟင်း ဖြစ်ပေသည်။

အိမ်သာထဲဝင်ချက်ရသောဟင်း ဖြစ်သဖြင့်လည်း ပို၍ကောင်းဟန်ရှိ ပါသည်။

နေ့စဉ် အသားချည်းသက်သက် စားရသည်ထက် အရွက်ကလေးနှင့် ရောချက်စားရသည့်ဟင်း၏ အရသာမှာလည်း တစ်မျိုးထူးပေသည်။

ဖော်ပြခဲ့သည့် အလုပ်များမှာ ကျွန်တော်တို့ ထောင်ရောက်သည်မှအစ ထောင်ကထွက်သည့်အဆုံး နေ့စဉ်နှင့်အမျှ လုပ်ကိုင်ခဲ့ရသော အလုပ်များပင်တည်း။ ကျွန်တော်တို့လုပ်ခဲ့ရသည့် အလုပ်များသည် သူတို့ အဆိုပြုသည့်အတိုင်း ကျန်းမာရေးအတွက် လုပ်ရသည့် အလုပ်မျိုးပေလော သို့မဟုတ် ကြိုတင်စီစဉ် ထားသည့် လူမဆန်သော ညှဉ်းပန်းနှိပ်စက်မှုသဘောနှင့် လုပ်ခိုင်းခဲ့ခြင်းပေလော ဆိုသည်ကိုမူ စာဖတ်သူများ အဆုံးအဖြတ်ပေးကြပါကုန်။

သာယာဝတီထောင်တွင် နေခဲ့ရစဉ် အဆောင်တစ်ခုတည်း၊ အခန်းတစ်ခု တည်းတွင် နေရသည်မဟုတ်ဘဲ မကြာခဏပင် အခန်းသော် လည်းကောင်း၊ အဆောင်သော်လည်းကောင်း ပြောင်းရွှေ့ရ၏။ ထိုသို့ ပြောင်းရွှေ့ရာတွင် မူလ နေသည့်လူချင်း မဟုတ်တော့ချေ။ လူချင်းလည်း မကြာခဏ ရောထွေးပစ်သဖြင့် ခရိုင်တစ်ခုတည်းမှလူချင်းစုမထားဘဲ အခြားခရိုင်မှလူများနှင့် ရောထွေးပြောင်း လဲခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ပြောင်းသည့်အခါတိုင်း တန်းစီးအသစ်များထံ ရောက်သွားရာ တန်းစီးအသစ်များ၏ နှုတ်ဆက် လက်စွမ်းပြ ရိုက်နှက်ခြင်းကို ခံရပြန်၏။

ကျွန်တော်တို့နေခဲ့သည့် တစ်နှစ်ကျော်အချိန်အတွင်း အကြိမ် ၂၀ ခန့် ပြောင်းခဲ့ရ၍ ပြောင်းတိုင်းလည်း အရိုက်ခံလွတ်ရသည်ဟု မရှိဘူးပေ။ ကြာသော် လည်း အရိုက်ခံရသည့်ကိစ္စမှာ အဆန်းမဟုတ်တော့ဘဲ ထမင်းစားရေသောက် ကိစ္စလေးလောက်ပင် သဘောထားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



**ရေချိုးရပုံ**

တိုက်တွင်နေရစဉ်က အနေကျဉ်းကျပ်သော်လည်း ရေကိုမူ ဝအောင်ချိုးရ၏။ အိပ်ထောင်တွင် အနေကျယ်ဝန်းသော်လည်း ရေကို ဝအောင်မချိုးရပေ။ တိုက်တွင်ရှိသော ရေချိုးခန်းနှင့် အိပ်ထောင်တွင်ရှိသော ရေချိုးကန်မှာ အရွယ်ပမာဏချင်း အတူတူပင်ဖြစ်သော်လည်း လူအင်အားမှာ တိုက်တွင်နည်း၍ ညအိပ်ထောင်တွင် များပေသည်။ ထို့ကြောင့် အိပ်ထောင်တွင် ရေဝအောင်မချိုးရခြင်း ဖြစ်ပေသည်။

ရေချိုးသည့်အခါ လုံချည်ရေလဲနှင့် မချိုးရချေ။ ဥပဒေအရလည်း ခွင့်မပြု၊ လဲစရာအဝတ်ပိုလည်း မရှိသဖြင့် ဥပဒေချိုးဖောက်စရာ ပြဿနာမပေါ်တော့ပေ။ ဂျပန်ရေချိုးနည်းသာ ကျွန်တော်တို့အတွက် အကောင်းဆုံးနည်းအဖြစ်လက်ခံထားပေသည်။

အလျား ၂၅ ပေ၊ အနံ ၃ ပေခန့်ရှိ ရေကန်တွင် တစ်ကြိမ်ရေချိုးလျှင် လူပေါင်း ၅၀ ကျော် ရေချိုးရ၏။ ရေချိုးမည့်သူများမှာ ရေကန်တစ်ဖက်တစ်ချက်တွင် တန်းစီလျက် ရပ်နေရ၏။

ရေကန်ဗာရာ ဦးထုပ်ဖြူဆောင်းသူက ထိပ်၌ တုတ်ကိုင်ရပ်လျက် ရေချိုးမည့်သူများက ဒန်ပန်းကန်ပြားများကို ကန်ပေါင်ပေါ်တွင်တင်ကာ အသင့်ပြင်ထားရ၏။ ကန်ပေါင်နှင့် နှစ်လှမ်းအကွာတွင် ရပ်ရ၏။ ထမင်းစားပန်းကန်ပြားကို ရေချိုးခွက်အဖြစ် အသုံးပြုရ၏။

ရေကန်ဗာရာက အောက်ပါအတိုင်း အမိန့်တော်များခြွေသည်ကို လိုက်နာပြီး ချိုးရပေသည်။

"ရှေ့တစ်လှမ်းတိုး"

"ခွက်ကိုကိုင်"

"ရေကန်ထဲနှစ်"

"ခပ်"

"နောက်တစ်လှမ်းဆုတ်"

"ချိုး"

ဟူသော အမိန့်စဉ်အတိုင်း လိုက်နာပြီးမှ ရေတစ်ပန်းကန်ပြား ချိုးရ၏။ ရေတစ်ပန်းကန်ပြား ချိုးရတိုင်း အထက်အမိန့်ကို တစ်ခါလိုက်နာရ၏။ သုံးပန်းကန်ပြား ချိုးပြီးသောအခါ–"ဂျေးပွန်း"

(ကြေးတွန်းခိုင်းသည့်အသံ)ဟု အမိန့်ပေးမှ ဟိုပွတ်သည်ပွတ် လုပ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ သုံးပန်းကန်ပြားချိုးပြီး 'ကျေးပွန်း' အသံထွက်လာပြန်၏။ တတိယအကြိမ် သုံးပန်းကန်ပြား ချိုးပြီးလျှင်မူ ရေချိုးခြင်းကိစ္စ ပြီးဆုံးသွားပါသည်။ တစ်နေ့လျှင် ရေကိုးပန်းကန်ပြားသာ ချိုးရ၏။

ရေချိုးရာတွင် အလွန်ညစ်ပတ်စုတ်ပဲ့သည့် အပြုအမူတစ်ရပ် တီထွင်ကြပါသည်။ ညစ်ပတ်သော်လည်း လူမဆန်သော အပြုအမူများကို ဖော်ပြလိုသဖြင့် ရေးရသည်ကို နားနှင့်မနာ၊ ဖဝါးနှင့်နာကြစေလိုပါသည်။

ကျွန်တော်တို့ ယောကျ်ားကိုယ်များကို နာမည်ပေးထား၏။ ဥပမာ 'အရှည်ကြီး၊ ပုတို၊ လုံးဝိုင်း၊ တိုတို' စသည်ဖြင့် လူစေ့ နာမည်ပေးထားပြီး ကိုယ့်နာမည်ကို မှတ်ထားရ၏။ အမေပေးသည့်နာမည် မခေါ်ဘဲ အထက်ပါ နာမည်များ မှည့်ခေါ်၏။ ခေါ်သည့်အချိန် ကိုယ့်နာမည်မေ့နေ၍ မထွက်မိလျှင် ရိုက်၏။

မည်မျှ ညစ်ပတ်စုတ်ပဲ့ နိပ်စက်နည်းများဖြစ်သည်ကို ဖော်ပြရန်ပင် မစွမ်းတော့ပါ။

ထို့ကြောင့်ပင် ရေဆွဲရသည့်အခါ အဆိုးထဲမှ အကောင်းအဖြစ် ရေဝဝချိုးရခြင်းကို တင်စားပြခဲ့ခြင်း ဖြစ်၏။

မိုးရွာသည့်အခါတွင် တန်းစီးအလစ် အဆောင်နောက်ဖေးဖက်ထွက်၍ ပိုက်မှကျသောရေကို အားရပါးရ ချိုးရပေသည်။

'မိုး. . . မိုးကိုမျှော်သည် . . . မျှော်သည် . . . မျှော်သည်၊ မိုးရွာလို့ ပျော်သည်' ဆိုသည့် သီချင်းသံကြားတိုင်း သာယာဝတီထောင်တွင် မိုးမျှော်၍ ပျော်ခဲ့ရသည်များကို ယနေ့တိုင် မမေ့နိုင်အောင် ရှိပါတော့သည်။

ရေကိုချိုးချင်တိုင်းချိုးဖို့ဝေးစွ၊ အနည်းငယ်ချိုးရသည်ကိုပင် အမိန့်ပေးမှ ချိုးရသည့်ဘဝမှာ ဘယ်ဝဋ်ကြွေးကြောင့် ဤအဖြစ်မျိုး ဆုံစည်းရသည်ကို စဉ်းစား၍ပင် မရနိုင်ခဲ့ပေ။

တနင်္ဂနွေနေ့တွင် ရက်အားပေး၍ အလုပ်လည်း မဆင်းရပေ။ အိပ်ဆောင်များတွင် အနားယူနိုင်ခွင့်ပေး၏။ နေ့လယ်ဘက်တွင် အဝတ်လျှော်ရန် ဆပ်ပြာဝေပါသည်။ ဆပ်ပြာခဲဝေငှခြင်း မဟုတ်ပါ။ ဆပ်ပြာရည်များ ဝေငှခြင်းဖြစ်၍ ရှိ မဲ့စု အဝတ်အစားလေးများကို ထိုနေ့တွင် လျှော်ရ၏။ ဆပ်ပြာရည်က လူတစ်ယောက်ကို အနည်းငယ်သာ ပေးသော်လည်း လျှော်စရာ အဝတ်အစားမရှိသဖြင့် ကျွန်တော်တို့အတွက် ပိုလျှံ၍နေ၏။ ရေသုံးစွဲမှုမှာ ရေကန်ဗာရာသဘောအတိုင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရက်အား တနင်္ဂနွေနေ့ နေ့လယ်တွင် တစ်ဦးလျှင် ရေနွေးကြမ်းတစ်ခွက်စီ ပေးပေး၏။ လက်ဖက်ခြောက်မှာ ပါသည်ဆိုရုံမျှသာဖြစ်၏။ လက်ဖက်ခြောက်အမည်ခံ ခတ်ထားသည့် ဖြူရော်ရော် ရေနွေးလေးတစ်ခွက်စီကို တစိမ့်စိမ့်သောက်ရင်း လေပန်းရသောနေ့ပေတည်း။

## ဥပုသ်နေ့

ဥပုသ်နေ့တွင် ဥပုသ်စောင့်ခွင့်ပေး၏။ အပြင်မှ ဘုန်းတော်ကြီးတစ်ပါးကြွလာ၍ သီလပေးရာ ဥပုသ်သည်များ 'မိန်းဂျေး'တွင် စုဝေးလျက် သီလယူရ၏။ ဥပုသ်စောင့်ချင်လျှင် ကြိုတင်စာရင်းပေးရ၍ ဥပုသ်သည်များအတွက် ညနေပိုင်းတွင်ပေးသည့်အသားကို နံနက်ပိုင်းတွင် ပြောင်းပေး၏။

ဥပုသ်မစောင့်လိုသော်လည်း ကလိမ်ကျရ၏။ ကလိမ်ကျရသည့်အကြောင်းရင်းမှာ ဤသို့ဖြစ်၏။ ဥပုသ်သည်အတွက် မနက်ပိုင်းရသော အသားဟင်းကို ဥပုသ်မစောင့်သည့်သူနှင့် နှစ်ဦးခွဲဝေစားသောက်ပြီး ညနေ ဥပုသ်မစောင့်သူရသည့်အသားကို ဥပုသ်စောင့်သူပါ စားစေသည်။ ပူးတွဲ ဝေပုံကျစနစ်ကို ဖန်တီးရပေသည်။

နံနက်ရောညပါ အသားဟင်းကလေးနှင့်စားရမည့်နည်းလမ်းကို တီထွင်ခြင်းပေတည်း။

တစ်ယောက်တစ်လှည့် ဥပုသ်စောင့်၍ နားလည်မှုယူပြီး နံနက်ရောညပါ ဟင်းနှင့် ကောင်းကောင်းလေး စားရသည့် ကလိမ်ကျမှုကို တီထွင်ခဲ့ရပေသည်။

ဤကလိမ်ကျမှုမှာ ဘာသာရေးရှုထောင့်မှကြည့်လျှင် အလွန်အရုပ်ဆိုးသော်လည်း အကျဉ်းအကျပ် ခံနေရသည့် ရှုထောင့်မှကြည့်လျှင်မူ အရုပ်ဆိုးသည်ဟု မဆိုနိုင်ပေ။

'ကမ္ဘာမီးလောင် သားကောင်ချနင်း'ဆိုသည့် စကားပုံအတိုင်း ကျင့်သုံးလိုက်နာရခြင်း ဖြစ်ပေသည်။ နောက်ပိုင်းတွင် ကျွန်တော်တို့ တီထွင်မှုကို ရိပ်မိသွားသဖြင့် ဥပုသ်စောင့်သူများအား သတ်သတ်ခွဲ၍ အဆောင်တစ်ဆောင်တွင် နေထားပြီး နောက်တစ်နေ့နံနက်မှ ပြန်လွှတ်သည့်ပုံစံကို ကျင့်သုံးလာပါသည်။ ဥပုသ်စောင့်သည့် အရေအတွက်မှာလည်း နည်းသွားတော့၏။

ကျွန်တော်တို့အား ဥပုသ်စောင့်ခိုင်းခြင်းမှာ ထောင်အာဏာပိုင်များကိုယ်တိုင် ဘာသာရေး အလေးပြု၍ ဘာသာတရားအပေါ် လေးစားစေရန်ပြုလုပ်စေခြင်း ဟုတ်ဟန်မတူပါ။ ထောင်ပိုင်၊ ထောင်မှူးကြီးတို့သည် ခရစ်ယာန်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ကိုးကွယ်သူများဖြစ်၏။ အုပ်စိုးသူဝန်ကြီးချုပ်မှာ ဘာသာရေး လေးစားသူ ဖြစ်သဖြင့် သူ့အကြိုက် လုပ်ပေးရသည့်မှု ဖြစ်ဟန်တူပါသည်။ မည်သို့ပင်ဖြစ်စေ အာဏာပိုင်များအတွက် ပြင်ပတွင် ဝါဒဖြန့်ကွက်တစ်ခုအဖြစ် အသုံးပြုနိုင်မည်မှာ မလွဲပေ။

## ထောင်တွင်းကပွဲ

သာယာဝတီအကျဉ်းထောင်တွင် ကျွန်တော်တို့ထံမှ ခေါင်းပုံဖြတ်ထားသည့်ငွေဖြင့် တည်ထောင်ထားသော 'ဂျာနယ်သောင်း' အငြိမ့်အဖွဲ့ကြီးရှိ၏။ ဤအငြိမ့်အဖွဲ့ကြီး၏ ထူးခြားချက်မှာ ငှားသူရှိရှိ၊ မရှိရှိ အတင်းလိုက်ကခြင်းပင် ဖြစ်ပေသည်။

အခန်းတစ်ခန်းလျှင် တစ်ညလိုက်ပြ၏။ မကြည့်ချင်၍ မနေရပေ။ သူတို့ ပွဲသိမ်းသည်အထိ ကြည့်ရမည်ဖြစ်၏။ ထို့ထက်ဆိုးသည်မှာ အငြိမ့်လာက,လျှင် ကျွန်တော်တို့က နေ့တွက်ရသည့် ဆေးလိပ်ပုံစံ (ဆေးလိပ်သုံးလိပ်)နှင့် ညနေစာအတွက်ရသည့် အသားဟင်းပုံစံကို အငြိမ့်အဖွဲ့ ညှော်ခံပွဲအတွက် ထည့်ဝင်ရခြင်း ဖြစ်၏။ ထိုနေ့အတွက်မူ အဆီရည်ကျဲကလေးနှင့် လူးဖတ်စား၍ ကိစ္စပြီးလိုက်ရ၏။

ကျွန်တော်တို့ထံမှရသည့် အသားများ၊ ဖိုကြီးမှ သူတို့ဝေပုံကျရသည့် အသားများကို စုပေါင်းပြီး အကြော်အလှော်များ ဖန်တီး၍ ဆေးခြောက်ဖြင့် မြည်းကြ၏။ မိုန်းကြ၊ ပျော်ရွှင်ကြ၏။ ဆေးခြောက်ကို ထောင်မှူးများထံ သွင်းယူလာပြီး အကျဉ်းသားများကိုပါ ရောင်းပါသည်။ သာယာဝတီခရိုင်မှာ ဆေးခြောက်အများဆုံးထွက်သည့် ဒေသဖြစ်ရာ ဆေးခြောက်ဈေးမှာ အလွန်ပေါ၏။ တန်းစီးတိုင်း ဆေးခြောက်ရှုကြ၏။ တစ်ခါသော် တန်းစီးတစ်ဦး ဆေးခြောက်မိုန်းနေစဉ် ရဲဘော်တစ်ဦး လက်ထဲမှပန်းကန်ပြား လွတ်ကျသွားသဖြင့် ဖိမ်ပျက်သွားရာ ထ၍တီးတော့၏။ တီးရုံတွင်မက သူ စည်းစိမ်ပျက်သွားသည့် ဆေးခြောက်ဖိုးကို ထိုရဲဘော်က ဆေးလိပ်ပုံစံ ၁၀ ရက်ပေး၍ အစားဆပ်ခဲ့ရပေသည်။

သာယာဝတီထောင်၏ မိန်းဂျေးထောင်မှူး ထွန်းအောင်ကျော် ဆိုသူမှာ ဆေးခြောက်နှင့် ဘိန်းရောင်းရာတွင် နာမည်ကြီးသူတစ်ဦးဖြစ်၏။ ကသောည များတွင် သူတို့က ပျော်၍ ကျွန်တော်တို့က နုံးချည့်နေကြ၏။

ဆေးလိပ်ပုံစံပေးရကာ အသားတစ်နပ် လက်လွတ်သွားရသောကြောင့်ပင်၊

www.burmeseclassic.com

www.burmeseclassic.com



ည ၉ နာရီတွင် ဂျာနယ်သောင်း၏ အငြိမ့်အဖွဲ့ကြီး စတင်ထွက်ပါသည်။ အကျဉ်းသား မင်းသမီးက မျက်လုံးလေး ဟိုပစ် ဒီပစ် လုပ်ပြီး သူ့ဖင်ပြားကြီးကို လှုပ်၍ယမ်း၍ ထလိုက်သည့်အခါ လက်ခေါက်မှုတ်သံများ ဆူညံသွားတော့၏။ ကျွန်တော်တို့မှုတ်ခြင်း မဟုတ်ပါ။ သူတို့ အကျဉ်းသားများအသံ ဖြစ်ပါသည်။

အငြိမ့်ကသောအခန်းမှ တန်းစီးမှာ ထိုနေ့ညအဖို့အ 'ဟီးရိုး' ဖြစ်၏။ မင်းသမီးနှင့်လည်း တွဲကနိုင်၏။ မင်းသမီးကလည်း သူ့နာမည်ကို တိုင်တည်၍ ညူ၏။ အပြင်အငြိမ့်များတွင် မင်းသမီးက အလှူ့ရှင်ကို အသားပေးရသကဲ့သို့ ဖြစ်ပါသည်။

လူပြက်များကလည်း ပေါက်ကရ ပြက်လုံးများဖြင့် အော်ကြဟစ်ကြ၏။ ကျွန်တော်တို့မှာ မကြည့်ချင်သော်လည်း အိပ်ခွင့်မရသဖြင့် ဒုက္ခခံလျက် ကြည့်နေရ၏။ ဘာတွေပြက်လုံးထုတ်၍ ဘယ်လိုကသည်ကို သတိမမူမိကြပါ။ မျက်လုံးနှင့် နားကိုအားခဲ၍ဖွင့်ထားရ၏။ ဘာတွေပြက်မှန်းမသိဘဲ ရယ်လိုက်ရ၏။ ဘယ်လိုကသည်မမြင်ဘဲ ဩဘာပေး လက်ခုပ်တီးလိုက်ရပေ၏။

သူတို့အလိုလိုက်နေသည့်ကြားမှ ဆေးခြောက်မှုးမှုးနှင့် အသားလွတ် အရိုက်ချင်ရိုက်ပြန်၏။

## ထောင်ဝင်စာ

တစ်လလျှင်တစ်ကြိမ် ထောင်ဝင်စာတွေ့ရ၍ တွေ့ရသည့်အချိန်မှာ ၁၅ မိနစ်သာ ဖြစ်ပေသည်။ မိုင်ပေါင်း ၄၀၀ ကျော်မှ လာသူဖြစ်စေ၊ တစ်မိုင် နှစ်မိုင်မှ လာသူဖြစ်စေ ၁၅ မိနစ်မျှသာ တွေ့ရ၏။ တစ်လတစ်ကြိမ် ခွင့်ပြုထားစေကာမူ အိမ်များက မလာနိုင်ကြပါ။ အောက်ထစ် ငွေလေး၊ ငါးဆယ် အကုန်ခံပြီးမှ ၁၅ မိနစ် တွေ့ရသော ထောင်ဝင်စာဖြစ်၏။

ထောင်ဝင်စာတွေ့သည့်အခါ အိမ်ကလူများက မေးကြ၏။

"ကောင်းကောင်းမွန်မွန် နေရရဲ့လား"

"အစားအသောက် ကောင်းရဲ့လား"

"ဆေးဝါး ပြည့်စုံရဲ့လား"

ဟူသော အမေးများကို ဝိနည်းလွတ် ဖြေရ၏။

တစ်နည်းကား အိမ်မှလူများ စိတ်ချမ်းသာစေရန်၊ တစ်နည်းကား ထောင်အာဏာပိုင်များအလိုနှင့် မဆန့်ကျင်စေရန်ဖြစ်၏။ အိမ်ကမေးသမျှကို ခေါင်းညိတ် ထိုက်ခြင်းဖြင့် ဖြေရှင်းခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်ကိုချစ်၍ နိုင်ငံရေးသမားဖြစ်ခဲ့ရသော ကျွန်တော်တို့၏ ဘဝဖြစ်ပုံကား ရာဇဝတ်မှုကျူးလွန်ခဲ့သော ရာဇဝတ်ကောင် ထောင်သားများနှင့် မခြားသောဘဝသို့ ရောက်ခဲ့ရပေသည်။

ကျွန်တော်တို့ ထောင်ဝင်စာတွေ့နေစဉ် ထောင်မှူးကြီးကလည်း ဤသို့ ကြားဝင်တတ်ပါသည်။

"သူတို့အတွက်တော့ မပူပါနဲ့"

"အထဲမှာ ပျော်ပျော်ပါးပါးကြီး နေကြတာပဲ"

"စားလိုက်၊ ကစားလိုက်၊ အတီးအမှုတ်တွေနဲ့ ဗိမ်ကျနေကြတာပဲ"ဟု ဝင်ထောက်လေ့ရှိ၏။

အိမ်ကလူများရှေ့တွင်မှ ကျွန်တော်တို့အား

"ဟာ... ညီလေး၊ ဆံပင်တွေ ရှည်နေပါရောလား၊ ဆံပင်ညှပ်သမားတွေ မလာဘူးလား။ အခု ပြန်သွားရင် လွှတ်လိုက်မယ်။ အစားအသောက်ကော အဆင်ပြေရဲ့လား၊ လိုတာရှိ ကျွန်တော့်ကို အချိန်မရွေးပြော"

စသည်ဖြင့် ဟန်လုပ်လေ့ရှိ၏။

ဒါကြောင့်လည်း ဒီထောင်ကို ဒီလိုထောင်မှူးကြီးတွေ ရွေးပို့လိုက်တာပဲဟု စိတ်ထဲတွင် တွေးလိုက်မိပါသည်။ ကျွန်တော်တို့ကား ခေါင်းညိတ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်ပေ။

ဖြစ်ကြောင်းရယ်ကုန်စင်ကိုသာ အိမ်ကလူတွေကို တင်ပြလိုက်ရလျှင် အိမ်ကလူများ ပြန်သွားသည့်အခါ ဘူးဝကြီးမှာပင် ဆွေမျိုးမေ့အောင် အရိုက်ခံရပြီး ကော်စားရမည်မှာ သေချာလှပေသည်။

အိမ်ကိုမှာလိုက်ရ၏။ "ထောင်ဝင်စာလာတဲ့အခါ ဘာမှယူမလာပါနဲ့။ လာရတာလည်း အဝေးကြီး၊ ဒီမှာလည်း ပစ္စည်းတွေ ပြည့်ပြည့်စုံစုံရပါတယ်" ဟူ၍ဖြစ်၏။

အကြောင်းကား ဤသို့တည်း။ သူတို့ကို ဖော်လံဖားလို၍ သူတို့ရှေ့မှာ ဒီစကားများသုံးခြင်း မဟုတ်ပါ။ အိမ်ကလူတွေ ပြန်သွားသည်နှင့် အိမ်ကပေးခဲ့သော ပစ္စည်းများအနက် သူတို့လိုချင်သမျှ ရွေးယူပြီးမှ အကျန်ကို ကျွန်တော်တို့ ရသောကြောင့် အိမ်ကလူများအား ပစ္စည်းယူမလာအောင် ပရိယာယ်ဆင်၍ ပြောရခြင်း ဖြစ်ပေသည်။

ကျွန်တော်တို့ ထောင်ရောက်ပြီး ခြောက်လခန့်အကြာတွင် ဖုံးဖိထားခဲ့သော သာယာဝတီထောင်သတင်းများ ပြင်ပသို့ ပျံ့လွင့်ခဲ့ပါသည်။ လွှတ်မြော်တ်

www.burmeseclassic.com



သွားသူများက တစ်ဆင့်တစ်ဆင့် သတင်းပို့သည့် သတင်းစကားများကြောင့် အပြင်လူများ သိသွားကြ၏။ သာယာဝတီထောင်အတွင်း ညှဉ်းပန်းနှိပ်စက်မှု သတင်းများ သတင်းစာများတွင် ပါလာ၏။ သို့သော် အပြည့်အစုံမထည့်ရဲကြပါ။ ရိပ်ဖမ်းသံဖမ်းလောက်သာ ပါလာ၏။ သာယာဝတီထောင်နှင့် စပ်လျဉ်းသော မေးခွန်းများလည်း ပြည်သူ့လွှတ်တော်တွင် မေးမြန်းလာကြ၏။ တရားလွှတ်တော်ချုပ်သို့ စာချွန်တော်များ တင်သွင်း၍လည်း လျှောက်ထားကြ၏။ ဤသို့သော အကြောင်းများကြောင့် ပြည်ထဲရေးဌာနမှ စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းစေလွှတ်ရန် စီစဉ်နေသည့် သတင်းများ ကြားရပေသည်။

## စုံစမ်းရေးကော်မရှင်

ဤသို့လျှင် သတင်းစာများတွင် ရေးကြသားကြ၊ ဟိုတိုင်ဒီတိုင် ပြဿနာများ ပေါ်လာသဖြင့် ပြည်ထဲရေးဌာနက စုံစမ်းရေးကော်မရှင် စေလွှတ်ရန် စီစဉ်ပေးခဲ့ရပေတော့၏။ စုံစမ်းရေးကော်မရှင်မလာမီ ထောင်မှ ကျွန်တော်တို့အား အဝတ်အစားအချို့ ထုတ်ပေး၏။ စွပ်ကျယ်အင်္ကျီတစ်ထည်၊ လုံချည်တစ်ထည်၊ ဆေးရုံလူနာများဝတ်သည့် အင်္ကျီကျားတစ်ထည် (အနွေးထည်အဖြစ် ထုတ်ပေးခြင်း) ရရှိခဲ့ပါသည်။ သို့သော် သူတို့အမိန့်မရဘဲ ဝတ်ဆင်ခွင့်မပြုပေ။ စုံစမ်းရေးကော်မရှင်လာမှဝတ်ဖို့ရည်ရွယ်၍ ထုတ်ပေးခြင်း ဖြစ်ပေသည်။

အလုပ်များစေခိုင်းခြင်း ရပ်နားလိုက်၏။

ဟင်းကိုလည်း ယခင်ကထက်စာလျှင် အသင့်အတင့်ကောင်းအောင် ချက်ကျွေးလာ၏။

ပြည်ထဲရေးဌာနမှ 'ခ' တန်းပေးထားပါလျက် ထောင်ပိုင်၊ ထောင်မှူးကြီးတို့သဘောနှင့် 'ခ'တန်းပြုတ်၍ 'ဂ' တန်းသို့ လျှော့ချခဲ့သူများကို ချက်ချင်း 'ခ' တန်းပြန်ပေး၏။

မကျန်းမာသူများကို ဆေးရုံပို့ပေး၏။ ပိန်ချုံးချည့်နဲ့နေသူများအား ဖြည့်စား (နေ့လယ်ဘက် နို့တစ်ခွက်နှင့် ပေါင်မုန့်တစ်ပိုင်း ပေးသည်) ပေးလာ၏။

ဤသို့လျှင် စုံစမ်းရေးကော်မရှင်မလာမီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဆိုက်သင့်သလောက် လိုက်လျောလာသလို တစ်ဖက်မှလည်း ခြိမ်းခြောက်မှုများ ပြုလုပ်ပါသည်။

'စုံစမ်းရေးကော်မရှင်လာသည့်အခါ သူတို့ ခွင့်ပြုချက်မရဘဲ တိုင်တန်းပြုလုပ်ခဲ့သော် လွတ်ရက်မရှိ တိုက်ပိတ်ကော်ကျွေးမည်။ တိုက်ထဲတွင် အသေရိုက်သတ်မည်'ဟု အတိအလင်း ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



တီးတိုးအနေဖြင့်လည်း 'စုံစမ်းရေးကော်မရှင်ဟာ တို့လူတွေပဲ၊ မင်းတို့ ဘာယ်လိုတင်ပြပေမယ့် နားထောင်ရုံကလွဲလို့ ဘာမှအရေးယူလိမ့်မယ်မဟုတ်ဘူး။ ထောင်ထဲလည်းဝင်မှာ မဟုတ်ဘူး၊ ဒါဟာ လုပ်ရိုးလုပ်စဉ်ကိစ္စပဲ'ဟု ဝါဒဖြန့် လျက်ရှိပေသည်။

ထို့ပြင် ထောင်အာဏာပိုင်များ၏ အခွင့်အရေးပြ စည်းရုံးမှုကြောင့် သူတို့နောက် ပါသွားသည့် ပုဒ်မ ၅ အချို့ (၁၂ ယောက်ခန့်ရှိ၏။) အား တစ်ထောင်လုံးရှိ ပုဒ်မ ၅များ၏ ကိုယ်စားလှယ်အဖြစ် ဖန်တီး၍ ကော်မရှင်နှင့် တွေ့ဆုံရန် ဓာတ်တိုက်လျက်ရှိ၏။

ဤကား ကော်မရှင်မလာမီ ထောင်အာဏာပိုင်များဘက်မှ ပြင်ဆင်ထား ချက်များ ဖြစ်၏။ ထိုအချိန်တွင် ကျွန်တော်တို့ဘက်၌လည်း ထောင်တွင်း ပါတီကော်မတီများ၊ ကလပ်စည်းများ လျှို့ဝှက်ဖွဲ့စည်းပြီးလျက်ရှိနေရာ ကော်မရှင် ကိစ္စကို မည်သို့သဘောထား၍ မည်သို့လုပ်သင့်ကြောင်း အပူတပြင်း ဆွေးနွေး ကြရတော့၏။

ထောင်တွင်း ပါတီကော်မတီများ၏ဆွေးနွေးပွဲမှ ထွက်လာသည့်အဖြေမှာ—

၁။ သာယာဝတီထောင် ညှဉ်းပန်းနှိပ်စက်မှုကို ပြည်ထဲရေးဌာနမှ ကြိုတင် ပြင်ဆင်၍ စီစဉ်ခဲ့ခြင်းဖြစ်ရာ ပြည်ထဲရေးဌာနမှစေလွှတ်မည့် ကော်မရှင် သည် ထူးခြားသော အခွင့်အာဏာရှိမည့်ကော်မရှင် မဟုတ်၊ ရုပ်သေး ကော်မရှင်သာ ဖြစ်မည်။

၂။ ရိုးရိုးပုလိပ်က မတရားရိုက်ထားသည့်အမှုကို ဌာနာအုပ်က ဝတ္တရားကျေ မေးမြန်းစုံစမ်းမည့်ပုံစံမျိုးသာ ဖြစ်ပေမည်။

၃။ ကော်မရှင်မှာ အရာကြီးဖြစ်၍ ထောင်အာဏာပိုင်များမှာ ကုလားကြီးသာ ဖြစ်ပေသည်။

၄။ ကော်မရှင်အား ထောင်တွင်းခံစားမှုများ တင်ပြခြင်းဖြင့် အကျိုးသက် ရောက်မှုမရှိဘဲ အကျိုးဆုတ်ယုတ်မှုသာ ဖြစ်လာမည်။ ကော်မရှင်ပြန် သွားလျှင် ပြဿနာတင်ပြသည့် ရဲဘော်များ အသက်အန္တရာယ်ပြုသည် အထိ ထိခိုက်မည့် အရေးယူမှုအပိုင်းများ ပါမလာဘဲ တင်ပြရရုံသာရှိမည်။

၅။ သူတို့ ကုဖန်ထိုးထားသည့် ဖဲထုပ်ကို သူတို့လူများ ချီးစေခြင်းသာ အကောင်းဆုံးဖြစ်မည်။ ကော်မရှင်နှင့် စပ်လျဉ်းပါက ဂိုက်ဘာဘဲ ဆိတ်ဆိတ်နေကြရန်၊ အကယ်၍ ကော်မရှင်က ထောင်တွင်းဝင်လာပြီး စုံစမ်းမေးမြန်းလျှင် ကောင်းသည်၊ ဆိုးသည်ကို မပြောဘဲ 'ပြောစရာ

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမရှိပါခင်ဗျား'ဟု ဖြေကြခြင်းဖြင့် ကျွန်တော်တို့ဆန္ဒကို တင်ပြပြီး ဖြစ်စေသည့်မှုကို အသုံးပြုရန် ဆုံးဖြတ်လိုက်ကြပါသည်။

**ကော်မရှင်လာပြီ**

သာယာဝတီ အကျဉ်းထောင် ညှဉ်းပန်းနှိပ်စက်မှု စုံစမ်းရေးကော်မရှင်တွင် ငါးဦးပါလာသည်။ (နှစ်ပေါင်း ၂၀ ကျော် ခေါင်းထဲ မှတ်တမ်းတင်ထားရသဖြင့် ချွတ်ယွင်းချက် ရှိကောင်းရှိပါမည်။) မည်သူများဟု မမှတ်မိတော့ပါ။ ဗိုလ်တိုးဝါးတား မှတ်မိသူနှစ်ဦးမှာ အကျဉ်းဌာနမင်းကြီး ဦးဘသိန်းနှင့် အမတ်သခင်ထွန်းအုံ့တို့ ဖြစ်ပါသည်။

စုံစမ်းရေးအဖွဲ့သည် ထုံးစံအတိုင်း ရှေးဦးစွာ ထောင်အာဏာပိုင်များနှင့် တွေ့ဆုံမေးမြန်း၏။ စုံစမ်းရေးအဖွဲ့အား အာဏာပိုင်များက လိုလေသေးမရှိအောင်ပြုစု၍ အကောင်းဆုံးသော ညစာစားပွဲကြီးဖြင့် ဧည့်ခံပါသည်။

(ထောင်ကြပ်များ ပြောပြချက်အရ နောင်တွင် သိရပါသည်။)

ကော်မရှင်နှင့် ထောင်အာဏာပိုင်များ တွေ့ဆုံကြပုံကို ကျွန်တော်တို့အထောက်တော်များထံမှ အောက်ပါအတိုင်း သိရ၏။ ကျွန်တော်တို့၏အထောက်တော်မှာ ကော်မရှင်နှင့် ထောင်အာဏာပိုင်များ တွေ့ဆုံရာတွင် လိုအပ်သည်များခိုင်းစေရန်အတွက် ရုံးခန်းတွင် ခေါ်ယူထားသူ ထောင်မှူးကြီး ဗာရာဖြစ်၍ ကျွန်တော်တို့ စည်းရုံးထားသူ ဖြစ်ပါသည်။

ကော်မရှင်မှ သတင်းစာပါ သတင်းများနှင့် တိုင်တန်းစာများအရ သာယာဝတီထောင် အခြေအနေကို မေးမြန်းစုံစမ်းသည့်အခါ ထောင်အာဏာပိုင်များက အောက်ပါအတိုင်း ကော်မရှင်သို့ တင်ပြခဲ့ကြောင်း သိရ၏။

ကော်မရှင်သို့ တင်ပြခဲ့သည့်အကြောင်း ရေးသားတင်ပြရာတွင် စကားလုံးအတိအကျ မဟုတ်ပါ။ သဘောထားများကိုယူ၍ ပိုမိုရှင်းလင်းစေရန် စာရေးသူ၏ စကားလုံးများဖြင့် တင်ပြရမည်ဆိုသော်-

> ပုဒ်မ ၅ တွေ သာယာဝတီထောင် ရောက်စကပင် ထောင်အာဏာပိုင်များအနေဖြင့် အတတ်နိုင်ဆုံး ကွန်မြူနစ်များအလိုကျ လိုက်လျောအုပ်ချုပ်ခဲ့သော်လည်း မဖြစ်နိုင်သည်များကိုတောင်း၍ ဆူပူကြသည်။ နောက်ပိုင်းတွင် အင်အားများလာသည့်အလျောက် ပို၍ဆူပူကြပြီး အုပ်ချုပ်၍ မရနိုင်လောက်သည်အထိ အနှောင့်အယှက်ပေးကြသည်။ ဥပဒေအရ အေးချမ်းစွာ အကြိမ်ကြိမ်တားမြစ်ခဲ့သော်လည်း မရသည့်ပြင် ပို၍ဆိုးလာ

www.burmeseclassic.com

www.burmeseclassic.com



ရုံမက ထောင်ဖောက်ဖို့အထိ အနှောင့်အယှက်ပေးကြသည်။ ထို့ကြောင့် သူတို့ကို ဒီအတိုင်း ဆက်လက်လွှတ်ထားလျှင် ထောင်တစ်ခုလုံး ပွင့်ထွက်လုမတတ်သော အခြေအနေများ ဖြစ်ပေါ်လာမည်ကို ကာကွယ်သောအားဖြင့် အရေးယူသင့်သူများကို အရေးယူခဲ့ရပေသည်။ ထောင်အာဏာပိုင်များအား ပြန်လည်ခုခံသူများကို အနည်းအကျဉ်း ရိုက်နှက်ဆုံးမခဲ့ရပါသည်။ အချို့ကို တိုက်ပိတ်ခဲ့ရသည်။ ပုဒ်မ ၅ များအား မူလက လွတ်လွတ်လပ်လပ် ထားရှိခဲ့သော်လည်း ထိုအခွင့်အရေးကို ယူပြီး ထောင်ဖောက်ရန် ကြိုးစားကြသဖြင့် ပုံစံစနစ်ကို ပြန်လည်ကျင့်သုံးလိုက်ရပါသည်။ သူတို့အတွက် အခွင့်အရေးများ အပြည့်အဝပေးထားပါသည်။ သူတို့ကို အလုပ်မခိုင်းပါ။ သူတို့အတွက် သူတို့ကိုယ်တိုင် အစားအသောက် စီစဉ်နိုင်ရန် ဖိုကြီးတွင် ဦးစီးလုပ်ကိုင်ခွင့်ပေးထားပါသည်။ အညောင်းမိမည်စိုးသဖြင့် ကျန်းမာရေးအလို့ငှာ အိပ်ထောင်အတွင်း သန့်ရှင်းရေးလုပ်ခိုင်းခြင်းကို အကြီးအကျယ်အလုပ်လုပ်နေရပါသည်ဟု ဝါဒဖြန့်ကြခြင်းသာ ဖြစ်ပါသည်။

ဤထောင်တွင် ပုဒ်မ ၅ သုံးထောင် (၃၀၀၀) နီးပါးခန့်ရှိနေရာ သူတို့ကို သူတို့အလိုအတိုင်း လွတ်လပ်စွာ နေထိုင်ခွင့်ပေးလျှင် အကျဉ်းထောင် အုပ်ချုပ်ရေးကို အကြီးအကျယ် ထိခိုက်ပါမည်။ ယခု အေးအေးချမ်းချမ်းနေသူများကို မည်သို့မျှ မလုပ်ခဲ့ပါ။ ဆူဆူပူပူလုပ်နေသူများကိုသာ ထိုက်သင့်သလို အရေးယူခဲ့ခြင်း ဖြစ်ပါသည်။

ဟု ဖြစ်ပါသည်။

တတ်နိုင်ကြပါပေသည်။ လိပ်ကို ကြမ်းပိုးဖြစ်အောင် မျက်လှည့်ပြလိုက်သည့် လှည့်ကွက်သဘောပါပေ။ ထို့အပြင် အသင့်စီစဉ်ထားသော ထောင်မှူးတစ်ယောက်နှင့် ထောင်ကြပ် လေးယောက်အား ခေါ်ယူ၍ သက်သေတင်ပြခဲ့ပြန်ပါသေးသည်။ မယုံငါ့မယားမေး ဟူသောသဘော ဖြစ်၏။

ယခုတင်ပြသည့် သက်သေငါးဦးမှာ ထောင်ဥပဒေနှင့်အညီနေထိုင်သူလာ အုပ်ချုပ်ခဲ့ပါလျက် အကြောင်းမဲ့ရန်စ၍ ပုဒ်မ ၅ တို့၏ ဝိုင်းဝန်းရိုက်နှက်ခြင်းခံခဲ့ရသူများ ဖြစ်ပါသည်ဟု လန်ကြုတ်ငိုကာဖွင့်ပြကြပါသည်။

သူတို့ကို ဝိုင်းရိုက်ဖို့ မဆိုထားပါဘိ၊ မခံမရပ်နိုင်လွန်း၍ အံကိုကြိတ်ပြီး လက်သီးဆုပ်မိကြသည်ကိုပင် သူတို့ရှေ့၌ မလုပ်ခဲ့ပါ။ ထိုသို့ မလုပ်ခဲ့ကြသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြောက်ရွံ့၍ကား မဟုတ်ပါ။ အဓိပ္ပာယ်မရှိသော စွန့်စားမှုမျိုးကို ရှောင်ခြင်းသာဖြစ်၏။

အခွင့်အရေးပြ၍ စည်းရုံးခဲ့သဖြင့် သူတို့နောက်ပါသွားသည့် ပုဒ်မ ၅ ငါးယောက်တို့ကိုလည်း ထောင်တွင်း အကျဉ်းသားများ၏ ကိုယ်စားလှယ်အဖြစ် စုံစမ်းရေးကော်မရှင်နှင့် တွေ့ဆုံစေခဲ့၏။

ထိုပုဒ်မ ၅ ငါးယောက်က ပထမပိုင်းတွင် သူတို့နှင့် ထောင်အာဏာပိုင်များ နားလည်မှုလွဲမှားခဲ့ကြသဖြင့် မလိုလားအပ်သော ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြရပါသည်။ နောက်ပိုင်းတွင် ထောင်အာဏာပိုင်များနှင့် အပြေအလည် ဆွေးနွေး၍ ဖူးတွဲအုပ်ချုပ်ခဲ့ကြသဖြင့် ပြဿနာမပေါ်တော့ဘဲ အေးချမ်းလျက်ရှိနေပါသည်။ အကြောင်းမဲ့ ဆူပူချင်သူအချို့ကိုမူ သူတို့ကိုယ်တိုင် နားချလို့ပင်မရဘဲ လွန်ကဲလာသူများကိုမူ သူတို့က ဥပဒေအရ အရေးယူစေပါသည်။ ဤကိစ္စအတွက် ပြောစရာမရှိပါ။ ပုဒ်မ ၅ များ၏ အစားအသောက်၊ အနေအထိုင် ကိစ္စအဝဝကို သူတို့နှင့် ထောင်အာဏာပိုင်များ တစ်ပတ်နှစ်ကြိမ် ပူးတွဲဖြေရှင်းလျက်ရှိရာ အခက်အခဲမရှိတော့ပါဟု ထောင်အာဏာပိုင်များက တင်ပြစေခဲ့သည့်အတိုင်း အစစ်ခံကြရပါသည်။

နားရှိ၍သာ ကြားလိုက်ရ၏။ ရွှေတိဂုံဘုရားကြီး မျိုး၍ပြောသော်မှ ယုံနိုင်စရာမရှိသောစကားများပင် ဖြစ်ပေသည်။ စုံစမ်းရေးအဖွဲ့ဝင် လူကြီးတစ်ဦး၏ မှတ်သားဖွယ် တရားမျှတသော မှတ်ချက်ကလေးကိုလည်း မလွတ်တမ်း ဖတ်ရှုကြပါဦး။ မည်မျှ အတိုင်အဖောက်ညီမျှကြောင်း ပေါ်လွင်လာပါလိမ့်မည်။

'ဟော... ဒီကွန်မြူနစ်ဆိုတဲ့ အကောင်တွေဟာ ကျောက်ဆင်းတုတောင် ခေါင်းညိတ်အောင် ပြောနိုင်ကြတဲ့လူတွေပဲ။ ယခုလည်း နည်းနည်းပါးပါးဖြစ်တာတို ရောမ ပုံကြီးချဲ့ပြီး ပြောနေတာတွေပါ။ ကျုပ်တို့လည်း သူတို့နဲ့တွေ့ရင် ခေါင်းညိတ်နေရဦးမလားပဲ။ တော်ဘိပိုးထက် ကြောက်စရာကောင်းတဲ့လူတွေ'ဟု သတည်း။

နောက်နေ့တွင် စုံစမ်းရေးအဖွဲ့ဝင်များ ထောင်ထဲဝင်လာ၏။ တစ်ထောင်လုံးမှာ အရေးပေါ်ထုတ်ပေးထားသည့် စွပ်ကျယ်ဆင်တူ၊ လုံချည်ဆင်တူနှင့် သပ်သပ်ရပ်ရပ် ရှိနေကြ၏။ မိမိ နေထိုင်ရာအဆောင်တွင် လွတ်လပ်စွာနှင့် နေထားသော်လည်း ကျွန်တော်တို့ကမူ ကိုယ့်ခုတင်ပေါ်တွင်ကိုယ် ငြိမ်သက်စွာ နေထိုင်ကြ၏။ တိတ်ဆိတ်စွာ ဆန္ဒပြသည့်သဘော ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းရေးအဖွဲ့ဝင်များသည် ထောင်အာဏာပိုင်များနှင့်အတူ တစ်ထောင်လုံး လှည့်ပတ်ကြည့်ရှုကြ၍ အချို့အခန်းထဲသို့ ဝင်ကြည့်ကြပါ၏။ အနေအထိုင်၊ အစားအသောက်ကိစ္စများ တစ်ခွန်းစ နှစ်ခွန်းစ မေးကြ၏။

ကျွန်တော်တို့က မူလ ဆုံးဖြတ်ချက်အတိုင်း ဆိုးသည်၊ ကောင်းသည် မတင်ပြကြပါ။ 'ပြောစရာ လုံးဝမရှိပါ'ဟု ဖြေခဲ့ကြပါသည်။

စုံစမ်းရေးအဖွဲ့ဝင်များအနေဖြင့် ကျွန်တော်တို့က ခပ်တည်တည်နေကြသည်ကို နှစ်မြို့ဟန်မရှိပါ။ မျက်နှာများ ညိုပုပ်လျက်ရှိ၏။ ပြူးတူးပြဲတဲ ဟိုကြည့်ဒီကြည့်၍ ပြန်ထွက်သွားကြ၏။

သူတို့စိတ်ထဲတွင်တော့ 'ဒီကောင်တွေဟာ ထောင်အာဏာပိုင်တွေပြောသလို ဟုတ်မှာပဲ'ဟု ထင်သွားကြဟန်ရှိပါသည်။

သို့နှင့် ကျွန်တော်တို့ကလည်း ကျွန်တော်တို့အယူအဆနှင့်သူတို့ကလည်း သူတို့အယူအဆနှင့်။ ထပ်၍မရနိုင်သော လေးထောင့်နှင့် အဝိုင်းဖြစ်၍ သွားကြပေ၏။

စုံစမ်းရေးအဖွဲ့ဝင်များသည် ထမင်းချက်ဖိုကြီးသို့ ဝင်ကြည့်ကြသေး၏။ ထိုနေ့က ထမင်းချက်ဖိုကြီးတွင် နံနက်စာအတွက် ကုလားပဲခြမ်းသန့်သန့်ကို ကြက်သားတုံးကလေးများ ရောစွက်၍ မဆလာနံ့သင်းနေအောင် ချက်ထား၏။ ကျွန်တော်တို့ ထောင်ရောက်သည်မှ လွတ်သည်အထိ အနံ့အရသာ ပြည့်စုံသော အသားဟင်း သန့်သန့်ပြန့်ပြန့်ကို ဤတစ်ကြိမ်သာ ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် စားရခြင်း ဖြစ်ပေသည်။

ဖိုကြီးထဲဝင်ကြည့်ခဲ့သည့် စုံစမ်းရေးအဖွဲ့ဝင်များပင် ဟင်းနံ့ကောင်းလွန်းသဖြင့် ထမင်းဆာလာသည်ဟု မှတ်ချက်ချသွားခဲ့ကြပေသည်။ တကယ့် သုခမိန်ကြီးများပါပေ။

ထောင်အာဏာပိုင်များမှာ တပြုံးပြုံးနှင့် ဖြစ်နေကြ၏။

ဤသို့လျှင် သူတို့ကိုယ်တိုင် နပ်ကြောင်းပေးကာ ကိုယ်တိုင်ချီး၊ ကိုယ်တိုင်ဝေသွားခဲ့သော စုံစမ်းရေးအဖွဲ့ဝင်များ၏ သာယာဝတီထောင် စုံစမ်းရေးလုပ်ငန်းများကား ဤတွင် ပြီးဆုံးသွားခဲ့ပါသည်။

စုံစမ်းရေးအဖွဲ့ လာသည့်အတွက် ကျွန်တော်တို့ ရရှိလိုက်သည့်အမြတ်မှာ အဝတ်အစား တစ်စုံနှင့် နံနက်ပိုင်း ပဲနှင့် ကြက်သားဟင်းကလေး စားလိုက်ရခြင်းပင် ဖြစ်ပေသည်။ ကျွန်တော်တို့ကို မူလ ယူဆထားသည့်အတိုင်းပင် စုံစမ်းရေးအဖွဲ့သည် ထောင်အာဏာပိုင်များ၏ ထင်မြင်ချက်အပေါ် အလေးထား၍

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းစစ်ဆေးခြင်းဖြင့် မကြီးကျယ်လှသော စုံစမ်းရေးလုပ်ငန်းများ ပြီးဆုံးခြင်းသို့ ရောက်စေခဲ့တော့၏။

ဤနေရာတွင် ကြားဖြတ်တင်ပြလိုသည်မှာ ယခု ကျွန်တော် ရေးသားတင်ပြသည့် သာယာဝတီထောင် ညှဉ်းပန်းနှိပ်စက်မှုများမှာ ကွန်မြူနစ်များအား ခုခံကာကွယ်၍ ရေးသားတင်ပြခြင်းလည်း မဟုတ်ပါ။ ဤအချက်ကိုကား သံသယကင်းရှင်းကြစေလိုပါသည်။

လူလူချင်း ဤသို့ ညှဉ်းပန်းနှိပ်စက်မှုမျိုး လုပ်ထိုက်, မလုပ်ထိုက်၊ ဘဝတူ နိုင်ငံရေးသမားချင်း ငါနိုင် သူညှဉ်းသဘောထားမျိုး ထားသင့် မထားသင့်၊ သစ်ငုတ်မြင့်တုံ့ မြက်မြင့်တုံ့၊ ပုံလုံတစ်လှည့် ငါးဖျံတစ်လှည့် မိမိတို့အလှည့် ရောက်ပြီဟူ၍ သဘောထားသင့် မထားသင့်၊ မည်သည့်ဝါဒနှင့် ယုံကြည်ချက်ကို ခံယူသည်ပင်ဖြစ်စေ၊ ဤဆိုးယုတ်သော အပြုအမူမျိုးတော့ မရှိတန်ရာ။ မည်သို့သောကာလ၊ မည်သို့သော အစိုးရမျိုးပင် အုပ်ချုပ်စေကာမူ ဤသာယာဝတီထောင် အဖြစ်မျိုးကဲ့သို့ လူလူချင်း လူမဆန် ညှဉ်းပန်းနှိပ်စက်မှုမျိုး နောင်တွင် မပေါ် ပေါက်စေရန်နှင့် ဤကဲ့သို့ အတုံ့အလှည့် ပေါ်ပေါက်စေမည့် စိတ်ထားမျိုး ပေါ်ပေါက်စေမည့် အပြုအမူမျိုးကို ထိန်းသိမ်းရှောင်ရှားနိုင်ကြစေရန် သင်ခန်းစာ ဖြစ်စေလိုသော ဆန္ဒသဘောကိုသာ ရှေးရှုရေးသားမှု ဖြစ်ပါသည်။

အုပ်စိုးသူများအနေဖြင့် (ဝါ) အာဏာလက်ကိုင်ရ အစိုးရအဖွဲ့တစ်ဖွဲ့အနေဖြင့် လိုအပ်သည့်အချိန်တွင် လိုအပ်သောသူများအား ထိန်းသိမ်းထားရမည့် တာဝန်ကား ရှိစမြဲဖြစ်၏။ သို့သော် ထိန်းသိမ်းမှုသည် ဥပဒေအရ ထိန်းသိမ်းမှုသာ ဖြစ်စေကာ ထိန်းသိမ်းခံရသူ၏ လူ့အခွင့်အရေးကိုမူ တရားဥပဒေအတိုင်း တရားမျှတစွာ ခံစားစေခြင်း၊ ကာကွယ်ပေးခြင်းနှင့် ယခုကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှုမျိုးမှ ကင်းလွတ်စေသင့်ပါသည်။ သို့မှလည်း အာဏာလက်ကိုင်ရ တရားမျှတသောအစိုးရ ဟူသောနာမည်နှင့် လိုက်လျောမည်ဖြစ်ပေသည်။

တော်လှန်ရေးအစိုးရလက်ထက်တွင် ထိန်းသိမ်းခံသူများအပေါ်၌ ဤကဲ့သို့ ညှဉ်းပန်းနှိပ်စက်သည့်အဖြစ်မျိုး မဖြစ်ရအောင် လုပ်ဆောင်ခဲ့သည့် လက်ငင်းဖြစ်ရပ်များကား ပြည်ထောင်စုသားများအတွက် တန်ဖိုးမဖြတ်နိုင်သော (ဝါ) အလွန် အဖိုးထိုက်တန်လှသော သင်ခန်းစာပြ နမူနာကောင်းကြီးတစ်ခု ဖြစ်ပေသည်။ ဤသို့သော သဘောထားမျိုးကို လက်ခံထွေးပိုက်နိုင်သည့်အခါ လူလူချင်း ယခုကဲ့သို့ ညှဉ်းပန်းနှိပ်စက်မှုမျိုး ပေါ်ပေါက်စေမည့် ဖြစ်ရပ်များမှာ မကြာမတင် ချုပ်ငြိမ်းပျောက်ကွယ်သွားမည် မုချဖြစ်ပေသည်။ ဤမည်သော

www.burmeseclassic.com

www.burmeseclassic.com



အရင်းခံစိတ်ထားသည်ပင် ဤစာအုပ်ဖြစ်ပေါ်စေခြင်း၏ တစ်ခုသောအကြောင်း တစ်ရပ် ဖြစ်ပါသည်။

စုံစမ်းရေးအဖွဲ့ပြန်သွားပြီး နောက်တစ်နေ့မှာပင် တစ်ထောင်လုံးရှိ ပုဒ်မ ၅ များကို အိပ်ထောင်အပြင်ဘက်ထုတ်၍ အသားလွတ်ရိုက်ပါလေတော့၏။ ခါတိုင်းလို နှစ်ချက်၊ သုံးချက် ရိုက်ခြင်းမျိုးမဟုတ်ဘဲ သံတေမျာကိုယ်တိုင် ဦးစီး၍ အတော်ကလေး သဲသဲမဲမဲ ရိုက်ပစ်လိုက်ပါသည်။

'စုံစမ်းရေးကော်မရှင်လာတာနဲ့တော့ ခေါင်းမထောင်ကြနဲ့ကွ၊ တို့က ဂရုမစိုက်ဘူးဟေ့'ဆိုသည့် သဘောပင်ဖြစ်ပါသည်။ ရိုက်သမျှ ခံနေသူများအား ထပ်ခါတလဲလဲ ရိုက်နှက်ခြင်းဖြင့် သူတို့တွင် မည်သို့ အကြောင်းထူးမည် မသိသော်လည်း ကျွန်တော်တို့အတွက်တော့ ဘာမှပို၍အကြောင်းမထူးတော့ပေ။ ထုသားပေသားရနေသကဲ့သို့ ခံနိုင်ရည်ရှိနေပြီး ဖြစ်ပါသည်။

ကျွန်တော်တို့ကို လက်တွေ့ရိုက်နေသူများမှာ ရာဇဝတ် အကျဉ်းသားများ ဖြစ်၏။ သာယာဝတီထောင်တွင် သူတို့က လူနည်းစုဖြစ်၍ ကျွန်တော်တို့က လူများစုဖြစ်၏။ ရိုက်နှက်သူများကိုသာ ပြန်လည်လက်စားချေရလျှင် စိစိညက် ညက်ကြေသွားနိုင်ပေသည်။ သို့သော် ကျွန်တော်တို့က လက်စားမချေကြပါ။ မတုံ့ပြန်ကြပါ။ ထိုစိတ်ကူးမျိုးလည်း မရှိကြပါ။

သူတို့မှာ ထောင်အာဏာပိုင်များ၏ ခိုင်းစေချက်အရလုပ်ခြင်း ဖြစ်၏။ အခြေခံပညာအရည်အချင်းက နည်းပါးသည့်အလျောက် အသိဉာဏ်နှင့် စဉ်းစား ဉာဏ်လည်း နည်းပါးကြ၏။ သူတို့အခွင့်အရေးနှင့် လွတ်မြောက်ရေး အတွက် ကွက်ကွက်လေးကြည့်ကာ ရန်သူမဟုတ်သော လူလူချင်း၊ အမျိုးသားချင်းများ အပေါ်တွင် ဤမျှ ရက်စက်စွာ ရိုက်နှက်ကြခြင်း ဖြစ်၏။ အာဏာပိုင်များ ခိုင်းစေသမျှ မစဉ်းစားဘဲ လုပ်ကြသူများသာ ဖြစ်ပေသည်။

သူတို့ကို ကျွန်တော်တို့က တုံ့ပြန်ခဲ့သော် သူတို့လည်းနာ၊ ကျွန်တော်တို့ လည်း နာရုံမှတစ်ပါး အကြောင်းထူးမလာနိုင်ပေ။ သူတို့ကို အကာအကွယ်ပေးမည့် အာဏာပိုင်များ ရှိနေသေးသည်တကား။ အဓိကမှာ အာဏာပိုင်များဖြစ်၍ သာမညမှာ အကျဉ်းသားများဖြစ်ပေရာ သူတို့ကို တုံ့ပြန်သည်ထက် အခွင့်မှန် ရလာစေရန် ပူးကပ်စည်းရုံးခြင်းသာ အမှန်ဆုံးဖြစ်သည်ဟု လက်ခံထားကြပါသည်။ ကျွန်တော်တို့ ရင်ဆိုင်နေရသော အခြေအနေအရ ဤသဘောထား ရှိသည်သာ အကောင်းဆုံးနှင့် အမှန်ကန်ဆုံး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့တိုင်း တန်းစီရ၏။ ထောင်ပိုင်ကြီး လှည့်ကြည့်မည့်နေ့ဖြစ်သည်။ တန်းစီဆိုသည်မှာ လွယ်လွယ်ကူကူ ခေတ္တခဏ စီရခြင်းမျိုး မဟုတ်ပါ။ နံနက် ၆ နာရီခွဲမှစ၍ ထောင်အတွင်းပတ်ပြီး ဖောက်ထားသည့် မြေနီလမ်းပေါ်တွင် ပုံစံထိုင်နေရခြင်း ဖြစ်ပေသည်။

ထောင်ပိုင်ကြီး မလာမီအတွင်း နေပူလျှင် နေပူထဲ၊ မိုးရွာလျှင် မိုးရွာထဲ နေရခြင်း ဖြစ်၏။ ထောင်ပိုင်ကား ၉ နာရီခွဲမှသာ ကြွတော်မူလာ၏။

အမှန်မှာ တနင်္လာတန်းစီဆိုခြင်းသည် ကျွန်တော်တို့၏ မကျေနပ်ချက်၊ တိုင်လိုချက်များကို ထောင်ပိုင်ထံလျှောက်ထားရန်နှင့် အကျဉ်းသားများ အခြေအနေကို ထောင်ပိုင်က ကြည့်ရှုစစ်ဆေးရန်အတွက် ဖြစ်ပေသည်။ ယခု ကျွန်တော်တို့ တန်းစီကား ထိုသို့ မဟုတ်ပါ။ စီရုံသာ စီရသည့်တန်း ဖြစ်ပါသည်။ 'မြင်ရုံသာမြင်ရ၊ မကြင်ရမောင့်ကို' ဆိုသည့် တေးအတိုင်းဖြစ်၏။

ထောင်ပိုင်ဝန်မလာခင် ခြောက်ထောင်ပိုင်နှင့် သံတော့အချို့က ပထမလှည့်ကြည့်၏။ လှည့်ကြည့်ရင်း ပါးစပ်မှလည်း ဤသို့ရေရွတ်သွားကြပါသည်။

"မင်းတို့နော်၊ ထောင်ပိုင်ကို ဘာမှမလျှောက်နဲ့။ သူကမေးရင် ကောင်းတယ်ပြော၊ အတွန့်တက်တဲ့အကောင် အသေပဲ"ဟူ၍ ဖြစ်၏။

သူတို့က ပတ်လှည့်ပြီး နာရီဝက်ခန့်အကြာမှ ထောင်ပိုင်ကြီးသည် အခြွေအရံများနှင့် ဝင်လာပါသည်။ ရှေ့ဆုံးမှ တုတ်ထမ်းသံတော့များ၊ ထို့နောက်မှ ပွင်းနီ (စလွယ်နီကြီးပတ်ထားသည့် အရစ်လေးရစ်ရ ထောင်ကြပ်အုပ်ကြီးကို ထောင်ဝေါဟာရအားဖြင့် ပွင်းနီဟု ခေါ်ပါသည်။) ပွင်းနီနောက်မှ ထောင်မှူးကြီး၊ ထောင်မှူးကလေးများ လိုက်ပါလျက် ကြွချီလာပါသည်။

ကျွန်တော်တို့ တန်းစီနေရာသို့ ထောင်ပိုင်ကြီး ရောက်မလာမီ ရှေ့ဆုံးမှ သံတော့တစ်ဦးက–

"အားလုံး နံပါတ်ကြီးကိုကိုင်၊ ခြေစု၊ ဒူးစိ၊ ရှေ့တည့်တည့်ကြည့်"ဟူ၍ အမိန့်ပေး၏။

အမိပ္ပာယ်မှာ ကျွန်တော်တို့နာမည်၊ အဖေနာမည်၊ နေရပ်၊ ပုဒ်မ၊ အကြောင်းအရာများ ရေးသားထားသည့် အလျားတစ်ပေခွဲ၊ အနံတစ်ပေခန့်ရှိ သတ်ပြားကြီးကို နံပါတ်ကြီးဟုခေါ်၏။ နံပါတ်ကြီးကို လက်နှစ်ဖက်နှင့်ကိုင်လျက် ရင်ဘတ်တည့်တည့်တွင် ထားရ၏။ ခြေနှစ်ချောင်းကို စုရပ်၍ ဒူးခေါင်းကိုစုထားပြီး ရှေ့သို့ တည့်တည့်ကြည့်နေရမည်ကို ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တန်းစီသည့်အခါတိုင်း ကြားရသည့်အမိန့်နှင့် လုပ်ကိုင်ခဲ့ရသည့်အလုပ်ပင် ဖြစ်ပေသည်။ အမှန်အားဖြင့် ထိုအမိန့်များကား ရာဇဝတ်မှုကြီးများကို ကျူးလွန်ခဲ့သော ရာဇဝတ်အကျဉ်းသားများအတွက်သာဖြစ်ရာ နိုင်ငံရေးကြောင့် ထိန်းသိမ်းခံခဲ့ရသော ကျွန်တော်တို့မှာ ထိုရာဇဝတ်ကောင်များနှင့် ဘာမှမခြားနားတော့ပေ။ ဤအချက် ဤဖြစ်ရပ်များကိုသာ စာဖတ်သူများ ဝေဖန်ဆုံးဖြတ်ကြစေလိုပါသည်။

သို့သော် ကျွန်တော်တို့သည် အမိန့်ပေးသည့်အတိုင်း မတ်တတ်ရပ်နေရ၏။ ထောင်ပိုင်ကြီးက ကျွန်တော်တို့အား ဂရုတစိုက် လျှောက်ကြည့်မသွားပေ။ သူ့လူများနှင့်သာ စကားတပြောပြော သွားနေ၏။ တစ်ခါတစ်ရံ ဟိုကြည့်ဒီကြည့် လှည့်ကြည့်ခိုက်နှင့် သူ့မျက်စိရှေ့တွင် အသက်ကြီးလွန်းသူများ၊ ပိန်ချုံးနေသူများ တွေ့လျှင် ဟိုမေးဒီမေး မေးတတ်ပါသည်။ စိတ်ကောင်းဝင်သည့်အခိုက်နှင့် ကြုံလျှင် နံပါတ်ကြီးပေါ်တွင် 'နို့စား' ပေးရန် လက်မှတ်ထိုးသွားတတ်ပေသည်။ နံပါတ်ကြီးထဲ လက်မှတ်ထိုးပေးခံရသူကား ထိုအပတ်တွင် ထိပေါက်သူများဖြစ်၏။ ကျားသနားမှ နွားချမ်းသာရသည့်အဖြစ်မျိုး ဖြစ်ပေသည်။

နို့စားရသူများသည် ထမင်းပုံစံအပြင် နေ့လယ်ဘက်တွင် နို့တစ်ခွက်နှင့် ပေါင်မုန့်တစ်ပိုင်းရ၍ အလုပ်ခွင်မဆင်းရဘဲ နားခွင့်ရ၏။ သို့သော် အပြည့်အဝမရပါ။ အပြည့်အဝမရ ဆိုသည်မှာ ထောင်ပိုင်က နို့စား ၁၅ ရက် ပေးသွားသော်လည်း ဆေးရုံက ငါးရက်မှ ခုနစ်ရက်သာ အများဆုံးပေးပြီး ဖြတ်လိုက်ပါသည်။ သို့သော် နို့စားရကြောင်းကိုမူ ၁၅ ရက်ပြည့်အောင် လက်မှတ်ရေးထိုးရပေ၏။ (ဤအကြောင်းနှင့် စပ်လျဉ်း၍ ရှေ့အခန်းများတွင် ပါပါဦးမည်)။ ထောင်ပိုင်ကြီး ဘူးထဲပြန်ရောက်သွားသည့်အခါမှ ထိုနေ့အတွက် ငရဲခန်းတစ်ခုဖြစ်သော တန်းစီခြင်းကိစ္စမှာလည်း ပြီးဆုံးသွားပါသည်။

## ဆေးရုံနှင့် ဆရာဝန်

ထောင်တွင် အဆောင်တစ်ဆောင်ကို ဆေးရုံဟု သတ်မှတ်လျက် ဖွင့်ထား၏။ ဆရာဝန်တစ်ယောက်ရှိ၏။ သို့သော် ဆေးဝါးကား ဗလာနတ္ထိ။ ဆရာဝန်ကလည်း အမည်သာရှိ၍ လူမရှိ။ ထောင်ကျ ကွန်ပေါင်ဒါများကသာ ဆေးပေးဆေးယူလုပ်၍ ဆေးကုသပေးလေ၏။ မမာမကျန်းဖြစ်၍ ဆေးရုံသွားလျှင် ဘာဆေးမှန်းမသိသော အဖြူရည်များကိုသာ တိုက်၏။ ဆေးပြောင်းပေးခြင်း၊ ဆေးထိုးပေးခြင်းမရှိပေ။ ကျွန်တော်တို့ကမူ ဆေးရုံရောက်လျှင် ဆေးရုံမှ

www.burmeseclassic.com

www.burmeseclassic.com



ဆေးထိုးပေးကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ရ၏။ ဆေးမထိုးရ၍ လက်မှတ်မထိုးနိုင်ဟု ငြင်းလျှင် ရိုက်၏။ ပထမပိုင်း ဆေးရုံရောက်သူများ အဖြစ်အပျက်ကြောင့် နောက်လူများက အရိုက်မခံတော့ဘဲ အလွယ်တကူပင် လက်မှတ်ရေးထိုးခဲ့ကြပေသည်။

ထောင်ဆရာဝန်ကို ကျွန်တော်တို့က 'ဇီဝကကြီး'ဟု အမည်ပေးထား၏။ ရောဂါမှန်သမျှကို အဖြူရည်ဆေးတစ်ခွက်နှင့် ကုသနိုင်စွမ်းရှိသောကြောင့် ဖြစ်ပါသည်။

တီဘီသမားကိုလည်း ဆေးအဖြူ၊ ခေါင်းကိုက်သမားကိုလည်း ဆေးအဖြူ၊ ဗိုက်နာသူလည်း ဆေးအဖြူ၊ ဖျားနာသူကိုလည်း ဆေးအဖြူ၊ မျက်စိနာသူကိုလည်း ဆေးအဖြူ၊ ဝဲပေါက်သူအားလည်း ဆေးအဖြူ၊ ရောဂါမှန်သမျှ ဆေးအဖြူကိုသာတိုက်၍ ကုသပေးပါသည်။ ဆေးရုံကို သွားမယ့်သာသွားရသည်။ ဘာဆေးတိုက်မည်ကိုမူ သိပြီးဖြစ်နေ၏။ ဆေးရုံမှပြန်လာသူများအား အိပ်ထောင်ရောက်လျှင် 'ရဲဖြူ'ဟု နာမည်ပြောင်းခေါ်ကြပါသည်။

ဆေးထိုးခံရကြောင်း သူတို့ လက်ညှိုးထောက်ပြသည့်နေရာတွင် လက်မှတ်ထိုးခဲ့ရသော်လည်း ဆေးထိုးခံရသူမှာ လူတစ်ရာတွင် ငါးယောက်ပြည့်အောင် မရှိဘူးပေ။ ရသမျှဆေးများကို ဆရာဝန်ကယူ၍ အပြင်တွင် ဆေးတိုက်ဖွင့်ပြီး ဆေးကုပေးနေကြောင်း သိရ၏။ ဆရာဝန်ကား တစ်နေ့တစ်ခေါက်ပင် မှန်မှန် မလာပေ။ သူလာသည့်အချိန်တွင် ထောင်ကျ ကွန်ပေါင်ဒါများက ရောဂါကြီး သူများကို ဝင်ပြသည့်အခါ 'အို–ဒီကောင်တွေ ဆေးကုပေးဖို့ကောင်းတဲ့အကောင် တွေ မဟုတ်ပါဘူး၊ သူတို့သေရင် စာရွက်တစ်ရွက်ပဲကုန်မယ်'ဟု ရိုင်းစိုင်းရက်စက်စွာ ပြောလေ့ရှိသူ ဖြစ်ပါသည်။

နို့စားရသူများမှာ နံပါတ်ကြီးထဲတွင် ၁၅ ရက် ရေးပေးသော်လည်း ငါးရက်လောက်သာရပြီး နောက်ထပ် မရတော့ပါ။ ကျန်ရက်အတွက်ကိုမူ နို့မရတော့သော်လည်း နေ့တိုင်း လက်မှတ်သွားထိုးပေးရ၏။ နို့တစ်ပုံးကို ဆေးလိပ် ၂၀ သို့မဟုတ် ပိုက်ဆံငါးမူးဖြင့် ရောင်းစား၏။ ထောင်ကျများက ကျွန်တော်တို့ထံမှ ကစ်၍ရသမျှဖြင့် ဝယ်သောက်ကြ၏။

ဆေးရုံတွင် လူ ၃၀၀၀ ကျော်ရှိသည့်အနက် လူငါးယောက်ခန့်သာ အတွင်းလူနာအဖြစ် လက်ခံထား၏။ (သေအံ့ဆဲဆဲ လူနာများသာဖြစ်သည်။) ဆေးရုံမှ လူနာခုတင်များတွင်မူ သံတေ (ထောင်ကျအကြီးအကဲ)များက မွေ့ရာနှင့်၊ ခြင်ထောင်နှင့် အကျနေထိုင်လျက် စက်တော်ခေါ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်မှာ ပန်ချာပီလူမျိုးဖြစ်၍ မြန်မာစကားကို မြန်မာတစ်ယောက်လို ပြောတတ်သူဖြစ်၏။ သူ့တွင် အယ်လ်–အမ်–ဘီ ဆိုသော ဘွဲ့တစ်ခုကလွဲ၍ ဆရာဝန်တစ်ယောက်၏အင်္ဂါရပ် လုံးဝမရှိပါ။ ဆရာဝန်တစ်ယောက်၏ ကြင်နာမှုမျိုး မဆိုထားဘိ၊ သာမန်လူသားတစ်ယောက်၏ ကြင်နာမှုမျိုးပင် ရှိသူမဟုတ်ပေ။ သူ့တွင် မည်မျှရက်စက်သော နှလုံးသားရှိသည်ကို ထင်ရှားသော ဖြစ်ရပ်တစ်ခုဖြင့် တင်ပြပါမည်။

ထောင်ကြီးထဲသို့ ပုဒ်မ ၅ များ ရောက်လာတိုင်း အသေအလဲရိုက်နှက်၏။ လက်စွမ်းပြကြ၏။ သာယာဝတီထောင်အကြောင်း သက်သေပြ၏။ ထိုသို့ ထောင်ဘူးကြီးထဲတွင် ပုဒ်မ ၅ များကို ရိုက်နှက်နေသည့်အခါ သူရောက်လာတတ်ပြီး မြှောက်ပေးလေ့ရှိ၏။ ရိုက်နေသူများကို အားပေးလေ့ရှိ၏။

"ဟော့... ဘယ့်နှယ်လဲကွ၊ မင်းတို့ရိုက်တာ အကွဲအပြဲ မပါသေးပါလား။ ငါ့မှာရှိတဲ့ မြင်းမြီးတွေ ဘယ်မှာသွားသုံးရမလဲ။ တယ်ရော်တဲ့အကောင်တွေပဲ၊ ဒီကောင်တွေ အရိုက်မတတ်သေးဘူး၊ အရိုက်သင်ပေးလိုက်ဖို့ ထောင်ပိုင်ကြီး ပြောရဦးမယ်။ ကဲ–ဒီနေ့ မြင်းမီး ၁၀ ချောင်းလောက် သုံးချင်တယ်ဟေ့"ဟု ပြောဆို မြှောက်ပေးလေ့ရှိ၏။

ဤမျှ လူစိတ်ကင်းမဲ့သူပေတည်း။ ရိုက်နှက်ခံရ၍ ခေါင်းကွဲ၊ နဖူးကွဲ၊ လက်ကွဲသူများကို ထုံဆေး, မေ့ဆေးမပါဘဲ အစိမ်းချုပ် ချုပ်ပေး၏။ အောက်က ခံရသူမှာ ငါးပြေမ ဆားပက်သည့်နှယ် ထွန့်ထွန့်လူးမတတ် ခံရပေသည်။

သို့သော် ထောင်ဆရာဝန်ကဲ့သို့ အလွန်ရက်စက်ကြမ်းကြုတ်သူများရှိသလို အလွန်စိတ်သဘောထားနူးညံ့၍ လူမဆန်သည့်နှိပ်စက်မှုများကို မကြည့်ရက်သည့် အဝတ်တိုက်ချေးတိုက် ထောင်မှူး မစ္စတာ ဘာနာဂျီကဲ့သို့ ပုဂ္ဂိုလ်မျိုးလည်း ရှိပါသေး၏။ သူကား အကျဉ်းသားများဘက်က လိုက်လေ့ရှိ၏။ အကာအကွယ်ပေးလေ့ရှိ၏။ ထို့ကြောင့်ပင် ဘာနာဂျီသည် သာယာဝတီထောင်မှ အမြန်ဆုံး ပြောင်းရွှေ့သွားခဲ့ရပေသည်။ နူးညံ့သော အသည်းနှလုံးပိုင်ရှင်ဖြစ်သောကြောင့်ပင်။

ဆရာဝန်နှင့်တကွ အကျဉ်းသား ကွန်ပေါင်ဒါများ၏ မတရားလုပ်မှုကြောင့် နောက်ပိုင်းတွင် နို့စားမလျှော့ရန်နှင့် ဆေးရုံမသွားရန် ပုဒ်မ ၅ အချင်းချင်း မေတ္တာရပ်ခံခဲ့ရ၏။ ပုဒ်မ ၅ များအတွက် ရသည်ကနည်းနည်း၊ သူတို့စားနေသည်က များများဖြစ်နေသည်ကို သိမ်မွေ့သောနည်းဖြင့် ကုပြန်လိုက်ရခြင်းဖြစ်ပေသည်။ မမာမကျန်း ဖြစ်သူများရှိခဲ့လျှင် အိမ်ကပို့ပေးသည့် ငန်းဆေး၊

www.burmeseclassic.com

www.burmeseclassic.com



ချေးထုတ်ဆေး၊ လျက်ဆားတို့ဖြင့် တစ်ဦးကိုတစ်ဦး ကြင်နာယုယစွာ ကုသပေးခြင်းဖြင့် ထောင်ဆေးရုံကို ဆန့်ကျင်ခဲ့ကြပါသည်။

ဆေးရုံဆန့်ကျင်ရေး လှုံ့ဆော်ခဲ့ရသည့် နောက်ထပ်အကြောင်းတစ်ကြောင်းမှာ အကျဉ်းသားကွန်ပေါင်ဒါ ရမ်း၍ ကုသမှုကြောင့် မင်းဘူးမှ ရဲဘော်တစ်ဦးနှင့် ပဲခူးမှ ရဲဘော်တစ်ဦး သေဆုံးခဲ့ရသည့်ကိစ္စကြောင့်ပင် ဖြစ်၏။

ထိုအချိန်မှစ၍ ဆေးဖြူကြီးနှင့် လမ်းခွဲလိုက်ကြတော့၏။ ပုဒ်မ ၅ များထဲတွင် ပါလာသည့် ဗိန္ဒောဆရာများလည်း အလုပ်ရသွားကြပေသည်။

## ထမင်းဆွဲ ထမင်းဆွဲ

'ထမင်းဆွဲ၊ ထမင်းဆွဲ' ဆိုသည့် အသံမှာ ကျွန်တော်တို့ နေ့စဉ်နှင့်အမျှ စောင့်မျှော်နေရသော မင်္ဂလာအရှိဆုံး၊ ကျက်သရေအပေါင်းတို့နှင့် အပြည့်စုံဆုံးသော အသံဖြစ်၏။ ထမင်းတစ်ခုကိုသာ အားပြု၍ အာဟာရစောင့်သောရုပ်တည်မြဲမှု အတွက် ကြိုးပမ်းနေရသူများအဖို့ ထမင်းစားချိန်ကိုသာ ငံ့လင့်၍ နေကြရသည်မှာ သဘာဝလည်းကျပေသည်သာ။ ထမင်းဆွဲဆိုသည်မှာ ထမင်းသွားယူရန်ခေါ်သည့် အသံဖြစ်၍ ထောင်ဝေါဟာရအားဖြင့် ထမင်းစားကို 'ထမင်းဆွဲ'ဟု ဆိုပါသည်။

နေသာသည့်အချိန်တွင် ထမင်းဆွဲရသည်မှာ ဒုက္ခမရောက်ပါ။ အပူရှိန်ဒဏ်ခံရရုံလောက်သာ ဖြစ်ပါသည်။ မိုးရွာသည့်အခါတွင်မူ အလွန်ဒုက္ခရောက်ကြ၏။ ဆောင်းစရာကလည်းမရှိ၊ အဝတ်အစားအပိုကလည်း မရှိသဖြင့် ရှိသည့် အဝတ်အထည်ကလေးကို ရေစိုမခံနိုင်ကြပေရာ အဝတ်ဗလာနတ္ထိ၊ ကိုယ်တုံးလုံးဖြင့် ထမင်းဆွဲ ထွက်ရပါသည်။ ယူနီဖောင်းဆင်တူနှင့် ဖြစ်နေကြ၏။ ထိုအချိန်တွင် ကျွန်တော်တို့အား အပြင်လူ တစ်ဦးဦးကမြင်လျှင် 'ဘယ်ကလူရိုင်းတွေ လူ့လောကထဲ ရောက်နေကြသလဲ'ဟု ဆိုကြမည်အမှန် ဖြစ်ပါသည်။

ဤသို့လည်း ကျွန်တော်တို့၏ဘဝရဲတွင် အရှက်နည်းနည်းခံခဲ့ရသောအခန်းမျိုးလည်း ပါဝင်ခဲ့ပေသည်။ အရှက်ဟူသည်ကို ကျွန်တော်တို့က မျက်နှာလွှဲထားကြရ၏။

ထမင်းဆွဲရာတွင် အဆောင်လိုက် နှစ်ယောက်တစ်တွဲစီတွဲလျက် ပန်းကန်ပြားများကို ကိုင်ပြီး ဖိုကြီးကိုပတ်လျက် ထိုင်နေကြ၏။ ဖိုဇာရာ၏အမိန့်အရ ထမင်းပေးသည့် အပေါက်ရှိရာသို့ ထသွားရ၏။ ထမင်းပေးသည့်အပေါက် နှစ်ပေါက်ရှိရာ ပထမပေါက်မှ ပန်းကန်ပြားထိုးပေး လိုက်လျှင် ဒုတိယပေါက်မှ ထမင်းနှင့်ဟင်း ပြန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ပိုင်း ထမင်းဆွဲရသည့်အခါတွင်မူ သူသူငါငါ အရွက်ပေါင်းနှဲ ရေလုံပြုတ် ဟင်းတစ်ခွက်သာရသဖြင့် အဆိုးအကောင်းမရှိဘဲ သာတူညီမျှရကြ ပေသည်။ ညနေ အသားတုံး တစ်တုံးရမည့် ထမင်းဆွဲတွင်မူ ကံဆိုး၊ ကံကောင်း ပြဿနာပေါ်လာပေ၏။ တစ်ဖက်သောအပေါက်မှ သွင်းပေးလိုက်သော ပန်းကန် ပြားအလွတ်သည် တစ်ဖက်သောအပေါက်မှ ပြန်ထွက်လာသည့်အခါ ထမင်းရော ဟင်းပါ ပါလာရာ၌ တစ်တုံးတည်းသာရှိသည့် ဝက်သားတုံးသည် အသားတုံး သို့မဟုတ် အသားနှင့်အဆီ တွဲနေသည့်အတုံး မဟုတ်ပါဘဲ အဆီတုံးကြီးသာ သော်လည်းကောင်း၊ အသားရော အဆီပါ မပါသည့် အခေါက်တုံးကြီးသော် လည်းကောင်း ဖြစ်ခဲ့ပါလျှင် မျက်နှာကြီးရှုံ့မဲ့လျက် ကံဆိုးသူစာရင်းပေါက် သွားပါသည်။ အသားတုံး ရလာသူမှ ပြုံးပြုံးကလေး ရှိနေ၏။ ထိုသူကား ကံကောင်းသူပါပေ။

နောက်ပိုင်းကျသူများက ရှေ့ပိုင်းမှလူများ၏ ဟန်ပန်အမူအရာ မျက်နှာ အနေအထားကိုကြည့်လျက် ဇဝေဒင်ဟောကိန်းထုတ်ရသည်မှာလည်း စိတ်ပျော် ရွှင်မှုတစ်ရပ်ပင် ဖြစ်ပေသည်။ ဟာသကွက်ကလေး တစ်ကွက်လည်း ဖြစ်၏။

ပြန်ထွက်လာသည့် ထမင်းပန်းကန်ပြားကိုယူ၍ မျက်နှာကြီး ရှုံ့မဲ့ပြီး မလှမ်းချင် လှမ်းချင် ခြေလှမ်းဖြင့် အိပ်ထောင်ဘက်သို့ ဦးတည်သွားနေရသူသည် အဆီတုံးသော်လည်းကောင်း၊ အခေါက်တုံးသော်လည်းကောင်း ရရှိသွားသူဖြစ်ရ ပေမည်သာ။ ထမင်းပန်းကန်လေး တယမ်းယမ်း, ခြေလှမ်းသွက်သွက် လှမ်းနေသူ မှာမူ အသားတုံးရသွားသူသာ ဖြစ်ရမည်မှာမလွဲပေ။

မိမိတို့ ဟောကိန်းထုတ်လိုက်သည့် ဟောပြောချက် မှန်၊ မမှန် အိပ်ထောင် ရောက်သည့်အခါ ပြန်လည်စုံစမ်း ထောက်လှမ်းရသည်မှာလည်း စိတ်ဝင်စားစရာ ကောင်းသော၊ ပျော်စရာကောင်းသည့် အလုပ်တစ်ခုပင် ဖြစ်ပေသည်။

မိမိအလှည့်တွင်မူ ပန်းကန်ပြားထိုးလိုက်ပြီးနောက် ရင်တထိတ်ထိတ်ဖြင့် ဘာကြီးများထွက်လာလေမလဲဟု စောင့်မျှော်နေရသည့် ခဏတာအချိန်ကလေး မှာလည်း ရင်မောစရာပါပေ။

အိပ်ထောင်အပြန်ခရီး မိုးရွာနေခိုက်ကြုံခဲ့ရလျှင် ဟင်းရည်အတွက် မပူရ တော့ဘဲ ဝက်သားတုံးပေါ်ကျလာသည့် မိုးစက်ရေများက အလိုအလျောက် အဆီရည်ကျဲကလေး ဖြစ်သွားတတ်ပါသည်။ တစ်ခါတစ်ရံ ဟင်းခပ်သည့်သူ၏ မျက်စိမှားမှုကြောင့် အသားတုံးနှစ်တုံးမျှပါလာတတ်ရာ ဤလိုမြင်တောင့်ဖြစ်ခဲ ဖြစ်လာသည့် အခါမျိုးတွင်မူ ကံထူးသူမောင်ရှင်မှာ ရွှင်ရွှင်ပြုံးပြုံး ပျော်မဆုံးဖြစ် သွားတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှိုရသောမျက်နှာ ဆိုသည်မှာ အသားတုံး နှစ်တုံးရသည့်လူ၏ မျက်နှာ ပေါ်တွင် အရိပ်သန်းလာသည့် မျက်နှာမျိုးကို ခေါ်ဆိုရလျှင် အမှန်ကန်ဆုံးဖြစ်မည် ထင်ပါသည်။

ကျွန်တော်တို့အား ပေးသည့် ထမင်းပုံစံမှာ တုတ်ဆိပ် ထောပတ်ဘူး လေးနှင့် နှစ်ခွက်စာမျှဖြစ်လေရာ စားလို့ကောင်းသည့် အလုပ်ကြမ်း လုပ်နေ ရသော ကျွန်တော်တို့အတွက် မည်သည့်နည်းနှင့်မျှ မလုံလောက်နိုင်ပေ။ ထမင်း အနည်းငယ်သာစားနိုင်သည့် သက်ကြီးရွယ်အိုများထံမှ ပိုလျှံသော ထမင်းများကို တောင်းယူ စားခဲ့ရပေသည်။

ကလိမ်မကျချင်ဘဲ ကလိမ်ကျရသည့် အလုပ်တစ်ခုလည်း လုပ်ရ၏။ တစ်ဦးက ချာပါတီစား စာရင်းပေး၍ တစ်ဦးက ထမင်းစား စာရင်းပေးပြီး တစ်ဝက်စီ နှစ်မျိုးစားရသည့်နည်းကို ထွင်ရပါသည်။ ညနေထမင်းကို စားပြီး ညအဆာပြေစားရန်အတွက် ချာပါတီလေးကို ချန်ထားပါမှ ဝမ်းကြွတ်သံလည်း မကြားရဘဲ အိပ်၍ကောင်းပေသည်။ ကျွန်တော်တို့မှာ လိမ်နည်းတစ်ရာကို သင်ဆရာ၊ မြင်ဆရာမရှိဘဲ ဘဝကုသိုလ်အကျိုးပေးမဟုတ်၊ အကုသိုလ်အကျိုး ပေးကြောင့် တတ်မြောက်ခဲ့ရသူများ ဖြစ်ပေ၏။

ထမင်းစားတိုင်း နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည့် စိတ်မကောင်းစရာ တစ်ခုမှာလည်း သက်ကြီးရွယ်အိုများ၏မျက်ရည်ကျမှုပင် ဖြစ်၏။ သက်ကြီး ရွယ်အိုများမှာ သူတို့ကိုပေးသော ထမင်းကို မစားနိုင်တိုင်း ဝမ်းပန်းတနည်း မျက်ရည်ကျရသည်မှာ နေ့စဉ်နှင့်အမျှဖြစ်ပေရာ မြင်ရသူတိုင်းပင် စိတ်ထိခိုက်မှု ဖြစ်ကြရပေသည်။

တောင်မင်း မြောက်မင်းမကယ်နိုင် ဆိုသည်မှာ ကျွန်တော်တို့ဘဝမျိုးပင် ဖြစ်ရာ အဘတို့အား ကြည့်၍ စိတ်မကောင်းဖြစ်ရုံမှတစ်ပါး မည်သို့မျှမတတ် နိုင်ပေ။ တတ်နိုင်သမျှတော့ အကူအညီပေးကြ၏။ အဘတို့ ထမင်းပန်းကန် ထဲတွင် ပါလာသည့် မကောင်းသော အသားများနှင့် ကျွန်တော်တို့ လူငယ်ပိုင်းမှ ရရှိသည့် အသားကောင်းကလေးများကို လဲလှယ်ပေးကြ၏။ အဘတို့နှုတ်မှ မည်သို့မျှ မမြည်ရဘဲ သူ့ထက်ငါဦးအောင် လဲပေးကြပေသည်။

ဤကား လူသားချင်း ထားရှိအပ်သည့် ကြင်နာမှုဆိုသည်ကို မည်သူ၏ တိုက်တွန်းချက်မျှမပါရှိဘဲကိုယ့်အသိနှင့်ကိုယ် လုပ်ဆောင်ကြခြင်းပင်ဖြစ်ပေသည်။

ဝတ်ရသည်ကား အစုတ်အနုပ်၊ စားရသည်ကား တစ်ကုတ်တစ်ဆုပ်၊ နေရသည်ကား တဲပုတ် ဆိုသည့် စကားပုံမှာ ကျွန်တော်တို့အဖြစ်မျိုးကို တင်စား

www.burmeseclassic.com

www.burmeseclassic.com



ပြောလျှင် ပို၍မှန်ကန်မည်သာ ဖြစ်၏။ နေရသည်ကား တိုက်ဟု ဆိုစကား သော်လည်း တဲပုတ်နှင့်နေရခြင်းလောက်မျှ မကောင်းပေ။ မသေရုံစားရသော ထမင်းဖြင့် အာဟာရစောင့်သော ရုပ်ကို တတ်နိုင်သမျှ ထိန်းသိမ်းနေရ၏ ထောင်ကကျွေးသော ထမင်းဟင်းမှာလည်း မည်မျှပင်ညံ့စေကာမူ၊ မည်မျှပင် မကောင်းစေကာမူ ‘ထမင်းဆွဲ’ဆိုသည့် အသံကို ကြားလိုက်ရသည့်အခါတွင် ဝမ်းသာအားရ ရှင်မြူးသွားကြသည်သာလျှင် ဖြစ်ပေသည်။

တစ်နေ့ နှစ်ကြိမ် မှန်မှန်ကြားနေရသည့် ‘ထမင်းဆွဲ’ဆိုသည့် အသံကို ကြိုဆိုလျက်သာပင်။ ထမင်းဆွဲ ခေါ်သံကြားတိုင်း ‘မောင်မောင် လာမ ဆိုလို့ ကော်ဖီရည်တွေဖျော်’လို့ ဆိုသော သီချင်းသံကလေးကို ကြားယောင်နေ ပါသည်။

## အသားလွတ် ရိုက်နှက်ခြင်း

ကျွန်တော်တို့အား လက်မှတ်ထိုးထွက်လိုသလားဟု တစ်လ တစ်ကြိမ် မေးတတ်၏။ လက်မှတ်ထိုး ထွက်လိုသလား ဆိုသည်မှာ ကျွန်တော်တို့သည် နောက်နောင် မည်သည့် နိုင်ငံရေးပါတီတွင် လည်းကောင်း၊ နိုင်ငံရေးလှုပ်ရှား များတွင် လည်းကောင်း ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခံဝန်ကတိပေးရပါသည် ယခုပြုမူခဲ့သည့် အမှားကိုလည်း ဝန်ချတောင်းပန်ပါသည် ဟူသောအချက်များ ပါဝင်သည်။ ခံဝန်ချက်တွဲ အစိုးရထံ လျှောက်လွှာတင်ခြင်းဟု ခေါ်ပါသည် ခံဝန်ချက်ဖြင့်ထွက်မည်ဟု လျှောက်လွှာတင်သည့်အခါ သက်ဆိုင်ရာ ရဲစခန်း ပြန်၍မေး၏။

‘မောင်... အား လွတ်လိုက်လျှင် ထိန်းသိမ်းကြည့်ရှုရန် အခက်အ ရှိမည်လော၊ ကန့်ကွက်ချက် ရှိ,မရှိ’ မေးမြန်းပြီး ကန့်ကွက်ချက် မရှိလျှ လွှတ်ပေး၏။ မည်သို့ပင် လက်မှတ်ထိုး၍ ဝန်ခံချက်ပြုစေကာမူ သက်ဆိုင် ရဲစခန်းမှကန့်ကွက်လျှင် လွှတ်မပေးပေ။ ဤသို့ မကန့်ကွက်ရန်အတွက် ရဲ တာဝန်ခံအား ငွေပေးရ၏။

‘လက်မှတ်ထိုး ထွက်လိုသလား’ဟု မေးသည့်အခါ ‘လက်မှတ်ထိုး မထွက်လိုပါ’ဟု ပြောသူများအား တစ်ဦးချင်းခေါ်၍ အသားလွတ် ရိုက် ပြန်၏။ သူတို့အမြင်ကတော့ ခေါင်းမာတဲ့အကောင်တွေဟု ရှုမြင်ကာ ထပ် ပေးသည့်သဘောပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကျွန်တော်တို့မှာ မှားသည်၊ မှန်သည် အချက်ကို အပ,ထား၍ သူတိုင်းတွင်ရှိနေသည့် ပြင်းထန်သော ယုံကြည်ချက်နှင့် တက်ကြွသောစိတ်ဓာတ်အား လက်မှတ်ထိုးဖို့ဆိုလာတိုင်း ခေါင်းခါကြပါသည်။ အာဏာပိုင်များဘက်ကလည်း သူတို့အမြင် မှန်သလို ကျွန်တော်တို့ဘက်ကလည်း အမြင်မှန်သော အချိန် ဖြစ်ပေသည်။

သို့သော် ကျွန်တော်တို့က ခြွင်းချက်ထားပေး၏။ မမာမကျန်းဖြစ်နေသူများ၊ သက်ကြီးရွယ်အိုများကိုမူ လက်မှတ်ထိုးထွက်ရန် တိုက်တွန်းခွင့်ပြုခဲ့ပါသည်။ ပါတီခေါင်းဆောင်ပိုင်းနှင့် ပါတီဝင်များကိုမူ မည်သို့သော အခြေအနေရောက်နေစေကာမူ လက်မှတ်ထိုးထွက်ရန် ခွင့်မပြုခဲ့ပေ။ ပြင်းပြင်းထန်ထန် တားဆီးခဲ့၍ လက်မှတ်ထိုး ထွက်သူများအား သစ္စာဖောက်အဖြစ် သတ်မှတ်ခဲ့သည်။

BURMESE CLASSIC

အနေကလည်းကြာလာ၊ အထုအထောင်းကလည်း ခံရဖန်များလွန်းသဖြင့် အကြောင်းရှာပြီးပဲရိုက်ရိုက်၊ အကြောင်းမဲ့ပဲရိုက်ရိုက် ကျွန်တော်တို့အဖို့ ကျင့်သားရနေပြီဖြစ်၏။ ထူး၍ မဆန်းတော့ပါ။ အရိုက်ခံနိုင်သည့် နည်းသစ်များကိုသာ ရှာဖွေခဲ့ပါသည်။

အရိုက်ခံနိုင်သည့်နည်း ဆိုသည်မှာ အခြားမဟုတ်ပါ၊ ရိုက်တော့မည်ဆိုလျှင် ရှိသမျှအားကို ညှစ်ထုတ်၍ ကျောကုန်းပေါ်သို့ စုပို့လိုက်ပြီး ကျောကုန်းကို အားစိုက်၍ တင်းထားလိုက်သဖြင့် ရိုက်လိုက်သောတုတ်က အသားထဲ နစ်ဝင်သွားတော့ဘဲ ခုန်၍ထွက်သွားပါသည်။ မနာတော့မဟုတ်ပါ၊ နာတော့ နာပါသည်။ အနာသက်သာသည့်နည်းမျှသာ ဖြစ်ပေသည်။

ဤသည်မှာ အရိုက်ခံရလွန်းသဖြင့် တုတ်က သင်ပေးသောပညာ ဖြစ်ပေ၏။ ကျွန်တော်တို့သည် ထောင်ထဲတွင် သတင်းစာလည်း မှန်မှန်မဖတ်ရ၊ ရေဒီယိုလည်း မရှိသဖြင့် မည်သည့်နေ့၊ မည်သည့်ရက်၊ မည်သည့်လ ရောက်နေသည်ကို မည်သည့်အမှတ်အသားကမျှ မပြမိကြပါ။ ဤသို့သော အခြေအနေတွင် 'ဒီနေ့ ဘာနေ့လဲ'၊ 'ဘယ်နှရက်လဲ'၊ 'ဘယ်နေ့ ဝါဆိုလပြည့်နေ့လဲ' စသည်ဖြင့်မေးတတ်ပြီး မဖြေနိုင်သည့်အခါလည်း အရိုက်ခံရပြန်ပါသည်။

သူတို့အလုပ်က မည်သည့်နည်းနှင့် ရိုက်ရပါမည်လဲဟု စဉ်းစားရသည့်အလုပ်ဖြစ်၍ ကျွန်တော်တို့ကလည်း ဘယ်နှချက် အရိုက်ခံရဦးမလဲဟု တွက်ရသောအလုပ် ဖြစ်၏။ မည်သို့သော ဘဝဝဋ်ကြွေးကြောင့်ဟု မပြောတတ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းလေးပေါ် စဉ်းစားလျှင်မူ တမင်သက်သက် ညှဉ်းပန်းနှိပ်စက်မှုမျိုး လုပ်ရန် ရည်ရွယ်ချက် ရှိ၊ မရှိ ထင်ရှားသိသာလောက်ပေမည်။

'အပျင်းပြေ ရိုက်သည်' ဆိုသော ဝေါဟာရကို စာဖတ်သူများ တစ်သက် ကြားဖူးမည် မဟုတ်ပါ။ မိဘ၊ ဆရာ မည်သူကမျှ အပျင်းပြေရိုက်မည် မဟုတ်ပါ။ ကျွန်တော်တို့မှာကား အပျင်းပြေရိုက်သည် ဆိုသည့် စကားကိုလည်း ကြားဖူး၍ ကြုံလည်း ကြုံဖူးခဲ့ရ၊ ခံလည်း ခံခဲ့ရဖူးသည်။

တစ်ခါတစ်ရံတော့လည်း စဉ်းစားမိ၏။ ရိုက်သူကပဲ လွန်လေသလား၊ အရိုက်ခံရသူကပဲ လွန်လေသလားဟူ၍တည်း။ 'အပြစ်ရှာသူရှေ့တွင် ဆင်ခြေ လဲခြင်းသည် အချည်းနှီးသာတည်း' ဟူသော စကားလည်း ရှိသည်မဟုတ် ပါလော။

ကျွန်တော်တို့ ပုဒ်မ–၅ များထဲတွင် အများစုမှာ အလုပ်သမားနှင့် လယ် သမားများဖြစ်ကြရာ သူတို့အနေဖြင့် ဘီကလပ်ခေါ် 'ခ'တန်း လျှောက်နိုင် သူများ မဟုတ်ပါ။ ခေါင်းဆောင်ပိုင်းက လူများကမူ ဘီကလပ်ခေါ် 'ခ'တန်း လျှောက်၍ ရနိုင်သူများဖြစ်ကြ၏။ ထောင်ထဲတွင် 'ခ'တန်း လျှောက်သင့်၊ မလျှောက်သင့် ပြဿနာများ ပေါ်လာခဲ့၏။ အမျိုးမျိုး စဉ်းစားဆွေးနွေးကြပြီး နောက် အောက်ပါ အဖြေတစ်ခုထွက်လာခဲ့ပါသည်။

ယခုကဲ့သို့ အကျဉ်းအကျပ်ထဲ ရောက်နေသောအခြေအနေတွင် 'ခ'တန်း မရနိုင်သူများကို ပါတီခေါင်းဆောင်ပိုင်းက စွန့်ခွာမသွားဘဲ၊ သူတို့ကိုပစ်မထားဘဲ ခေါင်းဆောင်ပိုင်းသည် သူတို့နှင့် အေးအတူ ပူအမျှ နေကြရမည်။ ခေါင်းဆောင် ပိုင်းမှာ မည်မျှ အကျဉ်းအကျပ်ထဲ ရောက်နေစေကာမူ၊ မည်မျှအခွင့်အလမ်း ပေးစေကာမူ 'ခ'တန်း မလျှောက်ရ။ လက်မှတ်ထိုးထွက်ရန် မကြိုးစားရ။ စံပြအဖြစ်နေရမည်ဟု ဆုံးဖြတ်ချက်ချခဲ့၏၊ သို့သော် ခေါင်းဆောင်ပိုင်းမှ အချို့ လည်း ဆုံးဖြတ်ချက်ကို လက်မခံသယောင်ပြုပြီး လက်တစ်လုံးကြား လှည့်ကွက် ထွင်ခဲ့ကြပေသည်။

ရဲဘော်များရှေ့တွင်မူ သူရဲကောင်းကြီးများပမာ ဝင့်ကြွားလုပြီး လေချွန် ချည်းကျန် အလံမလှဲကြဟု ကြွေးကြော်၏။ ဟစ်ကြွေးကြ၏။ အိမ်မှ ထောင် ဝင်စာလာသည့်အခါတွင်မူ ပြင်ပမှနေ၍ 'ခ'တန်းရရန် ကြိုးစားနိုင်းခြင်း တရားလွှတ်တော်သို့ စာချွန်တော် တင်သွင်းလျှောက်ထားခိုင်းခြင်းများ ပြုလုပ် စေ၏။

www.burmeseclassic.com



အချို့ဆိုလျှင် အိမ်က ထောင်ဝင်စာလာသည့်အခါ တိတ်တဆိတ် ခံဝန်ချက် လက်မှတ်များ ထိုးပေးခဲ့ကြ၏။ အပြင်က မိဘသားချင်းများက သူတို့သဘောနှင့် သူတို့ လုပ်သယောင် တင်ပြတတ်ကြပေသည်။ ကွန်မြူနစ်တို့အကျင့်ကား ကောက်ကျစ်၏။ စဉ်းလဲ၏။ မလိမ့်တစ်ပတ်လုပ်တတ်၏ ဆိုသည့် အချို့သော ဆဖန်ချက်များသည်လည်း မမှားလှပါချေ။

ဤသို့ မလိမ့်တစ်ပတ်လုပ်သူများအကြောင်းကို သိပင်သိငြားသော်လည်း ရဲဘော်များအတွင်း ဖွင့်ချလိုက်လျှင် ရဲဘော်အများစု စိတ်ဓာတ်ကျဆင်းမည် စိုးသဖြင့် မသိဟန်ပြု၍ သူတို့၏စဉ်းလဲမှု၊ ကောက်ကျစ်မှုများကို မျက်ကွယ် ပြုခဲ့ကြရပေသည်။ ဖုံးဖိတန် ဖုံးဖိခဲ့ကြရသည်။

ယခုကဲ့သို့ ကျွန်တော် ထုတ်ဖော်ရေးသားရာတွင် ဝမ်းနည်းခြင်းနှင့် နောင်တရခြင်းသာ ရောပြွမ်းနေ၏။ အမှန်ကိုဝန်ခံရလျှင် ကွန်မြူနစ်ခေါင်းဆောင် ကြီး ဖြစ်လာလေ ပို၍ကောက်ကျစ်လေ၊ ပို၍စဉ်းလဲလေ၊ ပို၍သစ္စာမဲ့လေသည်ကို ထိုအချိန်ကပင် ဝမ်းနည်းစွာ ထိတွေ့ခဲ့ရသော်လည်း ယုံကြည်ချက်မျက်နှာဖုံး ကြီးကြောင့် ရှင်းရှင်းပြတ်ပြတ် မမြင်ခဲ့ပါလေ။

ထို့ကြောင့် ယနေ့ တောတွင်းကွန်မြူနစ် အမည်ခံသူများ၏ အချင်းချင်း ညစ်ပတ်မှု၊ လက်တစ်လုံးကြားလှည့်ကွက်များဖန်တီးမှု၊ သတ်ဖြတ်မှုလုပ်ရပ် များတို့ကား ဆန်းလှသည်တော့ မဆိုနိုင်ပါ။ ဗီဇနဂိုအရင်းခံကိုကပင် ရှိခဲ့သော ဇာတိရုပ် အကျင့်များသာ ဖြစ်ပေသည်။

ဘီလူးသည် မင်းသားရုပ်ဆောင်းနေစဉ် မင်းသားကလေး ဖြစ်နေမည် ဖြစ်သော်လည်း မင်းသားရုပ် ကွာကျသောနေ့တွင် သူ၏ဇာတိရုပ်ဖြစ်သော ဘီလူးရုပ်သာလျှင် ပေါ်လာရမည်မှာ မလွှဲမှားနိုင်သော သဘာဝတရားပင် ဖြစ်ပေ သည်။

## သာယာဝတီထောင်မှ မွေးထုတ်လိုက်သော ကွန်မြူနစ်များ

သာယာဝတီထောင်သို့ တစ်ပြည်လုံးမှဖမ်းဆီးခဲ့သည့် ပုဒ်မ-၅ အကျဉ်း သား ၃၀၀၀ ကျော်အနက် ကွန်မြူနစ် ပါတီဝင်စစ်စစ်မှာ ၆၀၀ ကျော်သာရှိ၏။ ကွန်မြူနစ်ဖြူ ၄၀၀ ကျော်နှင့် အလံနီကွန်မြူနစ် ၂၀၀ နီးပါးခန့် ရှိပေသည်။ ခေါင်ခေါင်မြည် ပါတီဝင်များကို ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန် ပုဒ်မ–၅ အကျဉ်းသား ၂၃၀၀ ကျော်မှာ အလုပ်သမားသပိတ်တိုက်ပွဲများတွင် ပါဝင်ခဲ့ကြသည့် အလုပ်သမားများ၊ လယ်သမားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် လယ်သမားသမဂ္ဂဝင်များကတချို့၊ လယ်သမား သမဂ္ဂထဲသို့ပင် မဝင်ဘူးဘဲ ကွန်မြူနစ်ပါတီဝင်များနှင့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုအရ ထမင်းကျွေးဖူးသူ၊ ကွန်မြူနစ်များ နယ်ဆင်းသည့်အခါ လမ်းကြုံ၍ဝင်နားသဖြင့် လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံခဲ့ဖူးသူ၊ စက်ရုံတစ်ခုလုံး သပိတ်မှောက်ကြသဖြင့် အတိုအလျောက် သပိတ်မှောက်တပ်သား ဖြစ်ခဲ့ရသူတို့အား သိမ်းကျုံးဖမ်းဆီး၍ ပုဒ်မ–၅ ဘွဲ့ထူးနှင့် သာယာဝတီထောင်သို့ ရောက်ခဲ့ရသူများမှာလည်း အများအပြား ဖြစ်ပေသည်။

အချို့မှာ အရက်ပုန်းရောင်း၊ ဘိန်းခန်းထောင်၊ ဓားပြတိုက်ခဲ့ကြသည့် လူဆိုးကျော်စောများဖြစ်၍ သူတို့ကိုလည်း ပုဒ်မ–၅ ဘွဲ့ထူးဖြင့် နိုင်ငံရေးအကျဉ်းဆောင်သို့ ပို့ခဲ့လေသည်။

သာယာဝတီထောင်သို့ ရောက်ခဲ့ကြသည့် ပုဒ်မ–၅ ထဲမှ ပါတီဝင် ၆၀ဝ ကျော်မှလွဲ၍ ကျန်လူများမှာ မာ့(က်)(စ်)ဝါဒ၊ လီနင်ဝါဒ၊ ဇကပဝါဒများကို ကြားပင်ကြားဖူးသူများ မဟုတ်ချေ။

ကွန်မြူနစ်များက အတင်းအကျပ် သပိတ်မှောက်ခိုင်းသဖြင့် သပိတ်မှောက်ခဲ့ရသည့် အလုပ်သမားများ၊ အမတော်ကြေးမပေးရေး၊ သီးစားခမပေးရေး၊ လယ်ခွန်၊ မြေခွန် မပေးရေး တိုက်ပွဲများတွင် ဘုမသိ ဘမသိ ပါဝင်ခဲ့ဖူးသည့် လယ်သမားများက အများစုဖြစ်ပေသည်။ ကွန်မြူနစ်ပါတီဝင် ဖြစ်နိုင်ရန် အလားအလာရှိသည်ဟု သတ်မှတ်လိုက်သူမှာ အလွန့်အလွန်နည်းသော လူနည်းစုများသာ ဖြစ်၏။

အလုပ်သမား၊ လယ်သမားတို့၏ဘဝမှာ သူတို့နှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီး အိုးအတူနိုက်၊ ခွက်အတူသောက် နေထိုင်သူများကို ခင်မင်ရင်းနှီးတတ်ကြ၏။ ယုံယုံကြည်ကြည် ဆက်ဆံတတ်ကြ၏။ လေးလည်းလေးစားတတ်ကြ၏။ ဤကား သူတို့၏ ရိုးသားသောသဘာဝပင်ဖြစ်ရာ ကွန်မြူနစ်ဆိုသူများက ထိုသို့ပင် နေထိုင်ကြသူများ ဖြစ်ပေသည်။

အိုးအတူနိုက်ပြီး ခွက်အတူသောက်ခဲ့ကြသူများ ဖြစ်သည့်အတိုင်း ကွန်မြူနစ်တို့ ခိုင်းသည်ကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လုပ်ကြ၏။ ဆန္ဒပြမည်ဆိုပြည်း လိုက်၏။ ဆန်

www.burmeseclassic.com



ကိုခေါင်ဖောက်မည်ဆိုလည်း လိုက်၏။ အမတော်ကြေးမပေးရေး ကန့်ကွက်ပွဲ ဆင်မည်ဆိုလည်း ကိုယ့်ထမင်းထုပ် ကိုယ်ပိုက်ပြီး လိုက်တတ်ကြ၏။

ယခု ပုဒ်မ-၅ နှင့် ဆွဲခံရသူ လူအများစုကြီးမှာ ထိုသို့သော ပုဂ္ဂိုလ်များပင် ဖြစ်ပေသည်။

သူတို့ကား သာယာဝတီထောင်ကို ရောက်လာသည်အထိ ကွန်မြူနစ်သဘောတရားများကို သက်ဝင်ယုံကြည်သူများ၊ နားလည်သူများ မဟုတ်ပေ။

'ဒီမိုကရေစီ' ဆိုသည့် စကားလုံးကိုလည်း 'ဒီမိုကရေစီး'ဟု ဆိုကြ၏။ "ကျုပ်တို့ ဆရာတွေကတော့ မိုးရေစီးတာတောင် အကြီးအကျယ် ပြောတတ်တဲ့သူတွေ၊ ကျုပ်တို့လည်း မိုးရေစီးမိတာကြောင့် ထောင်ထဲပါလာတာပဲ"ဟု ရယ်စရာပင် ပြောတတ်ကြ၏။ သူတို့ကား တကယ်သနားဖွယ်ကောင်းလောက်အောင် ရိုးသားသူများသာတည်း။

သို့သော် ပြင်းထန်သော ရက်စက်ညှဉ်းပန်းသည့်ဒဏ်ကို ခံစားလာရသည့်အခါတွင် အစိုးရဆန့်ကျင်ရေး၊ အစိုးရမုန်းတီးရေးစိတ်ဓာတ်များ အလိုအလျောက် ကိန်းအောင်းလာကြ၏။ သူတို့ကား ဖမ်းဆီးစဉ်ကလည်း ပုလိပ်များက နှိပ်စက်ကြသေးရာ ထိုစဉ်မှပါလာသည့် အစိုးရဆန့်ကျင်ရေး၊ မုန်းတီးရေးစိတ်ဓာတ်များသည် သာယာဝတီထောင်ရောက်သည့်အခါ ပို၍ရင့်မာလာကြပါသည်။

သူတို့အသိတွင် ကိန်းအောင်းလာသည့် အစိုးရဆန့်ကျင်ရေးကိစ္စကို ကွန်မြူနစ်တို့က လိမ္မာပါးနပ်စွာအသုံးချ၍ စည်းရုံးခဲ့ကြခြင်းပင် ဖြစ်ပေသည်။

သာယာဝတီထောင်၏ ညှဉ်းပန်းနှိပ်စက်မှုများကား ကွန်မြူနစ် မဖြစ်သေးသူ၊ မဖြစ်ချင်သူများကို ဖြစ်အောင် တွန်းပို့ခဲ့တော့၏။ ဤတွင် နိုင်ငံရေးအရ ကွန်မြူနစ်များ၏အကြိုက် ဖြစ်သွားတော့၏။

ကွန်မြူနစ်စည်းရုံးရေး ကျော့ကွင်းထဲသို့ တိုးဝင်လာသူများကို မာ့(က်)(စ်)ဝါဒအခြေခံများ၊ ဗကပ ဝါဒလမ်းစဉ်များကို နေ့စဉ်နှင့်အမျှ ပူးပူးကပ်ကပ် သင်ကြားပေးခဲ့ကြ၏။ အပြင်တွင်ကား ဤလူများသည် တစ်ဦးနှင့်တစ်ဦး ဆုံစည်းခွင့်လည်းမရ၊ ဆုံစည်းခွင့်ရသည့်တိုင် ပူးပူးကပ်ကပ် ဟောပြောဖို့အချိန်ကလည်း မရ၊ အချိန်ရသည့်တိုင် သူတို့၏လမ်းစဉ်ကို လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ ကိုလိုလားလား လက်ခံကြမည် မဟုတ်ပေ။

ယခုမူ အုပ်စိုးသူများ၏ မှားယွင်းဖောက်ပြန်သော လုပ်ရပ်များကြောင့် လက်ရှိအခြေအနေကို သရုပ်ပြ ဖော်ထုတ်စရာမလိုဘဲ ကိုယ်တိုင် ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် သူတို့သဘောတရားကို အသာသွန်းလောင်းပေးလိုက်ရုံအပြင် သွန်းလောင်းခံရသူကလည်း နှစ်နှစ်ခြိုက်ခြိုက်ကြီး လက်ခံလိုက်ကြတော့သည်သာ။

ကွန်မြူနစ်တို့၏အဘိဓမ္မာတစ်ရပ်မှာ ထောင်ကို ပါတီ၏သဘောတရားရေးရာ သင်တန်းကျောင်းကြီးအဖြစ် သဘောထားရမည်ဟု ဆိုထားချက်များလည်း ရှိပေသည်။

ထို့ကြောင့်လည်း ကွန်မြူနစ်မဟုတ်သော လူ ၂၀၀၀ ကျော်သည် အထူးလေ့ကျင့်ပြီးသား တက်ကြွသော ကေဒါများဖြစ်လာကြရာ ထောင်ကလွတ်သည့်အခါ တောတွင်းသို့ တစ်ပါတည်းပါသွားခဲ့ကြတော့၏။

လူဆိုး ကျော်စောများပင် ကွန်မြူနစ်ဖြစ်လာကာ တောတွင်း သောင်းကျန်းသူတို့၏ အားအကိုးရဆုံးသော တပ်မှူးများ ဖြစ်လာကြ၏။ ဖိလွှန်းလျှင်ကြောက် ဆိုသည်မှာ အထင်သာဖြစ်၍ ဖိလွှန်းလျှင် ခုခံတက်ကြွလာတတ်၏။ ဆန့်ကျင်ဘက် အင်အားစုများ ဖြစ်လာခဲ့ရသည်ကို သာယာဝတီ အကျဉ်းထောင်က လက်တွေ့ပြသခဲ့ပေသည်။

ကွန်မြူနစ်များ အထူးမစည်းရုံးရဘဲ သောင်းကျန်းသူ အင်အားစုများအတွက် လူ ၂၀၀၀ ကို သာယာဝတီထောင်မှ မွေးထုတ်ခဲ့ပေသည်။ သာယာဝတီထောင်တွင် နိုင်ငံရေးသမားများကို ညှဉ်းပန်းနှိပ်စက်ရန် ကြိုးစားခဲ့သော်လည်း လက်တွေ့တွင်မူ နိုင်ငံရေးသမားများ (အထူးသဖြင့် ကွန်မြူနစ်များ)ကို မွေးထုတ်ပေးခဲ့ရာ ဌာနကြီးဖြစ်ခဲ့သည်ကို သင်ခန်းစာ ယူအပ်လှပေသည်။

## သက်ကြီးရွယ်အိုများကို ညှဉ်းပန်းပုံ

သက်ကြီးရွယ်အိုများသည် သူတို့စိတ်ထင်သလို ရိုက်နှက်သည့်ဒဏ်ကို မခံနိုင်သဖြင့် စိတ်ဓာတ်ချိုးနှိမ်သည့် နှိပ်စက်နည်းတစ်ရပ်ကို ထူးထူးဆန်းဆန်း တီထွင်ခဲ့ကြ၏။ တစ်နည်းအားဖြင့် ပညာရှိနှိပ်စက်နည်း တစ်နည်းပင် ဖြစ်၏။

ထိုနည်းကား ဩကာသယိမ်း ကခိုင်းခြင်းနှင့် ထိုင်၊ ထ လုပ်ခိုင်းသည့် နှိပ်စက်နည်းပင် ဖြစ်ပေသည်။

အသက် ၆၀ ကျော်သူများအား ရွေးထုတ်ပြီး ဘုရားလေးတစ်ဆူရှိသော ဖိုကြီးရှေ့ရှိ ကွက်လပ်တွင် လေးယောက်တစ်တွဲ တစ်တောင်ကွာစီထား၍ ထိုင်စေပါသည်။ ဘုရားရှိခိုးသည့်ပုံစံအတိုင်း မတ်တတ်ရပ်လျက် လက်အုပ်ချီထားရ၏။ သူတို့ အမိန့်ပေးသည့်အခါ တညီတညွတ်တည်း ပထမဆုံး ညာဘက်ခြေဘေးသို့ လက်ထိုး၍ ဩကာသတစ်ကြိမ်၊ ဒုတိယ အလယ်တည့်တည့် လက်

www.burmeseclassic.com



ထိုး၍ ဩကာသတစ်ကြိမ်၊ တတိယ ဘယ်ဘက်ဘေးသို့ လက်ထိုး၍ ဩကာသ တစ်ကြိမ် သုံးကြိမ် ပဏာမကန်တော့ခန်း ပြုလုပ်ရပေသည်။ ပါးစပ်ကလည်း အသံပြိုင်ဆို၍ လက်ကလည်း ယိမ်းကသလို ညီညီညာညာ ပြုလုပ်ရခြင်း ဖြစ်ပေသည်။

ပဏာမ ကန်တော့ယိမ်း ပြီးသည့်အခါ လက်အုပ်ချီထားသော လက်ကို ဘယ်၊ညာယိမ်းလျက် ငါးပါးသီလကို သံပြိုင်ဆိုရ၏။ ဩကာသယိမ်းလိုပင် ညီညီညာညာ ကရ၍ ကိုယ်ကိုလည်း ဘယ်တစ်လှည့်၊ ညာတစ်လှည့် လှည့်ပေး ရပေသည်။

နေ့စဉ်တော့ မခိုင်းပါ။ သူတို့ စိတ်မထင်သည့်အခါ၊ ပျင်းသည့်အခါ ခေါ်၍ခိုင်းကြ၏။ ခရစ်ယာန်ဘာသာဝင် ထောင်ပိုင်ကြီးက စီစဉ်ပေးသော အစီအစဉ်ဖြစ်ကြောင်း နောက်ပိုင်းတွင် သိရှိခဲ့ရပါသည်။

'ယိမ်းအဖွဲ့သားများ ထွက်ကြ၊ ထွက်ကြ' ဆိုသည့် အော်သံကြားတိုင်း အဘအိုများမှာ မျက်ရည်တစမ်းစမ်းဖြင့် ထွက်သွားကြရ၏။

ထိုယိမ်းအဖွဲ့တွင် ဆရာစံ သူပုန်ထစဉ်က ဓားတစ်လက်ဆွဲ၍ နယ်ချဲ့ စစ်ပါရီများကို ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သူများ ပါဝင်ကြရာ တောက်တခေါက် ခေါက်၊ လက်မောင်း တဆန့်ဆန့်ဖြစ်နေသဖြင့် ကျွန်တော်တို့က အတော်ပင် ချော့မော့ဖျောင်းဖျ၍ နားချခဲ့ရပါသည်။

"သေနတ်နဲ့အကောင်တွေတောင် တို့က ဓားနဲ့၊ တုတ်နဲ့ တိုက်ခဲ့သေးတာ ဒီခွေးသားတွေလောက်တော့ နပန်းလုံးပြီး ချရဲတယ်။ ဘာသာစော်ကားတာတော့ ခံနိုင်ဘူးဟေ့"ဟု အမြဲတမ်း ကြုံးဝါးကြ၏။ ချမယ်၊ နှက်မယ် တကဲကဲဖြစ် နေသဖြင့် အခြေအနေကိုရှင်းပြကာ အခြေအနေ မပေးသမျှ ကိုယ်က ခံဘက်က ဖြစ်နေ၍ သည်းခံနေကြပါရန်နှင့် တစ်နေ့တွင် အဘတို့စိတ်ကြိုက် ကလဲ့စား ချေခွင့် ပေါ်လာမည်ဖြစ်ကြောင်း သူတို့ကြိုက်လုံးပြော၍ ဖြေရှင်းမေတ္တာရပ်ခံ ခဲ့ရ၏။ "ဒီကောင်တွေကို ဆုံးမရတဲ့အချိန်ရောက်ရင် တို့လက်နဲ့ ဆုံးမခွင့် ပေးကြစမ်းပါကွာ"ဟု မချိတင်ကဲ ပြောဆိုကြပါသည်။

ဘာသာရေးကို အလေးအမြတ်ထားကြသော ဘအိုတို့ အရွယ်ကြီးများ အား ဩကာသယိမ်း က,စေပြီး ညှဉ်းပန်းနှိပ်စက်ခဲ့သည်မှာ ကြေကွဲစရာသည်း ကောင်း၍ ခံပြင်းစရာလည်း ကောင်းလှပေသည်။ နှိပ်စက်မှုမျိုးစုံတို့တွင် လူမဆန် သော နှိပ်စက်မှုအဖြစ် မှတ်တမ်းပြုထားသင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရာဇဝတ်အုပ်တစ်ဦးအား ညှဉ်းပန်းနှိပ်စက်ပုံ

မည်သည့်ထောင်တွင်မဆို ရဲဘက်(ပုလိပ်ဘက်)မှ လူများသည်အကြောင်း တစ်ခုခုကြောင့် ထောင်ထဲသို့ ရောက်လာသည့်အခါ ထိုသူအား သီးခြားခွဲထား ရ၏။ ခွဲမထားဘဲ ရဲဘက်ကမှန်းသိလျှင် ဆဲဆိုကြသည်ကတစ်မျိုး၊ ဝိုင်းလှောင် ကြသည်ကတစ်သွယ်၊ ဝိုင်းရိုက်ကြသည်က တစ်ဖုံဖြင့် အနှောင့်အယှက်ပေးတတ် ကြ၏။ အသက်ကို ရန်ရှာသည်အထိ ကျူးလွန်ကြ၏။

လူဆိုးနှင့် ရဲဆိုသည်မှာ ငြိုးသူ ရန်ဘက်များဖြစ်ကြရာ မည်သည့်အချိန် အခါတွင်မျှ တည့်ကြသူများ မဟုတ်ပေ။ တစ်ဦးကိုတစ်ဦး အမြဲချောင်းနေ၍ တစ်ဦးနယ် တစ်ဦးရောက်လျှင် လက်ဦးအောင် ဆော်ကြသူများဖြစ်၏။

ရဲနယ်သို့ လူဆိုးရောက်လျှင် ရဲလက်သံ လူဆိုးခံရ၍ လူဆိုးနယ်ထဲ ရဲရောက်လျှင် လူဆိုးလက်သံ ရဲခံရသည်မှာ သဘာဝတစ်ခုလိုပင် ဖြစ်ပေသည်။ ဂူတစ်ခုတည်း၊ နယ်တစ်နယ်တည်း၊ အိမ်တစ်အိမ်တည်းတွင် အတူထား၍ အတူနေ၍ မဖြစ်ကြသူများပင်။ ခရိုင် ကွန်မြူနစ် ခေါင်းဆောင်ကြီး သခင် ဘအေးအား ဖမ်းဆီးရမည့်အစား တောခိုမည့်နယ်ထဲသို့ ပို့ဆောင်ပေးခဲ့သဖြင့် ပုဒ်မ–၅ ဖြင့် ဖမ်းဆီးခံရသူပြစ်၏။ ရောက်မည့်ရောက်လာတော့လည်း လူဆိုး အာဏာပေး၍ အုပ်ချုပ်စေသည့် သာယာဝတီထောင်သို့ ရောက်လာခဲ့ရှာ ပေသည်။

သူသည် ပုဒ်မ–၅ များထဲတွင် ကံအဆိုးဆုံး လူတစ်ယောက်ဟု ဆို ပါမည်။

သူ့အား ရဲအုပ်မှန်း သိသည်နှင့်တစ်ပြိုင်နက် အုပ်လိုက် တေလိုက်ကြ သည်မှာ စိန်ဇေဒါကြီး ဆိုင်းထက်ပင် လက်သံပြောင်လှ၏။ တစ်ကိုယ်လုံး နေရာလပ်မရှိအောင် ဒဏ်ရာဒဏ်ချက်များ ပြည့်သွားပါသည်။

စိတ်ရှိသလို အားရပါးရရိုက်ရုံမက သူ့အတွက် ညနေစားရမည့် ဝက်သား ဟင်းကို သူ့အား မစားစေဘဲ တန်းစီးလုပ်သူက အမြဲသိမ်းပိုက်ယူငင်ခဲ့သဖြင့် သူ၏ဝမ်းကို ငါးပိတစ်ကော်ဖြင့် ဖြည့်သွင်းခဲ့ရရှာ၏။ ဘေးကလူများကလည်း အကူအညီ မပေးရဲကြပါ။ အကူအညီပေးသည်ကို တွေ့လျှင် အရိုးလွဲအောင် အဆော်ခံရတော့မည် ဖြစ်ပါသည်။

ထောင်ရောက်သည့်နေ့မှစ၍ တန်းစီးများက သူ့ နာမည်ရင်းကို မခေါ် ကြတော့ပေ။ 'အက်(စ်)အိုင်'ဟုခေါ်လျှင် သူက 'ပီ' ဟုထူးရ၏။ 'အက်(စ်)အိုင်

www.burmeseclassic.com



ကို ခေါ်ခြင်းဖြစ်ပါသည်။ တစ်ခါတစ်ရံ အဝေးမှ သို့မဟုတ် အောက်ကိုရောက် နေချိန် 'အက်(စ်)အိုင်'ဟု လှမ်းခေါ်လိုက်လျှင် 'ပီ' ဟူသော အသံရှည်ကို ပြတ်အောင် အော်လာရပြီး တန်းစည်းရှေ့ကျမှ 'ပီ' သံကို အဆုံးသတ်လိုက် ရ၏။

ဤကား သူ အမြဲလိုက်နာရန် ထုတ်ဆင့်ထားသည့် ညွှန်ကြားချက်ပင် ဖြစ်လေသည်။ ညှဉ်းပန်းခြင်းတစ်မျိုးပေ။ သူ့ခမျာ အဆောင်ပြောင်းတိုင်း ခါးစည်း ရရှာ၏။ 'ပုလိပ်အသား၊ ရဲအသား စားမယ်ဟေ့'ဟု ကြုံးဝါးပြီးမှ ရိုက်ကြနှက် ကြရာ သူတို့ ဆော်သမျှ၊ နှက်သမျှ အပြင်းထန်ဆုံးခံရသူလည်း ဖြစ်ရှာ၏။

နံပါတ်-၂ အဆောင်သို့ ရောက်သည့်အခါတွင် တန်းစီးလုပ်သူက ကြုံကြုံဖန်ဖန် အကြောင်းတစ်ခုရှာပြီး နှိပ်စက်ခဲ့ပါသည်။ နာခေါင်း သုတေသန လုပ်ခိုင်းခြင်း ဖြစ်၏။ နိုင်ငံခြားတွင် အနံ့သုတေသနလုပ်နေသည့် နာခေါင်း အချွန်သူများသည် ဝင်ငွေကောင်းလှသဖြင့် သန်းကြွယ်သူဌေးများ ဖြစ်နေကြ၏။ သူ့ခမျာတော့ အနံ့ခံကောင်းသဖြင့် တုတ်အချက်ပေါင်း များစွာကိုသာ ဆုအဖြစ် စားခဲ့ရရှာပါသည်။

အနံ့သုတေသနလုပ်ခိုင်းပုံမှာ ကြွက်တွင်းကို အနံ့ခံရ၏။ 'ဘာနံ့ရလဲ'ဟု မေး၏။ ကြွက်တွင်း အနမ်းခိုင်းပြီး ဘာနံ့ရသလဲဟု မေးသည့်အခါ ကြွက်နံ့ ရပါသည်ဟု ဖြေစရာအဖြေမှလွဲ၍ အခြားဖြေစရာ မရှိပေ။ ထပ်မံ အနံ့ခံခိုင်းပြီး ကြွက်တွင်းဝကို နာခေါင်းကပ်၍ အကြာကြီးနေရ၏။ ကြွက်အနံ့ပင် ရပါသည် ဟု ဖြေပြန်ပါသည်။

ထိုရောအခါ ပထမ တုတ် လေး,ငါးချက်ပေးပြီးမှ 'ဒါ ပွေးတွင်းကွ၊ ဒါ သေသေချာချာ အနံ့ခံဦးကွ'ဟု ပြော၏။ ကြွက်တွင်းကြီးတွေ့လျက် ပွေး တွင်းကွဟု ပြောသည်ကိုလည်း ခေါင်းညိတ်ရရှာပါသည်။ နောက်တစ်ခါ ဘာနံ့ ရသလဲဟု မေးသည့်အခါ သူတို့ပြောထားသည့်အတိုင်း ပွေးနံ့ရပါသည်ဟု ဖြေပြန်ရာ ကြွက်တွင်းတွေ့လျက်နဲ့ ပွေးတွင်းပြောရမလားဟု ရိုက်ပြန်၏။ ဤသို့လျှင် အကြောင်းရှာ၍ ရိုက်နှက်ပြီးမှ ကြွက်တွင်းကို အစမှစ၍ အဆုံး ထိ တူးခိုင်း၏။ တူးစရာ၊ ဆွစရာကိရိယာဖြင့် တူးရခြင်း မဟုတ်ပါ။ လက်နှင့် တူးရခြင်း ဖြစ်၏။ တွင်းဆုံး၍ ကြွက်မတွေ့လျှင်လည်း ရိုက်ပြန်၏။ ကြွက် တွေ့ပြန်သောအခါ ပွေး မတွေ့ရကောင်းလားဟု ပြော၍ ရိုက်ပြန်၏။

ကြွက်တွင်း တူးရသည်မှာ မသက်သာလှပါ။ တစ်ခါတစ်ရံ နေကုန်ပင် ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘယ်တော့မှ စိတ်ချလက်ချမနေရ၊ မအိပ်ရရှာပေ။ 'အက်(စ်) အိုင်' ဆိုသည့် အသံကို အမြဲ နားစွင့်နေရသည်။ ခေါ်သံကြားသည်နှင့် 'ပီ' ထူးရ အဆင်သင့်ဖြစ်နေ၏။ အဆင်သင့်မဖြစ်၍ ပီထူး နောက်ကျလျှင် ကျော တုတ်ရောက်လာမည်မှာ ဗေဒင်မေးစရာပင် မလိုပေ။ အနီးကပ်ခေါ်လျှင် ပီအတ သံထူး၍ အဝေးမှခေါ်လျှင် ပီ အသံရှည် ထူးရမည်မှာ သူ ထောင်မှ မလွ မချင်း ပြုလုပ်ရမည့် ဝတ္တရားတစ်ခုပင်။ သို့သော် ကံထောက်မရှာသဖြင့် သ သာခွင့် ရသွား၏။ ခြောက်လခန့်အကြာတွင် သာယာဝတီထောင်သို့ လွှတ်ဝရ ရောက်လာသောကြောင့် ဖြစ်ပေသည်။

## ဇိမ်ဇာနှင့် ရေဝေ

အက်(စ်)အိုင်ပီ ကဲ့သို့ပင် သူတို့ အငြိုးတကြီး ထားသူများ ရှိသေး သာယာဝတီထောင်အနီးရှိ ဇိမ်ဇာနှင့် ရေဝေရွာများမှ အဖမ်းခံရ၍ သာယာဝ ထောင် ရောက်လာသူများကိုလည်း အလွန်ပင်မျက်မုန်းကျိုးကြ၏။ အကြောင်း သာယာဝတီထောင်သားများ ထောင်မှထွက်ပြေးသည့်အခါ (နိုင်ငံရေးထော မလုပ်မီက ထွက်ပြေးခြင်း ဖြစ်ပါသည်။) ထိုရွာမှ ရွာသားများက ဖမ်းပေးခဲ့သေ ရာဇဝင်ကြောင့် ဖြစ်ပေသည်။

ထိုရွာမှလူများကိုလည်း အက်(စ်)အိုင်ပီကဲ့သို့ပင် နာမည်မခေါ်ဘဲ 'ဇိမ်' ခေါ်လျှင် 'ဇာ'ဟု ထူးရ၏။ အတိုခေါ်လျှင် အတိုထူးရ၏။ 'ဇိမ်'ဟု အသံရှ ခေါ်လျှင် 'ဇာ'ဟု အသံကို မပြတ်စေဘဲ တန်းစီးရှေ့ရောက်မှ အသံရပ်လို ရ၏။ သူတို့ကျတော့ နှိပ်စက်နည်းတစ်မျိုး ဖြစ်၏။

ဇိမ်ဇာရွာကလူများ၊ ရေဝေရွာကလူများကို ရွေးထုတ်ပြီး ကြက်ဖခွပ်ခို ပါသည်။ အချိန်အကန့်အသတ်မရှိ ခွပ်ခိုင်းပြီး နောက်ဆုံး နှစ်ဦးစလုံးပင် အရို ခံရတော့၏ သို့မဟုတ် မောဍ်နားသူ၊ လဲကျသွားသူအား ရိုက်၏။

ကြက်ဖနစ်ကောင်မောမှ ဖမ်းစားသည်ဆိုသည့် ပုံပမာပင်။

ကျွန်တော့်အနေဖြင့် ယနေ့အထိ စဉ်းစား၍အဖြေမပေါ်နိုင်သော ပြဿ တစ်ရပ် ရှိပါသည်။ အခြားမဟုတ်ပါ။ ယခု ဖော်ပြခဲ့သမျှသော နှိပ်စက်နည် များမှာ ပြောမယုံနိုင်လောက်အောင် ဆန်းပြား၏။ လက်တွေ့ခံရသူများအ မယုံရင် ပုံပြင်လို့မှတ်ပါဟု ပြောစမှတ်ပြုလောက်သော ဖြစ်ရပ်များပင် ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနှိပ်စက်နည်းများကို ဘယ်ကရကြသနည်း၊ ဘယ်လို စိတ်ကူးပေါက်လာကြသနည်း၊ ဘယ်သူကများ ဒီလောက် ကြံကြံဖန်ဖန် တီထွင်ပေးခဲ့သနည်း ဆိုသည်ကိုမူ ယခု ဤစာ ရေးနေသည်အထိပင် စဉ်းစား၍ အဖြေမပေါ်ခဲ့ပါ။

သာယာဝတီထောင်မှ ရက်စက်မှုများကား ရေးမယုံ ကြုံဖူးမှသိမည်ဟု ဆိုရလောက်အောင်ပင် ထူးထွေသည့်အံ့ရာသော်များ ဖြစ်ခဲ့သည်ကိုမူ ၁၉၄၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်၊ ဧပြီလအထိ သာယာဝတီထောင်သို့ ရောက်ခဲ့ဖူးသူများထံ စုံစမ်းလေ့လာကြည့်စမ်းပါဟု တိုက်တွန်းလိုပါသည်။

□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)
# ငရဲဘုံမှ လွတ်မြောက်ရေး

သာယာဝတီထောင်ရောက်ပြီး ငါးလမျှအကြာတွင် ပြင်ပ ပါတီနှင့် ထောင်တွင်း ကွန်မြူနစ်များ အဆက်အသွယ်ရလာ၏။ ငွေကိုသုံး၍ ထောင်ကြပ်များအားစည်းရုံးပြီး အတွင်းရှိ ကွန်မြူနစ်များနှင့် ဆက်သွယ်ရေး ကြိုးစားခဲ့သည့်အတိုင်း အောင်မြင်လာသည့်အခါ ပါတီစာတန်းများ၊ ညွှန်ကြားချက်များ ရောက်ရှိလာခဲ့ကြပါသည်။

## ပါတီဖွဲ့ကြပြီ

ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ ထောင်တွင်းပါတီကို စနစ်တကျ ဖွဲ့စည်းခဲ့ရာ ကလပ်စည်းများ၊ အခန်းကော်မတီများ၊ အဆောင်ကော်မတီများကို ဖွဲ့စည်းခဲ့ကြ၏။ ထောင်တွင်းပါတီ တာဝန်ခံမှာ ရဲဘော်မြ (လက်နက်ချ ဗဟိုကော်မတီဖြစ်သူ) ဖြစ်ပါသည်။

အခင်းကြီးသွားလျှင် အသုံးပြုသည့် စက္ကူပါးကလေးများပေါ်တွင် အလွန်သေးငယ်သော လက်ရေးများဖြင့် ရေးထားသည့် ပါတီသဘောတရား စာစောင်များ၊ ညွှန်ကြားချက်များ၊ ပြင်ပအခြေအနေသတင်းများ အဆက်မပြတ်ရောက်ရှိလာ၏။ ထိုရောက်လာသည့်မှုခင်းစာများကို ထောင်တွင်းပါတီ ကော်မတီတစ်ဆင့် ဖြန့်ချိခဲ့ပါသည်။

ငွေပေး စည်းရုံးခဲ့သည့် ထောင်ကြပ်များမှတစ်ဆင့် လည်းကောင်း ထောတွင်း ဆက်သားများ ယူဆောင်လာသည့် ထောင်ဝင်စာပစ္စည်းများမှ လည်းကောင်း စာရွက်စာတမ်းများ အဆက်မပြတ် ရောက်ရှိလာခဲ့၏။ ဝမ်းနုတ်ဆေး

www.burmeseclassic.com



တောဆေး အထုပ်များတွင် ထည့်၍တစ်မျိုး၊ မုန့်ထုပ်များတွင် ထည့်၍တစ်ဖုံ၊ ဆေးပေါ့လိပ်များအတွင်းတွင် ထည့်၍တစ်နည်းဖြင့် စာရွက်စာတမ်းများ ဝင်လာမစဲ တသဲသဲ ဖြစ်နေ၏။

အရေးကြီးသောညွှန်ကြားချက်များ ပေးပို့သည့်အခါတွင်မူ နည်းတစ်နည်းကို အသုံးပြုပါသည်။ ဘာသာရေးနှင့် စပ်လျဉ်းသော စာအုပ်များတွင် လိုချင်သော စာလုံးကလေးများ အောက်တည့်တည့်တွင် ပင်အပ်ကလေးနှင့် အပေါက်ကလေးများ ဖောက်ထား၏။ ထောင်မှလည်း ဘာသာရေးစာအုပ်များ ပို့ခြင်းကိုမူ တားမြစ်ခြင်းမရှိပေ။ ထိုစာအုပ်များ အထဲရောက်လာသည့်အခါတွင် ပင်အပ်ဖောက်ထားသောစာများ အစဉ်လိုက် ရွေးထုတ်လိုက်သည့်အခါ အဓိပ္ပာယ်ပြည့်စုံသော စာကြောင်းများ ဖြစ်လာခဲ့ပေသည်။ ဤလျှို့ဝှက်နည်းမှာ ထောင်အာဏာပိုင်များမရိပ်မိစေဘဲအအောင်မြင်ဆုံးသောနည်းတစ်ရပ်အဖြစ် သာယာဝတီထောင်တွင် အသုံးပြုခဲ့ကြပေသည်။

ထောင်တွင်းပါတီတာဝန်ခံများက ဖြန့်ချိလိုက်သည့် စာရွက်စာတမ်းများ အဆောင်သို့ ရောက်လာသည့်အခါ အခန်းကော်မတီများက ခွဲဝေအလွှတ်ဖတ်ပြီး တစ်ခန်းမှတစ်ခန်း၊ တစ်ဆောင်မှတစ်ဆောင် အဆင့်ဆင့်ပေးပို့ရ၏။ အလွှတ်ဖတ်ထားသည်များကို အခန်းကော်မတီများက နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ခေါ်ယူဆွေးနွေး တင်ပြရ၏။

ထိုသို့ ဆွေးနွေးသည့်အခါ ဘားပတ်လည်တွင် ၁၀ ယောက်ခန့် ကင်းချထားပြီး တန်းစီး သို့မဟုတ် ထောင်ကြပ်များလာလျှင် သတ်မှတ်ထားသော အချက်ပေးနည်းဖြင့် အချက်ပေးကြပါသည်။ ထောင်တွင်းပါတီ စည်းရုံးရေးကို ဤသို့လျှင် အကျဉ်းအကျပ်ကြားထဲမှ စည်းရုံးခဲ့ကြပေသည်။

ထောင်တွင်းသို့ ပေးပို့ခဲ့သည့် စာတမ်းများအနက်မှ အောက်ပါစာတမ်းများကို အထူးပြု လေ့လာခဲ့ကြရ၏။

၁။ တွေ့ရာသချိုင်း စားမဆိုင်းနဲ့ သိန်းဖေဝါဒ ချေမှုန်းကြ။

၂။ သိန်းတန်၊ ရဲထွန်း၊ ဇေယျ အယူအဆ တိုက်ဖျက်ကြ။

၃။ ဗိုလ်ကျော်ဇော (ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော) အယူအဆ တိုက်ဖျက်ကြ။

၄။ တရုတ်ပြည် ကွန်မြူနစ်ပါတီ၏အခြေခံလမ်းစဉ်။

၅။ တရုတ်ပြည် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားများ လိုက်နာရန် ထုတ်ပြန်ထားသည့် အချက်ကြီး ၁၀ ချက် (လက်ကိုင်အလွတ်ကျက်ထားရန် ညွှန်ကြားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



၆။ အနုပဋိလောမ ရုပ်ဝါဒတို့ ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် တိုးချဲ့ဗဟိုကော်မတီ အစည်းအဝေးမှ ချမှတ်ခဲ့သည့် မြေယာလမ်းစဉ်နှင့် မြေယာတော်လှန်ရေး ပြဿနာကို အထူး အလေးအနက်ထား၍ ကျေကျေညက်ညက် လေ့လာသင်ယူကြရန် ညွှန်ကြားခဲ့ပါသည်။

ပါတီကို စနစ်တကျ ဖွဲ့စည်းလိုက်သည့်အခါ မူလပါတီဝင်များ မဟုတ်ကြသော လယ်သမားများ၊ အလုပ်သမားများနှင့် တစ်သီးပုဂ္ဂလများသည် ပါတီဝင်များဖြစ်လာကြ၏။ အကြောင်းမှာအထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နှိပ်စက်မှုဒဏ်ကြောင့် အစိုးရဆန့်ကျင်ရေး၊ ဖဆပလ ဆန့်ကျင်ရေးဖြစ်လာပြီး ကွန်မြူနစ်ပါတီသို့ အလိုအလျောက် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ပေသည်။

ဤသို့ဖြင့် ပါတီကိုဖွဲ့စည်းခဲ့ပြီးနောက် အချိန်အားရတိုင်း သဘောတရားရေးရာ ဆွေးနွေးပွဲများကို ထပ်မနားလုပ်ခဲ့ကြရာ ပါတီ၏အခြေခံအင်အားကေဒါများ၏ နိုင်ငံရေးခံယူချက်များမှာ အားရကျေနပ်စရာအဆင့်သို့ ရောက်လာခဲ့ပေသည်။

အပြင်တွင်ဆိုလျှင် ဤလူထုကို အမြဲတမ်းစုဝေးဖို့ အခက်အခဲရှိမည်အမှန်ဖြစ်သော်လည်း ထောင်တွင်းတွင်မူ အလိုအလျောက်စုဝေးပြီးသား ဖြစ်နေသဖြင့် ဆွေးနွေးပွဲဆိုသည်မှာ အချိန်မရွေးလုပ်နိုင်ခွင့်ရနေ၏။ နှိပ်စက်မှု ပိုမိုပြင်းထန်လေ ဆွေးနွေးမှု ပိုမိုချောမွေ့လေ ဖြစ်လာ၏။ ထို့ကြောင့်ပင် 'ထောင်ဆိုသည်မှာ ပါတီဝင်များအတွက် နိုင်ငံရေးတက္ကသိုလ်ကဲ့သို့ သဘောထားရမည်'ဟု ကွန်မြူနစ်များက ဖွင့်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

## ထောင်ဖောက်ရန် စီစဉ်ခြင်း

သာယာဝတီထောင်သို့ ရောက်စမှစ၍ အဆက်မပြတ် လုပ်ခဲ့ကြသည့် ညှဉ်းပန်းနှိပ်စက်မှုများမှာ လျော့နည်းသွားသည်မရှိဘဲ ပို၍သာ ဆိုးလာခဲ့၏။ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုလည်း ရဲဘော်အများစုသည် အလူးအလိမ့် ခံကြရလေပြီ။

ရိုက်နှက်မှုများကလည်း လျော့မသွားဘဲ ပိုလာ၏။ အလုပ်ကိုလည်း ပို၍ခိုင်းလာ၏။ ဤအခြေအနေတွင် ငါတို့ ဘာလုပ်ကြမလဲဆိုသော ပြဿနာ တစ်ရပ်ကိုတင်၍ စဉ်းစားလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ဘာလုပ်ကြမလဲ။ ခံချမလား၊ ဆန္ဒပြသပိတ်မှောက်မလား၊ အစာငတ်ခံတိုက်ပွဲလုပ်မလား၊ ထောင်ဖောက်ကြမလား။

ဤမေးခွန်းများပေါ်တွင် စဉ်းစား၍ အဖြေရှာကြ၏။ ခံချလျှင် သူတို့ကို ပြန်ရိုက်ရရုံကလွဲ၍ အကြောင်းမထူး။ ကျွန်တော်တို့မှာ ချောင်ပိတ်မိနေသူများဖြစ်ရာ သွေးဆာနေသူရှေ့သို့ လည်စင်းပေးသော သိုးငယ်ကဲ့သို့သာ ဖြစ်ပေမည်။

ဆန္ဒပြ သပိတ်မှောက်လျှင်၊ အော်ဟစ်လား၊ ကြွေးကြော်လားပြုကာ ဆန္ဒပြလျှင် သာယာဝတီမြို့လောက်ကသာ သိပေမည်။ ရန်ကုန်ထုတ် သတင်းစာများတွင် သာယာဝတီထောင်သတင်း မှောင်ချထားသဖြင့် ဆန္ဒပြသတင်းပါမည်မဟုတ်။ ပြည်သူများ မသိနိုင်။ ဖိနှိပ်မှုသာ ပို၍ပြင်းထန်လာမည်။ ယခုရရှိနေသည့် စည်းရုံးမှုအခွင့်အရေးများ ပိတ်သွားမည်။ အကျိုးထူးစရာ အကြောင်းမရှိ။ အစာငတ်ခံလျှင် အကုန်လုံး၊ တစ်ထောင်လုံး အစာငတ်ခံတိုက်ပွဲ ပါလာနိုင်ပါ့မလား။ မပါလာနိုင်ရင် တိုက်ပွဲရှုံးမည်။ အကုန်လုံးပါအောင် စည်းရုံးသိမ်းသွင်းရေးမှာလည်း မအောင်မြင်နိုင်။ အခြေအနေ အလွန်ကောင်းသည့်အချိန်တွင်ပင် အစာငတ်ခံတိုက်ပွဲကို ရှောင်ခဲ့ကြပေသည်။ ယခု အခြေအနေမျိုးတွင် ပို၍ရှောင်သင့်သည်ဟု ဆုံးဖြတ်ကြပါသည်။

ထောင်ဖောက်ရေးသည်သာ သေမြေကြီး၊ ရှင်ရွှေထီး သဘောရှိသည်။ ထောင်ဖောက်ရေးကို ဦးတည်ချက်ထားရန် ဆုံးဖြတ်ခဲ့ကြ၏။

သာယာဝတီထောင်တွင် ဖြစ်ပျက်နေသော အခြေအနေများကို အပြည့်အစုံတင်ပြ၍ ပြင်ပပါတီမှ သာယာဝတီထောင်ကို အမြန်ဆုံးဖွင့်နိုင်အောင် ကြိုးစားပေးရန် သဘောထားတစ်ရပ် တင်ပြခဲ့ကြ၏။ ပြင်ပပါတီက အကူအညီမပါဘဲ ထောင်ဖောက်ရေးဆိုသည်မှာ လွယ်ကူသောကိစ္စတစ်ရပ် မဟုတ်ပေ။ နောက်ဆုံးတွင် ထောင်ကို လာမဖောက်ပေးနိုင်သည့်တိုင် ပါတီမှပေးလာမည့် အကူအညီများကို မျှော်လင့်ခဲ့ကြ၏။ သို့သော် မျှော်လင့်ချက်ကား မျှော်လင့်ချက်သာဖြစ်၍ ပါတီမှပြန်ကြားချက်မှာမူ အားရကျေနပ်လောက်ဖွယ် မရှိပေ။ အောက်ခြေပါတီဝင်များ စိတ်ဓာတ်ကျကုန်မည်ဆိုးသဖြင့် ပါတီပြန်ကြားချက်ကို အောက်ခြေသို့ ချမပြခဲ့ပါ။

ပါတီပြန်ကြားချက်မှာ ထောင်ကို လာရောက်ဖွင့်ပေးနိုင်လောက်သည့် အခြေအနေမရှိသေး။ လောလောဆယ်အားဖြင့် မည်သို့မျှမဖြစ်နိုင်သေး။ တစ်ချိန်တွင်ဖြစ်မည်မှာ မုချ ဖြစ်သည်။ ယခုအခြေအနေတွင်မူ ထောင်ပတ်ဝန်းကျင်

www.burmeseclassic.com



တွင်သာ မကြာခဏ လှုပ်ရှားမှုကိုအကြောင်းပြု၍ ညှဉ်းပန်းနှိပ်စက်မှုများကို မကြာမီ ထောင်ဖွင့်တော့မည် ဟူသော မက်လုံးပေး၍ ဆွဲဆောင် စည်းရုံးရ ညှဉ်းပန်းနှိပ်စက်မှုများကို အပေးအယူလုပ်ခြင်းဖြင့် အချိုသတ်ထားရန် ပြန်ကြား ခဲ့ပေသည်။

ထောင်တွင်းပါတီကိစ္စများအတွက် လိုအပ်သလိုသုံးစွဲရန် ရန်ပုံငွေများ ကိုကား ပေးပို့ခဲ့ပါသည်။

အပြင်သဘောထားပေါ် မူတည်၍ စဉ်းစားကြသည့်အခါ အပြင်မှ ထော ဖွင့်ပေးနိုင်သည့်အခြေအနေမှာ အကန့်အသတ်မရှိကြောင်း၊ အချိန်ကြာ နှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ပို၍ခံရလေလေ ဖြစ်မည်။ ထို့ပြင် သောင်းကျန်း အတွက် အသုံးပြုရမည့်အားများ ထောင်ထဲတွင် စုနေခြင်းသည် မကောင်း ထို့ကြောင့် ထောင်ဖွင့်ရေးကို မိမိတို့ဘာသာ ကြိုးစား သင့်၊ မသင့် စဉ်းစားရ အဖြေထွက်လာ၏။ ထောင်တွင်း ပါတီစည်းရုံးရေးအင်အားကို ပြန်လည်ဆန်းစ ကြည့်သည့်အခါ အားရကျေနပ်စရာ အခြေအနေတွင် ရှိနေသဖြင့် ထောင်ဖောက် ထွက်ရန် ဆုံးဖြတ်လိုက်ပါသည်။

ထောင်ဖောက်ထွက်ရန် ဆုံးဖြတ်ချက်မှာ လွယ်ကူချောမွေ့သလောက် လက်တွေ့ လုပ်ဆောင်ရမည့် အခြေအနေကို စဉ်းစားကြည့်သည့်အခါ မလွယ်ကူ မချောမွေ့ခဲ့ပေ။ အလွန်ပင်ကြမ်းတမ်းသော လမ်းပေါ်တွင် အသက်ပေါင်းများစွာ စတေးမှသာလျှင် အောင်မြင်နိုင်မည့် နည်းလမ်းတစ်လမ်းသာ ရှိပေတော့သည်။

လူပေါင်း ၃၀၀၀ အနက် အနည်းဆုံး ၁၅၀၀ ခန့်အကျအဆုံးခံပြီးမှသာ သာယာဝတီထောင်ကိုဖွင့်နိုင်မည့် အခြေအနေကို တွက်ချက်ရပါသည်။ ညှဉ်းပန်း နှိပ်စက်မှုများကို ခါးစည်းခံနေရပြီး ပါတီအတွက် အကျိုးမပြုနိုင်ဘဲနေကြမည့် အစား ၁၅၀၀ ကျဆုံးပြီး ၁၅၀၀ အပြင်သို့ရောက်၍ ပါတီနှင့်တော်လှန်ရေး အတွက် ကြီးမားသောအမြတ်ကို ရရှိမည်ဟု တွက်ကြ၏။

အမြတ်လိုချင်လျှင် အရှုံးခံရမည်။ သေလျှင်မြေကြီး၊ ရှင်လျှင် ရွှေထီး ဆိုသည့် ခံယူချက်သဘောထားများကို ရဲဘော်များအတွင်း ချပြခဲ့ကြ၏။ ထို သဘောထားကို ချပြီးသည့်အခါ ရဲဘော်အားလုံးကပင် လက်ခံကြရုံမက အမြန်ဆုံး လပိုင်းအတွင်း အကောင်အထည်ဖော်ရန် ဆန္ဒပေးခဲ့ကြပေသည်။

တာဝန်ရှိသူများက ထောင်ဖောက်ရေးအစီအစဉ်ကို အပြန်ပြန်အလှန်လှန် စဉ်းစားဆွေးနွေးကြပြီးနောက် အသေးစိတ်အစီအစဉ် မရေးဆွဲနိုင်သေးမီ အခြေခံ ပြင်ဆင်ရေး အစီအစဉ်တစ်ရပ်ကို သတ်မှတ်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



၁။ ယင်းတို့မှာ ငွေကိုအသုံးပြု၍ အသေးစား လက်နက်များဖြစ်သော လက်ပစ်ဗုံး၊ ခြောက်လုံးပြူး စသည့် လက်နက်ငယ်များကို ရနိုင်သလောက် စုဆောင်း၍ ထောင်ထဲသွင်းနိုင်ရေးအထိ ကြိုးစားရန်။

၂။ ထောင်တွင်း ယခုလက်ရှိဖွဲ့စည်းထားသည့် ပါတီပုံစံကို တပ်အသွင်၊ တပ်ပုံစံဖြင့် ပြင်ဆင်ဖွဲ့စည်းရန်။ (စစ်အတွေ့အကြုံရှိခဲ့သူများကို တပ်ခေါင်းဆောင်အဖြစ် ထားရှိရေး)

၃။ ရရှိနိုင်သမျှသော သံချွန်၊ သံချောင်း၊ တုတ်၊ အုတ်ခဲကျိုးများကို ရှာဖွေပြီး အလွယ်တကူယူနိုင်၍ အာဏာပိုင်များ ရှာဖွေမလွယ်သည့် နေရာမျိုးတွင် သိုဝှက်ထားရန်။

၄။ အသက်ကြီးသူများကို သယ်ယူမည့်တပ်ဖွဲ့ သီးသန့်ဖွဲ့စည်းရန် (ထိုတပ်ဖွဲ့၌တိုက်ခိုက်ရေးဘက်တွင်အသုံးပြုမပေးနိုင်သူများကိုရွေးချယ်ဖွဲ့စည်းပေးရန်)။ သံမဏိကေဒါများ ထိုတပ်ဖွဲ့တွင် မပါဝင်စေရ။

၅။ ဆေးဝါးပစ္စည်းများ (အင်္ဂလိပ်ဆေး၊ မြန်မာဆေး) ရနိုင်သမျှ စုဆောင်း၍ သူနာပြုစုရေးအတွက် ကျွမ်းကျင်သူများအား ဆေးတပ်ဖွဲ့ သီးခြားဖွဲ့စည်းပေးရန်။

၆။ တိုက်ခိုက်ရေးတပ်ဖွဲ့တွင် ကျန်းမာရေးကောင်းပြီး ပါတီအတွက် အသက်ပေးမည့် ကေဒါများကို ရွေးချယ်ရန်။
(တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များ ရွေးချယ်ရာတွင် ထိုတပ်ဖွဲ့တွင် ပါဝင်ရန်အတွက် ကိုယ်တိုင်ဆန္ဒပေးသူများ ဖြစ်စေရမည်။ တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များအတွက် ပြောက်ကျားစစ်ပွဲ သဘောတရားရေးများကို ကြိုတင်လေ့လာစေရန်)

၇။ စုဆောင်း၍ ရသမျှသော စည်းရုံးရေးအရ ယုံကြည်စိတ်ချရသော ရာဇဝတ် အကျဉ်းသားများကို သီးခြားတပ် ဖွဲ့စည်းပေးရန် (ရာဇဝတ်အကျဉ်းသားများ တပ်ဖွဲ့စည်းရေးကို နောက်ဆုံးအချိန်ရောက်မှ ဖွဲ့စည်းရန်နှင့် ယခုကစ၍ စာရင်းဝင်နိုင်သည့် ကြိုတင်လျာထားချက်ကို ပါတီခေါင်းဆောင်များက ပြုစုထားရန်)

အကြမ်းဖျင်း အစီအစဉ် သတ်မှတ်ချက်အရ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်း အရပ်ရပ်ကို ပါတီခေါင်းဆောင်များ၏ ထိုးထွင်းဉာဏ်ဖြင့် စီစဉ်ဆောင်ရွက်ရန် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားချက်ရရှိပြီးနောက် ညွှန်ကြားချက်ပါ အချက်များအတွက် တာဝန်ရှိသူများက အထပ်ထပ်အခါခါ ဆွေးနွေးခြင်း၊ နည်းလမ်းရှာဖွေခြင်း ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း စသော လုပ်ငန်းများလုပ်ဆောင်နေကြစဉ် မည်သို့မျှ မျှော်လင့်မထားသော ပြဿနာတစ်ရပ် ဖြစ်ပေါ်လာခဲ့၏။

ဓာတ်တူသားချင်း စားသည့် အဖြစ်အပျက်တစ်ရပ်ပင်။ အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်စေသည့် ထောင်အာဏာပိုင်များ၏ ပရိယာယ်ကျော့ကွင်းထဲသို့ တိုးဝင်သွားခဲ့ရသည့် အဖြစ်အပျက်ပေတည်း။ လက်သည် တရားခံကား အလံနီများပင် ဖြစ်ပေသည်။

## အလံနီတို့ သစ္စာဖောက်ခြင်း

သာယာဝတီထောင်သို့ ရောက်ခဲ့ကြသည့် ပုဒ်မ-၅ များတွင် သခင်သန်းထွန်း၏ အလံဖြူ ကွန်မြူနစ်ပါတီဝင်များက အများစုဖြစ်၍ သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီဝင်များက အနည်းစုဖြစ်ပေသည်။ ယင်းတို့သည် အပြင်တွင် လွတ်လပ်စွာ နိုင်ငံရေးလုပ်နေသည့်ကာလတွင်မှ တစ်ဦးကိုတစ်ဦး အချောင်သမား စသည်ဖြင့် နဖူးစီးဆိုင်းဘုတ် အမျိုးမျိုးတပ်လျက် အပြန်ပြန် အလှန်လှန် လက်ညှိုးထိုးစွပ်စွဲပြီး ငါးစိမ်းသည် ရန်တွေ့သလို ရန်တွေ့ ရန်ထောင်ခဲ့ကြသူများ ဖြစ်ပေသည်။

ထို့ကြောင့်လည်း သာယာဝတီထောင်ရောက်သည့်အခါ တစ်ဦးကိုတစ်ဦး ခပ်တင်းတင်းပင်။ အတူတူ အနှိပ်စက်ခံရ၍ အတူတူပင် မလှန်ရဲကြသူများ ဖြစ်နေကြရာ အလံနီသွေးက ရဲသည်၊ အလံဖြူသွေးက ပန်းရောင်ပဲ ဆိုသည့် ပြဿနာ မပေါ်တော့ပေ။

ထောင်တွင်းရောက်နေသည့် ကာလတစ်လျှောက်လုံးမှာပင် အလံဖြူ အလံနီ ကွန်မြူနစ်တို့၏ နှစ်ပါတီညီညွတ်ရေးရအောင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြ၏။ ညီညွတ်ရေးကြိုးပမ်းချက်ကား အကောင်အထည်မပေါ်ခဲ့ပါ။ အထက်ပိုင်းတွင် ညီညွတ်ရေးရသယောင် ဟန်အဖြစ်ရှိခဲ့သော်လည်း အောက်ပိုင်းတွင်မူ ထိုညီညွတ်သယောင်ဟန်ကိုပင် မရခဲ့ကြပါ။ မညီညွတ်ခဲ့ကြပါ။ နိုင်ငံရေးအရ ညီညွတ်မှုကိုထားဘိဦး၊ လူပုဂ္ဂိုလ်ချင်းရင်းနှီးမှု အခြေခံကလေးပင် မရခဲ့ကြပေ။ သီးခြားနေကြ၏။ သီးခြားမြင်ကြ၏။ သီးခြားစဉ်းစားကြ၏။ မတည့်အတူနေသူများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်အဖြူက အဖွဲ့အစည်း ဆုံးဖြတ်ချက်အရလုပ်၏။ အဖွဲ့အစည်း ခေါင်းဆောင်မှုကို အသိအမှတ်ပြု၏။ အဖွဲ့အစည်း ဆုံးဖြတ်ချက်မှ ကင်းလွတ်၍ မလုပ်ကြ။ ဘောင်သဘောကို လိုက်နာကြ၏။

ကွန်မြူနစ် အနီများက စုပေါင်းခေါင်းဆောင်မှုမရှိ။ အဖွဲ့အစည်း ခေါင်းဆောင်မှုသဘောထက် မိမိဆန္ဒ၊ မိမိသဘောဖြင့် လုပ်ကိုင်ကြ၏။ အဖွဲ့အစည်း ဆုံးဖြတ်ချက်ကို မလေးစားကြပေ။ ဘောင်သဘောကို ဆန့်ကျင်ကြ၏။

ထောင်တွင်း ညှဉ်းပန်းနှိပ်စက်မှုများတွင် အာဏာပိုင်ဘက်တော်သား ရာဇဝတ်အကျဉ်းသားများကို ကွန်မြူနစ် အဖြူများက နိုင်ငံရေးစည်းရုံးပြီး ပုဂ္ဂိုလ်ရေးအရ အလွန်အကျွံ မလိုက်လျောဘဲ သိက္ခာကိုထိန်းသိမ်း၍ ပုံမှန်ဆက်ဆံခဲ့ကြ၏။

အလံနီက နိုင်ငံရေးအရ စည်းရုံးချဉ်းကပ်မှုကိုပစ်ပယ်၍ ပုဂ္ဂိုလ်ရေးရင်းနှီးမှု ဆက်ဆံရေးကို ရှေ့တန်းတင်ပြီး တန်းစီးများအလိုကျ လိုက်လျောဆက်ဆံ၍ တစ်ဝိုင်းတည်းစား၊ တစ်ဝိုင်းတည်းအိပ် နေထိုင်ဆက်ဆံ၏။ စည်းရုံးခဲ့ကြ၏။

သိက္ခာကိုမထိန်းသိမ်းဘဲ ဆဲသမျှဆိုသမျှခံကြ၏။ ခေါင်းပုတ် နားရွက်ဆွဲ ခံကြ၏။ ခိုင်းသမျှလုပ်ပေးပြီး အခိုင်းအစေခံကြ၏။ ထောင်ကျ အကျဉ်းသားများ စည်းရုံးရေးအင်အားတွင် အလံနီက သာပေသည်။

နိုင်ငံရေးအရစည်းရုံးမှုတွင်အလံဖြူကအလံနီကွန်မြူနစ်ဘက်ကူးပြောင်း မှုမရှိဘဲ အလံနီကသာ အလံဖြူဘက်သို့ ကူးပြောင်းခဲ့ပေသည်။

ယခု လမ်းစဉ်ပါတီဌာနချုပ် သခင်တင်မြ အလံနီ ကွန်မြူနစ် ဗဟို ကော်မတီပင်လျှင် အလံနီပါတီမှ အလံဖြူပါတီသို့ သာယာဝတီထောင်တွင်း မှာပင် ကူးပြောင်းခဲ့ပေသည်။

အလံနီနှင့် အလံဖြူများမှာ ထောင်တွင်းတွင် သီးခြားနေရသည်မဟုတ်ဘဲ ရောနှောနေထိုင်ရသည့်အလျောက် အလံဖြူ ကွန်မြူနစ်တို့၏ ထောင်တွင်းပါတီ စည်းရုံးရေးလုပ်ငန်းများကို မည်မျှပင် လျှို့ဝှက်စွာ ထိန်းသိမ်းလုပ်ဆောင်စေခဲ့ ကာမူ မြွေမြွေချင်း ခြေမြင် ဆိုဘိသကဲ့သို့ သိနေကြသည်သာ ဖြစ်၏။

ထောင်အာဏာပိုင်များ ကိုယ်တိုင်ကလည်း နိုင်ငံရေး နောကျေနေသူများ ဖြစ်ရာ ထိုအခွင့်အရေးကို လက်လွတ်မခံဘဲ ရရှိလာသောအခွင့်အရေးကို လည်လည်ပတ်ပတ် အသုံးချခဲ့ကြ၏။ သူတို့ လေ့ကျင့်ပေးထားသည့် ထောင်ကျ အကျဉ်းသားများကို အလံနီများနှင့် အရောတဝင် ဆက်ဆံစေ၍ အလံဖြူတို့၏ လှုပ်ရှားမှုသတင်းများကို ရအောင်ကြိုးစားခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျ အကျဉ်းသားများနှင့် တရင်းတနှီး ဆက်ဆံနေသည့် အလံနီများကို မသိမသာ အခွင့်အရေးများ ပေးခဲ့ကြ၏။ အလံနီတို့ကို သူတို့လိုသလို ကိုင်နိုင်လာသည့် အခြေအနေသို့ပင် ရောက်ရှိခဲ့ပေသည်။ နောက်ဆုံးတွင် ထောင်ဖောက်မည့်အစီအစဉ် တစ်စွန်းတစ်စကို အလံနီတို့ သိရှိသွားရာမှ ထောင်အာဏာပိုင်တို့နားသို့ ပေါက်ကြားသွားခဲ့ပါသည်။ အပြည့်အစုံ မသိခဲ့ရသဖြင့် ခေါင်းဆောင်ဟုထင်သူများ၊ ထိုအရေးအခင်းတွင် ပါဝင်မည်ဟု ထင်သူများကို ရွေးထုတ်ပြီး ရိုက်နှက် စစ်ဆေးကြပါသည်။

ဤတစ်ကြိမ် ညှဉ်းပန်းနှိပ်စက်မှုများကား စံတင်လောက်သော ညှဉ်းပန်းနှိပ်စက်မှုများ ဖြစ်ပေသည်။ ပုံမှန်ရိုက်နှက်ခြင်းများအပြင် ဂျပန်တို့၏ ညှဉ်းပန်းနှိပ်စက်သည့်နည်းများကိုပင် အသုံးပြုခဲ့၏။

၁။ ကျဉ်စက်နှင့်တို့၍ စစ်ဆေးခြင်း။
၂။ ခြေသလုံးပေါ်တွင် တုတ်လုံးနှင့်လှိမ့်ခြင်း။
၃။ တစ်ဦးကိုတစ်ဦး အပြန်အလှန် ပါးရိုက်ခိုင်းခြင်း။
၄။ နှာခေါင်းထဲ ရေလောင်းခြင်း။
၅။ တုတ်နှစ်ချောင်းထိပ်တွင် ကြိုးဖြင့် ဂွသဏ္ဍာန်လုပ်၍ နံရိုးများအား ညှစ်ခြင်း (အလျှူတွင် ဒယ်အိုးကြီးများ အောက်ချသည့်အခါအသုံးပြုသည့် ကြိုးညှပ်တုတ်သဘောပင် ဖြစ်ပါသည်။)
၆။ သွားများကို သံတူဖြင့်ခေါက်ခြင်း။
၇။ စီးကရက်မီးဖြင့် အသားကိုထိုးခြင်း အစရှိသော ညှဉ်းပန်းနှိပ်စက်မှုများကို အသုံးပြု၍ စစ်ဆေးလာခဲ့၏။

မည်မျှပင် ညှဉ်းပန်းနှိပ်စက်စေကာမူ သစ္စာဖောက်သူ တစ်ဦးမျှမရှိဘဲ နှိပ်စက်ဒဏ်ကိုကြိတ်မှိတ်ခံခဲ့ကြသဖြင့် ထောင်အာဏာပိုင်တို့ လိုချင်သောအဖြေကို မရဘဲ တိုက်ပိတ် အပြစ်ပေးခြင်းဖြင့်သာ စစ်ဆေးမှုကို အဆုံးသတ်ခဲ့ရပေသည်။

ဤသို့ အလံနီအချို့၏ သစ္စာဖောက်မှုကြောင့် ထောင်တွင်းပါတီစည်းရုံးရေးနှင့် ထောင်ဖောက်ရေး အစီအစဉ်များ ခေတ္တရပ်ဆိုင်းထားခဲ့ရပေသည်။

(ဤအခန်းမှာ အလံဖြူများကို သိဒ္ဓိတင်၍ အလံနီများကို တစ်ဖက်သတ်ရှုတ်ချလိုသည့်သဘောဖြင့် တင်ပြခြင်းမဟုတ်ဘဲ ဖြစ်ရပ်အမှန်ကိုသာ တင်ပြခြင်းဖြစ်ပါသည်။ စကားချပ်)

ဤပြဿနာပေါ်ပြီးနောက် ထောင်စည်းကမ်းကိုလည်း ယခင်ကထက် ပိုမိုတင်းကြပ်စွာ ချုပ်ကိုင်လာ၏။ အရိုက်အနှက်များလည်း ပိုများလာ၍ ဘာမှအကြောင်းပြချက်မရှိဘဲ အသားလွတ်ရိုက်သည့်အကြိမ်များ ပို၍များလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှုလ ထောင်ရောက်စလောက် မဆိုးသော အနည်းငယ် လျော့ရဲရဲလေး ဖြစ်လာသည့် ပုံစံစနစ်မှ ပြန်လည် တင်းကြပ်လာရုံမက စည်းကမ်းချက်အသစ်များပါ ထုတ်ပြန်လာ၏။

လူနှစ်ယောက်ထက်ပို၍ မစုဝေးရ၊ စုဝေးပြီး စကားဝိုင်းဖွဲ့ မပြောရ၊ မိမိအိပ်ခုံမှ အခြားအိပ်ခုံပေါ် သွားမထိုင်ရ၊ ပြောင်းရွှေ့မအိပ်ရ၊ ည ၉ နာရီ သံချောင်းခေါက်ပြီးလျှင် လုံးဝစကားမပြောရ ဟူသော အမိန့်သစ်များ ထွက်လာခဲ့၏။

ကျွန်တော်တို့အဖို့ကား ထူး၍မဆန်းတော့ပါ။ တုန်လှုပ်မှုလည်း မဖြစ်တော့ပါ။ သေခါနီး ထတောက်လာသည့် မီးရှိန်အဖြစ် သဘောထားလိုက်ကြပါသည်။

ထိုသို့ဖြစ်ပျက်ပြီးနောက် တစ်လခွဲခန့်အချိန်ထိ အရှိန်သတ်၍ ငြိမ်သက်နေရ၏။ ကျွန်တော်တို့ကို ရန်သူက လင်းယုန်မျက်စိကဲ့သို့ အလစ်မပေးဘဲ ကြည့်နေရာ ခေတ္တ အရှိန်သတ်ထားသည့်ပုံဖြင့် လင်းယုန်မျက်စိအား ပြန်လှည့်စားလိုက်ခြင်းသာ ဖြစ်ပါသည်။ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်၍ အရှိန်ယူလိုက်သည့်သဘောပင်ဖြစ်၏။

ကျွန်တော်တို့ လုပ်ငန်းကိုမူကား ကြာရှည်ရပ်ထား၍ မဖြစ်ပါ။ ဓားသည် သွေးနေလျှင်ထက်၍ မသွေးလျှင် သံချေးတက်သည့်သဘောရှိသကဲ့သို့ပင် ကျွန်တော်တို့လုပ်ငန်းကို ကြာရှည်စွာ ရပ်ဆိုင်းထားလျှင် ရဲဘော်များ သွေးအေးသွားမည်ကို စိုးရိမ်ရပါသည်။ တစ်နည်းအားဖြင့် အရှိန်ရနေသော ဘီးသည် အလှည့်ရလွယ်၍ အရှိန်သေနေသောဘီးကို ပြန်လည်ရန် မလွယ်ကူသကဲ့သို့ ဖြစ်ပါသည်။ ကျွန်တော်တို့အတွက် တစ်လမ်းတည်းသောနည်းမှာ ဤလောက ငရဲဘုံကြီးမှ ရုန်းထွက်ရေးသာလျှင် ဖြစ်၏။ ထို့ကြောင့်ပင် တင်းကြပ်သော ဥပဒေများ၊ နှိပ်စက်မှုများကြားမှပင် လုပ်ငန်းပြန်လည်စနိုင်အောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြပါသည်။

## စစ်တပ်အသွင်ဖွဲ့ခြင်း

ထောင်တွင်းရှိရဲဘော်များ၏ စည်းရုံးမှုနှင့် စိတ်ဓာတ်မှာ ကျဆင်းမသွားဘဲ ပို၍ကောင်းလာပြီး ပို၍ခိုင်မာလာ၏။ ထောင်ဖောက်ရေးအစီအစဉ်ကို ပြန်ကိုင်ကြပါသည်။ နိုင်ငံရေးပုံစံအရ ဖွဲ့စည်းထားသော ထောင်တွင်းပါတီဖွဲ့စည်းပုံကို တပ်အသွင် ပြောင်းလဲ၍ ဖွဲ့စည်းလိုက်ပြီး အဆင့်ပေါင်း ခုနစ်ဆင့် သတ်မှတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



## ပထမဆင့်

ဤအဆင့်တွင် တပ်ရင်းမှူး၊ တပ်ခွဲမှူး၊ တပ်စိတ်မှူးများ ရွေးချယ်ခဲ့ပါသည်။ တပ်ဖွဲ့အနေအားဖြင့် တိုက်ခိုက်ရေးတပ်ဖွဲ့၊ အသက်ကြီးသူများနှင့် ထိုသူတို့အား စောင့်ရှောက်ရမည့်တပ်ဖွဲ့၊ လူနာရဲဘော်များနှင့် ဆေးတပ်ဖွဲ့၊ အကျဉ်းသားတပ်ဖွဲ့ (လျှာထားချက်ပြုလုပ်ခြင်း)များ စနစ်တကျ ဖွဲ့စည်းခဲ့၏။

## ဒုတိယဆင့်

ဤအဆင့်တွင် (၁) လက်နက်ရှာဖွေစုဆောင်းခြင်း၊ ပြင်ဆင်စေခြင်း။ ကြီးကြီးကျယ်ကျယ် လက်နက်များ မဟုတ်ပါ။ အလုပ်ထွက်လုပ်ရင်း တွေ့သမျှ တုတ်၊ သံချောင်း၊ အုတ်ခဲကျိုး စသည်များ ကောက်ယူလာပြီး အဆောင်ဝင်း အတွင်း လွယ်ကူစွာယူနိုင်မည့်နေရာ (မြက်တောများအတွင်း)များတွင် အမှတ်တမဲ့သဘောဖြင့် ပစ်စေခြင်း၊ (၂) အိပ်ထောင်အောက် နံရံအောက်ပိုင်းရှိ ခုတင်များကွယ်နေသောနေရာတွင် အင်္ဂတေများကို သံချွန်များနှင့် ခြစ်ထုတ်ပြီး အုတ်ခဲများကို အခဲလိုက်ဆွဲထုတ်ကာ နေရာမပျက် ပြန်သွင်းထားစေခြင်း။

အုတ်ခဲကို ထုတ်ယူရာတွင် ပထမအစသာလျှင် အခက်အခဲရှိ၍ နောက်အုတ်ခဲများကိုမူ အလွယ်တကူ ထုတ်ယူရရှိခဲ့ပါသည်။ အခန်းတွင်းရှိ လူစေ့တစ်ယောက် တစ်လုံးကျ ထုတ်ယူ၍ အဆင်သင့် ပြင်ဆင်ထားစေခြင်း၊ အုတ်ခဲအလုံးပေါင်း ၄၀ ကျော် ရရှိရေးအတွက် ကင်းအထပ်ထပ်ချပြီး တစ်လခွဲခန့် အချိန်ယူ၍ လုပ်ကိုင်ခဲ့ရပါသည်။ ဤသည်တို့ကို အဆောင်တိုင်းရှိ အခန်းတိုင်းတွင် ထိုနည်းအတိုင်းပင် ထားရှိစေခဲ့ပါသည်။

## တတိယဆင့်

ဤအဆင့်တွင် (၁) အင်္ဂလိပ်၊ မြန်မာဆေးများ တတ်နိုင်သမျှ သွင်းယူစေခြင်း၊ (၂) ထောင်ကြပ်များကို ငွေပေးခိုင်း၍ ရအောင်လုပ်စေခြင်း၊ (၃)သွင်းယူရရှိသော ဆေးဝါးများကို အချိုးကျခွဲဝေပေး၍ တလာစီသည့်အခါတွင်လည်း မတွေ့နိုင်၊ လိုချင်သည့်အခါ အလွယ်တကူယူနိုင်မည့် နေရာတွင် သိုဝှက်ထားစေခြင်း၊ (၄) လုံချည်စုတ်များကို ပတ်တီးအရွယ်ဆုတ်ဖြဲ၍ ပတ်တီးလိပ်သဏ္ဌာန် အလိပ်ကလေးများ ပြုလုပ်ပြင်ဆင်ထားစေခြင်း၊ (၅) ဆေးနှင့် ပတ်တီးလိပ်များကို ယူဆောင်ရမည့်လူ သတ်မှတ်ပေးစေခြင်း၊ (၆) ဆေးတပ်ဖွဲ့တွင် ပါဝင်မည့်

www.burmeseclassic.com

www.burmeseclassic.com



သူများအား အခြေခံ ရှေးဦးသူနာပြုအတတ် သင်ကြားပေးစေခြင်းများ ပြုလုပ်ခဲ့ပါသည်။

**စတုတ္ထဆင့်**

(၁) သက်ကြီးရွယ်အိုများနှင့် မကျန်းမာသူများအား အခြေခံအားဖြင့် မည်သူက စောင့်ရှောက်သယ်ပိုးယူဆောင်ရမည်ကို အဖွဲ့ကလေးများဖွဲ့၍ ရွေးချယ်သတ်မှတ်ပေးစေခြင်း၊ (၂) ဆေးတပ်ဖွဲ့အနေဖြင့် မည်သည့်ထောင့်မှ မည်သည့်တပ်ခွဲ ထွက်ရမည်ကို ရွေးချယ်သတ်မှတ်စေခြင်း၊ (၃) မည်သို့ထွက်ရမည်ကို အသေးစိတ် ညွှန်ပြစေခြင်း၊ (၄) အပြင်ထွက်ရန် အသုံးပြုမည့် ကြိုးအတွက် စောင်များဆက်နည်း၊ ထုံးနည်းများကို သင်ပြစေခြင်းများ လုပ်ခဲ့ပါသည်။

**ပဥ္စမဆင့်**

(၁) တိုက်ခိုက်ရေးတပ်ဖွဲ့များ စနစ်တကျ ဖွဲ့စည်းစေခြင်း၊ (၂) ရှေ့ဆုံးမှ တိုက်ခိုက်ရမည့်တပ်ဖွဲ့များနှင့် အကူတပ်ဖွဲ့များ ဖွဲ့စည်းသတ်မှတ်ပေးခြင်း၊ (၃) တိုက်ခိုက်ရေးတပ်ဖွဲ့ဝင်များအတွက် ပြောက်ကျားစစ်ဆင်ရေး သဘောတရား ပို့ချပေးစေခြင်းနှင့် လက်တွေ့တိုက်ပွဲကို စာတွေ့သင်ပေးစေခြင်း၊ (၄) ဖောက်ထွက်မည့် ထောင်မြေပုံအညွှန်းကို အလွတ်ရသည်အထိ လေ့လာစေခြင်း၊ (၅) တပ်ခွဲလိုက် ချီတက်တိုက်ခိုက်ရမည့် တာဝန်ယူရမည့်နေရာ သတ်မှတ်ပေးခြင်း၊ တပ်ဖွဲ့များ ဖောက်ထွက်ရမည့် အရှေ့၊ အနောက်၊ တောင်၊ မြောက်နေရာများ သတ်မှတ်ပေးခြင်း၊ (၆) ထောင်တွင်းရှိ ရန်သူ၏လက်နက်အင်အား၊ လူအင်အားနှင့် နေ့၊ ည ကင်းချထားသည့်နေရာများ လေ့လာစေခြင်း ထောင်ဖောက်ထွက်ရေး အသေးစိတ်အစီအစဉ်ကို အဖန်တလဲလဲ ထပ်ကာထပ်ကာ အလွတ်ရနေသည်အထိ လေ့လာစေခဲ့ပါသည်။

**ဆဋ္ဌမဆင့်**

ဤအဆင့်တွင် (၁) မြေပြင်သို့ အောင်မြင်စွာ ဖောက်ထွက်ပြီးသည့်အခါ တပ်ခွဲလိုက် ဦးတည်ချီတက်ရမည့် ပထမစခန်း၊ ဒုတိယစခန်းများ ရွေးချယ်သတ်မှတ်ပေးခြင်း၊ (၂) တပ်ရင်းအားလုံး ဆုံရမည့် ပထမစခန်းနှင့် ဒုတိယစခန်းများ ရွေးချယ်သတ်မှတ်ပေးခြင်း၊ (၃) သတ်မှတ်ထားသော စခန်းများသို့ မြေပုံအညွှန်းရေးဆွဲပေးခြင်း၊ (၄) သတ်မှတ်ပေးထားသော စခန်းများသို့ ချီတက်

www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ရှိသည့် ဖြတ်လမ်း၊ ရိုးရိုးလမ်း၊ လူသွားလမ်း၊ လှည်းလမ်းများ မြေပုံ အညွှန်းနှင့် လေ့လာစေခြင်းများ လုပ်ခဲ့ပါသည်။

## သတ္တမဆင့်

ဤအဆင့်တွင် (၁) ထောင်တွင်းတပ်ဖွဲ့အတွက် စကားဝှက် သတ်မှတ်ခြင်း၊ စကားဝှက် ငါးခုသတ်မှတ်၍ နောက်ဆုံး အသုံးပြုရမည့် စကားဝှက်ကို ထောင်ဖောက်ချိန်နီးမှပေးရန် သတ်မှတ်ပါသည်။ (၂) အပြင်ကလာ၍ ကူညီမည့် လက်နက်ကိုင်တပ်ဖွဲ့နှင့်တွေ့သည့်အခါ အသုံးပြုရမည့်စကားဝှက်များ သတ်မှတ်ခြင်း (စကားဝှက် သုံးမျိုးအနက် ကြိုက်ရာစကားဝှက်ကို အသုံးပြုရန် ဖြစ်ပါသည်)။ (၃) တိုက်ခိုက်ရေး တပ်မှူးချုပ် ရွေးချယ်သတ်မှတ်ခြင်း စသည်တို့ ဖြစ်ပေသည်။

အထက်ပါအစီအစဉ်အရ တိုက်ပွဲတစ်ခုလုံးကို ဦးစီးကွပ်ကဲရန်၊ ဦးစီး တိုက်ခိုက်ရန် တပ်မှူးချုပ်အဖြစ် ဗိုလ်ကျော်ဇော (ရခိုင်ဗိုလ်ကျော်ဇောဟုလည်း ကောင်း၊ ပဲခူး ဗိုလ်ကျော်ဇောဟု လည်းကောင်း ခေါ်ပါသည်။)အား တာဝန် ပေးခဲ့၏။

တပ်ဖွဲ့အားလုံး နောက်ဆုံး ဆုံရမည့်စခန်းသို့ ရောက်သည်အထိ ဗိုလ် ကျော်ဇော၏ အမိန့်ပေး အုပ်ချုပ်ကွပ်ကဲမှုအောက်တွင် ရှိစေရမည်ဟု ညွှန်ကြား ခဲ့၏။ တိုက်ခိုက်ရေးအတွက် တာဝန်ခွဲဝေခြင်းဖြစ်၍ ထောင်ဖောက်ရေး အစီအစဉ် တစ်ရပ်လုံးကိုမူ ထောင်တွင်းပါတီကော်မတီက ဦးစီးကွပ်ကဲသွားရန် ဆုံးဖြတ်ခဲ့ ပါသည်။ ထောင်ဖောက်ရေးအစီအစဉ် အသေးစိတ်ကို ပြင်ပပါတီသို့ တင်ပြခဲ့ပါ သည်။ တတ်နိုင်သမျှသောငွေ၊ လက်နက် အကူအညီများပေးရန် တောင်းခံခဲ့၏။

ဖော်ပြပါ အစီအစဉ်အတွက် ပြင်ဆင်မှုများကို သုံးလခန့် ပြင်ဆင်ခဲ့ကြ ပြီးနောက် ထောင်ဖောက် အမိန့်ပေး အချက်ပြ ဆက်သွယ်ရေး အစီအစဉ်ကို လေ့ကျင့်စေခဲ့၏။ ထောင်ဖောက်ရေး အစီအစဉ်တစ်ခုလုံးတွင် အရေးအကြီး ဆုံးနှင့် အတိအကျ ဖြစ်စေရမည့်ကိစ္စမှာ အချက်ပြ ဆက်သွယ်ရေးကိစ္စပင်ဖြစ် ပေသည်။

ကြိုတင်ပြီး ရက်နှင့် အချိန် သတ်မှတ်၍လည်း မဖြစ်ပါ။ အကြောင်း တစ်စုံတစ်ရာကြောင့် ရွှေ့ဆိုင်းခဲ့ရသည်ရှိသော် အဆောင်တစ်ခုနှင့်တစ်ခု ချက်ချင်း အကြောင်းမကြားနိုင်ပါ။ တစ်ဆောင်နှင့်တစ်ဆောင် ရိုးရိုးဆက်သွယ်ရေးကိုပင် အနည်းဆုံး သုံးရက်ခန့် အချိန်ယူရသည့်အခြေအနေတွင် အချက်ပြ ဆက်သွယ် ရေးကိစ္စကိုသာ အားကိုးရမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အချက်ပြဆက်သွယ်ရေး အစီအစဉ် မတိကျခဲ့သော် တိုက်သူကတိုက်ပြီး မတိုက်သူက မတိုက်နှင့် အစီအစဉ်ကြီးတစ်ခုလုံး ဖရိုဖရဲ ဖြစ်သွားနိုင်ပေရာ အချက်ပြ ဆက်သွယ်ရေးကိစ္စကို အထူးအလေးပေး လေ့ကျင့်စေခဲ့ပါသည်။

## အချက်ပြ ဆက်သွယ်ရေး

အိပ်ဆောင်တိုင်းတွင် အိပ်ဆောင် တစ်ခုနှင့်တစ်ခု လှမ်းမြင်နိုင်သည့် အပေါက်များ၌ သတ်မှတ်ပေးထားသော အပေါက်တစ်ခုကို ၂၄ နာရီ နေ့ကင်း၊ ညကင်းချ၍ စောင့်ကြည့်စေခဲ့ရာ နေ့ကင်းကို အသက်ကြီးသူများက တာဝန်ယူကြရ၏။

တိုက်ခိုက်ရေးဌာနချုပ် အမိန့်ပေးအဖွဲ့ရှိရာ အထူးတန်း အဆောင်၏ သတ်မှတ်ထားသော ပြတင်းပေါက်တွင် အဝတ်ဖြူပြထားလျှင် အသင့်ပြင်ဆင်ရန် ပေးသည့်အမိန့် အချက်ပြဖြစ်၍ အဝတ်နီပြထားလျှင် ထောင်မှခေါက်သည့် သံချောင်း နောက်ထပ် နှစ်မောင်းခေါက်လျှင် (တစ်မောင်း ၁၅ မိနစ်၊နှစ်မောင်း မိနစ် ၃၀ ဖြစ်ပါသည်။) တိုက်ခိုက်ရေး စတင်တော့မည့် အမိန့်အချက်ပြအဖြစ် သတ်မှတ်ပေးထား၏။

အဝတ်နီပြပြီးနောက် အနီနေရာတွင် အဝတ်အဝါ တင်ပြလျှင် အစီအစဉ် ရွှေ့ဆိုင်းကြောင်း အမိန့်ပေး အချက်ပြအဖြစ် နားလည်စေရမည် ဖြစ်ပေသည်။

တိုက်ခိုက်ရေးဌာနချုပ်မှ အချက်ပြချက်ကိုရရှိလျှင် ရရှိကြောင်း အချက်ပြ အထိမ်းအမှတ်အဖြစ် အဖြူပြလျှင် အဖြူပြန်ပြ၍ အနီပြလျှင် အနီပြန်ပြစေပြီး အဝါပြလျှင် အဝါပြန်ပြစေသည့် သတ်မှတ်ချက်ဖြစ်၏။ အဆောင်တစ်ဆောင်နှင့် တစ်ဆောင် ဆင့်ကဲ ဆင့်ကဲ အချက်ပြဆက်သွယ်ပြီးနောက် အားလုံးအပြည့်အစုံ အချက်ပြချက်ကို လက်ခံရရှိပြီးကြောင်း အကြောင်းပြန်ကြားချက်ကို အဝတ် အစိမ်း တင်ပြခြင်းဖြင့် ဌာနချုပ်သို့ ပြန်လည်သတင်းပို့စေသည့်နည်းကို တီထွင် အသုံးပြုခဲ့၏။

ဤကား နေ့ဘက်တွင် ထောင်ဖောက်ရေးအစီအစဉ်ကို အကောင်အထည် ဖော်ခဲ့သော် အသုံးပြုရမည့် အချက်ပြဆက်သွယ်ရေးသင်္ကေတများပင် ဖြစ်ပေ သည်။

ညဘက် အချက်ပြဆက်သွယ်နည်းမှာ တိုက်ခိုက်ရေး ဌာနချုပ်ရှိရာ အဆောင်၏ သတ်မှတ်ထားသော ပြတင်းပေါက်တွင် ဆေးလိပ်မီးနှင့် အဆေါ

www.burmeseclassic.com

www.burmeseclassic.com



အောက် သုံးချက်ဆွဲပြလျှင် အဆင်သင့် ပြင်ဆင်ရမည့် အမိန့်ပေး အချက်ပြ ဖြစ်၏။ ဆေးလိပ်မီးကို သုံးချက်ဝိုင်းပြလျှင် နှစ်မောင်း (မိနစ် ၃၀ အလိုတွင်) ထောင်ဖောက်မည့် အစီအစဉ် အမိန့်ပေး အချက်ပြ ဖြစ်၏။

ထောင်ဖောက်မည့် အမိန့်ပေး အချက်ပြပြီးနောက် ဆေးလိပ်မီးကို ကြက်ခြေခတ် သုံးခါထပ်ပြလျှင် အစီအစဉ် ရွှေ့ဆိုင်းသည့် အထိမ်းအမှတ် အချက်ပြအဖြစ် နားလည်ရမည် ဖြစ်၏။

ဤအချက်ပြချက်များကို လက်ခံရရှိကြောင်း အမိန့်ပေးဌာနချုပ်သို့ ပြန်ကြားရာတွင်မူ ဘယ်ဘက်မှ ညာဘက်သို့ အလျားလိုက် နှစ်ခါဆွဲပြရမည့် အချက်ပြ အထိမ်းအမှတ် သတ်မှတ်ပေးထားခဲ့ပေသည်။

သတ်မှတ်ထားသော အချက်ပြဆက်သွယ်ရေးများကို တစ်ဆောင်မှ တစ်ဆောင်သို့ လှမ်းပြဆက်သွယ်ရမည် ဖြစ်သဖြင့် ၂၄ နာရီ နေ့ကင်း ညကင်း ချ၍ လေ့ကျင့်စေခဲ့၏။ ကင်းချိန် တစ်ချိန်လျှင် သုံးနာရီ၊ နေ့နှစ်ယောက်၊ ည သုံးယောက်စီ ချထားရ၏။ တစ်ယောက် လစ်သည့်အခါ တစ်ယောက်မြင်နိုင်ရန်အတွက် ဖြစ်ပေသည်။

တစ်ပတ်လျှင် နှစ်ရက်ကျမှ တစ်လခန့် မှန်မှန်လေ့ကျင့်ခဲ့ပြီးနောက် အစီအစဉ်အားလုံး ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းဖြင့် ထောင်ဖောက်မည့်ရက်ကို သတ်မှတ်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်ကို ထောင်ဖောက်မည့်ရက်အဖြစ် သတ်မှတ်ဆုံးဖြတ်ပါသည်။ ထောင်ဖောက်ရေး အစီအစဉ် အသေးစိတ်ကိုလည်း သက်ဆိုင်ရာ အဆက်အသွယ်များမှတဆင့် ပါတီဗဟိုဌာနချုပ်သို့ တင်ပြခဲ့ကြ၏။ မဝေးတော့သည့် ဖေဖော်ဝါရီလတွင်ကား ငရဲခန်းမှ အသက်ပေါင်းများစွာကို စွန့်လွှတ်၍ ရုန်းထွက်ကြမည့် အချိန်တည်း။

လူပေါင်း ၁၅၀၀ ကျော်၏သွေးဖြင့် စတေး၍ လွတ်မြောက်ရေးလမ်းကို လျှောက်ကြမည့် သာယာဝတီ ထောင်ဖောက်ပွဲကြီး၏ လက်တွေ့ အဖြေကို ရင်တမမဖြင့် စောင့်မျှော်နေကြရပါသည်။

ပုဒ်မ–၅ ဖြင့် အကျဉ်းခံရသော လူ ၃၀၀၀ ကျော်မှာ အရိုက်အနှက်၊ အနှိပ်အစက်၊ အညှဉ်းအပန်းများကြားမှ တိုက်ပွဲခေါ်သံကို နာခံလျက်ရှိပေပြီ။ ယခု ကျွန်တော်တို့ထောင်ဖောက်ထွက်ရေးနှင့်ထောင်ဖောက်ထွက်မည့်အစီအစဉ်မှာ အင်္ဂလိပ်ရုပ်ရှင်ကားများ၌ ရုံဖန်ရံခါ ကြည့်ရှုခဲ့ကြရသည့် သည်းထိတ်ရင်ဖိုဖွယ် ပြကွက် ပြခန်းများကဲ့သို့ပင် ဖြစ်သော်လည်း ရုပ်ရှင်ကားများ၌ကား တကယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ သဏ္ဍာန်ပြရုံလောက်သာဖြစ်၏။ ယခု ကျွန်တော်တို့၏ ထောင်ဖောက် အစီအစဉ်မှာကား အသက်ပေါင်းများစွာကို စတေးလုပ်ဆောင်ရမည့် တကယ့် စွန့်စားခန်းကြီးပင် ဖြစ်ပါသည်။

## သေနတ်သံများ ကြားစပြုခြင်း

ကျွန်တော်တို့ သာယာဝတီထောင်ရောက်ပြီး ကိုးလကျော်ကြာ တိတ်ဆိတ် ငြိမ်သက်သော ညများဖြင့်သာ အချိန်ကုန်ရ၏။ ၁၅ မိနစ် တစ်ကြိမ်ကျ နှိုးမှန်ကြီးခေါက်နေသည့်ထောင်နာရီသံချောင်းခေါက်သံများသာလျှင်အကျယ်ဆုံး ကြားခဲ့ရဖူး၏။ အိပ်၍မရသောညများတွင် ကျွန်တော်တို့အား သံချောင်းခေါက်သံ များက ခြောက်လှန့်လျက်ရှိပေ၏။

ထောင်သံချောင်းသံမှလွဲ၍ အခြား မည်သည့်အသံမျှ မကြားဘူးသော လွတ်လမ်းမျှော် ပုဒ်မ-၅ များအဖို့ ည၏တိတ်ဆိတ်ခြင်းကို ဖြိုခွင်းထွက်လာ သည့် ရိုင်ဖယ်သံ၊ စက်သေနတ်သံ၊ ဘရင်းဂန်းအသံများ စတင်ကြားလာခဲ့ရ၏။

ထွက်ပေါ်လာသည့် အသံများမှာ သာယာဝတီထောင်နှင့် မဝေးသော နေရာမှဖြစ်ရုံမက ထောင်ဘူးမကြီးနှင့် ပတ်ပတ်လည် ဘူးကလေးများပေါ်မှ ပြန်လှန်ပစ်ခတ်သည့် အသံများကြားနေရာ ကျွန်တော်တို့အဖို့ အထုပ်အပိုးကလေး များပင် ပြင်ဆင်ပြီး အသင့်ဖြစ်နေကြ၏။

အနှိပ်စက် အမျိုးမျိုးခံ၍ လောကငရဲခန်းတွင် ကျင်လည်နေရသူများ အတွက် ဤ ကြားလိုက်ရသည့် သေနတ်သံများသည် ကျွန်တော်တို့၏ဘဝကို ညှိုးမှိုင်မြူးသွားစေခဲ့သည်ကိုမူ စာအားဖြင့် မဖော်ပြတတ်တော့ပါ။ အစား ဆင်းရဲမှု၊ အနေဆင်းရဲမှု၊ အရိုက်အနှက် ညှဉ်းပန်းခံရမှုတို့ကြောင့် ကုန်ခန်းနေ သည့် အင်အားများ တစ်မုဟုတ်ချင်း ပြန်လည် ပြည့်ဖြိုးခဲ့ပါသည်။ လက်သီး များကို မသိမသာ ဆုပ်မိပါသည်။ အံသွားများကို တင်းကျပ်စွာ ကြိတ်ခဲ့မိပါ သည်။ သက်ပြင်းရှည်များကိုလည်း အသီးသီးချမိပါသည်။

သို့သော် ထောင်နှင့် ခပ်လှမ်းလှမ်းမှ စတင်ကြားလာရသည့် သေနတ်သံ များမှာ တဖြည်းဖြည်း နီးမလာဘဲ ဝေး၍ ဝေး၍ သွားခဲ့ရာမှ ငြိမ်သက်သွားပါ တော့သည်။ ကျွန်တော်တို့၏ မျက်စိများမှာလည်း ပြူးကျယ်နေရာမှ ပြန်လည် မှေးမှိတ်၍ ငိုက်မျဉ်းလာခဲ့ပါသည်။ ထိုနေ့ညမှာမူ ပြန်၍ အိပ်မရကြတော့ပါ။ တိုးတိုး တိုးတိုးနှင့် သေနတ်သံအကြောင်းကို ဝေဖန်နေကြ၏။ တန်းစီးများ ကလည်း ကျွန်တော်တို့အား လွတ်လပ်ခွင့် ပေးထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အပြင်မှ ထောင်လာဖွင့်တော့မည်ဟူသော ကျွန်တော်တို့လွှင့်ထားသည့် ကောလာဟလ သတင်းနှင့် ထိုနေ့ညက ကြားလိုက်ရသည့် သေနတ်သံကား ကျွန်တော်တို့အား ချော့မော့ပေါင်းသင်းလာစေခဲ့၏။ ကျွန်တော်တို့၏ အလိုသို့ မသိမသာ လိုက်လျောလာပြီး သူတို့ ထင်မြင်ချက်များပင် ပြောဆိုလာကြ၏။ ထိုညအဖို့ နားတစွင့်စွင့်နှင့် သေနတ်သံများအား ဆက်လက်စောင့်မျှော်ခဲ့ပါသော်လည်း ဆန္ဒမပြည့်တော့ပါ။ နောက်တစ်နေ့ ဝါဒါများထံမှကြားနေရသည့် သတင်းအရမူ သာယာဝတီမြို့အနီး ဖားရွှေကျော်ရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရပေသည်။

ကျွန်တော်တို့ဆင်နွှဲတော့မည့် ဖေဖော်ဝါရီလ ထောင်ဖောက်ပွဲကြီးအတွက် ရဲဆေးတစ်ခွက်လည်း ဖြစ်စေပါသည်။ တိုက်ပွဲတံခါးခေါက်သံအဖြစ် ခံယူကြပြီး အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြ၏။ ကျွန်တော်တို့၏မျက်နှာများကား ရွှင်ပျလန်းဆန်းနေကြ၏။

ညဘက်ကကြားခဲ့ရသော သေနတ်သံများကား ကျွန်တော်တို့အား ထောင်မှမလွတ်မြောက်သေးစေကာမူ တဒင်္ဂအားဖြင့် လက်ငင်း အကျိုးရှိစေခဲ့ပါသည်။ နောက်တစ်နေ့တွင် ကျွန်တော်တို့အား နှိပ်စက်ခဲ့သည့် ထောင်ကျ များသည် ကျွန်တော်တို့အပေါ်တွင် အတော်ပင် လိုက်လျောလာခဲ့ကြ၏။ အလုပ်အကိုင်များကိုလည်း ယခင်ကလို အော်ဟစ်ဆဲဆို ငေါက်ငမ်း၍ မခိုင်းတော့ဘဲ သက်သာသလို ကြည့်နေကြရန်ပင် ပြောလာကြပေသည်။

နံနက် ထမင်းဆွဲတွင်မှ ပို၍အံ့သြရပြန်၏။ အမြဲတမ်း ဆီမပါသည့် ငါးပိတွင် ဆီပါလာ၍ ခါတိုင်းရနေကျ ရေလုံပြုတ်ဟင်းတွင် အဆီလေးဖော့လာ၏။ ဖားရွှေကျော်တိုက်ပွဲ၏ သေနတ်သံကား တန်ဖိုးထက်လှပေစွတကား။

သေနတ်သံကြားပြီး ၁၀ ရက်လောက်အထိ ကျွန်တော်တို့မှာ အနေအထိုင် အလုပ်အကိုင်ကလေးများ သက်သာချောင်ချိစွာ နေထိုင်ခဲ့ရပါသည်။ နောက်ထပ် သေနတ်သံများ ကြားရနိုးနိုးဖြင့် စောင့်မျှော် နားထောင်ခဲ့သော်လည်း သေနတ်သံများ မကြားရတော့ပါ။ တုတ်သံများသာ ပြန်ကြားလာရပါသည်။ သေနတ်သံ စဲသွားသည်နှင့် လိုက်လျောမှုများအစား တင်းမာမှုများ၊ အလုပ်ခွင်တွင် ဆဲသံ ဆိုသံ၊ ငေါက်သံများမှာ ဒုံရင်းအတိုင်း ပြန်ကြားလာရ၏။ ကျွန်တော်တို့ ဘဝကား ဆန်းကြယ်လှပါဘိတကား။

www.burmeseclassic.com

www.burmeseclassic.com



## အရက်စက်ဆုံးနှင့် အဆိုးဝါးဆုံး နှိပ်စက်မှု

ယခု ရေးသားတင်ပြမည့် အကြောင်းမှာ ထောင်တွင်း ရက်စက်မှုများ အနက် အဆိုးဝါးဆုံးသော လုပ်ရပ်တစ်ခု ဖြစ်၏။ လူမဆန်ဆုံးသော လုပ်ရပ်လည်း ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာမည်ကျော်ကြားခဲ့သည့် အော့စဝစ် အကျဉ်းစခန်းကြီးနှင့် လူသားချင်း ညှဉ်းပန်းနှိပ်စက်ရာတွင် နာမည်ကြီးလှသည့် အိုက်ခမန်းတို့ပင်လျှင် ဤနည်းကို အသုံးမပြုခဲ့ကြပေ။ ဤနည်းမျိုး အသုံးပြုခဲ့သည်ဟုလည်း သူတို့စာအုပ်များတွင် မတွေ့ခဲ့ရဘူးပေ။

တိုက်ပိတ်ခံနေရသော ရဲဘော်အချို့အား ကျင်ကြီး ကျင်ငယ်များ ရောနှော ဖျော်ထားသည့် အရည်ကို ထောင်ကော်ဖီဟု ထွင်ပြီးတိုက်ကြရာ ရဲဘော်များက သောက်နိုင်ဟု ငြင်းဆန်သဖြင့် ရိုက်နှက်ခဲ့ရာတွင် ဒဏ်ရာပြင်းထန်လွန်း၍ ရဲဘော်နှစ်ယောက် သေဆုံးသွားခဲ့ပေသည်။ (ထောင်အာဏာပိုင်များကမူ ရောဂါဖြင့် သေဆုံးကြသည်ဟု အကြောင်းပြခဲ့၏။)

ဤသတင်းကို ကြားရသည့် ရဲဘော်တိုင်းသည် ကိုယ့်နှုတ်ခမ်းကိုသာ ကိုက်ရင်း ဒေါသကို မျိုသိပ်ခဲ့ရ၏။ ဘာပဲဖြစ်ဖြစ် ချတော့မည်ဟူသော စိတ်ဓာတ်များဖြင့် ဆွေးနွေးတင်ပြလာကြရာ ထောင်ဖောက်ရေး အစီအစဉ်ကြီးတစ်ခုလုံးကို ထိခိုက်သွားမည်ဖြစ်သဖြင့် တာဝန်ရှိသူများက အတော်ပင် ထိန်းသိမ်းယူခဲ့ရပါသည်။ လက်စားချေရေး စိတ်ဓာတ်များလည်း တိုးတက်ရင့်သန်လာခဲ့ကြ၏။

အသက် ၇၀ ကျော်ရှိ ဖားရွှေကျော်ရွာမှ ဆရာစံလက်ထက် သူပုန်ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သော အဘမှဲ့ ဆိုသူ ဘအိုကြီးမှာ ခါးတောင်းမြှောင် အောင်ကျိုက်၍ ချမယ်၊ နက်မယ် တကဲကဲ ဖြစ်နေသဖြင့် အားလုံး ဝိုင်း၍ဖျောင်းဖျ ချော့မော့ထားရာ မကျေနိုင်မချမ်းနိုင်ဖြစ်နေပြီး ထောင် အာဏာပိုင် အားလုံးကို အော်ကြီးဟစ်ကျယ် ဆဲဆိုနေပြန်သဖြင့် တန်းစီးက ရုံးတင်မည်လုပ်နေသဖြင့် တန်းစီးကို အကျိုးအကြောင်းရှင်းပြ၍ တောင်းပန်ခဲ့ရ၏။

အဘမှဲ့မှာ စိတ်အလွန်ကြီးသူဖြစ်ရာ ထိုသတင်းကို ကြားပြီးနောက် နှစ်ရက်တိတိ ထမင်းမစားခဲ့ပေ။ တောက်တခေါက်ခေါက်နှင့် မကျေနိုင် မချမ်းနိုင် ဖြစ်နေရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်ကြီး ကျင်ငယ်ရည်ကို ထောင် ကော်ဖီအဖြစ် တိုက်သည့်ကိစ္စမှာ မျက်မြင် မဟုတ်သော်လည်း တကယ်ပင် လုပ်မည်ကိုမူ ခြွင်းချက်မရှိ ယုံကြည် မိပါသည်။ ယုံကြည်လောက်သည့် အကြောင်းကလည်း ဤသို့ရှိခဲ့၏။

ကျွန်တော်တို့ ရန်ကုန်ကလူများ သာယာဝတီထောင် ရောက်ခဲ့စဉ်က ဘူးကြီးထဲတွင် အရိုက်ခံနေလျှင် ထောင်မှူးတစ်ဦးက တန်းစီးတစ်ဦးအား 'ဒီကောင်တွေ ရန်ကုန်က ခေါင်းဆောင်ပိုင်းမှာပါတဲ့ အကောင်တွေပဲ၊ ဒီကောင်တွေကို နံနက်ကျရင် ထောင်ကော်ဖီ ဖျော်တိုက်လိုက်'ဟု ပြောရာ ကျွန်တော်တို့က ထောင်ကော်ဖီအကြောင်း နားမလည်သဖြင့် 'အလဲ့... မဆိုးဘူး'ဟု စိတ်ထဲမှ မှတ်ချက်ချမိပါ၏။

ကျွန်တော်တို့ကား ထောင်ကော်ဖီကို မသောက်ခဲ့ရပါ။ တိုက်လျှင်လည်း ထိုအကြောင်းသာသိလျှင် အသေသာခံကြပါမည်၊ မည်သည့်နည်းနှင့်မျှ သောက် မည်တော့ မဟုတ်ပါ။

ကျွန်တော်တို့ မသောက်ခဲ့ရသည့် အကြောင်းမှာလည်း နောက်တစ်နေ့ နံနက် လူလာစစ်သည့်အခါ ပါလာသည့် ထောင်မှူး ဦးသန်း (ဂျပန် တော်လှန် ရေးကာလက သမ္မတယောင်း မန်းဝင်းမောင်တို့၏ လေထီးအဖွဲ့တွင် ပါခဲ့သည့် လေထီးဆင်း ရဲဘော်ဟောင်းတစ်ဦးဟု သိရပါသည်။) ဆိုသူနှင့် ကျွန်တော်တို့ ထဲမှ ရဲဘော်စိန်လွင် (ကန်တော်ကလေး)တို့မှာ အလွန်ခင်မင်သည့် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များ ဖြစ်နေသဖြင့် ကိုစိန်လွင်တို့နှင့် ပါလာသူများကို တတ်နိုင် သမျှ ကြည့်ရှုရန် တန်းစီးလုပ်သူအား မှာခဲ့သဖြင့် ထောင်ကော်ဖီ မသောက် ခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့အရင် ရောက်ခဲ့သည့် ပဲခူးခရိုင်မှ ရဲဘော်များကိုမူ ထောင်ဘူးမကြီးထဲတွင် ထောင်မှူးကြီးကိုယ်တိုင် ထောင်ကော်ဖီ တိုက်ခဲ့ဖူးပါ သည်။ ရဲဘော်များက မသောက်ဟု ငြင်းသဖြင့် သေလုမြောပါး အရိုက်ခံခဲ့ရ ဖူး၏။ ပဲခူးခရိုင်မှ ရဲဘော်များအနက် သုံးယောက် ခေါင်းကွဲ၍ နှစ်ယောက်မှာ လက်သွင်သွင်ကျိုးအောင် အရိုက်ခံခဲ့ရပေသည်။

လက်ကျိုးသူ နှစ်ယောက်အနက် တစ်ယောက်မှာ ထောင်ဖွင့်သည့်အချိန်ထိ လက်ပြန်မကောင်းတော့ပါ။

ယခုလည်း တိုက်ပိတ်ခံနေရသည့် ရဲဘော်များကို တမင်နှိပ်စက်ခြင်း ဖြစ်ရာ ထောင်ကော်ဖီကိစ္စ ကြုံလာတိုင်း ရဲဘော်များ၏အဓိဋ္ဌာန်မှာ အသေသာ ခံမည်၊ မသောက်ဟူ၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤ သာယာဝတီ ထောင်ကော်ဖီကိစ္စမှာ သတင်းစာ တစ်စောင်တွင် ပါရှိလာခဲ့ရာမှ လွှတ်တော်အထိ ရောက်အောင် ပွက်လောရိုက်ခဲ့ပေသည်။

စစ်၏အနိဋ္ဌာရုံတစ်ခုအဖြစ် သတ်မှတ်နိုင်သည့် သဘောရှိပေ၏။

ယခု ကျွန်တော် တင်ပြနေသည့် သာယာဝတီထောင်၏ ငရဲခန်းများ အကြောင်းမှာ နယ်ချဲ့အုပ်စိုးစဉ်က အဖြစ်အပျက်လည်းမဟုတ်၊ ဂျပန်ခေတ် ဖက်ဆစ်အုပ်စိုးမှုကာလလည်း မဟုတ်ပါ။ လွတ်လပ်ရေးရပြီး နောက်ပိုင်း ခေတ်တွင် ဖြစ်ခဲ့ရသည်မှာ ရင်နာဖွယ် ကောင်းလှပါသည်။ ပို၍ ရင်နာဖွယ် ကောင်းသည်မှာ နှိပ်စက်သူကလည်း မြန်မာအမျိုးသား၊ အနှိပ်စက်ခံရသူမှာ လည်း မြန်မာအမျိုးသားများ ဖြစ်နေခြင်းပင် ဖြစ်၏။

ထိုထက်ပို၍ ရင်နာဖွယ်ကောင်းသည်မှာ ကမ္ဘာကျော် အကျဉ်းစခန်း ကြီးများတွင်ပင် မကျင့်သုံးခဲ့သည့် လုံးဝ လူသားမဆန်သော လူစိတ်ကင်းမဲ့ သည့် နည်းများကို တီထွင်ကျင့်သုံးခဲ့ခြင်းပင် ဖြစ်လေသည်။ ကမ္ဘာကျော် သုံ့ပန်းအကျဉ်းစခန်းကြီးများတွင် လူများကို သန်းဂဏန်းထိအောင် သတ်ဖြတ် ခဲ့သော်လည်း သာယာဝတီထောင်တွင် ကျူးလွန်ခဲ့သည့် ညှဉ်းပန်းနည်း များလောက် မစုံလင်လှပေ။ ဂျပန်တို့၏ ယိုးဒယားလမ်းဖောက်လုပ်ရေး သံဖြူဇရပ် သုံ့ပန်းစခန်းတွင် ကျူးလွန်ခဲ့သည့် နှိပ်စက်မှု၊ ရက်စက်မှုများပြီးလျှင် သာယာဝတီ ထောင်၏ရက်စက်မှုသည် အဆိုးရွားဆုံးသော ရက်စက်မှုကြီး တစ်ရပ်အဖြစ် မှတ်တမ်းပြုရလျှင် မှားအံ့မထင်မိပေ။ ဤသို့ မှတ်တမ်းပြု နိုင်ရန်လည်း အသေး စိတ် အဖြစ်အပျက်များ ရေးသားတင်ပြရခြင်း ဖြစ်ပေသည်။

ဤနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် လက်ရှိ ဗမာ့တပ်မတော်၏ ကွန်မြူနစ်များအပေါ် ကျင့်သုံးခဲ့သော စံနမူနာယူထိုက်သည့် သက်ညှာမှုတစ်ခုကို သာဓကဆောင်ပြလိုပါသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် လက်နက်စွဲကိုင် တိုက်ခိုက် လျက်ရှိသော ကွန်မြူနစ်များကို ဗမာ့တပ်မတော်က အကြိတ်အနယ် တိုက်ခိုက် နေသည့် ချေမှုန်းရေးတိုက်ပွဲများတွင် ကိုင်းတောကြီးများ၊ ကျူတောကြီးများ အတွင်း ချောင်ပိတ်နေသည့်ကွန်မြူနစ်များကို အနေပါစီးရနေသော ဗမာ့တပ်မတော် သည် ရက်ရက်စက်စက် မချေမှုန်းခဲ့ချေ။ တိုက်ပွဲကာလဖြစ်နေသဖြင့် ရက်ရက် စက်စက် ချေမှုန်းတိုက်ခိုက်ခြင်းပြုသည့်တိုင် အပြစ်ဆိုဖွယ်ရာ မရှိနိုင်ချေ။ ဤသို့သော အခြေအနေတွင်ပင် ကွန်မြူနစ်တို့အား လက်နက်ချထွက်ခဲ့ရန်

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် သတိပေး မေတ္တာရပ်ခံ၍ အချိန်ပေးခဲ့၏။ ဤသို့ အကြိမ်ကြိမ် သတိပေး မေတ္တာရပ်ခံချက်ကို မည်သို့မျှ တုံ့ပြန်မှုမပြုခဲ့လျှင်သာ ချေမှုန်းရေး တိုက်ပွဲအဆင့်ကို မလွှဲမရှောင်သာသည့်အနေအားဖြင့် တိုးမြှင့်ခဲ့သည့် သာဓက တစ်ရပ်ကို ထင်ရှားစွာပြခဲ့ပေသည်။

ဤသည်မှာ ဗမာ့တပ်မတော်၏ သဘောထားကြီးမှု၊ အမျိုးသားအချင်းချင်း အပေါ် ရန်သူလိုသဘောမထားဘဲ မေတ္တာရှေးရှုမှု၊ ညာတာမှု၊ လူသားဆန်မှု များကို ထုတ်လှစ်ပြသခဲ့ခြင်းဖြစ်ရာ အထူးစံနမူနာအဖြစ် သတ်မှတ် မှတ်တမ်း တင်ထားအပ်လှပေသည်။

၁၉၄၈ ခုနှစ်က ဖြစ်ရပ်နှင့် ယနေ့ ဖြစ်ရပ်နှစ်ခုကို နှိုင်းယှဉ်ကြည့်သော် လူလူချင်းအပေါ် ထားရှိအပ်သည့်၊ ထားရှိရန်လိုအပ်လှသည့် မေတ္တာတရား၏ တိုးတက်လာမှု အတိုင်းအတာမှာ ဝမ်းမြောက်ဂုဏ်ယူ ချီးကျူးစရာကောင်းလှ ပေ၏။ ရှေ့တွင်လည်း ဤထက် နောက်မဆုတ်ဘဲ ဤထက် တိုးတက်ပါစေဟု ဆုတောင်းမိပေသည်။

၁၉၄၈ ခုနှစ် သာယာဝတီ အကျဉ်းထောင်ဖြစ်ရပ်မှာ ကြေကွဲဖွယ်ရာ ကောင်းလှပေရာ လူလူချင်းထားရှိအပ်သည့် တရားမျှတသော လူ့အခွင့်အရေး အဆောက်အအုံကြီးတစ်ခု တည်ဆောက်ရေးတွင် သင်ခန်းစာယူစရာ မှတ်တမ်း မှတ်တိုင်တစ်ရပ်အဖြစ် ရှုမြင်နိုင်ကြမည်ဆိုလျှင် ယခုစာတမ်းကို ရေးသားပြုစု တင်ပြရကျိုး နပ်ပါပြီဟု စာရေးသူက ခံယူထားပေသည်။

## အိုးစားဆွဲခြင်း

သာယာဝတီထောင်တွင် ဖြစ်ပွားခဲ့သည့် လူသားမဆန်သော အခြား ကျူးလွန်မှုတစ်ခုမှာ 'အိုးစားဆွဲ'သည့် ကိစ္စပင် ဖြစ်၏။ အိုးစားဆွဲ ဆိုသည်မှာ လိင်တူချင်း သံဝါသပြုခြင်းကို အိုးစားဆွဲသည်ဟု ထောင်၏ဝေါဟာရအားဖြင့် ခေါ်ဆိုပါသည်။

လူစိတ်ကင်းမဲ့ပြီး ဘီလူး၊ သရဲစိတ် ဝင်နေသူများကြီးစိုးရာ သာယာဝတီ ထောင်တွင် အလွန်တရာ အောနလုံးနာစရာအကောင်းဆုံးနှင့် အယုတ်မာဆုံး သောအလုပ်ဖြစ်သည့် အိုးစားဆွဲသည့်ကိစ္စမှာ အများဆုံး ဖြစ်ပွားခဲ့သည်။ မည်မျှဖြစ်ပွားခဲ့ဟူမူ ခြောက်ထောင်ပိုင်၊ သံတော၊ ဦးထုပ်ပြာ၊ ဦးထုပ်ဖြူရသည့် အကျဉ်းသားအရာရှိခေါ် အကျဉ်းသား လူကြီးများအားလုံးတွင် အိုးစားကညာ တစ်ယောက်စီရှိကြ၏။ အချို့ နှစ်ယောက်၊ သုံးယောက်ပင် ထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ထောင်ပိုင်၊ သံတော၊ ဦးထုပ်ပြာ (၁၂ မှတ်)၊ ဦးထုပ်ဖြူ (၈မှတ်) များမှာ အကျဉ်းသားများထဲမှ အကျဉ်းသားများကို ထိန်းရန် ရွေးချယ်ခန့်ထားသည့် ထောင်အကျဉ်းသား အရာရှိများ[၁]ဖြစ်ရာ အခြား ထောင်အကျဉ်းသားများတွင်မူ အကျဉ်းသား အရာရှိများမှာ လျှော့ရက်ရခြင်း၊ ရေပေါ်ဆီ စားရခြင်းစသော အခွင့်အရေးလောက်သာ ခံစားရသော်လည်း သာယာဝတီထောင်တွင်မူ ဘုရင်တစ်ဆူအလား မင်းမူနေကြ၏။ သူတို့နှုတ်မှ 'ဖြစ်စေ'ဟုဆိုလျှင် ဖြစ်၍ သူတို့လက်ညှိုးညွှန်သမျှ ဖြစ်ရသည့် 'ဖြစ်စေ' 'ဆရာကြီးများ' ဖြစ်နေကြ၏။

အိုးစားမယ်များမှာ ညဘက်ကျလျှင် မိန်းမများကဲ့သို့ သနပ်ခါးများ လိမ်းလျက် အိုးစားမောင်အား ဘိန်းရှူလျှင် ဘိန်းမီးတို့ပေးရ၏။ ဆေးခြောက်ရှူလျှင် ဆေးခြောက်နယ်ပေးရသော ဖျော်ဖြေမှုဖြင့် အသုံးတော်ခံကြရ၏။ တန်းစီးမောင်နှင့် အိုးစားမယ်တို့ ဆေးခြောက်မိန်း၍ အချစ်ပလူးနေသောအချိန်မျိုးတွင် ကျွန်တော်တို့က ထောင်ထုံးစံအတိုင်း သေးပေါက်၊ ချေးပေါက်ကိစ္စများကို တိုင်ကြားခွင့်ပန်ရန် အော်မိလျှင် တုတ်တိုနှင့် ထ၍ဆော်တတ်၏။

သူတို့ဖိမ်ယူစဉ် လာရောက်နှောင့်ယှက်ရပါမည်လားဟု ရိုက်တတ် ကြရာ သေးပေါက်၊ ချေးပေါက်ခွင့်တောင်းရန် အော်ခါနီးလျှင် တစေ့တစောင်း သူတို့အကဲကို ခတ်ရသေး၏။ ထိုသို့ အကဲခတ်၍မှ အခွင့်သာပုံ မပေါက်လျှင် ကိုယ့်အချင်းချင်းလက်တို့၍ ပထမလူက နောက်လူကို အိုးအပ်နိုင်အောင်၊ နောက်လူက ပထမလူထံ တိုးတိုးတိတ်တိတ် သတင်းပို့၍ ကိစ္စပြီးကြရပါသည်။

အကျဉ်းသား အရာရှိများတွင် ဦးထုပ်ပြာ၊ ဦးထုပ်ဖြူ ဆောင်းရချင်းတူသော်လည်း တုတ်ကိုင်ရသူ၊ တုတ်မကိုင်ရသူဟူ၍ ပါဝါချင်း၊ အဆင့်ချင်း ကွဲပါသေးသည်။ ဦးထုပ်ဆောင်းရပြီး တုတ်မကိုင်ရသူကို ရိုးရိုးဗာရာခေါ်၍ တုတ်ကိုင်ရသူကို တုတ်ကိုင်ဗာရာဟု ခေါ်ပါသည်။

အိုးစားကိစ္စမှာ ပထမပိုင်းတွင် သူတို့အချင်းချင်းအတွင်း လှည့်စားခဲ့သော်လည်း နောက်ပိုင်းတွင်မူ ပုဒ်မ–၅ များဘက် ဦးလှည့်လာခဲ့၏။ ပုဒ်မ–၅ များထဲမှ အရွယ်ငယ်၍ ရုပ်ရည်အသင့်အတင့်ရှိသူများကို အိုးစားဆွဲရန် ကြိုးစားခဲ့ကြ၏။ အခွင့်အရေးအမျိုးမျိုးပြ၍ တန်းစီးများအခန်းတွင်းသို့ အတင်းအဓမ္မ ခေါ်သိပ်ခြင်းဖြင့် လည်းကောင်း အိုးစားမယ်မွေးရန် ကြိုးစားကြ၏။

---

၁။ Cornvict officer

www.burmeseclassic.com



ကျွန်တော်တို့မှာ ရဲဘော်များအတွက် အမျိုးမျိုးကြိုးစား၍ ကာကွယ်ခဲ့ရပါ၏။ ရုပ်ရည်အသင့်အတင့်ရှိသူများကို တန်းစီးများနှင့် ပလူးပလဲမဆက်ဆံရန်၊ သူတို့ကျွေးသောအစားများ မစားရန်၊ သူတို့ပေးသည်များမယူရန် သတိပေး တားမြစ်ခဲ့ကြ၏။ သို့သော်လည်း အချို့မှာ အကျပ်အတည်းအမျိုးမျိုး နှိပ်စက်မှုအမျိုးမျိုး၊ အစားအနေ ဆင်းရဲဒုက္ခအမျိုးမျိုးဒဏ် မခံနိုင်ရှာသည့်အတွက် သူတို့ကျော့ကွင်းအတွင်း ဝင်ရောက်သွားရသူလည်းရှိခဲ့ကြ၏။ သို့သော် မပြောပလောက်သော အရေအတွက်သာလျှင် ဖြစ်၏။

ကိုယ်တိုင် သဘောတူညီချက်မပါဘဲ အတင်းအကျပ် ကြိုးစားလာသည့်ကိစ္စများကိုမူ လျှော့မပေးကြပါ။ အရိုက်အနှက် အထုအထောင်းခံ၍ ကာကွယ်ခဲ့ကြ၏။ သူတို့လိုဘမပြည့်သည့်အခါ တစ်ခန်းလုံးရှိရဲဘော်များကို ရိုက်တတ်ရာ ကျွန်တော်တို့ကလည်း အလျှော့မပေးဘဲ ခါးစည်း၍ခံခဲ့ကြ၏။

သာယာဝတီထောင်တွင် ရာဇဝတ်ပြစ်မှု အမျိုးမျိုးဖြင့် ထောင်ကျနေသူ အကျဉ်းသား ၄၀၀ ကျော်ရှိရာ ၃၀၀ ခန့်မှာ ကျွန်တော်တို့ကဲ့သို့ပင် အညှဉ်းဆဲခံ အနှိပ်စက်ခံများဖြစ်ကြ၏။ သူတို့အား 'ကတိန်း'ဟု ခေါ်ကြ၏။

'ကတိန်း' ဆိုသည်မှာ ဦးထုပ်မရသော ရိုးရိုးအကျဉ်းသားများအား ခေါ်ဆိုခြင်းဖြစ်၍ 'ကတုံး'ကို သူတို့ထောင်အသံဖြင့် 'ကတိန်း'ဟု ခေါ်ခြင်းဖြစ်ပေသည်။

ကျွန်တော်တို့ အဓိကထား၍စည်းရုံးခဲ့သည့် အင်အားစုလည်း ဖြစ်၏။ သူတို့ကား အညှဉ်းဆဲခံများဖြစ်နေရာ ကျွန်တော်တို့နှင့်ဘဝတူသဖြင့် စည်းရုံးရလွယ်၍ အလွယ်တကူပင် ပါတီလမ်းစဉ်ကို လက်ခံကြသူများ ဖြစ်၏။ သူတို့လက်ခံပုံမှာ ပါတီလမ်းစဉ် အောင်မြင်ရေးအတွက်လုပ်ရမည့် ရည်ရွယ်ချက်ဖြင့် လက်ခံပုံမျိုးမဟုတ်ဘဲ သူတို့ လွတ်မြောက်ရေးအတွက် ဦးတည်ချက်ထားသည့် လက်ခံပုံမျိုး ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် ထောင်ဖောက်ရေးကိစ္စတွင် ပါဝင်မည့် ထောင်ကျတပ်ရင်းဆိုသည်မှာ သူတို့ပင် ဖြစ်ပေသည်။

သာယာဝတီထောင်တွင် အိုးစားဆွဲသည့်ကိစ္စမှာ ထောင်အာဏာပိုင်များ ကိုယ်တိုင် သိရှိသော မျက်မြင်ကိစ္စလည်း ဖြစ်၏။ သို့သော် အရေးယူမှုကား မရှိခဲ့ပေ။ သူတို့၏ ပါးကွက်အာဏာသားများအတွက် သူတို့ကိုယ်တိုင်က ခွင့်ပြုထားခဲ့သောကိစ္စ ဖြစ်၏။

အလွန်တရာ ညစ်ညမ်း၍ အလွန်တရာ စုတ်ပဲ့သော လူသားမဆန်သည့် ဖြစ်ရပ်တစ်ခုကို လျစ်လျူရှုနိုင်ခဲ့သည့် ထောင်အာဏာပိုင်များသည် ကျွန်တော်တို့

www.burmeseclassic.com



အပေါ်တွင်ကျူးလွန်နေသည့် နှိပ်စက်ညှဉ်းပန်းမှုများကို ပြုံးပြုံးကလေးလျစ်လျူရှုခဲ့သည်မှာလည်း မဆန်းလှတော့ပေ။

အပြင်လောကတွင် မကောင်းသော အသက်မွေးဝမ်းကျောင်းမှုဖြင့် စီးပွားရှာနေသော အမျိုးသမီးများကို မိန်းမထိန်းလက်သို့ တစ်ဦးမှတစ်ဦး ပြောင်းလဲပြီး အရောင်းအဝယ်ပြုကြသကဲ့သို့ပင် သာယာဝတီထောင်တွင်လည်း အိုးစားအရောင်းအဝယ် ခေတ်စားခဲ့ပါ၏။

ခြောက်ထောင်ပိုင်၊ သံတော်တို့အကျကို ဦးထုပ်ပြာ၊ ဦးထုပ်ဖြူတို့က ဝယ်ယူကြ၏။ တစ်ဦးလက်မှ တစ်ဦးလက်သို့ ပြောင်းလဲ ရောင်းစားကြ၏။ ဦးထုပ်ပြာ၊ ဦးထုပ်ဖြူတို့ မွေးထားသည့် အိုးစားမယ်များကို ခြောက်ထောင်ပိုင် သံတောတို့ကအလိုရှိလျှင် အသားလွတ်သိမ်းပိုက်ကြ၏။ ဖားဖားချင်း၊ ငါးငါးချင်း စားသည့် နိုင်ရာစားလောကကြီး ထူထောင်နေကြပေသည်။

တစ်ချိန်တည်းတွင် အိုးစားနှစ်ယောက်ထားသဖြင့် မယားကြီး၊ မယားငယ် ရန်ဖြစ်သလို ရန်ဖြစ်ကြသဖြင့် ရိုက်ကြနှက်ကြသည့်ကိစ္စလည်း မကြာခဏ ပေါ်တတ်၏။ဤကဲ့သို့ ဆူညံဆူညံဖြစ်၍ ရိုက်ကြနှက်ကြပြီး မိန်းချေးထောင်မှူးထံ ရောက်သွားခဲ့သော် ထောင်မှူးက အရေးမယူဘဲ စားပေါက်ဖွင့်ပြန်၏။ တစ်ခါတစ်ရံတွင် ထောင်မှူးကိုယ်တိုင်က သံတောများလက်သို့ အိုးစားတစ်ယောက်ကို ပြောင်းလဲပေးခဲ့ရာ သံတောများက ထောင်မှူးကို ပြန်၍ကျေးဇူးဆပ်ရ၏။

ညီညွတ်ရေးနှင့် စည်းလုံးရေး အင်အားကိုကား သူတို့ အနိုင်မယူနိုင်ခဲ့ကြပါ။

မည်သို့ပင်ဖြစ်စေ ဤညစ်ပတ်စုတ်ပဲ့လှသည့် ယုတ်မာမှုကို ကျူးလွန်သူအား ကျူးလွန်နိုင်ရန်အတွက် အာဏာပိုင်လောကမှ ခွင့်ပြုထားသည်ကိုမူ သံသယဖြစ်စရာမလိုပါ။

အခြားထောင်များတွင် အိုးစားကိစ္စဆိုသည်မှာ အလွန် လျှို့ဝှက်သိပ်သည်းစွာဖြင့် ကျင့်ရ၍ ပေါက်ကြားသွားခဲ့သည်ရှိသော် တိုက်ပိတ် အပြစ်ဒဏ်ပေးခြင်းကို ခံရသော်လည်း သာယာဝတီထောင်တွင်မူ ဤကိစ္စကို အတိအလင်းလူသိရှင်ကြား လုပ်နေကြ၏။ ပြောင်ပြောင်တင်းတင်းကြီး လုပ်နေကြရာ တားဆီးမည့်သူကား မရှိခဲ့ပေ။

စစ်အတွင်းလည်းမဟုတ်၊ လူမျိုးအားဖြင့်လည်း မကွဲပြားပါဘဲ မိန်းမာလူမျိုးချင်းပေါ်တွင် ဤရွေ့ ဤမျှ ညစ်ပတ်စုတ်ပဲ့၍ ယုတ်မာရိုင်းစိုင်းသော အပြုအကျင့်များကို သာယာဝတီထောင်ကြီးတွင် ကျူးလွန်ခဲ့ကြပါရာ ဤကဲ့သို့

www.burmeseclassic.com



ရိုင်းပျ စုတ်ပွဲ ယုတ်မာမှုမှန်သမျှမှာ ထိန်းသိမ်းအုပ်ချုပ်သူ ထောင်မှူး၊ထောင်ပိုင် အကြီးအကဲများ၏တာဝန်များ လုံးလုံးသာ ဖြစ်ကြောင်း ကောက်ချက်ချရုံမှ တစ်ပါး အခြားမရှိပေ။ ယခုလို ယဉ်ကျေးတိုးတက်နေသောခေတ်မျိုးတွင် ဤကဲ့သို့ လူမဆန်သော အောက်တန်းကျ ယုတ်မာလှသည့် ရိုင်းစိုင်းမှု အဓွန့်ရှည် ကွက်ကြီးမျိုးကို အစတုံး ချေမှုန်းပစ်ရန် လိုအပ်လှပေသည်။

## ရှင် ထူးခိုင်းခြင်း

ထောင်တွင်း အိုးစားဆွဲသည့်ပြဿနာကို ညီညွတ်မှုအင်အားဖြင့် ဝိုင်းဝန်း ဆန့်ကျင်လာသည့်အခါ ဤဆန့်ကျင်မှုကို တုံ့ပြန်သောအားဖြင့် လူမဆန်သော နှိပ်စက်နည်း နည်းသစ်တစ်ရပ် ထပ်၍ထွက်လာပြန်၏။ ဤကား ကျွန်တော်တို့ကို ခေါ်သည့်အခါတွင် 'ဗျာ' ထူးသည်ကို 'ဗျာ'အစား 'ရှင်' ထူးခိုင်းသည့်နည်း ဖြစ်ပါသည်။

မောင်ဖြူဟုခေါ်လျှင် 'ဗျာ' ထူးရမည့်အစား 'ရှင်' ထူးခိုင်း၏။ ယင်း အမိန့်မှာ သံတေနှင့် တန်းစီးများက ထုတ်ပြန်ခဲ့သော လူမဆန်သည့်အမိန့် များ ဖြစ်ပေသည်။

သူတို့က နာမည်ခေါ်၏။ ကျွန်တော်တို့က 'ဗျာ' ထူး၏။ သူတို့က ရိုက်၏။ ထပ်တလဲလဲ ခေါ်၏။ ကျွန်တော်တို့ကလည်း ထပ်တလဲလဲ 'ဗျာ' ထူး၏။ သူတို့က ထပ်တလဲလဲရိုက်၏။ ကျွန်တော်တို့က အရိုက်ခံ၏။ 'ရှင်' မထူး။ ဂျာအေးသီချင်းကဲ့သို့ အစအဆုံးမရှိဘဲ အရိုက်သံသရာထဲတွင် လည် နေခဲ့၏။ ဤကိစ္စနှင့် ပတ်သက်၍ ပုဒ်မ–၅ များအတွင်း ပြဿနာ ပေါ်လာခဲ့ ပါသည်။

'ရှင်'ထူးရတာ ဘာဖြစ်သွားသလဲ။ အသားမနာရင် ပြီးရောပေါ့။ ထူးသာ ထူးလိုက်ပါ ဟူသည့် အယူအဆရှိသူက တစ်ပိုင်း။

အိုးစားဆွဲသည့်ကိစ္စကို ဆန့်ကျင်လို့ ရှင်ထူးခိုင်းတာ။ မထူးနဲ့၊ ထူးရင် သူတို့ကို ဒူးထောက်တာနဲ့ အတူတူပဲ။ အရိုက်သာခံကြ၊ ညီညွတ်မှုအားနဲ့ခုခံရင် ဒီကောင်တွေ လျှော့ရမှာပဲ။ အခုလျှော့ပေးရင် ရှင်ထူးတာ အစဉ်အလာကြီး ဖြစ်သွားမယ်ဟူသော အယူအဆရှိသူတစ်ပိုင်း ဖြစ်ရသဖြင့် အပြန်အလှန်ပညာပေး ဆွေးနွေးပြီး ညှိနှိုင်း ကြရပြန်ပါသည်။

နောက်ဆုံးထွက်လာသည့် အဖြေမှာ 'ရှင်ထူးလို့တော့ ဒီကောင်တွေက မရိုက်ဘဲနေသလား၊ ရိုက်ချင် ရိုက်တာပဲ။ ဘာအကြောင်းမှ မရှိဘဲလည်း ရိုက်

www.burmeseclassic.com



အပဲ၊ ရိုက်တာချင်းအတူတူ ရှင်မထူးဘဲ အရိုက်ခံရတာက အရိုက်ခံရကျိုး နပ်တယ်' ဟူသော သဘောထားဖြင့် တညီတညွတ် ဆန့်ကျင်လိုက်ပါသည်။

ပထမတော့ ခပ်ကြမ်းကြမ်းလေး ရိုက်ကြပြီး နောက်ပိုင်း ကျွန်တော်တို့က တင်းခံလာသည့်အခါ သူတို့က တဖြည်းဖြည်း လျှော့ပေးလာ၏။ မသိကျိုးကျွန်ပြုလာ၏။

ကျွန်တော်တို့ကလည်း သူတို့ခေါ်သည့်အခါ 'ဗျာ'လည်းမထူး၊ 'ရှင်'လည်း မထူးဘဲ 'ဟုတ်ကဲ့'ဟူသော အသုံးအနှုန်းဖြင့် သူတို့ကို ပြန်လှည့်လိုက်ကြ၏။

ထိုအချိန်အခါက ကျွန်တော်တို့၏သဘောထားမှာ နိုင်ငံရေးလမ်းစဉ်နှင့် ကိုယ်ရေးကိုယ်တာ သိက္ခာအတွက် အထူးတလည် မထိခိုက်လျှင် လျှော့ပေးမည်။ အထူးတလည် ထိခိုက်စေမည့် ပြဿနာမျိုးကိုမူ ဆန့်ကျင်မည်ဟူသော သဘောထား ချမှတ်ထားပါသည်။

ကိုယ်ရေးကိုယ်တာကိစ္စကို ထိခိုက်စေသော်လည်း ဥပဒေစည်းကမ်းဖြင့် ထောင်အာဏာပိုင်တို့က သတ်မှတ်ထားသည့်ကိစ္စမျိုးတွင်မူ တိုက်ရိုက်ဆန့် ကျင်၍ မဖြစ်သဖြင့် သွယ်ဝိုက်၍ ဆန့်ကျင်ရသည်များလည်းရှိ၏။

ကျွန်တော်တို့ အလုပ်လုပ်နေစဉ် ထောင်ပိုင်ဖြစ်စေ၊ ထောင်မှူးကြီးဖြစ်စေ လာနေသည်ကိုမြင်လျှင် မိမိတို့လက်ထဲတွင် ကိုင်ထားသည့် ပေါက်တူး၊ ပေါက်ပြား၊ ဂေါ်ပြား စသည့်ပစ္စည်းများကို ချထား၍ ပုံစံအတိုင်း ခေါင်းငုံ့ထားရမည်ဟု အမိန့်ထုတ်ထားခဲ့၏။

ကျွန်တော်တို့အနေဖြင့် တရားဝင်ထုတ်ထားသော အမိန့်များကို တိုက်ရိုက် ဆန့်ကျင်၍မရပါ။ သွယ်ဝိုက်သောနည်းဖြင့် ဆန့်ကျင်ခဲ့ကြ၏။ ထောင်ပိုင်၊ ထောင်မှူးကြီးတို့ လာသည့်အခါ မရှောင်မလွှဲသာ၍ ပုံစံထိုင်ရလျှင် သူတို့နှင့် မျက်နှာချင်းဆိုင်မထိုင်ဘဲ ကျောပေး၍ထိုင်ခြင်း၊ သူတို့ အနားရောက်လာသည့်အခါ တံတွေးထွေးခြင်း၊ ချောင်းဟန့်ခြင်း စသော မနှစ်မြို့သည့် အမူအရာများ ပြ၍ ဆန့်ကျင်ကြပေသည်။

သူတို့လာနေသည်ကို အဝေးမှမြင်ရသည့်အခါ သူတို့လာမည့်လမ်းနှင့် ဝေးစေရန် ရှောင်ထွက်ခြင်း၊ အလုပ်ကို မဲလုပ်နေဟန် ဟန်ဆောင်၍ မမြင်ယောင် ပြုခြင်း။

အနားရောက်၍ သူတို့ဗာရာများကအမိန့်ပေးမှ ရုတ်တရက် ကောက်ပြန် ထိုင်ချခြင်း စသည့်နည်းများဖြင့်လည်း သွယ်ဝိုက်ဆန့်ကျင်ခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် ဤအမိန့်မှာ နိုင်ငံရေးသမားများအပေါ်တွင် တင်းသက်သက် နှိပ်ကွပ်ရန် တီထွင်ထားခြင်း ဖြစ်သည်သာ။ ထို့ကြောင့်လည်း ကျွန်တော်တို့က အတတ်နိုင်ဆုံး ပြန်လည် ဆန့်ကျင်ခဲ့ခြင်း ဖြစ်၏။

## လက်ကောက် ဖြစ်လာကြပြီ

ထောင်တွင် အနေကြာလာသည့်အလျောက် ကလိမ်ကျနည်းများ လူနတ်ချမ်းသာ (လူပါးနပ်လျှင် ချမ်းသာသည်) အလုပ်များ၊ လက်တစ်လုံးခြား လှည့်ကွက်များ တတ်လာကြ၏။ အနေကြာတော့ လက်ကောက် ဖြစ်လာကြ ပါသည်။

လက်ကောက် ဆိုသည့်စကားမှာ ထောင်တစ်ကြိမ်ထက်ပို၍ ကျဖူးသူများကို လက်ကောက်ဟု ခေါ်ပါသည်။ လက်ကောက်၏အဓိပ္ပာယ်ဖွင့်ဆိုချက် အမှန်မှာ လူလည် ဟူ၍ ဖြစ်သည်။

လက်ကောက်တစ်ဦး ဖြစ်လာသောအခါ ထောင်တွင်းသို့ ငွေခိုးသွင်း နည်းနှင့်သုံးစွဲနည်း၊ ရောဂါမရှိဘဲ အလုပ်နားရက်ရအောင် ဖန်တီးနည်း၊ အကြော တက်ရောဂါလုပ်နည်း၊ အရေးကြီးသည့်အစီအစဉ်ရှိသည့်အခါ တန်းစီးကို ငြိမ်အောင်လုပ်နည်း၊ ဆေးလိပ်ကို ပစ္စည်းဖြစ်အောင်လုပ်နည်း၊ နောက်တစ်ကြောင်း အရပ်သားဖွဲ့နည်း၊ အလုပ်ခိုနည်း၊ နို့စားရအောင် မျက်နှာထားနည်း၊ တန်းစီး အပေါ် လိမ်နည်း စသည့် လက်ကောက်တို့တတ်အပ်သည့် အတတ်ပညာများ ကျွမ်းကျင်တတ်မြောက်လာကြပြီ ဖြစ်၏။

ထိုလိမ်နည်းများကို ကျွမ်းကျင်တတ်မြောက်ကြသော်လည်း မိမိ တင် ယောက်သက်သာ၍ ရဲဘော်အများစု ထိခိုက်မည်ဆိုလျှင်ကား ထိုလိမ်နည်းများကို အသုံးမပြုကြပေ။ ရဲဘော်အချင်းချင်းအပေါ်တွင် မထိခိုက်မှသာ လိမ်နည်း များကို အသုံးပြုကြပေသည်။

ထောင်တွင်းသို့ ငွေခိုးသွင်းနည်းမှာ ထောင်ကြပ်ခေါ် ထောင်ပုလိပ်များနှင့် ဆက်သွယ်၍ ထောင်တွင်းသို့ ငွေခိုးသွင်းရ၏။ အိမ်ကလူများ ထောင်ဝင်စာ လာသည့်အခါ တည်းခိုသည့်အိမ်သို့ ဘယ်သူ့အားလွှတ်လိုက်မည်၊ ငွေဘယ်လောက် ပေးလိုက်ပါဟု တိုးတိုးတိတ်တိတ် မှာလိုက်ရ၏။ မိမိနှင့် အဆက်အသွယ်ယူ ထားသည့် ထောင်ဝါဒါအား လွှတ်၍ ငွေယူခိုင်းရ၏။ ဝါဒါက ငွေကို အထဲ ရောက်အောင် သွင်းပေးရာ သူ့အတွက် ငွေ ၁၀ ကျပ် သွင်းပေးလျှင် သုံးကျပ် သွင်းခပေးရ၏။ ဤနည်းဖြင့် ထောင်တွင်းသို့ ငွေများ ဝင်သလိုရောက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မီးလက်ထဲသို့ ငွေရောက်လာသည့်အခါ ထိုငွေကို ထိန်းသိမ်းရန်နှင့် ထောင်မှူးများ၊ တန်းစီးများ တလာစီသည့်အခါ မတွေ့အောင် ဖုက်ရ၏။

ဖုက်နည်းမှာ ဆေးပေါ့လိုက် ဖင်စီခံကို ထုတ်ယူလိုက်၍ ဆေးရိုးအချို့ကို ထုတ်ပစ်လိုက်ပြီးနောက် ငွေကို အလိပ်ကလေးပြုလုပ်ပြီး ဆေးလိပ်ထဲသွင်းထားရ၏။ ဆေးလိပ် ထိပ်ဘက်ကို အနည်းငယ်မီးညှိပြီး ကိုယ်နှင့်မကွာ သိမ်းထားပြီး တလာစီလာသည့်အခါ ထိုဆေးလိပ်ကို ပါးစပ်တွင် ကောက်ကိုက်ထားလိုက်ရ၏။ တစ်ခါတစ်ရံ မီးညှိ၍ထားလိုက်ရ၏။ မီးညှိထားသော ဆေးလိပ်တို ဖြစ်နေသဖြင့် မသင်္ကာလည်း မဖြစ်ပါ။ ဆေးလိပ်ကိုလည်း တလာမစီပါ။ (ရှာဖွေပါ)။

အလုံခြုံဆုံးနှင့် စိတ်အချဆုံးသောနည်းဖြစ်၍ ငွေလိုသည့်အခါ ဖင်စီခံကို ထုတ်၍ လိုသလောက်ထုတ်ယူပြီး ကျန်ငွေကို ပြန်သွင်းထားလိုက်ရုံ ဖြစ်ပေသည်။

ထိုငွေဖြင့် မိမိလိုသောပစ္စည်းကလေးများကို ဝါဒါသို့ ပြန်မှာရ၏။ မှာသည့်အခါ သူတို့အတွက်လည်း အမြတ်ပေးရ၍ ငါးမူးတန်ပစ္စည်းကို တစ်ကျပ်ဆေးမှာရ၏။ တစ်ခါတစ်ရံ ဖိုကြီးအလုပ်သမားများထံမှ ဆီ၊ ရေတ်သီး စသည်များနှင့် အသားစိမ်းများကို (ကျွန်တော်တို့အတွက်ရသည့် ပစ္စည်းများထဲမှ သုံးထားသည့် ပစ္စည်းများ) ပြန်ဝယ်ရပါသည်။

လိုအပ်သည့်အခါများတွင် ထောင်တွင်း ပါတီစည်းရုံးရေး လုပ်ငန်းအတွက် ထိုငွေကိုအသုံးပြုရန် ထည့်ဝင်ရပေသည်။ ရောဂါမရှိဘဲ အလုပ်နားရက်ရအောင် ဖန်တီးနည်းမှာ ကျွန်တော်တို့လုပ်ငန်းအတွက် အကြောင်းကြီးငယ်ရှိသည့်အခါတွင် လည်းကောင်း၊ အလုပ်ဆင်း မလိုက်လိုသည့်အခါတွင် လည်းကောင်း ဗိုက်ကိုနှိပ်၍ "အမယ်လေး"၊ "အဘလေး" နင်းကန်အော်ပစ်လိုက်ရ၏။ တန်းစီးက မေးသည့်အခါ ဗိုက်ထဲက အရမ်းအောင့်နေကြောင်း၊ မခံရပ်နိုင်အောင် နာနေကြောင်းပြောလျှင် တန်းစီးက လူမမာစာရင်း ပြပေးပါသည်။ ထိုအခါ တစ်ရက်တာကိစ္စ ငြိမ်းသွား၏။ ထို့နောက် တန်းစီးနှင့် ဆေးရုံလိုက်သွားပြီး မနေနိုင်မထိုင်နိုင်လောက်အောင် အောင့်နေကြောင်း ညည်းညူပြသည့်အခါ နားရက်ခွင့် သုံးရက်မှ၊ ငါးရက်အထိ ပေးလိုက်မည်ဖြစ်ပါသည်။ ဗိုက်ထဲကနာနေသည်ကို သူတို့လည်း မသိပါ။ စမ်းသပ်၍လည်းမရပါ။ လူနာ၏ ဟန်ကိုကြည့်၍သာ အဆုံးအဖြတ်ပေးရသောကိစ္စ ဖြစ်ပါသည်။

ဤနည်းကို အသုံးပြုတော့မည်ဆိုလျှင် ပထမ ကိုယ့်ရဲဘော်ချင်းချင်းအား ခွင့်ပန်ရ၏။ သဘောတူညီချက်ယူရ၏။ အကြောင်းမှာ အခြားရဲဘော်များ

www.burmeseclassic.com

www.burmeseclassic.com



အား မထိခိုက်စေလိုသောကြောင့် ဖြစ်ပေသည်။ သူတို့ကတော့ ဆေးကုသပေးရိုး ဆေးထိုးပေးရိုး ထုံးစံမရှိပါ။ နားရက်ခွင့်သာ သင့်သလိုကြည့်ပေးမည် ဖြစ်ပါသည်။

အကြောတက်ရောဂါလုပ်နည်းမှာလည်း ခြေထောက်ကြီးကိုတန်းလိုက်၍လည်းကောင်း၊ ကလိမ်ကျလိုက်လျှင်လည်းကောင်း နားရက် သုံးရက်မှ ခုနစ်ရက်အထိ ရဖို့သေချာပါသည်။ ဤရောဂါမရှိဘဲ ရောဂါပြ လိမ်နည်းများမှာ ဆရာမရှိဘဲ ထောင်အတွေ့အကြုံက ပေးသောနည်း ဖြစ်၏။ 'အကြံအဖန်' လုပ်နည်း တတ်လာသည်ဟု ဆိုရပါမည်။

'အကြံအဖန်' ဆိုသည့် စကားလုံးမှာ ထောင်ထဲတွင် ခေတ်အစားဆုံး ဝေါဟာရစကားလုံးဖြစ်၍ ဘာလေးလုပ်လုပ် အကြံအဖန်ဆိုသည့် စကားလုံးကို သုံးကြ၏။ ဗိုက်နာပြသည်ကိုလည်း အကြံအဖန်၊ ဟင်းချက်စားသည်ကိုလည်း အကြံအဖန်၊ နောက်ဖေးခိုးသွားသည်၊ ရေခိုးချိုးသည်၊ ဟင်းချင်းလဲစားသည် စသည့် လုပ်သမျှအလုပ်တွင် အကြံအဖန်ဆိုသည့်ဝေါဟာရ ပါရစမြဲပင်။ ထောင်ထဲတွင် အလွန်လည်ပတ်၍ အမျိုးမျိုးလုပ်တတ်သူများကို 'အကြံအဖန်သမား' ဟု အမည်ပေးတတ်ကြပါသည်။ သို့သော် ကိုယ့်အချင်းချင်း ထိခိုက်မည့်ကိစ္စမျိုး ဆိုလျှင် အတတ်နိုင်ဆုံးရှောင်၍ မထိခိုက်နိုင်လျှင် တတ်နိုင်သမျှ အကြံအဖန် လုပ်ကြရ၏။

တန်းစီးကို ငြိမ်အောင်လုပ်နည်းမှာ အရေးကြီးသော ဆွေးနွေးပွဲများ လုပ်ရန်ရှိသည့်အခါတွင်လည်းကောင်း၊ ထောင်ဖောက်ရန် အုတ်ခဲများထုတ်ယူရန် ကိစ္စရှိသည့်အခါတွင်သော် လည်းကောင်း တန်းစီးကို သူ့အခန်းမှ မထွက်နိုင်အောင်လုပ်ထားရန် လိုအပ်ပါသည်။ ဤအခါမျိုးတွင် ဘိန်း သို့မဟုတ် ဆေးခြောက် ဝယ်ယူ၍ တန်းစီးအား ပေးကမ်းထားလိုက်လျှင် ကျွန်တော် တို့မှာ သဘောရှိ ကရောဟိနိုင်ကြပါသည်။

ဘိန်းနှင့် ဆေးခြောက် ဝယ်မရသည့်အခါတွင်မူ တန်းစီးနှင့် ဆေးလိပ် ကြေး ကြွေ(ပဆစ်)ပစ်ပြီး အရှုံးခံ ကစားနေသည့်အခါ တန်းစီး အပြင်သို့ ထွက်မကြည့်တော့ပါ။ အခန်းကြီးထဲတွင် ကျွန်တော်တို့အဖို့ လုပ်ချင်ရာလုပ်နိုင်သည့် အခွင့်အရေး ရပါသည်။

တန်းစီးအတွက် ဘိန်းနှင့်ဆေးခြောက် ဝယ်ပေးရန် အကြောင်းရှိလာသည့်အခါ လူတစ်ယောက်လျှင် တစ်နေ့တွက် ဆေးလိပ် လေးလိပ်ရရှိသည်ကို စုပေါင်း၍ အလိပ် ၁၅၀ ကျော် ရောင်းချလိုက်ခြင်းဖြင့် လိုသောပစ္စည်း ဝယ်ယူ

www.burmeseclassic.com

www.burmeseclassic.com



ရရှိ၏။ ထိုနေ့မျိုးတွင် ကျွန်တော်တို့အတွက်ဆေးလိပ်မှာ 'ပွတ်ချွန်'ခေါ် ဆေးရွက် အမှုန့်ကို စက္ကူဖြင့် လိပ်သောက်သည့် ဆေးလိပ်ဖြင့် အာသာဖြေလိုက်ကြရ၏။

ထောင်တွင် ဆေးလိပ်မှာ တန်ဖိုးအရှိဆုံးပစ္စည်း ဖြစ်၏။ ဆေးလိပ်ကို ငွေအဖြစ် သုံးစွဲ၍ရ၏။ ဆေးလိပ်နှင့် ဝယ်လျှင် ကွမ်းယာမှအစ ဘိန်းအဆုံး အကုန်လုံး ဝယ်၍ရနိုင်၏။ ဆေးလိပ်၏တန်ဖိုးကို တစ်မတ်ထားရာ ဝက်ဆီ တစ်ခွက်၏တန်ဖိုးမှာ ငါးမူးဖြစ်သော်လည်း ငွေဖြင့်ဝယ်လျှင် ငါးမူးပေးရ၍ ဆေးလိပ်ဖြင့်ဝယ်လျှင် ခြောက်လိပ်သာပေးရ၏။ ငွေ၏တန်ဖိုးထက် ဆေးလိပ်၏ တန်ဖိုးက မြင့်နေသည့်သဘော ဖြစ်၏။

'အရပ်သား' ဖွဲ့နည်းမှာ ဤသို့ဖြစ်၏။ အရပ်သားဆိုသည့် စကားမှာ ထောင်ထဲတွင် အကြံအဖန်ဆိုသော စကားကဲ့သို့ ခေတ်စား၍ အရေးပါသော ဝေါဟာရတစ်ခုဖြစ်၏။ ထောင်ထဲတွင် အကျဉ်းသားများရှိသည့်အနက် အကျဉ်း သားအရာရှိ အကြီးဆုံးဖြစ်သူ ခြောက်ထောင်ပိုင်မှာ နတ်တလင်းသားဖြစ်လျှင် နတ်တလင်းကလူများ ကောင်းစား၍ ပဲခူးသားဖြစ်လျှင် ပဲခူးကလူများ ကောင်းစား ကြပေသည်။ အရပ်သားချင်း ကြည့်ရှုစောင်မ,သည့်သဘော ဖြစ်၏။

သံတေများ၊ ဦးထုပ်ပြာ တန်းစီးများ၊ အလုပ်ဘုတ်ကိုင်များ မည်သည့် အရပ်သားဖြစ်သည်ကို စုံစမ်း၍ရလျှင် ထိုအရပ်အကြောင်းလေ့လာ၍ မိမိလည်း ထိုအရပ်သားဖြစ်ကြောင်း ခပ်တည်တည် ဖိန်းတတ်လျှင် အခွင့်အရေးပေးရုံမက ခဏခဏလာ၍ စောင်မ,ကြည့်ရှုတတ်လေ၏။ ဒေသအစွဲဖြင့် အရပ်သားချင်းကို လူကြီးဖြစ်နေသူက သက်ညှာသည့်သဘောဖြင့် ကူညီခြင်းမျိုးဖြစ်ရာ ကျွန်တော် တို့လည်း အရပ်သားဆိုသည့် ဝေါဟာရကို လည်သလို အသုံးချခဲ့ကြပေသည်။ ကျွန်တော်တို့ပင်လျှင် ရန်ကုန်သား ထောင်မှူးကြီးတစ်ယောက်နှင့် တွေ့ခဲ့ရ၍ ထောင်ကော်ဖီနှင့် ဖူးစာမဆုံခဲ့ရပေ။

အလုပ်ခိုနည်းမှာ ထောင်ကြပ်၊ အလုပ်ဘုတ်ကိုင်နှင့်တွေ့လျှင် ရန်ကုန်မြို့ အကြောင်းကို ဟုတ်တာရော မဟုတ်တာပါ ပုံကြီးချဲ့၍ စိတ်ဝင်စားအောင် သုံး,လေးယောက်က ဝိုင်း၍ အာရိုက်ပေးလိုက်လျှင် အလုပ်မလုပ်ရဘဲ ညာဝါးပြီး တစ်နေ့တာ အချိန်ကုန်စေ၏။ ထိုအခါမျိုးတွင် စကားပြောကောင်း၍ အဖြီး အဖြန်း ကောင်းသူများကို ရှေ့တန်းတင်ပေးလိုက်လျှင် ထောင်ကြပ် တော်တော် ပါးစပ်ကြီးဟပြီး ငေးသွားတော့၏။

မိန်းမအကြောင်းပြောလျှင် ထောင်ကျများ သဘောအကျဆုံးဖြစ်ရာ မိန်းမ နှင့်စပ်လျဉ်း၍ လန်ကြုတ်ဇီကာ ဖွင့်တတ်သူများပါလာလျှင် ကျွန်လူများမှာ

www.burmeseclassic.com



အလုပ် မလုပ်ရတော့ဘဲ ဒူးနန့်ပြီး ထိုင်နေရုံသာရှိတော့၏။ နောက်နေ့များတွင် ထိုအုပ်စုကိုရအောင် အလုပ်ဘုတ်ကိုင်က ရွေး၍ခေါ်ဆောင်ခေါ်တတ်ပေ၏။

အချို့ထောင်ကျများမှာ ရုပ်ရှင် လုံးဝမကြည့်ဘူးသူများဖြစ်ရာ ထိုထောင်ကျမျိုးနှင့်တွေ့သည့်အခါ ရုပ်ရှင်အကြောင်းပြောလျှင် အလွန်သဘောကျပြီး အလုပ်မခိုင်းတော့ပေ။ ဤနည်းများဖြင့် သူတို့အပေါ် ပြန်၍ထိပ်ကွက်ခဲ့ရပေသည်။

## သေနတ်သံများ ထပ်မံကြားပြီ

ကျွန်တော်တို့သည် ထောင်ဖောက်ရေးလုပ်ငန်းအတွက် ပြင်ဆင်မှုများကို မျက်ခြည်ပြတ်မခံဘဲ ပို၍သိပ်သည်းပိရိစွာ ပြင်ဆင်လှုပ်ရှားခဲ့ကြ၏။ လိုအပ်သည့် လေ့ကျင့်ခန်းများ ထပ်တလဲလဲ ပြုလုပ်နေကြ၏။ ဤသို့ ပြင်ဆင်နေသည့်အချိန် အတွင်းမှာပင် ညဘက်များ၌ သေနတ်သံများ တဖြောက်ဖြောက် ကြားလာရ၏။ သေနတ်သံများမှာ ရက်ခြား၊ တစ်ခါတစ်ရံ ရက်ဆက် ကြားနေရ၏။

သာယာဝတီခရိုင်အတွင်း သူပုန်တို့၏ ပြောက်ကျားလှုပ်ရှားမှုများ နေ့ရာအနှံ့ဖြစ်နေသည့် သတင်းများလည်း ရောက်လာ၏။ ကျွန်တော်တို့အား ရိုက်နှက်ခဲ့သည့် အကျဉ်းသားများသည်လည်း ကျွန်တော်တို့အား ပလူးပလဲလုပ်လာ၍ မျက်နှာချိုသွေးလာကြပေသည်။ အချို့ဆိုလျှင် သူတို့အမှားများကို ကိုယ်တိုင်ကိုယ်ကျ ဝန်ချတောင်းပန်လာ၍ သူပုန်က ထောင်လာဖောက်သည့်အခါ သူတို့ကိုပါ ခေါ်ယူပါမည့်အကြောင်း၊ ချန်မထားခဲ့ရန်အကြောင်း မျက်နှာငယ်ကလေးများဖြင့် အသနားခံလာကြ၏။ သူတို့မှာ ထောင်အာဏာပိုင်များ၏ အမိန့်အရ ဤသို့ ရက်စက်ရကြောင်းနှင့် ထောင်အာဏာပိုင်များ အမိန့်အတိုင်း မလိုက်နာခဲ့လျှင် ထောင်ပြောင်းခြင်း၊ ဦးထုပ်ဖြုတ်ခြင်း ခံရမည်ဖြစ်၍ ဤသို့ လုပ်ခဲ့ရကြောင်း ခံဝန်ချက်များ ဖွင့်ဟလာကြပါသည်။

ကျွန်တော်တို့ကလည်း သူတို့အပေါ် အာဃာတမထားဘဲ လိုက်လိုက်လျောလျော ဆက်ဆံ၍ နိုင်ငံရေးအရ စည်းရုံးကြပါသည်။ ထိုအခါတွင် သူတို့ကပင် ထောင်ဖွင့်ရေး လမ်းပြလာကြ၏။ အိပ်ဆောင်၏ ပြတင်းပေါက်များကို မည်ကဲ့သို့ဖျက်လျှင် ရမည့်အကြောင်းနှင့် ဖျက်ရန်ကိရိယာများ ရှာဖွေထားသည် ဖြစ်ကြောင်း ကတိပေးလာကြပါသည်။ (အိပ်ဆောင် ပြတင်းပေါက်များကို သံဆန်ခါ အထူစားများ တပ်ထားကြပါသည်။)

သူတို့ ကတိပေးသည့်အတိုင်း သံဆောက်သွားနှင့် တူများ ထောင်တွင်း ပန်းပဲဖိုတွင် လုပ်၍ယူလာပြီး ကျွန်တော်တို့အား ပြသကြပါသည်။ အချို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှင့် မပူးပေါင်းဘဲ ဆိုးမြဲဆိုး၍ ရိုက်မြဲရိုက်နေကြပေသည်။ ထိုသူမျိုးကိုမူ မလွှဲမရှောင်သာဘဲ လူဆိုးစာရင်းထဲ သွင်းထားလိုက်ရပါသည်။ ထောင်ဖောက်ရေးအတွက် အတော်ပင် လမ်းပွင့်လာ၍ အခြေအနေကောင်းများဖြင့် အထောက်အကူ ရရှိလာခဲ့၏။

ပြည်မြို့ကို သူပုန်ကသိမ်းလိုက်၍ ဗမာ့တပ်မတော်မှတောခိုခဲ့သူ ဗိုလ်ရဲထွဋ် (ဗိုလ်မှူးရဲထွဋ်၊ ယခု လမ်းစဉ်ပါတီဌာနချုပ်)၊ ဗိုလ်စိန်တင် (ဗိုလ်မှူး စိန်တင်၊ ယခု ကုန်သွယ်ရေး-၁)တို့ တပ်များသည် ပြည်မှ ရန်ကုန်ဘက်သို့ ဆင်းလာပြီဟူသော သတင်းများလည်း ထောင်တွင်းသို့ ရောက်ရှိလာခဲ့၏။

အဆက်မပြတ် ကြားနေရသည့် သေနတ်သံများနှင့် ဗိုလ်မှူးရဲထွဋ်တို့၏ တိုက်ပွဲသတင်းများမှာ ထောင်ဖောက်ရေးအတွက် တာစူနေကြသည့် ကျွန်တော်တို့အဖို့ အားမာန်တက်စရာ ဖြစ်နေကြ၏။

ဤသို့ မျှော်လင့်နေသည့် သတင်းကောင်းများဖြင့် အားတက် မာန်တက် ဖြစ်နေကြသောအချိန်တွင် မမျှော်လင့်သော သတင်းဆိုးတစ်ခုရရှိကြရာ ကျွန်တော်တို့အားလုံး တုန်လှုပ်ချောက်ချားသွားခဲ့ကြပေသည်။ မအိပ်နိုင်၊မစားနိုင်သည့် အခြေသို့ ရောက်အောင်ပင် ထိုသတင်းဆိုးက ကျွန်တော်တို့အပေါ် လွှမ်းမိုးသွားခဲ့၏။

## အင်းစိန်ထောင်သို့ရွှေ့မည့် ကောလာဟလ

ပုဒ်-၅များကို သာယာဝတီထောင်တွင် မထားတော့ဘဲ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ထားရန် အမိန့်ရောက်လာပြီ ဟူသော သတင်းဆိုးကြီးတစ်ခုက ကျွန်တော်တို့အား ခြိမ်းခြောက်လာခဲ့ပေပြီ။

ထိုသတင်းမှာ အတိအကျမဟုတ်ဘဲ ကောလာဟလသတင်း ဖြစ်စေကာမူ ဖြစ်နိုင်စရာအကြောင်းရှိသောသတင်း ဖြစ်၏။ သာယာဝတီ တစ်ဝိုက်တွင် သူပုန်များ လှုပ်ရှားလာခြင်းနှင့် ပြည်မြို့ကို-သူပုန်ကသိမ်း၍ ထိုးစစ်ဆင်လာပြီ ဟူသော ခိုင်လုံသည့်သတင်းများကို အခြေခံပြီး တွက်ချက်ကြည့်သည့်အခါ မှန်ကန်သောသတင်း ဖြစ်လာပါသည်။

အင်းစိန်ထောင်သို့ ပြောင်းရွှေ့မည့်သတင်းသာ အမှန်ဖြစ်ခဲ့လျှင် ကျွန်တော်တို့၏ လွတ်မြောက်ရေးကား လုံးဝမျှော်လင့်စရာ မရှိတော့ပေ။ ဤသတင်း မမှန်ပါစေနှင့်ဟုသာ ရင်တမမဖြင့် ဆုတောင်းနေရ၏။ ကျွန်တော်တို့ကား

www.burmeseclassic.com

www.burmeseclassic.com



ထမင်းမစားနိုင်ကြပါ။ အချိန်ရှိသရွေ့ အင်းစိန်ထောင်ပြောင်းရေး သတင်းကိုသာ စိတ်မကောင်းစွာဖြင့် ဆွေးနွေးနေကြပါသည်။

နောက်ပိုင်း ထပ်မံရရှိသည့် သေချာခိုင်လုံသောသတင်းမှာ ကျွန်တော်တို့ ပူပန်နေမှုကို အနည်းငယ် သက်သာခွင့်ရစေခဲ့ပါသည်။ ထောင်ပြောင်းရေး အမိန့်မှာ အထက်ကလာသည့်အမိန့် မဟုတ်သေးဘဲ ခရိုင်ဝန်နှင့် ထောင်အာဏာပိုင်များ နယ်မြေအခြေအနေအရ ပုဒ်မ–၅ များအား သာယာဝတီထောင်တွင် ဆက်လက်မထားသင့်ဘဲ အင်းစိန် သို့မဟုတ် ရန်ကုန်ထောင်သို့ ပြောင်းရွှေ့ထားသင့်ကြောင်း တင်ပြအစီရင်ခံထားကြောင်းသတင်း ဖြစ်ပေသည်။

ဤသတင်းကို ထပ်မံရရှိသော်လည်း စိတ်အေးလက်အေး မနေနိုင်ကြပါ။ ထောင်ပြောင်းရေးကိစ္စ အတည်ဖြစ်ခဲ့လျှင် ရုတ်တရက်ပင် ပြောင်းရွှေ့ကြမည် ဖြစ်ရာ ဖြစ်လာမည့်အခြေအနေကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေကြရ၏။

ယခင်က သေနတ်သံကြားလျှင် အလွန့်ဝမ်းသာရွှင်မြူး၍ ထပ်ခါတလဲလဲ ကြားပါရစေဟု ဆုတောင်းခဲ့ရသူများသည် ယခုသေနတ်သံကို မကြားလိုတော့ပါ။

ကမ္ဘာဦးသူတို့သည် နေနှင့် လကို တောင့်တခဲ့ကြသလို သေနတ်သံကို တောင့်တခဲ့ကြသူများမှာ သေနတ်သံ မကြားပါရစေနှင့်တော့ဟု ဆုတောင်းလာကြပေသည်။ ဤသို့ ပြောင်းလဲလာရခြင်းမှာ သေနတ်သံများကြားလျှင် သို့မဟုတ် မကြာခဏကြားလျှင် နယ်မြေမအေးချမ်းမှုကို စိုးရိမ်ပြီး အင်းစိန်ထောင် ပြောင်းရွှေ့ရေး အမြန်လုပ်လာသောကြောင့်ဝင် ဖြစ်၏။ တာဝန်ရှိသူများအပိုင်းက အမျိုးမျိုးသော စိုးရိမ်သောကများဖြင့် အခြေအနေတစ်ခုလုံးကို သုံးသပ်၍ ရှေ့ရေး ပြဿနာကို စဉ်းစားနေစဉ် နောက်ပိုင်းက ပြဿနာတစ်ရပ် ပေါ်လာ၏။

ထောင်ဖောက်ရေးအစီအစဉ်ကို သတ်မှတ်ထားသည့် အချိန်ထက်စော၍ လုပ်သင့်ကြောင်း၊ အင်းစိန်ထောင် ပြောင်းရွှေ့ရေးမလာမီ လက်ဦးအောင် စော၍ လုပ်သင့်ကြောင်း တင်ပြလာချက်များ ဖြစ်၏။ အမှန်မှာ ဆန္ဒစောမှု အယူအဆ တစ်ရပ် ဝင်လာခြင်းပင် ဖြစ်၏။

ဆန္ဒစောတိုင်း အလျင်စလိုလုပ်ခဲ့လျှင် အမှားကို အများဆုံးတွေ့ကြရ မည်မှာ ဓမ္မတာဖြစ်ရာ ဆန္ဒစောမှုကို ထိန်းသိမ်းကြရန်နှင့် ဖြစ်ပေါ်လာသော အခြေအနေကို ကြံ့ကြံ့ခိုင်ခိုင် ခေါင်းအေးအေးထား၍ရင်ဆိုင်ပြီး လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်သင့်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြ၏။ ပြီးလည်းမှုကား မရသေး။ ခေါင်းဆောင်မှုအပေါ် အထင်သေးသည့် ဝေဖန်ချက်များ၊ ထင်မြင်ချက် များ တင်ပြလာကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ အလံနီများက တစ်စခန်းထလာပြန်၏။ ကျွန်တော်တို့ကို အချောင်သမားများ၊ မတိုက်ရဲသူများအဖြစ် စွပ်စွဲပြီး လက်ညှိုးထိုး တိုက်ခိုက်သာ၏။ မီးလောင်ရာလေပင့် လုပ်ပေးလာကြ၏။ အလံနီများနှင့်မျက်နှာချင်းဆိုင် ဖြေရှင်းခဲ့ရ၏။ ထိုအထဲတွင် ရခိုင်ဘက်မှ အလံနီများမှာ အဆိုးဆုံးဖြစ်ပေသည်။ စကားလုံးသုံးပုံ၊ ဆက်ဆံပုံများမှာ ရင့်သီးလှ၏။ ရန်သူအပေါ် ဆက်ဆံသည် ထက်ပင် ကျွန်တော်တို့အပေါ်ဆက်ဆံပုံက တင်းမာ၏။ အရိုင်းဆုံး စကားလုံးများဖြင့် ထိုးနှက်ကြ၏။

ကျွန်တော်တို့က သူတို့ပြောသမျှဆိုသမျှကို နားတစ်ဖက်မှ နားထောင်၍ နားတစ်ဖက်မှ ပြန်ထုတ်ပစ်ခဲ့၏။ ဤသို့မှ မလုပ်ခဲ့သော် သူတို့နှင့် ဆက်လက် ဆွေးနွေး၍ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပါ။ အချိုသာဆုံးသော စကားလုံး များဖြင့် ခေါင်းအေးအေးထား၍ ပြဿနာကို ဖြေရှင်းခဲ့ရ၏။ ပြဿနာနှင့် ပတ်သက်၍ သူတို့ကို တစ်ခုပဲထောက်ပြခဲ့ပါသည်။

စိတ်အားဖြင့်၊ စေတနာအားဖြင့် ရန်သူကို တိုက်ခိုက်ခြင်းသဘော သက်ရောက်သော်လည်း လက်တွေ့အားဖြင့် ရန်သူအားပေးသည့်သဘောဖြစ် နေတတ်သည့်အလုပ်မျိုး၊ ရန်သူ့ကျော့ကွင်းထဲသို့ တိုးဝင်သွားစေသော သဘော အားများကို နှစ်ဖက်စလုံးမှ အထူးသတိထား၍ ရှောင်ရှားကြရန် မေတ္တာရပ်ခံချက် တင်ပြခဲ့ပါသည်။

ဤပြဿနာကား မသေးပါ။ ကျွန်တော်တို့ ရဲဘော်များအတွင်းမှာပင် အလံနီတို့၏လှုံ့ဆော်ချက်ကို လက်ခံသူ များလာပြီး ခေါင်းဆောင်မှုအခန်းကို တိုက်လာကြ၏။ ခေါင်းဆောင်လုပ်နေသူ အများစုမှာ 'ဘီကလပ်'ခေါ် အထူးတန်း' ရထားသူများဖြစ်ရာ သူတို့အဖို့ အနေချောင်၊ အစားချောင်နေသဖြင့် တိုက်ပွဲကို လက်လွှဲနေကြသည် လက်တွေ့ခေါင်းဆောင်မှုကို ကြောက်နေကြသည်၊ အောက်ပိုင်းက ရဲဘော်အများစု၏ခံစားချက်ကို မျက်ကွယ်ပြုနေကြသည် စသည် ဖြင့် တိုက်ခိုက်လာကြ၏။

အမှန်ကတော့လည်း ဤပြဿနာတွင် ရဲဘော်များတင်ပြချက်မှာ မှန်ပါ သည်။ ကျွန်တော်တို့ တာဝန်ရှိသူများအတွင်းမှာပင် ခေါင်းဆောင်မှုအပေါ် အားမရကြပါ။ သို့သော် ရဲဘော်များအတွင်း စိတ်ဓာတ်ကျကုန်မည်ဖြစ်သဖြင့် ပြဿနာကိုမဖော်ဘဲ ထိန်းသိမ်းထားခဲ့၏။

ဤကိစ္စအတွက် ဘေးကျပ်နံကျပ်ဖြင့် မရှုနိုင်မကယ်နိုင် ဖြစ်နေစဉ် ကျွန်တော်တို့ကိုဖေးမမည့် သတင်းတစ်ခု ရောက်ရှိခဲ့ပါသည်။ ထိုသတင်းမှာ ထောင်းစိန်ထောင် ပြောင်းရွှေ့ရေးနှင့် ပတ်သက်သောသတင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်နှင့် ဥက္ကံကြား သောင်းကျန်းသူများ လှုပ်ရှားမှုပြင်းထန်နေသဖြင့်လည်းကောင်း၊ ပြည်ဘက်မှဆင်းလာသည့် သူပုန်များကိုတိုက်ရန် တပ်များအစုလိုက် ပို့ထားရသဖြင့်လည်းကောင်း အင်းစိန်နှင့်ဥက္ကံကြား လုံခြုံမှုအပြည့်အဝမပေးနိုင်။ ပုဒ်မ–၅ များကို အစုလိုက်၊ အဖွဲ့လိုက်ပို့လျှင် လမ်းမှ ဆီးတိုက်လာမည်။ ထိုအခြေအနေကြောင့် ပုဒ်မ–၅ များ အင်းစိန်ထောင် ပြောင်းရွှေ့ရေးအစီအစဉ်ကို ရွှေ့ဆိုင်းထားသည် ဟူသော သဘောပါသည့်စာသည် ထောင်အာဏာပိုင်တို့လက်တွင်းသို့ ရောက်လာခဲ့၏။

ထောင်ပိုင်ရုံး ဗာရာထံမှ ရရှိလာသော ထိုသတင်းကြောင့် မရှုနိုင်မကယ်နိုင်ဖြစ်နေသော ပြဿနာအတွက် ယာယီပြေလည်မှုရရှိစေခဲ့၏။ အလံနီတို့၏လှုံ့ဆော်ချက်များလည်း ငြိမ်သက်သွားခဲ့ပေသည်။

ထောင်ဖောက်ရေး ပြင်ဆင်ချက်ဘက်သို့ ခေါင်းအေးအေးဖြင့် ဦးလှည့်နိုင်ပြီဖြစ်ရာ ရှေ့လုပ်ငန်းအတွက် ပိပိပြားပြား ဆက်လုပ်ရန်သာ ကျန်ပါတော့သည်။

## လွတ်လပ်ရေး ရိုက်ပွဲကြီး

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလသို့ ရောက်လာပါသည်။ ပထမအကြိမ်မြောက်လွတ်လပ်ရေးအောင်ပွဲသဘင်ကြီးကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပမည့် သတင်းများသတင်းစာများတွင် ဖတ်ခဲ့ရ၏။ ကျွန်တော်တို့ထံပေးသော သတင်းစာမှာအဖြတ်ရာပေါင်းများစွာဖြင့်ပေးသော သတင်းစာ ဖြစ်၏။ မည်မျှအဖြတ်ရာများသနည်းဟူမူ သတင်းစာကို လက်ဖြင့်ကိုင်ဖတ်မရပါ။ အဖြတ်ရာများလွန်းသဖြင့်စာရွက်များ ရုပ်ပျက်ဆင်းပျက် စုတ်ပြဲနေပါသည်။

အညှဉ်းဆဲ အနှိပ်စက်ခံ ပုဒ်မ–၅ များအတွက်ကလည်း လောကခံရှိန်းထွက်ရန်အချိန်မှာ တစ်လခန့်သာ လိုတော့၏။ သွေးမြေကျ တိုက်ပွဲကြီးကား တစ်ရက်ထက် တစ်ရက်၊ တစ်ချိန်ထက် တစ်ချိန် ပို၍ ပို၍ နီးကပ်လာခဲ့ဖြစ်၏။

အပြင်တွင် လွတ်လပ်ရေးအောင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲရန်ပြင်ဆင်နေကြသလို သာယာဝတီအကျဉ်းထောင်ကြီးတွင်လည်း လွတ်လပ်ရေးအောင်ပွဲကျင်းပရန် ပြင်နေကြ၏။ အပြင်ဘက်မှ အစိုးရအရာရှိများ၊ ဇနီးသားသမီးများ၊ မြို့မိမြို့ဖ ပုဂ္ဂိုလ်ကြီးများ၊ စစ်ဘက်၊ ရဲဘက် ပုဂ္ဂိုလ်ကြီးများအား

www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ကြား၍ ပုဒ်မ–၅ များ ပါဝင်ဆင်နွှဲသည့် ပြေးခုန်ပစ်ပြိုင်ပွဲကြီးကို ရှုစားရန်နှင့် ဆုပေးပွဲကြီး ကျင်းပပေးရန် ထောင်အာဏာပိုင်များက စီစဉ်ပြင်ဆင်ထားကြ၏။

ထိုအစီအစဉ်အရ လွတ်လပ်ရေးနေ့မတိုင်မီ ၁၅ ရက်ခန့် အလိုကစ၍ လွတ်လပ်ရေးအားကစားပွဲကြီးတွင် ပါဝင်ဆင်နွှဲမည့် ပုဒ်မ–၅စာရင်းကို ကောက်ယူရေး လုပ်ငန်းစလာ၏။

မြန်မာပြည်လွတ်လပ်ရေးနှင့် စပ်လျဉ်း၍ အတုအယောင် လွတ်လပ်ရေးဟု ကြွေးကြော်ခဲ့သည့်ကွန်မြူနစ်များ၊လွတ်လပ်ရေးကိုအကြောင်းပြု၍ဖ–ဆ–ပ–လ ကို ဆန့်ကျင်ခဲ့သော ကွန်မြူနစ်များ၊ တောခိုရန် ကြိုတင်ဆုံးဖြတ်ချက်ချပြီး ပါလျက် လွတ်လပ်ရေးကို မကျေနပ်၍ တောခိုရပါသည်ဟု ပြည်သူတို့အား တင်ပြခဲ့သည့် ကွန်မြူနစ်များနှင့် လွတ်လပ်ရေးပွဲတော်ကား ထိပ်တိုက်လာတိုးချေပြီ။

အစိုးရအရာရှိကြီးများနှင့် ထောင်အာဏာပိုင်များက ထောင်ထဲတွင်ရှိနေသည့် ကွန်မြူနစ် ၃၀၀၀ ကျော်မှာ လွတ်လပ်ရေးအောင်ပွဲသဘင်တွင် ပျော်ရွှင်လိုက်လှဲစွာ ပါဝင်ဆင်နွှဲနေကြသည်ဟု သတင်းစာများတွင် သတင်းဓာတ်ပုံများ၊ သတင်းများ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြရန် စီစဉ်ထားကြ၏။ သတင်းထောက်များကိုလည်း ဖိတ်ကြားထား၏။

ထောင်တွင်းရှိ ကွန်မြူနစ်များကလည်း လွတ်လပ်ရေးပွဲတော်တွင် ကွန်မြူနစ်များ ပါဝင်ဆင်နွှဲနေသည်ဆိုသည့် သတင်းကိုသော် လည်းကောင်း၊ သတင်းဓာတ်ပုံကိုသော် လည်းကောင်း မည်သည့်နည်းနှင့်မျှ သတင်းစာများတွင် အပါမခံနိုင်ချေ။ ထိုပြဿနာကား နိုင်ငံရေးပြဿနာ ဖြစ်နေသဖြင့် ဘာပဲလုပ်လုပ် ဆန့်ကျင်ရပေတော့မည်။ လုံးဝ လျှော့မပေးနိုင်ပါ။ အစိုးရ အရာရှိကြီးများနှင့် သူတို့၏ဇနီးများရှုစားမည့် ညှော်ခံပွဲတွင် ပျော်ဖြေသူအဖြစ် မပါဝင်လိုပေ။ ဆန့်ကျင်ရမည်သာ ဖြစ်ပေသည်။ နိုင်ငံရေးလွန်ပွဲကြီးအား စလေပြီဖြစ်၏။ မည်သူတွေလဲ၍ မည်သူတွေ ကွဲကြမည် မသိပေ။ သူတို့ စာရင်းလာကောက်သည့်အခါ ကျွန်တော်တို့က စာရင်းမပေးကြပါ။ လွတ်လပ်ရေး အားကစားပွဲတွင် ပါဝင်မည် မဟုတ်ကြောင်း အကြောင်းပြန်ကြားလိုက်ပါသည်။

ကျွန်တော်တို့ စာရင်းမပေးကြောင်း၊ ကစားပွဲတွင် ပါဝင်ဆင်နွှဲမည် မဟုတ်ကြောင်း ထောင်အာဏာပိုင်တို့ သိသွားသည့်အခါ ရှုံးရှုံးရှားရှားဖြစ်၍ အေါသယမ်းအိုးကြီး ပေါက်ကွဲသွားတော့၏။ ဤကိစ္စတွင် မည်သူခေါင်းဆောင်သည်ကို ချက်ချင်းစုံစမ်းခိုင်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်မရှိ။ အားလုံး၏သဘောထားဖြစ်ကြောင်း သိသွားသည့်အခါ သူတို့လက်စွဲ ပါးကွက်အာဏာသားများကိုခေါ်၍ မီးကုန်ယမ်းကုန်ရိုက်ရန် အမိန့်ပေးတော့၏။ ကွဲလျှင်ကွဲ၊ ကျိုးလျှင်ကျိုး၊ သေရင်သေ မင်းတို့ လက်စွမ်းရှိသလောက် ဆော်ပေတော့ဟု အာဏာကုန်ပေးလိုက်၏။ လွတ်လပ်ရေးအောင်ပွဲတွင် ပါဝင်လာသည်အထိ မည်သို့ပင်လုပ်လုပ် လုပ်ချင်သလိုလုပ်ရန် အမိန့်ပေးလိုက်သေး၏။

အကျဉ်းသားများကလည်း တိုက်ပွဲသတင်းများကြောင့် ကျွန်တော်တို့အား ချော့ပေါင်းနေကြရာ သူတို့အနေဖြင့်လည်း အရင်ကလို မရိုက်လိုကြတော့ပါ။ မရိုက်၍လည်း မဖြစ်ပါ။ ဒီတစ်ချီတွင် ကျွန်တော်တို့အား တောင်းပန်ပြီး ရိုက်ကြ၏။ လက်ကိုတအားမြှောက်ပြီး အသားနှင့်တုတ် ထိတော့မည့်အခါ အရှိန်ကို လျှော့ပေးလိုက်ခြင်းဖြင့် သက်သာအောင် လုပ်ပေးရှာပါသည်။ ထောင်အာဏာပိုင်များကလည်း ဤအကြောင်းကို ရိပ်မိဟန်တူ၏။ လွတ်လပ်ရေးရိုက်ပွဲကြီးကို အကျဉ်းသားများနှင့်သာ လွှဲမပေးတော့ဘဲ ထောင်မှူးကြီးကိုယ်တိုင် ဦးစီး၍ ထောင်မှူးလေးများ၊ ထောင်ကြပ်များ ကိုယ်တိုင်ပင် ပါဝင်ဆင်နွှဲစေခဲ့၏။ ရိုက်ပွဲကြီးတချို့ ပြီးသွားပြီးနောက် စာရင်းတစ်ခါ ထပ်ကောက်၏။ ကျွန်တော်တို့က စာရင်းမပေး၊ တင်းခံခဲ့ကြ၏။

ရိုက်ပွဲကား တချို့ပြီး တချို့၊ တစ်လှည့်ပြီး တစ်လှည့် ဆက်နေ၏။ ဗျော်စရာကြီးပါပေ။ ရိုက်ရင်း ကတိတောင်းရင်း၊ ကတိမပေးရင်း ရိုက်ရင်းဖြင့် ဇန်နဝါရီလ ၃ ရက်နေ့သို့ ရောက်လာမှပင် အရိုက်ရပ်သွားခဲ့ပေသည်။

လွတ်လပ်ရေး ရိုက်ပွဲကြီးမှာ သာယာဝတီထောင် အာဏာပိုင်များ၏ နောက်ဆုံးနှုတ်ဆက်ပွဲ ရိုက်နေခြင်းဖြစ်သည်ကို သူတို့ကိုယ်တိုင် သိရှိရာကြမည် မဟုတ်ပေ။ ကျွန်တော်တို့ကလည်း နောက်ဆုံးခံရခြင်းအဖြစ် သဘောထား၍ အပြုံးမပျက် အရိုက်ခံကြ၏။ ထောင်သို့ရောက်စက အပြင်းထန်ဆုံး ရိုက်ခဲ့သည်မှာ သာယာဝတီငရဲစခန်း၏ အဖွင့်ဖြစ်၍ လွတ်လပ်ရေးရိုက်ပွဲကြီးမှာ ငရဲခန်း၏အပိတ်ဖြစ်ရမည်ဟု သဘောပိုက်ခဲ့ကြပေသည်။

လွတ်လပ်ရေးပွဲတော်ကိုမူ ပြင်ဆင်ထားသည့်အတိုင်း ကျင်းပပြုလုပ်ရာ ရိုးရိုးရာဇဝတ်အကျဉ်းသားများနှင့် သူတို့နောက်တော်ပါ ပုဒ်မ-၅ အချို့ပူးပေါင်း ၃၀ ခန့်ဖြင့် ထောင်တွင်း လွတ်လပ်ရေး ပြေးခုန်ပစ်ပွဲတော်ကြီးကို ကျင်းပခဲ့၏။ ကျန် ပုဒ်မ-၅ များကိုမူ အိပ်ဆောင်များတွင် မနေရဘဲ ကစားပွဲကျင်းပရာ နေရာသို့ မောင်းထုတ်ပြီး ပွဲကြည့်ပရိသတ်အဖြစ် ကြည့်ရှုစေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသားများ၏ အားပေးအော်ဟစ်သံ၊ ထောင်အာဏာပိုင်များနှင့် အပြင်မှလာကြသောပုဂ္ဂိုလ်များ၏ လက်ခုပ်သံများ ဆူညံနေသော်လည်း ကျွန်တော်တို့မှာ ငြိမ်သက်စွာ ထိုင်နေကြ၏။ လွတ်လပ်ရေး ပြေးခုန်ပစ်ပွဲကြီး ကျင်းပပြီးနောက် အပြင်မှကြွရောက်လာသော ပုဂ္ဂိုလ်များအား နံနက်စာထမင်းဖြင့် ဧည့်ခံ၍ ပုဒ်မ–၅ များအားလည်း ထောပတ်ထမင်း၊ ကြက်သားဟင်းဖြင့် ကျွေးမွေးခဲ့၏။ ထောင်သို့ရောက်သည်မှ ထောင်ပြင်လွတ်မြောက်ခဲ့သည်အထိ အကောင်းဆုံးအစာကို တစ်ကြိမ်တည်းသော ထမင်းပွဲအဖြစ် ပထမဆုံးနှင့် နောက်ဆုံးအကြိမ် စားခဲ့ရပေသည်။

ဤနေရာတွင် အထူးတင်ပြလိုသည်မှာ ထိုအချိန်က ကျွန်တော်တို့ လုပ်ခဲ့သောအလုပ်များကို မှန်ကန်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ၁၉၄၈ ခုနှစ် ကွန်မြူနစ်ပါတီဝင်များအဖြစ် ရပ်တည်ခဲ့စဉ်က ကွန်မြူနစ်မျက်နှာဖုံးကြီးက တားဆီးထားမှုကြောင့် လွတ်လပ်ရေးအပေါ်တွင် အမှန်အတိုင်း မမြင်နိုင်ကြပေ။ ပါတီခေါင်းဆောင်များ၏ အတုအယောင်လွတ်လပ်ရေး ဟူသော ဟစ်အော်သံနောက်သို့ နောက်လိုက်ကောင်းများပီသစွာ သံယောင်လိုက်ခဲ့ခြင်းသာ ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏လွတ်လပ်ရေးသည် အတုအယောင် မဟုတ်ဘဲ သခင်သန်းထွန်း ခေါင်းဆောင်သည့် ဗဟိုကော်မတီများသည်သာ အတုအယောင်ဖြစ်နေကြောင်း နောက်ပိုင်းတွင် အမြင်မှန်မြင်လာပါသည်။ ထိုအချိန်မှစ၍ ကျွန်တော်တို့သည် ပြည်ထောင်စုအလံအောက်သို့ ပြန်လည် ဝင်ရောက်ခဲ့ကြပေသည်။ (ဤကား စကားချပ်)

လွတ်လပ်ရေးအောင်ပွဲကြီး ပြီးဆုံးပြီးနောက် သူပုန်တို့၏ ချီတက်လာမှုများမှာလည်း သာယာဝတီနားသို့ တဖြည်းဖြည်း နီးကပ်လာနေပြီဖြစ်ရာ ကြို့ဝင်ကောက်သို့ပင် ရောက်ရှိလာပြီဟု ကြားရပေ၏။ အောက်ဘက်မှ တိုက်နေသည့် သူပုန်များမှာလည်း ဥက္ကံ ဝင်တိုက်လိုက်၊ သုံးဆယ် ဝင်တိုက်လိုက်ဖြင့် သာယာဝတီအနီး ရစ်ဝဲပြီး တိုက်နေကြ၏။ တိုက်ပွဲသတင်းများကား ထောင်တွင်းသို့ အဆက်မပြတ် ရောက်ရှိနေရာ တန်းစီးများ၊ ထောင်ကျများမှာလည်း ထိုအချိန်တွင် ပုဒ်မ–၅ များအပေါ်၌ အပြည့်အဝ လိုက်လျောမှုများပြုကြသည်ကို တွေ့ရ၏။

ခြောက်ထောင်ပိုင်၊ သံတော ရသူများပင်လျှင် ခေါင်းဆောင်ဟု အထင်ရှိသူများအား ချော့မော့ပေါင်းသင်းလာကြ၏။ အစားအသောက်များလည်း အသင့်

www.burmeseclassic.com



အတင့် ကောင်းလာရာ ဆီကလေးပျားကလေးများ မြင်လာရရုံမက ဝက်သား တုံးငယ်ကလေးများပင် မသိမသာ ကြီးလာသယောင် ထင်ရ၏။

## ထောင်တွင်း ဈေးတန်းကလေး

သူပုန်များ၏လှုပ်ရှားမှု ပြင်းထန်လာသည့်အလျောက် အုပ်ချုပ်ရေး အရာရှိပိုင်းမှာ ရန်ကုန်နှင့် သာယာဝတီ ကူးချည်သန်းချည် လုပ်နေကြောင်း ဝါဒါများထံမှ သတင်းရရှိခဲ့၏။ ထောင်အာဏာပိုင်များမှာလည်း သားမယား များကို ရန်ကုန်သို့ပို့ရေး ပြင်ဆင်နေခြင်း၊ မြို့ကာကွယ်ရေး၊ အုပ်ချုပ်ရေးလုပ်ငန်း များတွင် ဝင်ရောက်ကူညီနေရခြင်းတို့ကြောင့် ထောင်တွင်းသို့ ယခင်ကကဲ့သို့ မလာနိုင်ကြတော့ပါ။

ထောင်မှူးကလေးများနှင့်သာ လွှဲထားကြရ၏။ ထောင်မှူးကလေးများ မှာလည်း သားမယားများ ပြောင်းရွှေ့ရေးစသော သူတို့ပြဿနာများနှင့် သူ ရှုပ်နေသဖြင့် အုပ်ချုပ်ရေးကိစ္စကို အခါတိုင်းလို တင်းတင်းကြပ်ကြပ် မလု တော့ဘဲ လျော့ရဲရဲလုပ်နေကြ၏။

ခြောက်ထောင်ပိုင်၊ သံတော၊ တန်းစီး စသည်များမှာလည်း ထောင်ဖွင့်ချ အချိန်သာ စိတ်စောနေကြရာ အုပ်ချုပ်ရေးလုပ်ငန်းများတွင် စိတ်ရောကိုယ်ပါ ဝင်မစွက်ဖက်တော့ပေ။

ထိုအခွင့်အရေးကိုအကြောင်းပြု၍ ထောင်တွင်း ဈေးတန်းကလေးတစ်ခု ပေါ်လာ၏။ ဈေးတန်းတွင် ကွမ်းယာ၊ဆေးလိပ်၊ ဆီ၊ ငရုတ်၊ ကြက်သွန်ကအစ အသားစိုများအထိ ရောင်းချ၍ ဗယာကြော်ကိုမူ တစ်နေ့လုံးပင် ရောင်းပါသည်။

ထောင်ကျများက ရောင်းချခြင်းဖြစ်၍ ဆေးလိပ်ဖြင့်လည်းကောင်း၊ ပိုက်ဆံ ဖြင့်လည်းကောင်း ဝယ်ယူနိုင်ကြ၏။ နေ့စဉ်လိုပင် ထောင်ကပေးသည့်ဟင်းကို အသား၊ အရွက်၊ ပဲ စသည်များဖြင့် ရော၍ ပြန်ချက်စားကြ၏။ တန်းစီး များကလည်း မသိဟန်ပြုနေကြပေသည်။

ထောင်တွင်းဈေးတန်းကလေး ပေါ်သည်အထိ လွတ်လပ်ခွင့်ရလာ ကွန်မြူနစ်များက ထိုအခွင့်အရေးကို ပိုင်နိုင်စွာ အသုံးချခဲ့ကြ၏။ အခန်းထဲတွင် ထောင်ဖောက်ရန် လေ့ကျင့်ခန်းများ လက်တွေ့လေ့ကျင့်ခြင်း၊ မြေပုံများဆွဲ အညွှန်းများ ဝိုင်းဖွဲ့လေ့လာခြင်း၊ အချက်ပြ ဆက်သွယ်ရေးလုပ်ငန်းများ လေ့ကျင့် ခြင်း စသည့် လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ထောင်ဖောက်ရေးအတွက် ထောင်ပြတင်းပေါက်များရှိ ထောင့်များကို ဆားပုံ၍ ကျင်ငယ်ရေဖြင့် မကြာခဏ ပက်ပေးရ၏။ ဆားနှင့် ကျင်ငယ်ရေကို ပက်ဖျန်းပေးလျှင် သံဆန်ခါများ သံချေးစား၍ ထောင်ဖွင့်သည့်အချိန်တွင် အလွယ်တကူ ဖြုတ်ယူရရှိရန် ဖြစ်ပေသည်။

ထိုအတွင်း သူပုန်များ၏ တိုက်အားမှာလည်း ကျွန်းကလေးအထိ ရောက်လာသဖြင့် သာယာဝတီထောင်ဖွင့်ရေးမှာ နေ့လား၊ ညလား ဖြစ်နေ၏။ ကျွန်းကလေးမှာ သာယာဝတီနှင့် ၁၁ မိုင်ခန့်ဝေးသဖြင့် တိတ်ဆိတ်သော ညအချိန်ကို ထိုးဖောက်လာသည့် မော်တာသံ၊ အမြောက်သံများကိုပင် သဲ့သဲ့ကြားနေရ၏။ လေယာဉ်ပျံများသည်လည်း ထောင်အမိုးပေါ်မှကပ်လျက် နိမ့်နိမ့်ကလေးပျံ၍ တိုက်ပွဲကို အကူအညီပေးနေ၏။ မြေပြင်မှလည်း ဗိုလ်မှူးစိန်မှန် ကိုယ်တိုင် ဦးစီးကွပ်ကဲလျက် အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်နေကြောင်း သိရ၏။

ပထမအချီတိုက်ပွဲတွင် သူပုန်များ တပ်လန်ပြီး ကျွန်းကလေးမှ ဆုတ်ပြန်သွားရကြောင်းနှင့် သာယာဝတီမြို့သို့ စစ်ကူတပ်များ၊ ဘရင်းကယ်ရီများနှင့် သံချပ်ကာကားများ ရောက်လာကြောင်း သတင်းများရရှိခဲ့သဖြင့် စိတ်အားလျော့သွားရပြန်ပါသည်။

ညှဉ်းပန်းနှိပ်စက်ခြင်းအမျိုးမျိုး ခံစားနေရသော လောကငရဲခန်းမှ လွတ်မြောက်ရန်ကို တောင့်တ မျှော်လင့်နေသူများအတွက်တော့ သတင်းလေးတစ်ပုဒ်သည် တစ်မုဟုတ်ချင်း အားတက်စေနိုင်၍ တစ်မုဟုတ်ချင်းပင် စိတ်ပျက် မောပန်းသွားစေပါသည်။

ထောင်အာဏာပိုင်များကလည်းထောင်အုပ်ချုပ်ရေးကို တင်းတင်းကြပ်ကြပ် ပြန်လည်အုပ်ချုပ်လာ၏။ ယခင်ကထက် ပုံစံကျရေးနှင့် ပုဒ်မ–၅ များ၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်လာ၏။ နေ့ဘက်ရော ညဘက်ပါ အလစ်တွင် မကြာခဏလာ၍ စစ်ဆေးကြပြီး အထူးသဖြင့် ညဘက်များတွင် လေးကြိမ်၊ ငါးကြိမ်လောက် အမှတ်မဲ့ဝင်ပြီး စစ်ဆေးလာသဖြင့် ဝါဒါများနှင့် တန်းစီးများသည် ယခင်ကလို ပေါ့ပေါ့ဆဆ မနေရဲကြတော့ဘဲ ပြန်လည် ကြပ်မတ်လာ၏။

ကျွန်တော်တို့ကို စည်းကမ်းတကျ ပုံစံအတိုင်းနေရန်နှင့် စုဝေးခြင်း စကားပြောခြင်း စသည်တို့မလုပ်ရန် သတိပေးပါသည်။ သူတို့ကို ထိခိုက်အောင် လုပ်လျှင် သည်းခံမည်မဟုတ်ဘဲ ရိုက်ရမည်ဖြစ်ကြောင်း ပြောလာ၏။ ထောင်တွင်း ဈေးတန်းလည်းပျောက်၍ ပုံစံပြန်ရောက်လာခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ပါတီမှညွှန်ကြားချက်ရောက်လာ၏။ ထောင်ဖောက်ရေးနှင့်စပ်လျဉ်းသော ညွှန်ကြားချက်လည်း ဖြစ်၏။ အမိန့်ပေးချက်လည်း ဖြစ်ပေသည်။

ထောင်ဖွင့်ရေးလုပ်ငန်းကို သူပုန်တပ်ပေါင်းစုက မကြာမီ စတင်ရန် ဆုံးဖြတ်ပြီး ဖြစ်သည်။ နောက်ထပ် ညွှန်ကြားချက်မလာမီအထိ ထောင်ဖောက်ထွက်ရေးအစီအစဉ်များကို ရပ်ဆိုင်းထားရမည်။ ထောင်တွင်း ညှဉ်းပန်းနှိပ်စက်မှုများတွင် ပါဝင်သည့် အစိုးရအမှုထမ်းများ၏စာရင်းနှင့် ရာဇဝတ်အကျဉ်းသားများ၏စာရင်းကို ပြုစုထားရန် ညွှန်ကြားချက် ဖြစ်ပါသည်။

သူပုန်တို့၏လှုပ်ရှားမှုပြင်းထန်လာရုံမက သာယာဝတီမြို့နှင့် မဝေးသောနေရာတွင် အခိုင်အမာတပ်စွဲထားသည့် သတင်းများအရ ထောင်ဖောက်ရေး ရပ်စဲထားရမည့် ညွှန်ကြားချက်နှင့်စပ်လျဉ်း၍ ပြဿနာမပေါ်တော့ပါ။

သို့သော် အပြင်မှ တပ်ပေါင်းစု သူပုန်များ မြို့သိမ်းတိုက်ပွဲ ဆင်နွှဲသည့်အခါ အခြေအနေအရ ကိုယ့်အားကိုယ်ကိုး၍ ထောင်ဖောက်ထွက်သင့်က ထွက်ရမည်၊ ထို့ကြောင့် မူလသတ်မှတ်ထားသော အစီအစဉ်များကို မဖျက်ဘဲ ဖွဲ့စည်းပုံနှင့် ပြင်ဆင်ရေးလုပ်ငန်းများကို ယခင် ညွှန်ကြားထားသည့်အတိုင်း ဆက်လက်လှုပ်ရှားရန် ထောင်တွင်းပါတီမှ ထပ်ဆင့်ညွှန်ကြားခဲ့၏။

ညှဉ်းပန်းနှိပ်စက်မှုများတွင်ပါဝင်၍ နောက်ဆုံးအချိန်အထိ ပြုပြင်စည်းရုံး မရသူများစာရင်းကို တင်ပြရန် ညွှန်ကြားချက်အရ ညှိနှိုင်းကြပါသည်။ ညှိနှိုင်းဆွေးနွေးကြပြီးနောက် နောက်ဆုံးအချိန်အထိ ပြုပြင်၍လည်းမရ၊ စည်းရုံးကလည်း မရသည့် အကျဉ်းသားများစာရင်းကို ပို့လိုက်၏။

စင်စစ် သာယာဝတီထောင်တွင် ရှိနေသည့် နှိပ်စက်မှုတွင် ပါဝင်နေကြသော အကျဉ်းသားများမှာ 'က'ကြီး ပုတ်လောက်ရေးပြ၍မှ တတ်သူများမဟုတ်ပေ။ အသိဉာဏ် ချို့တဲ့သူများဖြစ်ရာ သူတို့ ထောင်ဒဏ် ခံနေရစဉ်အတွင်း အနေချောင်၍ အစားချောင်ရေးအတွက် အာဏာပိုင်တို့ အလိုကျ လုပ်ကိုင်ခဲ့သူများဖြစ်၏။ ဓားပြတိုက်၊ လူသတ် စသော ရက်စက်မှုများကို ကျူးလွန်ခဲ့ကြသူများဖြစ်ရာ အမှန်စင်စစ် လက်သည်တရားခံမှာ အထက်အာဏာပိုင်များသာ ဖြစ်ကြ၏။

ထောင်အာဏာပိုင်တို့ အပိုင်းကို ကြည့်ပြန်သော် အသိဉာဏ် ကြွယ်ဝသော်လည်း ပညာတတ် လူတန်းစားတို့ ဉာဉ်အတိုင်း မိမိ တစ်အိုးတစ်အိမ် ထောင် ဝမ်းဝ ခါးလှလျှင်၊ ရာထူးတိုးလျှင်ပြီးရော သဘောရှိသော ကိုလိုနီသွေး

www.burmeseclassic.com



ပါသည့် အရာရှိများသာဖြစ်၏။ သို့သော် သူတို့တွင် လုံးဝအပြစ်မရှိဟုဆိုလိုခြင်း မဟုတ်ဘဲ လိုအပ်သည်ထက် ပို၍နှိပ်စက်ခြင်း၊ ညှဉ်းပန်းခြင်း၊ အမိန့်ပေးခဲ့ခြင်း များတွင်ကား အပြစ်မကင်းခဲ့ကြပေ။

## ဗိုလ်ချင်း တစ်စခန်းထပြီ

သာယာဝတီထောင်အတွင်းရှိ ပုဒ်မ-၅ များအား စိတ်နှလုံး ညှိုးနွမ်း ဆုန်လှုပ် ချောက်ချားသွားစေသော မြို့တွင်းမှသတင်းတစ်ခု ထောင်တွင်းသို့ ရောက်ရှိ၏။

ထိုသတင်းမှာ ဗိုလ်ချင်း ဆိုသည့် စစ်ဘက်တာဝန်ခံတစ်ဦး၏ ပြောစကား ပင်ဖြစ်၏။ ဗိုလ်ချင်းမှာ ထိုစဉ်က သာယာဝတီမြို့တွင်တပ်စွဲထားသည့် ယူအမ်ပီ အပ်ရင်း ၂၂ ၏ တာဝန်ရှိသူများတွင် တစ်ဦးအပါအဝင်ဖြစ်၏။ သာယာဝတီ မြို့တွင် မတ်လ ၂၇ ရက် တော်လှန်ရေးနေ့က ပြောကြားခဲ့သည့် ဗိုလ်ချင်း၏ မိန့်ခွန်းထဲတွင် သာယာဝတီထောင်၌ ဖြစ်နေသည့် ပုဒ်မ-၅ များနှင့် စပ်လျဉ်း သောကိစ္စများ ပါဝင်သည်။

'သာယာဝတီမြို့ကို သူပုန်လက်ထဲ တစ်လက်မမှ အကျမခံဘူး။ ဟောဒီ သာယာဝတီထောင်ထဲမှာရှိတဲ့ ကွန်မြူနစ်တွေကို စတေးပြီးမှ ဒီမြို့အကျခံမယ်။ သာယာဝတီမြို့သူမြို့သားတွေဘာမှမပူနဲ့၊လက်ပံတန်း ဒီဘက် သူပုန်ရောက်လာရင် ထောင်ထဲကလူတွေကိုထုတ်ပြီး ရှေ့တန်း ကတင် စတေးသွားမယ်။ ဗိုလ်ချင်း မသေသမျှ သာယာဝတီမြို့ ရန်သူ့ လက်ကို မကျစေရဘူးဆိုတာ အတိအလင်း ကြေညာပါတယ်" ဟူ၍ ဖြစ်၏။

ဗိုလ်ချင်း ပြောသည့်စကားမှာ သာယာဝတီထောင်တွင်းရှိ ပုဒ်မ-၅ များကို ၃၀၀ စီ၊ ၄၀၀ စီထုတ်၍ ရှေ့တန်းစစ်မျက်နှာတွင် နောက်က သေနတ်ချိန် ရပ်ခိုင်းပြီး သူပုန်များကို ပစ်ကြစမ်းဟု စိန်ခေါ်မည့် အစီအစဉ်ဖြစ်၏။ ထိုစကား နှင့် အစီအစဉ်များကို ပြောဆိုသည်မှာ မြို့လူထု စိတ်ဓာတ် တက်ကြွအောင် ပြောလေသလား၊ တကယ်ပဲလုပ်မည့် အစီအစဉ်လား ဆိုသည်ကိုမူ မည်သူမျှ မပြောနိုင်ပါ။

စစ်ပွဲကာလဖြစ်နေသဖြင့် မလုပ်ဘူးဟူ၍လည်း မပြောနိုင်ပါ။ တစ်ဖက်က ထိုးစစ်ဆင်နေသည့် သူပုန်များကို ခြိမ်းခြောက်ခြင်းလည်း ဖြစ်နိုင်ပါ၏။ ထို သတင်း ရောက်လာသည့်အခါ ထောင်တွင်းရှိ ပုဒ်မ-၅ များ ခေါင်းချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကုန်ကြတော့၏။ ပါတီကလည်း ထောင်ဖောက်ရေးအစီအစဉ် ရပ်ဆိုင်း ထားရန် အမိန့်ပေးထားရာ ဘာဆက်လုပ်ကြရမှန်းမသိဘဲ ဖြစ်လာမည့်အခြေ အနေကို ကြည့်၍ မီးစင်ကြည့်က,ကြရမည်သာ ဖြစ်ပေသည်။

နောက်ဆုံးတွင် ကံကြမ္မာကိုပုံချပြီး ဖြစ်လိုရာသာဖြစ်စေတော့ဟု သဘော ထားလိုက်ရပေ၏။

ကျွန်တော်တို့အဖြစ်ကား ဆိုးလှ၏။ တစ်နှစ်ကျော်ခန့် အသေအထိ ရိုက်နှက်ညှဉ်းပန်းမှုများကို ခံရပြီးနောက် ကိုယ့်အလောင်း မြှုပ်ရမည့်တွင်းကို ကိုယ်ကိုယ်တိုင် တူးရမည့်အဖြစ်မျိုးနှင့် ရင်ဆိုင်တိုးနေရပေသည်။ ကျွန်းကလေး တိုက်ပွဲ အပြင်းအထန်ဖြစ်နေရာ အစိုးရတပ်များပင် ဆုတ်ခွာရတော့မည့် အခြေ အနေ ရောက်နေကြောင်း သတင်းများရရှိခဲ့သော်လည်း ကျွန်တော်တို့ အားရ ဝမ်းသာ မဖြစ်မိကြတော့ပါ။ သူပုန်က အောင်ပွဲရလာလေ၊ ကျွန်တော်တို့ သေရက် နီးလာလေ ဖြစ်ပေတော့မည်။

'ဗိုလ်ချုပ် ပြောသလိုသာ လုပ်ရင်ဖြင့်'ဟု တွေး၍ စိတ်အားငယ်နေမိ ကြပါသည်။ အပြင်ဘက်တွင်လည်း တိုက်ပွဲတွေ ပြင်းထန်စွာ တိုက်နေရင်း ထောင်ထဲတွင်လည်း အဆက်မပြတ် ရိုက်ပွဲပြုလုပ်နေရင်းဖြင့် မတ်လကုန်ဆုံး သော နေ့ရက်သို့ ရောက်လာခဲ့ကြပေပြီ။

တပေါင်းနွေ၏ပူပြင်းသောနေရှိန်အောက်တွင်ချွေးတလုံးလုံးဖြင့် အလုပ်ခွင် ဝင်နေရသူ ပုဒ်မ-၅ များမှာ အလုပ်ပင်ပန်းမှုဒဏ်ကတစ်မျိုး၊ သဘာဝနေရှိန်၏ နှိပ်စက်မှုဒဏ်က တစ်ဖုံဖြင့် အလူးအလဲခံနေကြရ၏။ ဗိုလ်ချုပ်၏စကားကို ကြားပြီးကတည်းက စိတ်မရွှင်ကြသော ပုဒ်မ-၅ များမှာ သာယာဝတီငရဲခန်းမှ လွတ်မြောက်မည့်အချိန်ကိုသာ စောင့်မျှော်နေကြရပါသည်။

ဝဲယာ၊ တောင်မြောက် လှမ်းကျော်ကြည့်ပါသော်လည်း ကယ်တင်မည့် သူများ၏အရိပ်အယောင်များကို မတွေ့ရဘဲ လေးဖက်လေးတန် ကာရံထား သည့် အုတ်ရိုးနီနီလေးများကိုသာ တွေ့ရသည့်အခါ ပို၍ အားငယ်မိကြ၏။

ထောင်ဖောက်ရေးအစီအစဉ် ရှိစဉ်အခါက ဖေဖော်ဝါရီလကို ငရဲခန်းမှ လွတ်မြောက်မည့်လအဖြစ် စောင့်ကြိုရင်း တက်ကြွနေခဲ့ကြသော်လည်း ယခု ကဲ့သို့ မည်သည့်နေ့၊ မည်သည့်လ၊ မည်သည့်နှစ်တွင်မှ လွတ်မြောက်မည်ကို မသိဘဲ စိတ်တစောစောဖြင့် စောင့်နေရသည်မှာ ပို၍စိတ်မာတ်ကျစရာ ဖြစ်စေ ခဲ့ပါသည်။ အကယ်၍များ ကျွန်းကလေးတိုက်ပွဲတွင် အစိုးရတပ်က အောင်ပွဲရ၍ သူပုန်တပ်များ အရေးနိမ့်ခဲ့သော်၊ ကျွန်းကလေးမှသူပုန်များ ဆုတ်ခွာခဲ့ရသော်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ လွတ်မြောက်ရေးကား ဝေးလေတော့မည်ဟု တွေးရင်း ဆွေးနေကြ၏။ ငရဲခန်းမှကယ်မည့်သူများ အရင်ရောက်မလာဘဲ ဗိုလ်ချင်းသာ အရင်လာထုတ်ခဲ့သော် နှစ်ဖက် ကျည်ဆန်များကြား၌ သေရတော့မည့်အဖြစ်ကို သည်း ဆက်၍မတွေးရဲတော့ပါ။ ဗိုလ်ချင်းအကြောင်း စုံစမ်းကြည့်သည့်အခါ စစ်ရေးတိုက်ပွဲတွင် ရဲရင့်သလောက် စိတ်ကြမ်း၊ ကိုယ်ကြမ်းနှင့် ပြောသလိုလုပ်တတ်သူအဖြစ် နာမည်ကြီးနေရာ သူ၏ကြိုးစားချက်အတိုင်း အကောင်အထည်ဖော်ဟု မပြောနိုင်ပေ။ ဗိုလ်ချင်း သာယာဝတီတွင်ရှိနေသမျှ သာယာဝတီမြို့ကျေစေရဟု ရဲရဲကြီးအာမခံချက်ပေးနေသူဖြစ်ရာ မြို့မကျရေးအတွက်ပုဒ်မ–၅ များကို ခားစာခံလုပ်မလားဟူသော ခြိမ်းခြောက်မှုက ကျွန်တော်တို့အား ထာဝစဉ်ခြောက်လှန့်နေပါသည်။ ကျွန်တော်တို့မှာ အရိုက်အနှက်များ ဖွတ်ဖွတ်ကြေအောင်ခံနေရသည့်ကြားမှ ဗိုလ်ချင်း ပြောစကားကြောင့်၊ ထပ်ဆင့်ပူပန်မှုများကြောင့် သောကပင်လယ် ဝေနေကြပေသည်။

## ဗိုလ်ချင်း လာပြီ

ထိုသို့လျှင် သောကဗျာပါဒ တောက်လောင်နေကြသည့် ပုဒ်မ–၅ များသည် ဟိုမျှော်ဒီမျှော်ဖြစ်နေကြစဉ် မျှော်သူကမလာဘဲ မမျှော်သူကားပေါ်လာခဲ့၏။

တစ်နေ့တွင် ထောင်အာဏာပိုင်များနှင့်အတူ စစ်ဘက်ပုဂ္ဂိုလ်တစ်ဦး ရောက်လာ၍ ထောင်တွင်းအနှံ့ လျှောက်ကြည့်နေ၏။ ထောင်အုတ်ရိုးအတိုင်း တစ်ပတ် လျှောက်ကြည့်ပြီးနောက် ပုဒ်မ–၅ များ နေထိုင်ရာ အဆောင်အချို့သို့ နှံ့နှံ့စပ်စပ် ဝင်ကြည့်ခဲ့ရာ ပထမတော့ မည်သူမှန်းမသိပါ။ နောက်မှသိရသည်မှာ ကျွန်တော် တို့အား စိတ်ဓာတ်စစ်ဆင်သည့်နည်းဖြင့် ဒုက္ခပေးနေသည့် ဗိုလ်ချင်း ဆိုသူဖြစ် ကြောင်း သိခဲ့ရပေသည်။

ထောင်ထဲ ဘာကြောင့်ဝင်သည်ကို မသိကြပါ။ သူ့စီမံကိန်းကို အကောင်အထည်ဖော်ဖို့ ဝင်ကြည့်လေသလား၊ တာဝန်ရှိသူ စစ်ဘက်ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အကျဉ်းထောင်ကာကွယ်ရေးကိစ္စများအတွက် စီစဉ်ရန် ဝင်ကြည့်လေသလား မတွေးတတ်ပေ။

ကျွန်တော်တို့ရင်ကို မလင်းစေသည့် ဗိုလ်ချင်းအကြောင်းကို သို့လော သို့လော လောပေါင်းများစွာဖြင့် အတွေးချာချာလည်နေကြ၏။ စိုးရိမ်မှု၊ ကြောင့်ကြမှု၊ ပူပန်မှုများကား ပို၍ဖြစ်ခဲ့ရပေသည်။ ဒီကြားထဲ ထောင်အာဏာပိုင်များက ခြောက်လှန့်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နော်၊ အေးအေးနေကြ။ ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်လာရင် ထောင်ဆူဖို့၊ ထောင်ဖောက်ဖို့ စီစဉ်သံကြားရင် ဗိုလ်ချုပ်လိုက်ထဲ အပ်လိုက်မယ်"ဟု ဆိုပြန်ပါသည်။

ကြောက်သူကို ဖြဲခြောက်၍ လှန့်သူကို မျက်လုံးပြူးပြသည့် သဘောပင် ဖြစ်၏။

ကျွန်တော်တို့ကလည်း ထောင်အာဏာပိုင်များနားသို့ ပေါက်စေရန် အကျဉ်းသားမှတစ်ဆင့် သဘောတစ်ခု ကြေညာပေးခဲ့၍ လန့်ပင်လန့်ငြားသော်လည်း ဟန်ကိုယ့်ဖို့၊ မာန်ကိုယ့်ဖို့ဆိုသည့် စကားနှယ် ကျင့်သုံးခဲ့ရတော့၏။ 'ဗိုလ်ချင်းမကလို့ ဗိုလ်ချင်းအဖေပဲလာလာ၊ တို့ကို ထောင်ကထုတ်ပြီး ရှေ့တန်း စစ်မျက်နှာတင်တိုက်ရင် ဒီအတိုင်းတော့အသေမခံဘူး၊ သူတို့သေနတ်ကိုပြန်လုပြီး သူတို့ကိုသတ်ပြီးမှ အသေခံမယ်။ တို့ကသေလူပဲ၊ စမ်းရဲ စမ်းကြည့်စမ်းပါစေ' ဟု ပြန်၍စိန်ခေါ်လိုက်၏။

ဤသို့လျှင် စိုးရိမ်ချက်အထွေထွေ၊ သောကအဖုံဖုံဖြင့် ဖြစ်ပေါ်လာသည့် အန္တရာယ်ကို မည်သို့မည်ပုံ ကျော်လွှားရမည်ကို စဉ်းစားရင်း အတွေးနယ်ချဲ့ခဲ့ကြသော ပုဒ်မ-၅ များအား ၁၉၄၉ ခုနှစ်၊ ဧပြီလ ၇ ရက်၊ ည ၁၀ နာရီခန့်တွင် အိပ်ရာထက်မှ ငေါက်ခနဲထိုင်စေသည့် အဖြစ်အပျက်တစ်ရပ် ဖြစ်ပွားခဲ့ပါသည်။

သာယာဝတီထောင်နှင့်ကပ်နေသော မြို့တွင်းမှ အော်လီဂန်းအသံ၊ ဘရင်းဂန်းအသံ၊ စတင်းဂန်းအသံ၊ ရိုင်ဖယ်သံများမှာ ဝက်ဝက်ကွဲမျှ ဆူညံစွာ တုန်ဟည်းထွက်ပေါ်လာ၏။ မြို့တွင်းမှပစ်ခတ်လိုက်သည့် သေနတ်သံများမှာ ထောင်ခေါင်မိုးပေါ်မှ တရွှီရွှီမြည်၍ ဖြတ်သန်းနေ၏။ ပစ်ခတ်လိုက်သည့် အသံများမှာလည်း ကြောက်ခမန်းလိလိ များပြားလှပေသည်။ ကျွန်တော်တို့သည် အင်္ဂတေခုတင်လေးများကြားတွင် ဆင်း၍ဝပ်နေမိကြသည်အထိ ပြင်းထန်လှ၏။ သာယာဝတီမြို့ကြီးကို သူပုန်ဝင်စီး၍ မြို့တွင်းတိုက်ပွဲ ဖြစ်နေဟန်ရှိသည်ဟု ယူဆရပါသည်။ ဘာတွေဖြစ်နေသည်ကိုမူ အသေအချာ မသိနိုင်ကြပါ။

ကြားရသည့် သေနတ်သံများမှာ ပြင်းထန်လှ၍ တိုက်ပွဲဖြစ်လျှင်လည်း အသေးစားတိုက်ပွဲ မဟုတ်နိုင်၊ အကြီးစားတိုက်ပွဲကြီးတစ်ခု ဖြစ်မည်ဟု ခန့်မှန်းဆနေရ၏။ ကျွန်းကလေးမှသူပုန်များ ညတွင်းချင်း ချီတက်လာ၍ မြို့သိမ်းတိုက်ပွဲ ဆင်နွှဲနေခြင်းလောဟုလည်း တွက်ဆရပြန်ပါသည်။

သေနတ်သံများကိုကား ည၌ ၁၂ နာရီကျော်သည်အထိပင် ကြားနေရ၏။ ၁၂ နာရီ နောက်ပိုင်းတွင်မူ ပထမပိုင်းလောက် မပြင်းထန်တော့ဘဲ ခပ်ကျဲကျဲ

www.burmeseclassic.com

www.burmeseclassic.com



သာ ကြားနေရတော့၏။ ကျွန်တော်တို့သည်လည်း ချက်ချင်းပင် ကင်းများချ၍ ဌာနချုပ်အဆောက်အအုံပေးမည့်အမိန့်ကို စောင့်ကြည့်ခဲ့ရာတွင် အဆင်သင့်ဖြင့် ထားရန် အချက်ပြရရှိပြီးနောက် နောက်ထပ် အမိန့်သစ် အချက်ပြချက် မရရှိ တော့ပါ။

သေနတ်သံ ကျဲသွားသည့်အချိန်တွင် ထောင်ပိုင်ကြီး၊ ထောင်မှူးကြီး၊ ထောင်မှူးများ၊ ဝါဒါများ အကုန်လုံးဝင်ရောက်လာကြပြီး ထောင်တွင်း အိပ်ဆောင် များသို့ လှည့်လည်၍ ကြည့်ရှုစစ်ဆေးကြပါသည်။ ကျွန်တော်တို့အားလည်း ငြိမ်ငြိမ်သက်သက် နေထိုင်ရန်နှင့် မိမိအိပ်ရာ ခုတင်များပေါ်တွင်သာ နေကြရန်၊ ဟိုကူး၊ ဒီကူး မလုပ်ကြရန်နှင့် စကားစုဝေးမပြောကြရန် အမိန့်ပေးသွားပါသည်။ အစောင့်ဝါဒါများကိုလည်း ခါတိုင်းနေ့များထက် ပို၍ချသွား၏။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ပြန်မအိပ်ကြတော့ပါ။ အားလုံးအဆင်သင့် ဖြင့်ဆင်၍ ထောင်ဖောက်သည့်အခါ အသုံးပြုရမည့် အုတ်ခဲများကို အဆင်သင့် ထုတ်ထားပြီးဖြစ်ပါသည်။ထောင်အာဏာပိုင်များမည်သို့အမိန့်ပေးစေကာမူကျွန်တော် တို့ကား စုဝေးလျက် ထင်မြင်ချက်များ ပြောဆိုဝေဖန်ရင်း အခြေအနေကို စောင့် ကြည့်နေခဲ့၏။ တန်းစီးများကလည်း ဘာမှမပြောပါ။ မပြောရုံသာမဟုတ်ပါ၊ ကျွန်တော်တို့ထံ ချဉ်းကပ်၍ မျက်ရည်ခံထိုးပြီး သူတို့ကို ပစ်မထားပါရန်နှင့် ထောင်ဖွင့်သည့်အခါ ကျွန်တော်တို့နှင့်အတူ ခေါ်သွားပါရန် ဆောင့်ကြောင့်ထိုင်၍ ရှိခိုးတောင်းပန်ကြ၏။

ဤပုံစံကို မြင်လိုက်သည့်အခါတွင် ကျွန်တော်တို့အပေါ် နှိပ်စက်ထား ခဲ့သမျှဒဏ်များ မေ့ပျောက်ကုန်ကာ သနားသွားမိပါသည်။ ကြင်နာမှုနှင့် မေတ္တာ တရားကား စူးရှလှ၏။ ကျွန်တော်တို့အား မည်သို့ပင် နှိပ်စက်စေကာမူ ယခု ကဲ့သို့ ရှိခိုး၍တောင်းပန်ခြင်း မရှိခဲ့ဘူးပါ။ မရိုက်နှက်ရန်လည်း တောင်းပန်ခြင်း မပြုခဲ့ပါ။ ယခုဆောင့်ကြောင့်လေးထိုင်၍ရှိခိုးတောင်းပန်လာသည့်အခါ ကျွန်တော် တို့အား တစ်နေ့စ်လုံး ရိုက်လာသည့် ထိုသူတို့အပေါ်တွင် တစ်ခဏချင်း ကျေအေး ခွင့်လွှတ်စိတ် ဖြစ်ပေါ်လာခဲ့၏။ ဤကား လူသားဆန်သည့် စိတ်စေတနာများပင် ဖြစ်တော့ပါလော။

ထိုအချိန်ကား ၁၉၄၉ ခုနှစ်၊ ဧပြီလ အစပိုင်းလောက်ဖြစ်၏။ တစ်ညလုံး အိပ်မနိုင်ကြပါ။ ဌာနချုပ်ရှိရာအဆောင်မှ နောက်ထပ်ရောက်လာမည့် အချက်ပြ အဆက်အသွယ် ညွှန်ကြားချက်အမိန့်ကို စောင့်၍နေပါသည်။ နံနက်မိုးလင်း သည့်အခါ ဘုရားရှိခိုးရန် အမိန့်ပေးသည့် ဗြူကယ်မှုတ်သံလည်း မကြားရ

www.burmeseclassic.com



အိပ်ဆောင်အခန်းများကိုလည်း ခါတိုင်းဖွင့်နေကျအချိန် လာမဖွင့်သဖြင့် ထူးခြား နေပါသည်။ ဌာနချုပ်မှ အချက်ပြဆက်သွယ်ရေး အမိန့်မှာလည်း အဆင်သင့် ပြင်ကြဟူသည့် အချက်ပြထက် ပို၍မထူးခြားသေးပါ။ တစ်ညလုံး စောင့်နေ သည့် ဝါဒါများလည်း ပြန်ထွက်ကြရခြင်းမရှိသေးပါ။ အခြေအနေမှာ ယနေ့ခေတ် ကလေးများ ပြောကြသည့် 'ဘာမှန်းလဲ မသိဘူး' ဆိုသကဲ့သို့ ဖြစ်နေ၏။

နံနက် ၈ နာရီကျော်သည့်အခါ ထောင်အာဏာပိုင်အားလုံး ဝင်လာ၍ အိပ်ဆောင်အခန်းတံခါးများ လာဖွင့်ပေးရာ အပေါ့သွားခြင်း၊ မျက်နှာသစ်ခြင်း ကိစ္စများတွင် ခါတိုင်းလိုပင် ပုံစံလုပ်ခိုင်းနေပါသည်။ သို့သော် အလုပ်များ လုပ်ခိုင်းခြင်း မပြုတော့ပါ။ ကိစ္စအားလုံးပြီးလျှင် အခန်းထဲပြန်ဝင်နေကြရန် အမိန့်ပေး၍ ထောင်မှူးကလေးများအားလုံး၊ တာဝန်ကျ ဝါဒါမှအပ ဝါဒါအားလုံး မိန်းဂျေးတွင် စုဝေးအဆင့်သင့်နေကြရန် အမိန့်ပေး၍ ပြန်ထွက်သွားကြ၏။

အပြင်မှ နံနက်ပိုင်းဝင်လာသည့် ဝါဒါများထံ အခြေအနေစုံစမ်းကြည့်ရာ ညက မြို့တွင်းဖြစ်ပေါ်ခဲ့သည့် အပစ်အခတ်များမှာ သူပုန်နှင့် တိုက်ပွဲဖြစ်ခြင်း မဟုတ်၊ အစိုးရတပ်ချင်း တိုက်ပွဲဖြစ်သည်ဟုသာ ပြောကြ၏။ မြို့ကိုမူ အစိုးရ တပ်ကပင် ဆက်လက်အုပ်ချုပ်ထားကြောင်း၊ ထောင်အုပ်ချုပ်ရေးကိုမူ ထောင် အာဏာပိုင်များထံ အပ်ထားကြောင်း စုံစမ်းသိရှိခဲ့ရပေသည်။

ခါတိုင်းဆိုလျှင် ထမင်းချက်ဖိုကြီးတွင် အလုပ်ကြမ်းလုပ်ရမည့် အကျဉ်း သားများကို နံနက် ၄ နာရီတွင် ထုတ်ပေးခဲ့သော်လည်း ဧပြီလ ၈ ရက်နေ့တွင် နံနက် ၈ နာရီကျော်မှ ထုတ်ပေးသဖြင့် ခါတိုင်း နံနက်စောစောရနေကျ တန်ဆီ လည်း မရတော့ပါ။ ထိုနေ့အဖို့ နံနက်စာမှာလည်း နေ့ခင်း ၁ နာရီကျော်မှ စားရဖို့ သေချာသွားပါသည်။

ဤသို့ဖြင့် အခြေအနေအရပ်ရပ်များ မအီမလည်ကြီးဖြစ်နေစဉ် နံနက် ၁၁ နာရီခန့်တွင် ထောင်တွင်းပါတီကော်မတီမှ ပေးပို့လိုက်သည့် သတင်းတစ်စောင် ရောက်ရှိလာ၏။ သတင်း၏အဆိုမှာ ယမန်နေ့ညက သာယာဝတီမြို့တွင် တပ်စွဲ ထားသည့် ယူ-အမ်-ပီ တပ်ရင်း ၂၂ ရှိ တပ်မှူးများဖြစ်သော ဗိုလ်အောင်မြင့်၊ ဗိုလ်နေဝင်း (ယခု တောခို၊ ကျဆုံး)တို့က ဗိုလ်ချင်းအား ဖမ်းဆီး၍ အစိုးရကို ပုန်ကန်တော်လှန်ပြီး မြို့ကို သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း၊ ရဲဘော်များ အပြင်သို့ ထွက်သည့်အခါ စည်းကမ်းတကျ ဖြစ်ရေးအတွက် လိုအပ်သည်များ ပြင်ဆင် ထားရန်သတင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကို ကြားရပြီးနောက် တာဝန်ရှိသည့် ရဲဘော်များမှာ ရဲဘော်အားလုံးသို့ ရုတ်တရက် မကြေညာနိုင်ဘဲ ဝမ်းသာစိတ်နှင့် မျက်ရည်များပင်ဝိုစီးကျလာ၏။ တုန်ယင်သော အသံများဖြင့် သတင်းအစအဆုံးကို ရဲဘော်များထံ ကြေညာလိုက်ရာတွင် 'ဝေး... ဟေး... ဟေး' ဟူသော အသံကြီးမှာထောင်တိုင်းဆီမှ တစ်ခဲနက် တုန်ဟည်းထွက်ပေါ်ခဲ့၏။ အချို့ရဲဘော်များဆိုလျှင်ဝမ်းသာအားရဖြင့် တစ်ဦးကိုတစ်ဦး ပွေ့ဖက်ထားကြသည်များမှာ ပွေ့ဖက်ထားသည့်လက်များကို ပြန်၍မဖြုတ်မိကြတော့ပေ။ အိမ်သူသက်ထား ချစ်ဇနီးသားနှင့်တွေ့လျှင်ပင် ယခုလောက် ဖက်ထားမိကြမည် မထင်ပေ။

ဤသို့လျှင် ရဲဘော်များမှာအပျော်ကြီးပျော်၍ အမော်ကြီးမော်နေကြချိန်တွင်ညကာသယိမ်းတွင် ပါဝင်ခဲ့ရသည့် ဘအိုနှစ်ယောက်မှာ တန်းစီးနှစ်ယောက်ကိုခြင်းလုပ်စီး၍ အခန်းတွင်း ခေါက်တုံ့ခေါက်ပြန် မောင်းနေကြပါသည်။

တန်းစီးများမှာ အဘအိုများ၏ နားရွက်ဆွဲ၍ အမိန့်ပေး စေခိုင်းရာသို့သွားနေရရှာ၏။ သစ်ငုတ်မြင့်တုံ့–မြက်မြင့်တုံ့၊ ပုံလုံတစ်လှည့်–ငါးဖျံတစ်လှည့်ကားပုံကား မှန်လှပေစွတကား။

မျှော်လင့်သလို ဖြစ်မလာဘဲ လုံးဝ မမျှော်လင့်သည်များ ဖြစ်လာသည့်အခြေအနေကြောင့် ပို၍ ပို၍ ဝမ်းသာရွှင်မြူးသွားကြခြင်း ဖြစ်ပေသည်။

ဤသို့ ပျော်ရွှင်နေရုံဖြင့်မပြီးသေးပါ။အပြင်ထွက်ရေးအတွက်လုပ်စရာများလုပ်ရပါဦးမည်။ ထို့ကြောင့် တာဝန်ရှိသော ရဲဘော်များအနေဖြင့် ဖွဲ့စည်းထားသော တပ်ခွဲအလိုက် တန်းစီစေ၍ အပြင်သို့ထွက်သည့်အခါ စည်းကမ်းတကျဖြစ်စေရန် တပ်စုမှူး၊ တပ်စိတ်မှူးများ၏အမိန့်အတိုင်းနာခံရန် ညွှန်ကြားရ၏။ပြည်သူလူထုနှင့်ဆက်ဆံသည့်အခါ အယဉ်ကျေးဆုံးဆက်ဆံရန်နှင့် ပြည်သူတို့ကပေးခြင်းမပြုသောပစ္စည်းများကို ဖက်ရွက်တစ်ရွက်ကအစ မယူရန် အမိန့်ပေးရ၏။

ထောင်တွင်းတွင် သင်ကြားပေးထားသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားများ လိုက်နာရန် အချက်ကြီး ၁၀ ချက်ကို တစ်သဝေမတိမ်းလိုက်နာကျင့်သုံးရန် သတိပေးရ၏။

ထိုသို့ ဝမ်းသာရွှင်မြူး ကြည်နူးနေကြစဉ် ထောင်အာဏာပိုင်များ ရောက်လာပြီး အားလုံးအထဲပြန်ဝင်ခိုင်း၏။ အခန်းထဲဝင်ရန် နှုတ်မှလည်း အမိန့်ပေးရင်းလက်ထဲတွင် ပါလာသော ကြိမ်တုတ်များဖြင့်လည်း မိရာလူ၊ နီးရာလူများကိုရိုက်နှက်ကြပါသည်။ ဤတွင် အခြေအနေမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး အချို့

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်များမှာ ထောင်အာဏာပိုင်များကို ခုခံတွန်းလှန်နေကြရာ တာဝန်ရှိ ရဲဘော်များက ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရ၏။

အခန်းထဲ ပြန်ရောက်သည့်အခါ ခေါင်းဆောင်ဟု သိသူများကို ရွေးထုတ် ခေါ်ငင်၍ ကျန်လူများကို အခန်းတံခါးပိတ်ပြီး သော့ခတ်ထားခဲ့ပေသည်။

ခေါ်သွားသည့် ခေါင်းဆောင်များကို တိုက်ပိတ်လိုက်၏။ သူပုန်ထောက်ခံ သည့် အင်အားစုက မြို့ကိုသိမ်းလိုက်ပြီဆိုသော်လည်း ထောင်အုပ်ချုပ်မှုကို မူလ ထောင်အာဏာပိုင်လက်တွင်းသို့ ယခုထက်တိုင် ပြန်လည်အပ်နှံထားခဲ့ သည်ကို မတွေးတတ်တော့ပါ။ 'ဘယ်လိုလဲ'ဆိုသည့်အမေးကို ကိုယ့်ကိုယ်ကိုယ် အဖြေမဖော်တတ်သဖြင့် တစ်ဦးကိုတစ်ဦး မေးငေါ့၍သာ မေးနေကြ၏။

"အစိုးရတပ်မှူးချင်း အဆင်မပြေလို့ မြို့သိမ်းပေမယ့် မင်းတို့ သူပုန် တွေလက်ထဲ မြို့မအပ်ဘူးကွ။ ဗိုလ်စိန်မှန် ရောက်လာရင် ဒီပြဿနာပြီးသွားမယ် သွေးကြီးမွေးကြီး ဖြစ်မနေကြနဲ့၊ အားလုံးသေကုန်မယ်"ဟု ထောင်မှူးများက ပြောလာပြန်ပါသည်။ အခြေအနေကား ပြန်လည်ရှုပ်ထွေးလာပြန်ပါသည်။

ကျွန်တော်တို့အဖို့မှာကား သိန်းထိပေါက်ပြီးမှ လက်မှတ်ပျောက်နေသ ပမာ ရှူးရတော့မလို၊ ဝမ်းသာရတော့မလို နေမထိထိုင်မသာ ဖြစ်နေကြ၏။

ဌာနချုပ်မှလည်း အတိအကျ ညွှန်ကြားချက် မပေးနိုင်ပါ။ အေးအေး ငြိမ်သက်စွာ ယနေ့တစ်ရက် သည်းခံပြီးနေကြရန် မေတ္တာရပ်ခံချက် ပေးလာ၏။ သို့သော် ရဲဘော်များမှာ ထိန်းမရတော့ပါ။'ဘာပဲဖြစ်ဖြစ်ချမယ်'ဟု ဖြစ်နေကြ၏။

ဖြစ်လာသည့် အခြေအနေကလည်း ရှုပ်ထွေးနေရာ ရဲဘော်များအနေဖြင့် ဤသို့ဖြစ်ကြသည်မှာလည်း သဘာဝကျပါသည်။ နောက်ဆုံးတွင် ရဲဘော်များအား ယနေ့တစ်ရက် အခြေအနေအရ စောင့်ကြည့်ပါ။ နောက်တစ်နေ့ ၁၂ နာရီထိုး၍ အကြောင်းမထူးလျှင် ရဲဘော်တို့ဆန္ဒအတိုင်း ဖြစ်စေရပါမည်ဟု နှစ်သိမ့်ကာ ပေးခဲ့ရ၏။ ဧပြီလ ၈ ရက်နေ့တွင် ထမင်းဆွဲချိန် နှစ်ချိန် ဖွင့်ပေးသည်မှအပ တစ်နေ့လုံး တံခါးများသော့ခတ်ပိတ်ထားခဲ့၏။ ထမင်းဆွဲရာတွင်လည်း ခါတိုင်း ပုံစံအတိုင်း ဆွဲရ၏။ ထောင်ပိုင်၊ ထောင်မှူးများမှာ ယူနီဖောင်းအပြည့် ရိုးအပြည့်ဖြင့် လူးလာဆန်ခတ် သွားလာနေကြ၏။

ဤသို့နှင့် ညနေပိုင်းရောက်လာခဲ့ရာ မည်သို့မျှ မအိပ်နိုင်ကြပါ။ စကား လည်း မပြောကြပါ။ အိပ်ရာပေါ်လှဲ၍ တွေးချင်တိုင်းတွေးနေကြပေသည်။ ထို ဆရာစံသူပုန်တွင် ပါဝင်ခဲ့သည့် သာယာဝတီနယ်မှ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



အဘမဲ့က သူ့အိပ်ရာထက်တွင် လှဲနေရာမှထလာပြီး ကျွန်တော်တို့ ခေါင်းဆောင်ပိုင်းကို လက်ညှိုးထိုး၍ ဤသို့ဆိုခဲ့၏။

"ဟေ့… မင်းတို့က အပြောသမားတွေပဲကွ။ သဘောတရားတွေ၊ သဘောသဘာဝတွေနဲ့ လေများနေကြတာပဲ၊ သတ္တိတော့ နည်းနည်းမှမရှိဘူးဟေ့။ သတ္တိမရှိလို့ မင်းတို့ ဒီလိုဖြစ်နေကြတာကွ။ တို့တုန်းက သဘောတွေ။ သဘာဝတွေမရှိဘူး။ လူချင်းခဏတွေ့၊ လက်ဖက်ရည်ကြမ်း တစ်အိုးလောက်လည်းကုန်ရောဆချဘာပဲ။ မင်းတို့နဲ့ ငါနဲ့ မဖြစ်ဘူးဟေ့"ဟု အော်ကြီးဟစ်ကျယ် ဒေါပွနေပါသည်။

"လက်ထဲ သေနတ်ရှိမှ တိုက်ရဲတယ်ဆိုတာ မိန်းမတွေတောင် လုပ်တတ်တယ်။ ပြောတော့ မိုးလား ကဲလား၊ ထိုးတော့ဖြင့် မြေကြီးဆိုတာ မင်းတို့ကောင်တွေပဲ။ ဆရာစံဟာ စကား ဆယ်ခွန်းပြည့်အောင် မပြောဘူးကွ သိလား၊ ဒီညဘယ်ကိုတိုက်ရမယ်ဆိုရင် တိုက်မယ့်နေရာနဲ့ အချိန်ပဲ ပြောတယ်"

"မင်းတို့ ဖားရွှေကျော်တိုက်ပွဲဆိုတာ ကြားဖူးရဲ့လား။ သေနတ်ကိုင်စပါရီတွေကို ဓားနဲ့ တုတ်ကိုင်ပြီး ဝင်တိုက်ခိုက်တဲ့ တိုက်ပွဲကွ။ သေနတ်ကိုင်စပါရီတွေရဲ့ လည်ချောင်းသွေးတွေကို ဓားနဲ့သောက်ခဲ့တဲ့ ဖားရွှေကျော်တိုက်ပွဲငင်ကွ၊ နားလည်လား။ ထောင်လေး တစ်ခါဖောက်မယ့်အရေး လုပ်လိုက်ရတာ၊ နောက်ဆုံးကျတော့ အခြေအနေ၊ အခြေအနေနဲ့။ ဘာအခြေအနေလဲ၊ သတ္တိကြောင်တိုင်း အခြေအနေတွေ လွှဲချနေတဲ့ အကောင်တွေ"

"မင်းတို့ဟာ သီပေါမျိုးတွေပဲ"

"သီပေါမျိုးတွေများခဲ့လို့ မြန်မာပြည် ရေတိမ်နစ်ခဲ့တာကွ။ အပြင်ကဆောင်လာဖွင့်ပေးမှ ထွက်ရမယ်ဆိုရင် ငါ မထွက်ဘူးကွ" စသည်ဖြင့် အဘမဲ့သည် သူ့ရင်တွင်းရှိသမျှ သဘောတွေကို ဖွင့်ချနေပါသည်။

ကျွန်တော်တို့အပေါ် ရက်ရက်စက်စက် ပြောဆိုခဲ့၏။

အဘမဲ့ ဘယ်လိုပင် ပြောသော်လည်း စိတ်မဆိုးကြပါ။ အမှန်ကလည်းအဘမဲ့ ပြောသလို ဟုတ်သလောက် ဟုတ်နေသည် မဟုတ်ပါလား။

ကျွန်တော်တို့ ခေါင်းဆောင်ပိုင်းအနေဖြင့်ကား ရဲဘော်များ ပြောသမျှဆဖန်သမျှ ခေါင်းငုံ့ခံနေကြရ၏။ ဘာမှ ပြန်မရှင်းနိုင်တော့ပါ။ အိပ်ရာပေါ်ဘဲ၍သာ ဖြစ်လာသည့်အခြေအနေနှင့် အဖြစ်အပျက်များကို ပြန်လည်သုံးသပ်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ အခင်းကြီး၊ အခင်းလေး ပြဿနာပေါ်လာပြန်ရာ ထိုကိစ္စ အတွက် မည်သို့လုပ်ရမည်ကို တိုင်ပင်ရန် ပါးစပ်အကျင့်ပါနေသဖြင့် 'ဆွေးနွေး ရအောင်'ဟုပြောဆိုခါရှိသေး...'လာပြန်ပြီလား၊ဒီဆွေးနွေး။ ငါ့လခွီး...ဆွေးနွေး' ဟု အဘမဲ့ကအော်ပြန်ရာ အဘမဲ့ကို စိတ်မဆိုးနိုင်ဘဲ ငိုအားထက် ရယ်အား သန်ဆိုသလို တဝေါ်ဝေါ် ပွဲကျသွားကြ၏။

ထိုနေ့ တစ်နေ့လုံး နောက်ဖေးအိုး၊ သေးအိုးများ မသွန်ခဲ့ကြသဖြင့် အိုးများပြည့်နေပြီဖြစ်ရာ အခင်းလေး၊ အခင်းကြီးသွားရန် အခက်အခဲဖြစ်နေ ကြ၏။ ထိုပြဿနာအတွက် အနည်းငယ် ဆွေးနွေးညှိနှိုင်းကြပြီးနောက် ဆီးအိုး ကြီးကို အိမ်သာအခန်းတွင်းမှာပင် သွန်ချလိုက်ပြီး ထိုအိုးထဲတွင် နောက်ဖေး သွားကြ၍ အပေါ့သွားရန်ကိုမူ ပြတင်းပေါက်မှ အပြင်သို့ ပန်းချရန်ဖြစ်ပေသည်။ နောက်ဖေးအိုးလုပ်ထားသည့် စဥ့်အိုးမှာ ရေသုံးပုံးဝင် အဝကျယ် စဥ့်အိုးကြီး ဖြစ်၍ ယာယီနောက်ဖေးအိုး ဖြစ်သော်လည်း နောက်ဖေးသွားဖို့ များစွာပင်ခက်ခဲ လှပေ၏။ အိုးအဝပေါ်တွင် ထိုင်သွား၍လည်းမရ၊ ကုန်းသွားရန်လည်းမဖြစ် အိုးကိုခွလျက် မတ်တတ်ရပ် သွားရပေသည်။

ဧပြီလ ၁၉ ရက်နေ့ နံနက် ၅ နာရီတွင် ကြားနေကျ ဘုရားရှိခိုး အချိန် ပေးသည့် ဗြူကယ်မှုတ်သံ ပေါ်လာပါသည်။ သို့သော် မည်သူမျှ ဘုရားမရှိခိုး ကြပါ။ ပုံစံကို စတင်ဆန့်ကျင်ကြပါသည်။ တစ်ဖက်ခန်းရှိ ရခိုင်မှ ဗိုလ်ရွှေဘ (ခြေတစ်ဖက်ပြတ်နေသူ)ဆိုလျှင် ယနေ့ ၁၀ နာရီထိုး၍မှ ထောင်ထဲက မထွက် ရသော် သူ ရှေ့ကခေါင်းဆောင်၍ တိုက်ထွက်မည် ဖြစ်ကြောင်း၊ သူနှင့်အတူ တိုက်ပွဲဝင်လိုသူများရှိက လိုက်နိုင်ကြောင်း ကြေညာနေပါသည်။ ရဲဘော်များ၏ အခြေအနေကား ကသောင်းကနင်း ဖြစ်နေကြ၏။ တာဝန်ရှိသူများအနေဖြင့် တတ်နိုင်သမျှ ချော့မော့ မေတ္တာရပ်ခံနေရပေသည်။

ပုဒ်မ–၅ အားလုံးမှာ ထောင်တံခါး ဖွင့်မည့်အချိန်ကိုသာ စောင့်မျှော် နေကြ၏။ တံခါးများ လာဖွင့်မပေးသေးပေ။ ထိုစဉ် ထောင်တွင်းပါတီမှပေးပို့ လိုက်သည့် သတင်းတစ်ခု ရရှိခဲ့ပါသည်။ 'ထောင်ဘူးမကြီးထဲတွင် ထောင်တွင်း ပါတီကော်မတီမှ ကော်မတီဝင်အချို့ဆရာတော်ဦးစိန္တာ၊ သခင်စိုး စသည့် နိုင်ငံရေး ခေါင်းဆောင်များနှင့် သူပုန်တပ်ပေါင်းစုမှ ခေါင်းဆောင်များ ဆွေးနွေးနေကြ သည်' ဟူသော သတင်း ဖြစ်၏။ ရဲဘော်များကိုကား ဖြန်းခနဲ မပြောရပေ။ ကျွန်တော်တို့ပင် သံသယဝင်နေပါသည်။ အချင်းချင်းညှိနှိုင်းပြီးမှ ဖြစ်နိုင်သည်ဟု တွက်ဆပြီးမှ ချပြလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျား… ကျား' ဆိုတုန်းက မကျားလိုက်ရသဖြင့် တကယ့်ကျားလာသောအခါ မကျားချင်တော့ပါ။ ထိုသတင်းကိုကြားရသည့်အခါ ရဲဘော်များမှာ မနေ့ကကဲ့သို့ ဝမ်းမသာနိုင်ကြတော့ပါ။ သံသယဝင်နေကြ၏။ ကိုယ့်ဟာကို ဖောက်ထွက် ဖို့သာပင် စိတ်စောနေကြ၏။ အချို့ရဲဘော်များဆိုလျှင် 'အပြင်ရောက်မှ နောက်ထပ်ရသည့်သတင်းကို ပြောကြပါ'ဟု လှောင်သံပေးလာကြပေသည်။

ရဲဘော်များကို အပြစ်မဆိုသာပါ။ ဖြစ်လာသည့်အဖြစ်က မကောင်းခဲ့သောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)
# ထောင်ကြီးပွင့်ခြင်း

ရဲဘော် ဗိုလ်ရွှေဘ၏ဆန္ဒ၊ သူ၏ကြေညာချက် ပြည့်ဝသွားပါသည်။ နံနက် ၉ နာရီခွဲတွင်မှ ထောင်မှ ထွက်ကြရန်အတွက် အဆင်သင့်ပြင်ဆင်၍ စုရုံးနေကြဖို့ အမိန့်ရောက်လာသောကြောင့် ဖြစ်၏။ ဒီတစ်ခါတော့ တကယ် ငရဲခန်းကထွက်ရတော့မည် ဖြစ်ပါသည်။ တကယ်တမ်းထွက်ဖို့ သေချာသည့် အခါတွင် အလွန်အကျွံ အားရဝမ်းသာမှုမရှိတော့ဘဲ ငြူငြူ ရနေကြ၏။ ဝမ်းမသာ မဟုတ်ပါ၊ သံသယက လွှမ်းမိုးမှုရှိနေသဖြင့် ဝမ်းသာမှုကို လှစ်မပြခြင်း ဖြစ်ပေသည်။

ထောင်တွင်းရှိ တံခါးအားလုံးမှာ ဟင်းလင်းပွင့်နေပါသည်။ ထောင်ပိုင် ထောင်မှူး၊ ဝါဒါ စသည်များ၏ အရိပ်အယောင်ကိုပင် မမြင်ရတော့ပါ။ ရဲဘော် များ ငြူငြူရရနေကြသလောက် ယောက်ယက်ခတ် လှုပ်ရှားနေကြသူများမှာ ထောင်ကျများ ဖြစ်ပါသည်။ ဟိုလူ့လိုက်ကပ်လိုက်၊ ဒီလူ့လိုက်ကပ်လိုက် ဖြစ်နေကြ၏။ မျက်ရည်လေး တစမ်းစမ်း၊ လက်အုပ်လေး တချီချီနှင့် အသနား ခံနေကြ၏။ သူတို့အဖြစ် မြင်ရတော့လည်း ကိုယ်ချင်းစာမိ၏။ သနားမိကြ၏။

သို့သော် စိတ်ကြီးသူ အဘမဲ့ကြီးကမူ မသနားပါ။ တန်းစီးဆောင် သည့် ဦးထုပ်ပြာကြီးကို ဆောင်းပြီး တန်းစီးကိုင်သည့် တုတ်ကြီးကိုကိုင်လျက် တန်းစီးများ၊ ဗာရာများကို တစ်ယောက်လျှင် လေး၊ငါးချက် လျှော်... နေပါသည်။ 'နာသလား'ဟု ပါးစပ်မှမေးပြီး 'နာသည်'ဟုဖြေလျှင် ... ရိုက်... 'မနာဘူး'ဟုပြောမှ အရိုက်ရပ်ပါသည်။ ကျွန်တော်တို့ကား အဘမဲ့ကို ကြည့်... ရယ်ကြရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တွေ့သမျှ တန်းစီး၊ ဗာရာများကိုခေါ်၍ သူ့ရှေ့တွင် ဆောင့်ကြောင့် ထိုင်ခိုင်းလျက် လက်အုပ်ချီစေပြီး 'ကျွန်တော့်အမေယောကျ်ား အဖေမဲ့ခင်ဗျား၊ သားမောင်ငကျင် အဖေမဲ့အား ရှိခိုးကန်တော့ပါ၏ ခင်ဗျား' ဟုပြောပြီး ကန်တော့ ခိုင်းနေပါသည်။ အကယ်၍များ အဘမဲ့နှင့် ထောင်ကျများ လွှတ်ပေးလိုက်ရလျှင် ဘယ်လိုဖြစ်ကုန်မည် မသိပါ။ အဘမဲ့ကား အလွန်စိတ်ကြီး၍ လက်စားချေရန် ဆန္ဒပြင်းထန်သူ ဖြစ်ပေသည်။

## ငရဲခန်းကို စွန့်ခွာရတော့မည်

ကျွန်တော်တို့ ထောင်ပြင်သို့ထွက်ရန်အတွက် ပြင်ဆင်ကြ၏။ ထောင်က ထုတ်ပေးခဲ့သော အင်္ကျီကျားကြီးကို ဆေးရုံလူနာဝတ်အင်္ကျီမျိုး ဆင်တူဝတ်လျက် ခါးတွင် ရရာကြိုးများကို ခါးပတ်အဖြစ်ပတ်၍ ဒန်ပန်းကန်ပြားနှင့် ဒန်ခွက်ကို ကြိုးတွင် ပူးတွဲချိတ်ဆွဲထား၏။ ရှိစုမဲ့စု အဝတ်အစားကလေးများကို ထောင်မှ ထုတ်ပေးထားသော အခင်းနှင့် ချည်နှောင်ပတ်ရစ်လျက် လက်တစ်ဖက်ကပိုက်ပြီး လေးယောက်တစ်တွဲ တန်းစီထွက်ရန် ပြင်ဆင်ထားကြ၏။

ထို့ကြောင့် ပြင်ဆင်ထားသည့်ပုံစံကိုကြည့်လျှင် ထောင်က ထွက်လာသူများဟု မပြောဘဲနှင့်သိနိုင်သည့်ပုံစံ ဖြစ်နေပေသည်။

နံနက် ၁၀ နာရီခန့်တွင် ငရဲခန်းမှထွက်ရန်အတွက် ငရဲခန်းတံခါးမကြီးဆီသို့ ချီတက်ခဲ့ကြ၏။ တံခါးဝတွင် ဆိုင်ရာခေါင်းဆောင်များက လူစစ်ဆေးရန် ပြင်ဆင်နေစဉ် (ထိုစဉ်က ရာဇဝတ် အကျဉ်းသားများကိုပါ တစ်ပါတည်း မလွှတ်သဖြင့် ပုဒ်မ–၅ များနှင့် ရောထွေးပါမသွားစေရန် စစ်ဆေးခြင်းဖြစ်၏။) ထောင်တံခါးမကြီး ပွင့်လာပြီး ယူနီဖောင်းဝတ်ပုဂ္ဂိုလ်များ တန်းစီလျက်ဝင်လာကြ၏။

သူတို့ကား ထောင်ပိုင်၊ ထောင်မှူးကြီး၊ ထောင်မှူးကလေးများနှင့် ဝါဒါများဖြစ်ကြ၏။ သူတို့အား ကျွန်တော်တို့နေခဲ့သည့်နေရာများတွင် ဆက်လက်ချုပ်နှောင်ထားရန်အတွက် ဖမ်းဆီးခေါ်ဆောင်လာကြခြင်းဖြစ်ပေသည်။ ကျွန်တော်တို့ကား သာယာဝတီ ငရဲခန်းကြီးကို ကျောခိုင်းလျက် ထောင်သို့ဝင်ရန် လမ်းမပေါ်တွင် သံပြိုင်တေးသီချင်းများ သီဆိုလျက် စစ်သားကြီးများဟန်ဖြင့် ချီတက်နေကြ၏။ ကျွန်တော်တို့ချီတက်ရာ လမ်းဘေးရှိ ထောင်အမှုထမ်းများ၏ ရိပ်သာအတွင်းမှ အမျိုးသမီးများ၊ ကလေးငယ်များကား မျက်ရည်တလက်လက်ဖြင့် ငေးမောကြည့်ရှုနေကြ၏။ ယခုအချိန်ကလေးအတွင်းပင် သူတို့၏ခင်ပွန်းသည်

www.burmeseclassic.com



များ၊ ဖခင်များကို ကျွန်တော်တို့ချီတက်ရာ လမ်းကြောင်းအတိုင်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့သောကြောင့် ဖြစ်ပေသည်။

## ရေဝေဇရပ်ကြီးသို့

ယခုမှပင် အားရပါးရ ရှူလိုက်ရသော ပြင်ပလေများ၏အရှိန်ကြောင့် အားတွေမာန်တွေ တက်လာကြ၏။ အနှိပ်အစက် အညှဉ်းအဆဲပေါင်းစုံဖြင့် လေကို ဝဝမရှူရ၊ ရေကို ဝဝမသောက်ရ၊ အစားကို ဝဝမစားရဘဲ တစ်နှစ်ကျော်နေထိုင်ခဲ့ရသည့် သာယာဝတီထောင် ငရဲခန်းကြီးကို နောက်ဆုံးကြည့်ခြင်းဖြင့် လှမ်းကြည့်ပြီးနောက် စခန်းတစ်ထောက်နားရမည့် ရေဝေဇရပ်ကြီးဆီသို့ ချီတက်ခဲ့ကြ၏။

"တိုက်ပွဲသံများ ကြားရပြီ... တို့တစ်တွေ ချီတက်မည်... လုံးတီးဆန်ကို စားသည်... အားမာန်တွေလည်း ပြည့်နေပြီ... ချီတက်ဖို့လည်း ပြင်ရမည်... အောင်ပွဲ လက်တစ်ကမ်းဆီ ရိုက်လို့မသွေ... တို့တစ်တွေ... ပြည်သူဆီကို သွားတော့မလေ... ညီစေ... ချီမလေ... ရဲရဲတောက်... "

'အောင်လံနီကို လွှင့်ထူကာ' ဆိုသည့် ထောင်တွင်း တိုက်ပွဲခေါ်သံသီချင်းကို အားရပါးရဟာစ်အော်သီဆိုရင်း ချီတက်ကြ၏။ တချို့ကလည်း ကြွေးကြော်သံများ ဟာစ်အော်ကြွေးကြော် ချီတက်နေကြပါသည်။

သီချင်းသံကလည်း တညံညံ၊ ခါးတွင်ချည်ထားသည့် ခွက်တွေကလည်း တဂွမ်ဂွမ်ဖြင့် ချီတက်လာနေသည့် ငရဲခန်းပြန်များကို သာယာဝတီမြို့ရှိ ကလေးငယ်များက ဘေးကပိုင်းလျက် လိုက်နေကြ၏။ ရယ်မော ပျော်ရွှင်နေကြ၏။

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့၊ ဝမ်းအသာဆုံးနေ့၊ ပီတိအဖြစ်ဆုံးသောနေ့ကား ဤစာရေးသူအဖို့ ရှင်လိုင်ပြန်သောနေ့လည်း မဟုတ်ပါ၊ မိမိချစ်သူနှင့် ရွှေလက်တွဲ၍ ဂဟေဆက်ပွဲ ဝင်ရသောနေ့လည်း မဟုတ်ပါ၊ သာယာဝတီငရဲခန်းမှ ပြန်လာသောနေ့ပင် ဖြစ်ပေသည်။

ရေဝေဇရပ်ကြီးသို့ရောက်သည့်အခါ ကျွန်တော်တို့အတွက် ထမင်းထုပ်များ ဝေငှပေးပြီးနောက် ဖိနပ်မရှိသူများအတွက် ဖိနပ်နှင့် ခါးပတ်၊ ဦးထုပ်များရသလောက်ဝယ်ယူ၍ ခရီးဝေးသွားရမည့်သူများအား ဝေငှပေးပါသည်။ နေ့လယ်ဘက်တွင် ရဲဘော်တစ်ဦးလျှင် ငွေ ၁၀ ကျပ် အသုံးစရိတ်ထုတ်ပေး၍ ဝယ်လိုက်ကြသည်မှာ တစ်မြို့လုံး စားစရာပစ္စည်းဟူသရွေ့ ပြောင်သလင်းခါသွား၏။ ငှက်ပျောသီး၊ မြေပဲယိုကအစ ခေါက်ဆွဲကြော်အထိ ဘာမှဝယ်၍ မရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သာယာဝတီတစ်မြို့လုံး အင်္ကျီကျားများ လွှမ်းသွားပါသည်။ ဘယ်နေရာကြည့်ကြည့် အင်္ကျီကျားနှင့်လွတ်သည့်နေရာ မရှိပေ။ သနားကြင်နာမှုရှိကြသည့် အချို့ မြို့သူ၊ မြို့သားများသည် အင်္ကျီကျားများကိုခေါ်၍ မုန့်နှင့်လက်ဖက်ရည်များ တိုက်ကျွေးကြ၏။

## သခင်စိုးနှင့် ဦးစိန္တာ

သာယာဝတီ ငရဲစခန်းမှ လွတ်မြောက်ခဲ့သူများအနက် ကံအကောင်းဆုံးသူကို လက်ညှိုးထိုးပြပါဆိုလျှင် သခင်စိုးကိုသာ လက်ညှိုးထိုးပြရပေမည်။ သူကား ကံကောင်းသူတည်း။ သာယာဝတီထောင်ဖွင့်ခါနီးမှသာယာဝတီထောင်သို့ ရောက်ခဲ့ပြီး လွတ်မြောက်ခဲ့သူ ဖြစ်ပေသည်။ ထောင်ထဲတွင် သခင်စိုးနှင့် သူ့တပည့်များ လုံးဝ မတွေ့ခဲ့ရပေ။ သခင်စိုးအား သီးခြားထား၏။

အလံနီ ရဲဘော်များမှာ သူတို့ဆရာကြီးအား အပြင်တွင်တွေ့ကြရသည့်အခါ အားကိုးတကြီးဖြင့် ခြေဦး ဒူးတုပ်လျက် ခစားကြ၏။ ဆရာကြီးအတွက် အကောင်းဆုံး၊ အမွန်မြတ်ဆုံးသော အစားအစာများကို မြို့ထဲမှရှာပေးကြ၍ ဆရာကြီးအိပ်ရန်အတွက် အိပ်ရာခင်း အပြည့်အစုံကိုလည်း မရမက ရှာဖွေယူဆောင်ပေးခဲ့ကြပေသည်။

တစ်နေကုန် အနားကမခွာဘဲ ဆရာကြီးအနားတွင် ရိုကျိုးခစားလျက် အမိန့်တော်မြတ် ဩဝါဒကို နာခံမှတ်သားလျက်ရှိကြ၏။ သို့သော် သခင်စိုးကြီးကား သူ့တပည့်များကို အပြန်အလှန် ကျေးဇူးမပြုခဲ့ပါ။ ဧပြီလ ၁၀ရက်နေ့ မိုးမလင်းမီတွင် သခင်စိုးကြီးသည် မြေလျှိုး မိုးပျံသွားသည့်အလား သူတို့ရှေ့မှ ပျောက်ကွယ်သွားခဲ့ပေသည်။ သူ၏အလံနီရဲဘော်များအတွက် ဘာမှ စီစဉ်မပေးခဲ့ဘဲ ဆရာတော် ဦးစိန္တာနှင့်အတူ တစ်ချိုးတည်း သုတ်ခြေတင်၍ လစ်ထွက်သွားခဲ့၏။

## ထောင်အာဏာပိုင်များကို ပြည်မြို့သို့ ပို့ပြီ

ထောင်ပိုင်၊ ထောင်မှူးများနှင့် အချို့သော အကျဉ်းသားများကို သူပုန်တပ်ပေါင်းစုက ဖမ်းဆီး၍ ထိုစဉ်က သူပုန်တို့၏မြို့တော် ပြည်မြို့သို့ ပို့ပြီး ပြည်အကျဉ်းထောင်ကြီးထဲတွင် ချုပ်နှောင်ထားခဲ့၏။ အချို့သော အရိုက်ခံရှာ အကျဉ်းသားများကိုမူ ပုဒ်မ–၅ ရဲဘော်များက သူတို့နှင့်အတူ အချို့သတ် ခေါ်ထုတ်သွားကြပြီး လမ်းတွင်ပင် ကိစ္စတုံး စီရင်လိုက်ကြ၏။ ထောင်အရာရှိများ

www.burmeseclassic.com

www.burmeseclassic.com



နှင့် အခြားအကျဉ်းသားများကိုကား ပြည်မြို့ ထောင်ကြီးထဲတွင် ချုပ်နှောင်ထားပြီးနောက် သူတို့၏အမှုကို စစ်ဆေးရန် ပြင်ဆင်ခဲ့ကြပေသည်။ အမှုကိုစစ်ဆေးပြီးနောက် စီရင်ချက် ချမှတ်လိုက်သည်ကား...

"သာယာဝတီထောင်တွင် ဖြစ်ပွားခဲ့သော နှိပ်စက်ညှဉ်းပန်းမှုများတွင် ပါဝင်ခဲ့သည့် ခုံရုံးရှေ့ရှိ တရားခံများအပေါ်တွင် စွဲချက်တင်ထားသည့် စွဲချက်များမှာ ယုံမှားသံသယမရှိအောင်ပင် တိကျခိုင်လုံလှပေသည်။ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များမှာလည်း အမှန်ဖြစ်ခဲ့ခြင်းဖြစ်၍ တရားခံများကိုယ်တိုင် ညွှန်ကြား အမိန့်ပေးခဲ့ခြင်း၊ ကိုယ်ထိလက်ရောက် ပါဝင်ကျူးလွန်ခြင်းမှာ ထင်ရှား၏။ တရားခံများမှာ အစိုးရအမှုထမ်းများဖြစ်၍ အထက်မှအမိန့်ပေး၍ လုပ်ခဲ့ရပါသည်ဆိုသော အကြောင်းပြချက်ကို ခုံရုံးက လုံးဝ လက်မခံနိုင်ပေ။ ဤကိစ္စများနှင့် ပတ်သက်၍ တရားခံများအပေါ်တွင် လုံးဝ အပြစ်ရှိသည်ဟု ယုံကြည်သည်။ ထောင်မှူး ဦးကြင်နှင့် ရေကန်ဇာရာ မောင်ကျင်မောင်တို့ နှစ်ဦးမှလွဲ၍ ကျန်တရားခံ အားလုံးတို့အား သေဒဏ်ပေးလိုက်သည်။ အယူခံဝင်ခွင့်မရှိ။

ထောင်မှူး ဦးကြင်နှင့် ရေကန်ဇာရာ မောင်ကျင်မောင်တို့အား ထောင်ဒဏ် ၁၀ နှစ် ကျခံစေရမည်"

ဟု စီရင်ချက် ဖတ်ကြားပြီးနောက် ခုံအဖွဲ့ကို ရုပ်သိမ်းလိုက်လေသည်။ ■

□

BURMESE CLASSIC

www.burmeseclassic.com